www.burmeseclassic.com



# မောင်မောင်စိန်လင်း
## (နတ်မောက်)

စုစည်းတင်ပြသည်

လူကြီးလူလတ်လူငယ်များ သတိထားသင့်သော

# ဖြစ်ရပ်မှန် မှုခင်း ဖြစ်စဉ်များ

(၃)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




## မာတိကာ


| | | |
|---|---|---|
| ၁။ | ပျက်ပြယ်ခြင်းမရှိသော ပြစ်မှု | ၁ |
| ၂။ | တစ်ပူပေါ် နှစ်ပူဆင့် | ၁၂ |
| ၃။ | အမေ့အိမ်အပြန် | ၂၉ |
| ၄။ | ထန်းပင်ပေါ်က လက်ကိုင်ဖုန်း | ၄၃ |
| ၅။ | အိမ်နီမ့်စံ | ၅၅ |
| ၆။ | ပိုးချိတ်ပုဆိုးနဲ့ ကတ္တီပါဖိနပ် | ၇၇ |
| ၇။ | သိပ်ချစ်တယ်ဆိုတဲ့ ကိုကို | ၉၅ |
| ၈။ | ဂျူးမလေး ဂျင် | ၁၀၈ |
| ၉။ | ယုံမှတ်လို့ ပုံအပ်ပါသည် | ၁၂၄ |
| ၁၀။ | မရုပ်တေး | ၁၄၂ |
| ၁၁။ | သဟဇာတ အချစ် | ၁၅၄ |
| ၁၂။ | တစ်လိမ်၊ နှစ်လိမ်၊ ပွေလိမ်ရှုပ်တဲ့ လူ | ၁၆၄ |
| ၁၃။ | မွေးရပ်မြေ | ၁၇၅ |
| ၁၄။ | တဏှာရှာက သိုက်တူးသမား | ၁၈၄ |
| ၁၅။ | ၅၅% ချစ်ပါတယ်ဆိုတဲ့ ဒါလင် | ၁၉၈ |


www.burmeseclassic.com

www.burmeseclassic.com

# ပျက်ပြယ်ခြင်းမရှိသော ပြစ်မှု

(၁)

"မိမုံး လာခဲ့၊ ကလေးတွေ ထားပြီး နင်ဘယ်သွားနေတာလဲ... "

"ဖြောင်း ဖြန်း"

"သမီးကို မရိုက်ပါနဲ့ အဖေ၊ သမီး ဒုက္ခရောက်ခဲ့ရလို့ပါ"

"ဘာ ဒုက္ခလဲ ငါ့ကို ပြောစမ်း"

"ပေစိက သမီးကို ဓားနဲ့ထောက် မူလတန်းကျောင်းထဲ ခေါ်သွားပြီး သမီးကို ကြံစည်လို့ပါ အဖေ"

"ဟေ ဟုတ်လား၊ လာ ဥက္ကဋ္ဌကို သွားတိုင်မယ်"

ကိုကျော်ထွန်းသည် မိတဆိုး သမီးကြီး မိမုံးလှိုင်ကို ကရုဏာဒေါသဖြင့် ပါးကိုရိုက်လိုက်သည်။ သမီးက သူဒုက္ခရောက်ခဲ့ရသည့် အကြောင်းပြောပြလိုက်သောအခါ ကရုဏာဒေါသမှ အမျက်ဒေါသသို့ ပြောင်းလဲသွားသည်။ ကျေးရွာဥက္ကဋ္ဌ ဦးမိုးမြင့်ထံ သွားရောက်တိုင်ကြားကြသည်။

"ကိုကျော်ထွန်းတို့ ဘာကိစ္စရှိလို့လဲ"



"ဟုတ်ကဲ့ ဥက္ကဋ္ဌ၊ ကျွန်တော့် သမီးမိမုံးလှိုင်ကို ငထွန်းသားပေစိက ကျောင်းထဲကို ဓားထောက်ခေါ်သွားပြီး မုဒိမ်းကျင့်ဖို့ ကြံလို့လာပြီးတိုင်တာပါ ဥက္ကဋ္ဌ"

"ဟေ ဟုတ်လား၊ ဒါဆိုရင် မုဒိမ်းမှုက ရဲအရေးပိုင်တဲ့ အမှုဖြစ်တယ်ကွ၊ ငါစာရေးပေးလိုက်မယ်။ ရဲစခန်းသွားပြီး အမှုဖွင့်ကြ"

ကိုကျော်ထွန်းတို့ သားအဖသည် ညောင်တုန်းမြို့နယ်ရဲစခန်းသို့ ချက်ချင်း သွားရောက်အမှုဖွင့်တိုင်ကြားသည်။ စခန်းမှူးက အမှုဖွင့်တိုင်ကြားစာဖြင့် တိုင်ကြားရန် ညွှန်ကြားသည်။ တိုင်စာမရေးတတ်သောကြောင့် ဂါတ်စာရေးကြီးက ကူညီပေးရလေသည်။

စခန်းမှူးက အမှုအမှတ် (ပ) ၁၂၃/ ၁၉၉၇ ဖွင့်စေပြီး ဒုရဲအုပ် ကျော်စိန်လင်းအား အမှုကိုင်အဖြစ် စစ်ဆေးစေသည်။

"ညီမ ဒီလိုအမှုမျိုးဆိုတာ ကြီးလေးတယ်။ အမှန်ကို အမှန်အတိုင်းပြောပါ။ ပိုလည်း မပြောနဲ့၊ လိုပြီးလည်း မပြောနဲ့။ ရှက်စရာ မလိုဘူး။ ဒါမှ အမှုမှန်ဖြစ်မှာ"

"ဟုတ်ကဲ့ပါ ဆရာ၊ သမီး အဖြစ်အပျက် အမှန်အတိုင်း ပြောပါ့မယ်"

"ကဲ စိတ်အေးအေးထားပြော"

"ဦးဖိုးစိန် + ဒေါ်ပြုံးတို့ အလှူပွဲမှာ ဗွီဒီယိုပြလို့ သမီးရယ်၊ မောင်လေးရယ်၊ ညီမလေးရယ် ည (၈) နာရီလောက်မှာ သွားကြည့်ကြပါတယ်။ ဇာတ်ကား တစ်ကားပြီးလို့ နောက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ကားပြမယ့် အချိန်မှာ မောင်လေး၊ ညီမလေးတို့အတွက် အလှူပွဲဈေးတန်းလေးမှာ မုန့်သွားဝယ်ပါတယ်။ သမီး ရှူးရှူး ပေါက်ချင်လို့ မှောင်ရိပ်မှာ ထိုင်ပြီး ရှူးရှူးပေါက်ပါတယ်။ သမီးပြန်အထမှာ ပေစိက ဓားနဲ့အကျီဖုံးပြီး ထောက်ပါတယ်။ သူနဲ့လိုက်ခဲ့လို့ ဆိုပြီး ဓားထောက်ဆွဲခေါ်သွားပါတယ်။ မူလတန်း ကျောင်း အခန်းတစ်ခန်းထဲ ခေါ်သွားပါတယ် ဆရာ၊ အခန်းထဲ ရောက်တော့ သူ့ကို ချစ်ရမယ်လို့ ပြောပါတယ်ဆရာ။ သမီးက ငါ ဥက္ကဋ္ဌသား မျိုးမင်းနဲ့ ကြိုက်နေတာ နင်လည်း သိသားပဲ၊ ဒါ့ကြောင့် မချစ်နိုင်ဘူးလို့ ပြောလိုက်ပါတယ် ဆရာ။ သူက ငါနင့်ကို လက်မလွှတ်နိုင်ဘူးဆိုပြီး… "

"ဆက်ပြောပါ သမီး"

"သမီးကို လှဲချလိုက်ပါတယ် ဆရာ။ ပြီးတော့ ထဘီကို ဆွဲချွတ်ပါတယ် ဆရာ၊ အပေါ်မှခွပြီး သမီးကို…"

မိမုန်းလှိုင်က ပါးစပ်မှ ဆက်၍ မထွက်ရဲတော့ဘဲ ရှက်နေ လေရာ ဂါတ်စာရေးကြီးက စကားဆက်ပေးသည်။

"ဆက်ပြော ရှက်မနေနဲ့"

"သမီးကို ကျင့်ကြံဖို့ လုပ်ပါတယ်"

"ပေစိ အဲဒီလိုပြုလုပ်တော့ သမီးမရုန်းဘူးလား။ မခုခံ ဘူးလား"

"ရုန်းပါတယ် ဆရာ၊ လက်နဲ့လည်း တွန်းပါတယ် ဆရာ၊ သူက အားပိုကောင်းတော့ သမီး မနိုင်ဘူး ဆရာ"

"သူ ကြံစည်တာ အောင်မြင်သွားသလား"



"မအောင်မြင်ပါဘူး ဆရာ၊ သမီးက ဟိုဘက်လှိမ့် ဒီဘက် လှိမ့် လုပ်လို့ မဝင်ပါဘူး ဆရာ"

"သူ ဘယ်နှစ်ကြိမ် ကြံစည်သလဲ"

"သုံးကြိမ် ပြုလုပ်ပါတယ်ဆရာ၊ နောက်တော့ သူထပ်ပြီး မကြံစည်နိုင်တော့ဘူး ဆရာ။ သမီးက ပြန်ကြမယ်လို့ ပြောတော့ သူ့ကို ချစ်တယ်ပြောမှ ပြန်ရမယ်လို့ ပြောပါတယ် ဆရာ၊ သမီးလည်း အိမ်ပြန်ချင်လို့ ချစ်တယ်ပြောလိုက်တော့မှ တံခါးဖွင့်ပေး ချိန်မှာ သမီးထွက်ပြေးလာခဲ့ရပါတယ် ဆရာ"

"သမီးကို အိမ်က လိုက်မရှာဘူးလား"

"ရှာပါတယ် ဆရာ၊ အဖေလိုက်ရှာပြီး တွေ့တော့ သမီးကို ရိုက်ပါတယ်။ သမီးက အဖြစ်အပျက်ကို ပြောပြလို့ ဥက္ကဋ္ဌကို တိုင်ပါတယ်။ ဥက္ကဋ္ဌက စာရေးပေးပြီး ဆရာတို့ ရဲစခန်းကို အမှုဖွင့်ရန် စေလွှတ်လိုက်ခြင်းဖြစ်ပါတယ် ဆရာ"

ဒုရဲအုပ် ကျော်စိန်လင်းသည် မုဒိမ်းမှု၏ အဖြစ်အပျက် များကို ရဲလုပ်ထုံးလုပ်နည်းအရ အသေးစိတ် စစ်ကြောရေး ပြုလုပ်သည်။ အမှုတည်ဆောက်မှုတွင် အရေးပါသည့် လုပ်ငန်း များဖြစ်သော ရာဇဝတ် ဆရာဝန်ထံသို့ လွှတ်ပြီး ဆေးစစ်ချက် ယူရန် မိမုံးလှိုင်အား ဆေးရုံသို့ ပို့သည်။ ဆရာဝန် ဆေးစာကို ရယူသည်။

(၂)

ရာဇဝတ် ဆရာဝန်၏ ဆေးစစ်ချက်အရ ဆေးစာတွင်

www.burmeseclassic.com

www.burmeseclassic.com



(ယောနိ) မိန်းမကိုယ်ဘေးတွင် ခြစ်ရာနီမြန်းနေကြောင်း၊ (ယောနိ) အတွင်း အမွေးပါးထိုးသွင်းလက္ခဏာမရှိကြောင်း၊ ထဘီတွင် ဖိုသုက်ပိုးတွေ့ရှိကြောင်း ပြန်ကြားသည့် ဆေးစာကို ရရှိသည်"

ဒုရဲအုပ် ကျော်စိန်လင်းသည် အမှုတည်ဆောက်မှု အခြေအနေကို စခန်းမှူးထံတင်ပြသည်။ စခန်းမှူးက ပြစ်မှုပုဒ်မ ၁၇၆ ဖြင့် အမှု ဆက်လက်ဆောင်ရွက်ရန် လမ်းညွှန်သည်။

ဒုရဲအုပ် ကျော်စိန်လင်းသည် ပြစ်မှုပုဒ်မ ၃၇၆ ဖြင့် မုဒိမ်းမှု တည်ဆောက်ရန် လုံလောက်ပြီဖြစ်၍ တရားခံ (ပေစိ) ကို ဖမ်းဆီးရန် ဆက်လက်ဆောင်ရွက်သည်။ သို့သော် ပေစိသည် ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။ ပြစ်မှု ပုဒ်မ ၃၇၆ မုဒိမ်းမှု၏ ပြစ်ဒဏ်မှာ ထောင်ဒဏ် (၁၀) နှစ်ချမှတ်သော ပြစ်မှု အမျိုးအစား ဖြစ်လေသည်။

အမှုကို ဒုရဲအုပ် ကျော်စိန်လင်းသည် အခင်းဖြစ်ပွားသည့် နေရာ၊ အခင်းဖြစ်ချိန်က ပတ်ဝန်းကျင် သက်သေများထံ ထွက်ဆိုချက်များကို ရယူစုစည်းသည်။ စခန်းမှူးက ဥပဒေအကြံပေးထံမှ ဥပဒေ အကြံပြုချက် ရယူပြီး တရားခံပြေးမှု ဖွင့်လှစ်ဆောင်ရွက်ရန် လမ်းညွှန်သည်။

ဒုရဲအုပ် ကျော်စိန်လင်းသည် ညောင်တုန်းမြို့နယ်၊ တရားရုံးသို့ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ပြစ်မှုသေးမှု အမှတ် (၅၄/ ၁၉၉၇) ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။ တရားခံ ပေစိအပေါ် တရားရုံးမှ တရားခံပြေး ဝရမ်းပြေးကြေညာခဲ့သည်။

ဤသည့် ဖြစ်စဉ် ဖြစ်ရပ်တို့အား လွန်ခဲ့သော (၁၅) နှစ်



၁၉၉၇ ခုနှစ်က ညောင်တုန်းမြို့နယ်၊ ဆားမလောက်အုပ်စု၊ အလယ်ချောင်းကျေးရွာနေ ကိုကျော်ထွန်း၊ ကွယ်လွန်သူ ဇနီး (မဇျူိုင်း) တို့၏ သမီး မိမုံးလှိုင် အသက် (၁၅) နှစ်အရွယ်က အဖြစ်အပျက် ဖြစ်ပါသည်။

သူတို့ မိသားစု၏ ဘဝမှာ ကိုကျော်ထွန်းသည် မဇျူိုင်း၏ မိဘများ၊ လယ်ဧက (၅၀) ကျော် ပိုင်ဆိုင်သူတို့ထံ လယ်အလုပ်သမားအဖြစ် လုပ်ကိုင်ခဲ့ရာမှ မဇျူိုင်းနှင့် ချစ်ကြိုက်ပြီး ခိုးယူပေါင်းသင်းခဲ့ကြသည်။ မဇျူိုင်း၏ မိဘများက သမီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာခဲ့သည်။ အဘိုးဘွားများက အမုန်းခွန်အားပေးခဲ့ကြသောကြောင့် မိမုံးလှိုင်ကို မွေးဖွားချိန်မှာ မိမုံးလှိုင်ဟု နာမည်ပေးခဲ့သော ဖြူဖြူချောချော လှုတကာ ငေးမောခဲ့ရသော လုံးကြီးပေါက်လှ မိန်းမချောလေးဖြစ်သည်။

ယခုမှုကား မိမုံးလှိုင်၏ အသက် (၃၀) နှစ်ရှိပါပြီ။ ကိုလှဌေး (ခ) ကိုဝင်းမြင့်နှင့် အိမ်ထောင်ကျခဲ့ပြီး (၇) နှစ်သမီး၊ (၅) နှစ်သားနှင့် (၃) နှစ်သမီး သားသမီး (၃) ဦးပင် မွေးခဲ့ပါသည်။ အတိတ်က ဖြစ်ရပ်တွေကို မေ့ခဲ့ရပါပြီ။ မုန်းခဲ့ရပါပြီ။ မေ့ပျောက်ခဲ့ပါပြီ။ (သဗ္ဗေသတ္တာ ကမ္မသကာ) သတ္တဝါတို့သည် ကံ–ကံ၏ အကျိုးတရား၊ အကြောင်းတရားတို့ အရသာလျှင် ဖြစ်ပျက်တရားတွေကို ခံစားနေကြရသည်ဆိုသော ဘုရားဟော ဒေသနာများကို နာကြားနားလည်နေပြီဖြစ်ပါသည်။

ပေစိမှာလည်း မြင့်နိုင်ဟူသော နာမဝိသေသနအမည်ဖြင့် တစ်ဖက်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ရာမှ ငါးဖမ်း

www.burmeseclassic.com

www.burmeseclassic.com



သင်္ဘော၊ ပင်လယ်ရပ်ခြားသင်္ဘောကြီးများတွင် အလုပ် လုပ်ကိုင်ရာမှ ရရှိသော ငွေများဖြင့် အစ်မကြီးနှင့် ယောက်ဖတို့ မိသားစုထံ ငွေများ ပို့ပေးပြီး စုဆောင်းခဲ့သည်။ အဇော်လေး စုမိဆောင်းမိဖြစ်လာခဲ့ပေပြီ။ အမေနှင့်ရွာကို လွမ်းခဲ့ရသည်မှာလည်း (၁၅) နှစ်ပင် ကြာခဲ့ပေပြီ။

(၃)

သို့ဖြင့် ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပေစီ (ခ) မြင့်နိုင်သည် အလယ်ချောင်းရွာ၊ ဆားမလောက်အုပ်၊ ညောင်တုန်းမြို့နယ်သို့ ပြန်လာသည်။ နာမကျန်းရှိသော မိခင်အိုကြီးကို ဆေးဝါးကုသပေးသည်။

ပေစီ (ခ) မြင့်နိုင်သည် သူအပ်ခဲ့သော ငွေများဖြင့် လယ်များ ဝယ်ထားပေးရန်နှင့် ဥယျာဉ်ခြံမြေ ဝယ်ထားပေးရန် ငွေပို့အပ်နှံခဲ့သော အစ်မနှင့် ယောက်ဖတို့အား မေးမြန်းသည်။ အစ်မဖြစ်သူ (မသိန်းသိန်း) က နင့်ယောက်ဖ လှမြင့် ဖဲရိုက်၊ ချဲထိုး ပြုလုပ်ခဲ့လို့ ဘာမျှ အဖတ်မတင်ကြောင်း၊ ဘာမျှ ဝယ်မထားနိုင်ကြောင်း ပြောရာ အစ်မဖြစ်သူ (သိန်းသိန်း) ကို ဘယ်ပြန်ညာပြန်ရိုက်သည်။ ပါးစပ်မှ သွေးထွက်သည်အထိ ရိုက်နှက်သည်။ အစ်မနှင့် ယောက်ဖတို့က ညောင်တုန်းရဲစခန်းတွင် ရိုက်မှုဖွင့်သည်။ အမှုကိုင်အဖြစ် နယ်ထိန်းတပ်ကြပ်ကြီး ဆရာလှမျိုးက ပုဒ်မ ၃၂၃/ ၃၂၄ ဖြင့် အမှုဖွင့် အရေးယူပေးသည်။ တရားခံ ပေစီ (ခ) မြင့်နိုင်ကို ဖမ်းဆီးပြီး စစ်ကြောရေးလုပ်သည်။



နယ်ထိန်း တပ်ကြပ်ကြီး ဆရာလှမျိုးမှာ ညောင်တုန်းရဲစခန်းတွင် တပ်သားဘဝ ဒုတပ်ကြပ်ဘဝ၊ တပ်ကြပ်ကြီးဘဝဖြင့် (၁၅) နှစ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ရဲလုပ်ငန်းကျွမ်းကျင်သူလည်း ဖြစ်သည်။

ရဲလုပ်ငန်း တာဝန်အရ မြို့နယ်မှူးအဖြစ် ညောင်တုန်းမြို့နယ် ရဲတပ်ဖွဲ့သို့ တစ်ကျော့ ပြန်ရောက်ရှိလာသော ရဲမှူးကျော်စိန်လင်းထံသို့ ပေစီ (ခ) မြင့်နိုင်မှာ တရားခံပြေး ဖြစ်ကြောင်း တင်ပြသည်။ မြို့နယ်မှူး ကျော်စိန်လင်းကလည်း သူ ဒုရဲအုပ်ဘဝက ကိုင်တွယ်ခဲ့သော အမှုဖြစ်ကြောင်း သိရှိသည်။

ရဲလုပ်ငန်း တာဝန်အရ တရားခံ ပေစီ (ခ) မြင့်နိုင်အား တရားခံပြေးပြန်လည်ရမိသူ ဖြစ်၍ ဖမ်းဆီးရသည်။ လွန်ခဲ့သော (၁၅) နှစ်က ဆောင်ရွက်ထားသော ရဲလုပ်ငန်းကို တရားခံဖမ်းမိသောကြောင့် ဆက်လက်အရေးယူရသည်။

တရားခံပြေး ပေစီ (ခ) မြင့်နိုင်အား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၈၇/ ၈၈ တို့အရ ညောင်တုန်းမြို့နယ် တရားရုံးသို့ တရားစွဲဆို တင်ပို့ရလေသည်။

(၄)

ညောင်တုန်းမြို့နယ်တရားရုံးက ၂၀၁၂ ခုနှစ်၊ ပြစ်မှုကြီးအမှတ် ၁၂၅ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၇၆ တရားလို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် မိမုံးလှိုင်၊ တရားခံပေစီ (ခ) မြင့်နိုင်တို့၏ အမှုကို ဆက်လက် စစ်ဆေးကြားနာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တရားလို မိမုံးလှိုင်က ဒီအမှု အဖြစ်အပျက်က ကြာလှပြီးသည်က တစ်ကြောင်း၊ သူ့မှာလည်း လင်နဲ့ သားနဲ့ သမီးနဲ့ ဖြစ်နေပြီ ဖြစ်၍ တစ်ကြောင်း၊ ကိုပေစီအပေါ် ဘယ်လိုအာဃာတမှလည်း မရှိပါကြောင်း သို့ပါ၍ သူမအနေဖြင့် အမှုကို ရုပ်သိမ်းပေးပါရန် ရုံးတော်သို့ တင်ပြလျှောက်ထားသည်။

ရုံးတော်မှ အမှုကို ဆက်လက်ဆောင်ရွက်ရန် တရားလိုနှင့် လိုပြသက်သေများ စစ်ဆေးရန် ချိန်းဆိုလိုက်လေသည်။

**မိမုံးလှိုင်နှင့်သက်သေများ၊ တရားခံနှင့်သက်သေများ၏ အစိက ထွက်ဆိုချက်**

လွန်ခဲ့သော (၁၄) နှစ် (၁၅) နှစ် ကျွန်မအသက် (၁၅) နှစ်အရွယ်က ကျွန်မတို့ ရွာမှ ဦးဖိုးစိန် + ဒေါ်ပြုံးတို့ အလှူပွဲမှာ မောင်လေး၊ ညီမလေးတို့နှင့်အတူ ဗွီဒီယိုကြည့်ရင်း မုန့်သွားဝယ်စဉ် ပေစီက ဓားထောက်ဆွဲခေါ်ခဲ့ပါကြောင်း၊ ရဲအရာရှိထံမှာ ထွက်ဆိုခဲ့သည့်အတိုင်း မုဒိမ်းကျင့်ရန် ပြုလုပ်ခဲ့ရသည့် အကြောင်းအရာတို့မှာ မိမုံးလှိုင်၏ ထွက်ဆိုချက်တွင် တကယ်တမ်း ဖြစ်နေသည်။

ထိုစဉ်က ဈေးရောင်းခဲ့သူ သိရှိသူ ပတ်ဝန်းကျင်တို့အား သက်သေအဖြစ် စစ်မေးရာတွင်လည်း တစ်ထပ်တည်း ဖြစ်နေသည်။

မူလအမှု ပြစ်မှုသေးမှု အမှတ် ၅၄/ ၁၉၉၇ တွင် တရားခံ၏ မျက်ကွယ်တွင် စစ်ဆေးခဲ့သည် သက်သေခံချက်များကို သက်သေခံ ဥပဒေပုဒ်မ ၃၂ အရ စစ်ဆေးရာတွင်လည်း တရားခံ



ပြစ်မှုကျူးလွန်ကြောင်း တစ်ထေရာတည်း၊ တစ်ထပ်တည်း တူညီနေကြောင်း စစ်ဆေး ပေါ်ပေါက်သည်။

တရားခံ ပေစီ (ခ) မြင့်နိုင်က ဥက္ကဋ္ဌ၏သား မျိုးမင်းက မိမုံးလှိုင်ကို ခေါ်သွားခြင်းသာ ဖြစ်ကြောင်း ထွက်ဆိုခဲ့သည်။ သို့ရာတွင် တရားခံပြသက်သေများ၏ ထွက်ဆိုချက်တွင် မပေါ်ပေါက်ပေ။ မခိုင်လုံချေ။

ရုံးတော်က အမှုတစ်ခုလုံး စစ်ဆေးကြားနာပြီးဖြစ်၍ အပြီးသတ် အမိန့်ချရန် (၅–၁၂–၂၀၁၂) နေ့တွင် ချိန်းဆိုလိုက်သည်။

**"အမိန့်"**

တရားခံ ပေစီ (ခ) မြင့်နိုင်သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ ကို ကျူးလွန်ကြောင်း၊ ပြစ်မှုထင်ရှား မရှိဘဲ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆/ ၅၁၁ အရသာ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသည်။ သို့ဖြစ်၍ တရားခံပေစီ (ခ) မြင့်နိုင်သည် အသက် (၁၅) နှစ်အရွယ်ရှိ မိမုံးလှိုင်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆/ ၅၁၁ ကို ကျူးလွန်သောကြောင့် ထိုက်သင့်သည့် အမိန့်ချမှတ်ရန်သာ ရှိပေသည်။

ထို့ကြောင့် တရားခံပေစီ (ခ) မြင့်နိုင်သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆/ ၅၁၁ ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား၍ ယင်းပုဒ်မအရ အလုပ်နှင့် ထောင်ဒဏ် (၅) နှစ် ကျခံစေ။ ပြစ်ဒဏ်မှ ချုပ်ရက် ထုတ်နုတ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

"ရာဇဝတ်ဘေး ပြေးမလွတ်"

❐

www.burmeseclassic.com

www.burmeseclassic.com




## တစ်ပူပေါ် နှစ်ပူဆင့်

### (၁)

"အား ကျွတ်၊ ကျွတ် ကျွတ်"

"ဟေ့... ဘယ်သူလဲ... ဘာလာလုပ်တာလဲ"

မမေရီသည် အသံကြားရာဘက်ဖြစ်သော ရေကန်ငယ်ဘက်သို့ (လေးထောင့်ထိုး သက်နိုပ်ဓာတ်မီး) ဖြင့် ထိုးကြည့်လိုက်သည်။ မီးရောင်အောက်တွင် ကျောက်စိမ်းသည် ထော့နဲ့ထော့နဲ့ ဖြင့် ထွက်ပြေးသွားသည်။ အချိန်မှာ ညဉ့် ၁၂ နာရီခန့် ဖြစ်သည်။ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းသို့ သွားရောက်သတင်းပေး တိုင်ကြားရန် မသင့်သော အချိန်ဖြစ်နေသည်။

ထို့ကြောင့် နံနက် မိုးသောက် အလင်းရောက်ချိန်တွင် ရေကန်ငယ်သို့သွားကြည့်လိုက်သည်။ ငါးဆယ်သား၊ တစ်ပိဿာခန့်ရှိသော ငါးကြင်းများ၊ ခြေမ၊ လက်မခန့်ရှိသော ပုစွန်တုပ်ကြီးများ သေနေကြပြီး ရေပေါ်တွင် ပေါ်နေသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် မြို့ဟောင်းရဲစခန်းသို့ သွားရောက်အမှုဖွင့်တိုင်ကြားသည်။ စခန်းမှူးသည် အမှုစစ်ဝါရင့် ဒုရဲအုပ်ကျော်စိန်လင်းကို တာဝန်ပေးလိုက်သည်။

ဒုရဲအုပ် ကျော်စိန်လင်းသည် နယ်ထိန်းတပ်ကြပ်ကြီး စိုင်းလှမြင့်၊ ဓာတ်ပုံဆရာ တပ်ကြပ် ထွန်းထွန်းတို့နှင့်အတူ အခင်းဖြစ်ပွားသည့် ရဲချောင်းကျေးရွာရှိ ဦးကျော်ဆင့်၏ ခြံကြီးအတွင်းသို့ သွားရောက်ခဲ့ကြသည်။

ငါးသေ၊ ပုစွန်သေများကို ဓာတ်ပုံရိုက်သည်။ ရေကန်၏အစပ်ရှိ ခြေရာများကို ဓာတ်ပုံ ရိုက်သည်။ ကျန်ရစ်ခဲ့သော ဖိနပ်တစ်ဖက်ကို သိမ်းဆည်းသည်။ အခင်းဖြစ် ရေကန်နေရာ၏ မြေပုံကြမ်းရေးဆွဲသည်။ မျက်မြင်သက်သေဖြစ်သော မမေရီ၊ နှင့် မရွှေရည်၊ မသီဂီတို့ သုံးဦးကို ရဲစခန်းသို့ ခေါ်ယူပြီး စစ်ချက်ယူသည်။

"မနေ့ညက ကျွန်မတို့ ညီအစ်မတွေ ကိုရီးယား ဇာတ်ကားကြည့်နေကြပါတယ် ဆရာ၊ အား... ကျွတ်ကျွတ် ကျွတ်လို့ အသံကြားတာကြောင့် ရေကန်ငယ်ဘက်ကို ဓာတ်မီးထိုးကြည့်လိုက်တော့ ကျောက်စိမ်းကို ရေကန်စပ်မှာ တွေ့ရပါတယ်"

"မမေရီ ရေကန်ထဲကို အဆိပ်ဆေး လာထည့်သူဟာ ကျောက်စိမ်းလို့ ဘယ်လိုလုပ်ပြီး ပြောနိုင်မလဲ"

"ဆရာ၊ ကိုယ့်ရွာသားပဲဟာ မြင်တာနဲ့ သူပဲဆိုတာ ဓာတ်မီးရောင်မှာ အသေအချာ သိပါတယ် ဆရာ"

"အဲဒီအချိန်က သူဘာအင်္ကျီဝတ်ထားသလဲ"



"အပေါ်အင်္ကျီ စွပ်ကျယ် ချိုင်းပြတ်၊ ဘောင်းဘီရွှံ့ရောင်အတို ဝတ်ထားပါတယ် ဆရာ"

"တခြားလူကော မဖြစ်နိုင်ဘူးလား"

"တခြား လူမဟုတ်ပါဘူး ဆရာ သူမှသူပါ"

ဒုရဲအုပ် ကျော်စိန်လင်းသည် တစ်ချိန်တည်း မျက်မြင်သက်သေဖြစ်သော မရွှေရည်၊ မသီဂီတို့ကို တခြားစီ စစ်ဆေးခဲ့သော်လည်း ထွက်ချက်မှာ တစ်ထေရာတည်း အတူတူပင် ဖြစ်ကြောင်း တွေ့ရလေသည်။

ဒုရဲအုပ် ကျော်စိန်လင်းသည် ရဲလုပ်ငန်း၏ အဓိကကျသော ပလတ်စတစ် ဆေးဘူးခွံ (၂) ခုနှင့် ငါးသေအချို့၊ ပုစွန်တုပ်အချို့တို့ကို သိမ်းဆည်းပြီး ဓာတုဗေဒဌာနသို့ ပေးပို့စစ်ဆေးစေသည်။

ကျောက်စိမ်းကိုလည်း စစ်ဆေးသည်။ ကျောက်စိမ်းမှာ ခြေထောက် သံစူးထားသောကြောင့် အိမ်မှာ ရှိနေသည်။ ရေကန်အစပ်မှ ဖိနပ်တစ်ဖက်နှင့် ရွာထိပ်မှ တွေ့ရသော ဖိနပ်တို့ကို ကျောက်စိမ်းဖိနပ် ဟုတ်/ မဟုတ် မေးသည်။ ကျောက်စိမ်းက ငြင်းဆိုသည်။ ကျောက်စိမ်းအား ရွှံ့ထဲတွင် ခြေနှစ်ဖက်နင်းနိုင်းပြီး ဓာတ်ပုံရိုက်ယူသည်။ သိပ္ပံဌာနသို့ ပေးပို့စစ်ဆေးခဲ့ရာ ကျောက်စိမ်း၏ ခြေရာဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သည်။ ဖိနပ်ပေါ်ရှိ ရွှံ့ပေနေသော ခြေဖွေနှင့် သူ့ခြေဖွေမှာလည်း တူညီကြောင်း ပေါ်လွင်နေသည်။

စခန်းမှူးထံသို့ ရဲဆောင်ရွက်ချက်များ တင်ပြသည်။ စခန်းမှူးက ပြစ်မှုပုဒ်မ ၃၂၈ အရ ကျောက်စိမ်းကို ဖမ်းဆီးချုပ်နှောင်ပြီး စစ်ဆေးချက် ဆက်လက်ရယူစေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကိုကျောက်စိမ်း၊ ခင်ဗျားက ခင်ဗျား မဟုတ်ဘူးလို့ ငြင်းနေတယ်။ မျက်မြင်သက်သေတွေနဲ့ သက်သေခံအထောက်အထားတွေအရ ခင်ဗျားပြုလုပ်ကြောင်း အခိုင်အမာ ပေါ်နေတယ်။ ခင်ဗျား... ရဲ စိတ်ညစ်အောင် လုပ်မနေပါနဲ့ဗျာ။ ချုပ်ရက်တွေ ရှည်နေတာပေါ့။ နောက်ပြီး ခင်ဗျားက ထောင်ထွက်ဆိုတော့ အတွေ့အကြုံရှိပြီးသားပဲ ရာဇဝတ်ဘေး ပြေးမလွတ်နိုင်ပါဘူး"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော် အမှန်အတိုင်း ပြောပါတော့မယ်"

"ဦးကျော်ဆင့်ရဲ့ ခြံတွင်းရှိ သွောက်ရေကန်ကို လူအုပ်စုနဲ့ ဝင်ရောက် ခြံခတ်တုန်းက ခင်ဗျားပါသလား"

"ပါ ပါတယ် ဆရာ"

"ဘာရည်ရွယ်ချက်နဲ့ ပါဝင်ခဲ့တာလဲ"

"ငွေနှစ်သောင်းရလို့ ပါခဲ့တာပါ ဆရာ"

"ဒီငါးကန်ထဲကို အဆိပ်ထည့်ခိုင်းတာ ဘယ်သူတွေလဲ၊ ကိုယ့်ဟာကိုယ် လုပ်တာလား"

"အမှုထဲက တရားခံတွေက ငွေ ၅၀၀၀၀ ပေးလုပ်ခိုင်းလို့ ကျွန်တော် လုပ်ခဲ့တာပါ ဆရာ"

"အဲဒီ အချိန်က ဘယ်သူပါသေးလဲ"

"ဘယ်သူမှ မပါပါဘူး ဆရာ၊ ကျွန်တော် တစ်ယောက်တည်းပါ"

"အေးဗျာ အဲဒီလို အမှန်အတိုင်းပြောတော့ အမှုမြန်မြန် တင်လို့ ရတာပေါ့။ ကျွန်တော်တို့ တတ်အားသမျှ ကူညီပါ



မယ်။ ခင်ဗျား မိသားစုနဲ့လည်း လွတ်လွတ်လပ်လပ် တွေ့နိုင်ပါပြီ"

"ဆရာ ကျွန်တော် ကျွန်တော့် ရည်းစား သူဇာစိုးနဲ့ တွေ့ချင်တယ် ဆရာ၊ ကျွန်တော့် အိမ်ကလည်း မသိအောင် သူ့မိဘ မောင်ဖွားတွေလည်း မသိအောင် အကြောင်းကြားပေးပါလား ဆရာ"

"ကူညီပါရစေဆိုတဲ့ အတိုင်းပေါ့ဗျာ၊ ကျွန်တော် အကြောင်းကြားပေးပါ့မယ်၊ လာတာ မလာတာတော့ သူ့ကိစ္စပေါ့"

"ကျေးဇူးပါဆရာ"

ဒုရဲအုပ် ကျော်စိန်လင်းသည် အမှုတည်ဆောက်မှု လုပ်ငန်းများ ပြီးပြည့်စုံပြီဖြစ်၍ ဥပဒေရုံးသို့ ဥပဒေ အကြံပြုချက် တောင်းခံရယူရန် စီစဉ်သည်။

(၂)

"စခန်းမှူးကြီးရှင့် ကျွန်မကိုကျောက်စိမ်းနဲ့ တွေ့ချင်လို့ပါ ဆရာ"

"ဆရာ ထွန်းထွန်း၊ ဆရာကျော်စိန်လင်းထံ အပ်ပေးလိုက်ပါ"

"မသူဇာစိုး ဆိုတာလား"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်မ ကိုကျောက်စိမ်းနဲ့ တွေ့ချင်လို့ပါ"

"ရပါတယ်၊ ညီမ လာ ဒီအခန်းမှာ ခဏစောင့်"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ဦးစိုင်းလှမြင့် သီးသန့်အခန်းမှာ ကျောက်စိမ်းနဲ့ ရုတ်လွတ်လပ်လပ် စကားပြောပါစေ။ လုံခြုံ သတိ"

ဒုရဲအုပ် ကျော်စိန်လင်းသည် အမှုစစ် သီးသန့်အခန်းတွင် အသံဖမ်းစက် လျှို့ဝှက်တပ်ဆင်ထားပြီး ကျောက်စိမ်းနှင့် သူဇာစိုးတို့ကို လွတ်လပ်စွာ တွေ့ခွင့်ပေးလိုက်သည်။

"အား… အချစ်… အချစ်နဲ့ မတွေ့ရတာ တစ်လတောင် ရှိသွားပြီ"

ကျောက်စိမ်းသည် သူဇာစိုး၏ ပါးပြင်နှစ်ဖက်ကို သူ၏ နှာခေါင်းဖြင့် တဖျာဖျာမီးရှို့လိုက်သည်။

"ဖယ်ပါ လွှတ်ပါ ဟိုမှာ ကြည့်နေကြတယ်။ ရှက်စရာကြီး"

"ရပါတယ်ကွာ ဒီရဲစခန်းက ရဲဝန်ထမ်းတွေက သဘောကောင်းကြပါတယ်"

"ကဲ ဘာပြောချင်လဲ အချိန်သိပ်ကြာလို့ မကောင်းဘူး"

"ဒီလိုအချစ်ရာ မင်းကို ပေးထားတဲ့ ပစ္စည်းထဲက တစ်မျိုးကို ထုလိုက် သိန်းတစ်ရာလောက်တန်တယ်။ အဆင်ပြေသလို သာ ရောင်းလိုက်ပါ။ ပြီးတော့ ဥပဒေအရာရှိကို ပုဒ်မ ၃၂၈ အစား ၄၂၉ ပြောင်းပေးဖို့နဲ့ တရားသူကြီးတို့ ဘာတို့ကို အဆင်ပြေအောင် ဘာညာသာရကာ လုပ်ပေးပေါ့ အချစ်ရာ"

"အဲဒီပုဒ်မတွေက ဘာတွေလဲ အစ်ကို"

"ပုဒ်မ ၃၂၈ က ထောင်ဒဏ် ၁၀ နှစ်၊ ပုဒ်မ ၄၂၉ ဆိုရင် ၅ နှစ်ကျနိုင်တယ်ကွာ။ သိချင်ရင် ရာဇသတ်ကြီးဆိုတဲ့ စာအုပ်မှာ ဖတ်ကြည့် အချစ်ရာ"



"ကျွန်မ စိန်နားကပ်ကို ဖျောက်လိုက်မယ်။ ဒီပစ္စည်းကို ကျွန်မ နောက်ထပ် မဝတ်ရဲတော့ဘူး။ မင်္ဂလာဆောင်ကို ဝတ်သွားမိပါတယ်။ မင်းကတော် စိုးကတော်တွေက ဝိုင်းကြည့်ကြတယ် အစ်ကို"

"အေး အေး အချစ်ကြည့်သာ လုပ်ပါကွာ ငွေဖြစ်လာဖို့က အဓိကပဲ"

"ဒါဆို သူဇာ မနက်ဖြန် ရွှေဘုံသာလမ်းက ကလကတ္တား စိန်တိုက်ကို သွားရောင်းပြီး အစ်ကိုပြောတဲ့အတိုင်း လုပ်ပေးပါ့မယ် အစ်ကို"

ကျောက်စိမ်းသည် သူဇာစိုးကို အသေးစိတ် စီစဉ်မှာကြားမှု ပြုလုပ်သည်။ အနမ်းပန်းများ အားရပါးရပေးပြီး နှုတ်ဆက်လိုက်လေသည်။

(၃)

ဒုရဲအုပ် ကျော်စိန်လင်းသည် အသံဖမ်း စီဒီခွေကို ယူပြီး စခန်းမှူးထံ ဖွင့်ပြညှိနှိုင်းမှုခံယူသည်။ နောက်နေ့တွင် ပန်းဘဲတန်းရဲစခန်းတွင် ချိတ်ဆက်အကူအညီယူသည်။ (ကလကတ္တား စိန်တိုက်) နှင့် ပတ်ဝန်းကျင်တွင် ကင်းပုန်းဝပ် သည်။

သူဇာစိုးသည် ဝတ်ကောင်းစားလှများ အပျံစားဝတ်ဆင်ပြီး ရွှေဘုံသာလမ်းရှိ ကလကတ္တား စိန်တိုက်ကြီးသို့ ဝင်သွားသည်။ စိန်နားကပ်ကို ထုတ်ပြသည်။

"ညီမ ပစ္စည်းက အတော် ကောင်းပါတယ်။ သိန်းတစ်ရာ

www.burmeseclassic.com

www.burmeseclassic.com



အထက်မှာရှိတယ်။ ဒါပေမယ့် အန်တီတို့ မဝယ်နိုင်ဘူး။ တခြားမှာ သွားရောင်းပါ။ ဈေးကောင်း ရမှာပါ"

"ကျေးဇူးပါပဲ အန်တီ"

သူဇာစိုးသည် ကလကတ္တားစိန်တိုက်မှ ပြန်ထွက်လာပြီး တခြားဆိုင်တွေမှာ ရောင်းဖို့ထွက်လာသည်။

"ညီမ ဘာရောင်းမှာလဲ ဈေးကောင်းပေးတဲ့ဆိုင် ရှိပါတယ်။ လာပါ ကျွန်တော်နဲ့ လိုက်ခဲ့ပါ"

သူဇာစိုးသည် ရွှေကြိုခေါ်သော ပွဲစား ခေါ်ရာနောက်သို့ လိုက်သွားသည်။ /ကင်းပုန်းဝပ်နေသော ရဲတပ်ဖွဲ့ဝင်တို့လည်း ထက်ကြပ်မကွာလိုက်ပြီး စောင့်ကြည့်နေကြသည်။

"ဆရာ ဒီပစ္စည်းရောင်းမယ်တဲ့ ဆရာ"

စိန်နားကပ်ဝယ်မည့် ဆိုင်ရှင်သည် မှန်ဘီလူးအကြီး၊ အသေးတို့ဖြင့် အပြန်ပြန် အလှန်လှန် စစ်ဆေးသည်။

"ဘယ်လောက်နဲ့ ရောင်းမလဲ"

"ကျွန်မ သိန်းတစ်ရာနဲ့ ရောင်းချင်ပါတယ်ရှင်"

"ပစ္စည်း ကောင်းပါတယ်။ ဒါပေမယ့် အချိန်အကြာကြီး ထားပြီး ရောင်းရမှာဖြစ်လို့ သိန်းခုနစ်ဆယ်ပဲ ပေးနိုင်မယ်"

"၇၅ သိန်းပေးပါလား ရှင် ကျွန်မတို့လည်း ငွေလိုနေလို့သာ ရောင်းရတာပါ"

"မပေးနိုင်ပါဘူးဗျာ သိန်း ၇၀ ပဲရမယ်။ ဆန္ဒရှိရင်လည်း ရောင်း၊ မရှိရင်လည်း မရောင်းနဲ့ပေါ့"

"ရပါတယ် ဘာဘူကြီး၊ ရတဲ့ဈေးနဲ့ပဲ ရောင်းရတော့မှာပေါ့"

ရောင်းသူ သူဇာစိုး၊ ဝယ်သူ ဘာဘူကြီးနှင့်ပွဲစားတို့ (၃)



ဦး ရောင်းဖိုးငွေကျပ် သိန်း ၇၀ ကို ရေတွက်ယူနေကြသည်။ ပန်းဘဲတန်းရဲစခန်းမှ ဒုရဲအုပ် ကျော်ဇောဟန်၊ မြို့မရဲစခန်းမှ နယ်သိန်း တပ်ကြပ်ကြီး စိုင်းလှမြင့်တို့သည် ရုတ်တရက် စီးနင်းလိုက်ကြသည်။

"မလှုပ်နဲ့ အေးအေးဆေးဆေး အဖမ်းခံပါ။ ကျွန်တော်တို့တာဝန်အရ ဆောင်ရွက်ချက်ကို နားလည်ပေးပါ"

"ဒါ ကျွန်မ ပစ္စည်း ကျွန်မ ရောင်းတာ ရှင်တို့ရဲတွေနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင် မဆိုင် စခန်းကျမှ ရှင်းပါ၊ ဆိုင်ရင်ဆိုင်သလို၊ မဆိုင်ရင် မဆိုင်သလိုပေါ့။ ရှင်းလိုက်တော့ သိလာမှာပေါ့ဗျာ"

တပ်ကြပ်ကြီး စိုင်းလှမြင့်၊ ဒုရဲအုပ်ကျော်ဇောဟန်တို့သည် စိန်နားကပ်တစ်ရန် ရောင်း/ ဝယ် ငွေ သိန်း ၇၀ တို့ကို သက်သေရယူကာ လူကြီးများရှေ့တွင် သိမ်းဆည်းသည်။ ရောင်းသူ သူဇာစိုး၊ ဝယ်သူ ဘာဘူကြီးတို့ကို စစ်ကြောရေးလုပ်ရန် စခန်းသို့ ခေါ်သွားလေသည်။

"ကဲ ဘာဘူကြီး ဒီစိန်နားကပ်ကို မသူဇာစိုးဆီက ဝယ် မဝယ် ပြောပါ"

"ဝယ်ပါတယ် ဆရာ၊ ပွဲစားဗွန်းထွန်း ခေါ်လာလို့ စစ်ဆေးကြည့်ပြီး သိန်း ၇၀ နဲ့ ဝယ်ပါတယ် ဆရာ"

"ဘာဘူကြီးအပိုင်းကတော့ ရိုးရှင်းပါတယ်။ နောက်လို အပ်ရင် ကျွန်တော်တို့ ခေါ်ပါမယ်။ ကူညီပါ ဘာဘူကြီး။ ပြန်နိုင်ပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



တပ်ကြပ်ကြီး စိုင်းလှမြင့်သည် အဓိကကျသူ မသူဇာစိုးကို စစ်ကြောရေး လုပ်သည်။

"မသူဇာရဲ့ မိဘတွေ ဘာလုပ်ကိုင်ကြသလဲ မသူဇာ"

"ကျုပန်းဆိုသလိုပေါ့ ဆရာ ပျိုးနုတ်၊ ကောက်စိုက်၊ စပါးရိတ်၊ စပါးနယ်ရတဲ့ အလုပ်လုပ်ပါတယ်"

"မသူဇာကော ဘာလုပ်သလဲ"

"အစပိုင်းမှာ မိဘတွေလိုပါပဲ၊ ကျုပန်းလုပ်ပါတယ်။ နောက်ပိုင်းမှာတော့ ကာရာအိုကေမှာ သီချင်း ဆိုပါတယ်"

"ရည်းစားတွေ ဘာတွေ ရှိသလား"

"ဆရာရယ် ဒီအရွယ်ရောက်မှတော့ အမြီးပေါက်ရမယ် ဆိုသလိုပေါ့ ရည်းစားရှိပါတယ်"

"ဒီ စိန်နားကပ်က ဘယ်က ရသလဲ"

"ကျွန်မ မိဘတွေဆီက ရပါတယ်ဆရာ၊ သူတို့ ရောင်းခိုင်းလို့ သွားရောင်းတာပါ"

"ဒီနေရာမှာတော့ မသူဇာ လိမ်ပြောတာပဲ၊ ကျုပန်းအလုပ်ကို ဆင်းဆင်းရဲရဲ လုပ်စားလာတဲ့ မိဘတွေမှာ သိန်း ၁၀၀ ကျော်တန် စိန်နားကပ် ဘယ်လိုလုပ်ပြီး ဝယ်နိုင်မှာလဲ၊ သူခိုးလက်ခံပစ္စည်းပဲ ဖြစ်နိုင်တာပေါ့၊ မိဘတွေ ဆွဲမထည့်ပါနဲ့ တရားခံ ဖြစ်ကုန်ပါ့မယ်"

"ကျွန်မ စဉ်းစားပါဦးမယ် ဆရာ"

"ကောင်းပြီ၊ ကျွန်တော်တို့လည်း နားလိုက်ဦးမယ်"



(၄)

အချုပ်ခန်းသို့ တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသော သူဇာစိုးသည် စားလို့မဝင်၊ အိပ်လို့လည်း မပျော်၊ စိတ်တွေ ချောက်ချားနေသည်။ ကြံရာမရဖြစ်နေသည်။ မိမိနှင့် မိဘတွေပါ တရားခံ အဖြစ်မခံနိုင်ပေ။ ထို့ကြောင့် အမှန်ကို အမှန်အတိုင်း ပြောရန် ဆုံးဖြတ်လိုက်လေသည်။

"ကဲ မသူဇာစိုး စဉ်းစားနေပြီလား"

"ဟုတ်ကဲ့ဆရာ ကျွန်မ အမှန်အတိုင်း ပြောပါမယ် ဆရာ"

"မှန်သထက် မှန်အောင် ဒါလေး နားထောင်ကြည့်လိုက်ပါဦး"

တပ်ကြပ်ကြီး စိုင်းလှမြင့်သည် ကျော်ကျက်စိမ်းနှင့် သူဇာစိုးတို့အား တွေ့ဆုံပေးစဉ်က ဖမ်းယူထားသော စကားပြောသံစီဒီခွေကို ဖွင့်ပြလိုက်သည်။ သူဇာစိုး အတော်အံ့သြသွားသည်။ ရဲရဲ့ ပရိယာယ်ဆိုတာ ဒါမျိုးလားဟု တွေးနေမိသည်။

"ဟုတ်ပါတယ် ဆရာ ကိုကျော်ကျက်စိမ်းနဲ့ သူဇာတို့ဟာ သမီးရည်းစားတွေပါ။ လွန်ခဲ့တဲ့ ခြောက်လလောက်က သူ အလုပ်တစ်ခုဖြစ်တယ်ဆိုပြီး ကျွန်မကို စိန်နားကပ်တစ်ရန် ပတ္တမြား လက်စွပ်၊ နားကပ်တွေ ပေးထားပါတယ်"

"တခြားပစ္စည်းတွေ ရှိသေးလား"

"မရှိပါဘူးဆရာ"

"အဲဒီ ၃ မျိုးထဲက စိန်နားကပ်ကိုရောင်းပြီး သူ့ရဲ့အမှုကိစ္စအတွက် ငွေသုံးဖို့ရောင်းခိုင်းလို့ ကျွန်မ သွားရောင်းတာပါ ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျန်တဲ့ ပတ္တမြားလက်စွပ်နဲ့ နားကပ် ဘယ်မှာထားလဲ"

"ကျွန်မ အိမ်မှာ ရှိပါတယ် ဆရာ"

"အဲဒီပစ္စည်းကို သက်သေခံအဖြစ် သိမ်းဆည်းရမယ် မသူဇာ"

"ဆရာတို့ သဘောပါ။ ကျွန်မအိမ်မှာ ဝှက်ထားတဲ့နေရာမှာယူပြီး အပ်ပါ့မယ် ဆရာ။ ကျွန်မ အထူးတောင်းပန်ချင်ပါတယ် ဆရာ၊ ပစ္စည်းသွားသိမ်းတဲ့ အချိန်မှာ ကျွန်မကို လက်ထိတ် မခတ်ပါနဲ့ ဆရာ၊ ကျွန်မ ထွက်မပြေးပါဘူး"

တပ်ကြပ်ကြီး စိုင်းလှမြင့်၊ ရဲမေ ဝင်းမင်းထွန်း၊ တပ်သားဝင်းနိုင်တို့သည် ရဲချောင်းရွာရှိ သူဇာစိုးတို့အိမ်သို့ သွားကြသည်။ အိမ်၏ခေါင်တိုင်အောက်ခြေတွင် မြှုပ်နှံထားသော သံဘူးကို ဖော်ယူကြသည်။ ရွာက လူကြီးများရှေ့တွင် ပတ္တမြားနားကပ်တစ်ရန်၊ လက်စွပ်တစ်ကွင်းတို့ကို သိမ်းဆည်းကြသည်။

တပ်ကြပ်ကြီး စိုင်းလှမြင့်သည် နောက်ဆက်တွဲပေါ်ပေါက်လာသောအမှုနှင့် သက်သေခံပစ္စည်း စိန်နားကပ်တစ်ရန်၊ ပတ္တမြားလက်စွပ်တစ်ကွင်း၊ ပတ္တမြား နားကပ်တစ်ရန်တို့ကို ကျောက်စိမ်း၏ အမှုကိုင်၊ ဒုရဲအုပ် ကျော်စိန်လင်းထံသို့ ရဲလုပ်ငန်းသဘောအရ လွှဲပြောင်းပေးလိုက်လေသည်။

ဒုရဲအုပ် ကျော်စိန်လင်းသည် မသူဇာစိုးထံမှ သိမ်းဆည်းရမိသော စိန်နားကပ်တစ်ရန်၊ ပတ္တမြားလက်စွပ်၊ နားကပ်တစ်ရန်တို့နှင့် ပတ်သက်သော နောက်ဆက်တွဲအမှုကို ဆက်လက်စစ်ဆေးရပြန်လေသည်။



"ကဲ ကိုကျောက်စိမ်း တစ်ပူပေါ် နှစ်ပူဆင့် ဖြစ်နေတယ်။ မသူဇာနဲ့ ပတ်သက်တဲ့ ပစ္စည်းတွေက ခင်ဗျားအပ်ပေးထားတဲ့ ပစ္စည်းတွေလို့ ပြောတယ်။ ခင်ဗျား သဘောထား ဘယ်လိုလဲ"

"ဟုတ်ပါတယ်ဆရာ၊ သူဇာနဲ့ ဘာမှ မပတ်သက်ပါဘူး။ ယုံကြည်စိတ်ချရတဲ့ ရည်းစားဖြစ်လို့ ကျွန်တော် အပ်ပေးထားတာပါ၊ ဒီပစ္စည်းတွေအတွက် ကျွန်တော် ရှင်းပါမယ်ဆရာ။ သူဇာကို လွှတ်ပေးပါ"

"ကိုကျောက်စိမ်း ဒီပစ္စည်းတွေကို ဘယ်က ရတယ်။ ဘယ်လိုရတယ်ဆိုတာ ပြောပါဦး"

"ဆရာ ကျွန်တော် ရန်ကင်းမြို့နယ်၊ ကျောက်ကုန်းအိမ်ကြီး တစ်အိမ်မှာ ကြွေပြားခင်း၊ ပါကေးခင်း၊ ဆေးသုတ်အလုပ်ကို အလုပ်သမားအဖြစ် လုပ်ကိုင်ပါတယ်။ ပိုင်ရှင်တွေအလစ်မှာ သော့ဝိဇ္ဇာ ချန်ဒရာဘာဘူကို ခေါ်ပြီး ပြင်ဖို့သော့၊ နောက်ဖေးဘက် အဝင်သော့တွေကို သော့ဖွင့် သံချောင်းလေးများနဲ့ လော့ကျင့် ဖွင့်ပိတ်လုပ်ခိုင်းပါတယ်။ မင်းကတော်ကြီးနဲ့ သမီးတွေ ရှော့ပင်ထွက်နေတုန်း အိမ်မှာ မူးယစ်ဆေးဝါးသုံးနေတဲ့ သူတို့သား ဂျင်မီ ကျန်ရစ်ခဲ့တယ်၊ ဂျင်မီက ကျွန်တော် မူးယစ်ဆေးနဲ့ ထောင်ကျဖူးတဲ့ အကြောင်းပြောတော့ ကျွန်တော့်ကို မူးယစ်ဆေးဝါး ဝယ်ခိုင်းပါတယ်။ ဝယ်ပေးရင်းနဲ့ သူနဲ့ခင်မင်ခဲ့ပါတယ်"

"ပစ္စည်းတွေကို ဘယ်လို ယူခဲ့သလဲ ပြောပါဦး"

"အဲဒီနေ့က မင်းကတော်ကြီးနဲ့သမီးတွေ ဆိုဒိုးနား[illegible]တယ်

www.burmeseclassic.com

www.burmeseclassic.com



မှာ ကျင်းပတဲ့ မင်္ဂလာဆောင်သွားကြပါတယ်။ အဲဒီအချိန်မှာ ဂျင်မီကို ကျွန်တော် အဝါရောင် အဆင့်မြင့် မူးယစ်ဆေး ၂ ပြား ပေးလိုက်တယ် ဆရာ၊ ဒီဆေးကို ခေါင်းခါဆေးလို့လည်း ခေါ်ပါတယ်။ ဒီဆေးက အတက်မြန်၊ အကျနှေးတဲ့ဆေးပါ။ ဂျင်မီ မူးပြီး ဖိမ်ယစ်နေချိန်မှာ ဗီရိုကြီးထဲက သေတ္တာငယ်ကို ယူလိုက်ပါတယ်။ ကျွန်တော် တစ်ဝက်သာယူပြီး ကျန်တစ်ဝက်ခန့်ကို ဂျင်မီ့အနားမှာ ထားလိုက်ပါတယ်"

"ဒီကိစ္စမှာ အခြားအလုပ်သမားတွေ ပါသေးလား"

"မပါပါဘူး ဆရာ၊ ကျွန်တော် တစ်ယောက်တည်း လှုပ်ရှားတာပါ"

"ကျန်တဲ့ ပစ္စည်းတွေအကြောင်း ခင်ဗျား ဘာသိသလဲ"

"ကျွန်တော်တို့ အလုပ်သမားတွေ ပြန်သွားပြီးနောက် ဂျင်မီရဲ့ သူငယ်ချင်းနှစ်ဦး ရောက်လာကြောင်း၊ ဂျင်မီနဲ့အတူ သေတ္တာငယ်ကိုပါယူပြီး ထွက်ပြေးကြောင်း သိရပါတယ် ဆရာ၊ ဒါပေမဲ့ ၁၅ ရက်အကြာမှာ ဖမ်းမိကြောင်း သိရပါတယ် ဆရာ"

ဒုရဲအုပ် ကျော်စိန်လင်းသည် စခန်းမှူး၊ မြို့နယ်မှူးတို့ထံ နောက်ဆက်တွဲအမှုပေါ်ပေါက်ပုံကို ရှင်းလင်းတင်ပြသည်။ ရန်ကင်းရဲစခန်းမှာ ရှိနေသောအမှုနှင့် ဆက်စပ်နေသောကြောင့် ရန်ကင်းရဲစခန်းနှင့် ပေါင်းစပ်ပြီး ရန်ကင်းရဲစခန်းမှ ဂျင်မီ၊ ပြောင်ကြီး၊ ညိုကြီးတို့၏ အမှုကိုင်ဒုရဲအုပ်မြင့်လွင်ထံသို့ လွှဲပြောင်းပေးလိုက်လေသည်။



(၅)

မြို့နယ်ဥပဒေရုံးမှ ကိုကျော်ကျက်စိမ်း၏ ရေကန်အတွင်းသို့ အဆိပ်ဆေးထည့်သွင်းမှုနှင့် ပတ်သက်ပြီး ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၉ ဖြင့် တရားစွဲဆိုသင့်ကြောင်း၊ ဥပဒေအကြံပြုချက် ကျလာသည်။

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၄၂၉) ၏ ပြဋ္ဌာန်းချက်မှာ**

"မည်သူမဆို အဖိုးမည်မျှ ထိုက်တန်စေကာမူ ဆင်ကိုသော်လည်းကောင်း၊ ကုလားအုတ်ကိုသော်လည်းကောင်း၊ လားကိုသော်လည်းကောင်း၊ ကျွဲကိုသော်လည်းကောင်း၊ နွားသိုးကိုသော်လည်းကောင်း၊ နွားမကိုသော်လည်းကောင်း၊ နွားထီးကိုသော်လည်းကောင်း၊ ငွေငါးဆယ်ကျပ်အောက်မနည်း တန်ဖိုးရှိသော အခြားတိရစ္ဆာန်ကိုသော်လည်းကောင်း သတ်ခြင်းဖြင့်ဖြစ်စေ၊ အဆိပ်ခတ်ခြင်းဖြင့် ဖြစ်စေ၊ အင်္ဂါပျက်ယွင်းစေခြင်းဖြင့်ဖြစ်စေ၊ အသုံးမဝင်အောင် ပြုခြင်းဖြင့်ဖြစ်စေ၊ အကျိုးဖျက်ဆီးမှုကို ကျူးလွန်လျှင် ထိုသူကို ငါးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးသော်လည်းကောင်း၊ ငွေဒဏ်သော်လည်းကောင်း၊ ဒဏ်နှစ်ရပ်စလုံးသော်လည်းကောင်း ချမှတ်ရမည်"

ဒုရဲအုပ် ကျော်စိန်လင်းသည် ကိုကျော်ကျက်စိမ်းအပေါ် တရားစွဲဆိုတင်ပို့ရန် ပြည့်စုံပြီဖြစ်သောကြောင့် မြို့ဟောင်းတရားရုံးတော်သို့ တရားစွဲဆိုတင်ပို့သည်။ ရုံးတော်မှ ပြစ်မှုကြီးမှု အမှတ် (၀၀၇/ ၂၀၁၂)၊ ပြစ်မှုပုဒ်မ ၄၂၉ ဖြင့် တရားလို၊ တရားလိုပြ သက်သေများ စစ်ဆေးပြီး၍ စွဲချက်တင်သည်။ တရားခံနှင့်

www.burmeseclassic.com

www.burmeseclassic.com



တရားခံပြေး သက်သေများကို စစ်ဆေးပြီးဖြစ်၍ အမိန့်ချရန် ချိန်းဆိုသည်။

**"အမိန့်"**

(အဘ) ဦးမောင်ကြီး၏ သား ကျော်စိမ်းသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၉ အရ ပြစ်မှုကျူးလွန်ကြောင်း သက်သေခံ အထောက်အထားများ၊ သက်သေထွက်ချက်များအရ အပြစ်ရှိကြောင်း ပေါ်လွင်ထင်ရှားသောကြောင့် အလုပ်နှင့် ထောင်ဒဏ် ၃ နှစ် ကျခံစေ။

▢




www.burmeseclassic.com

www.burmeseclassic.com



၅

## အမေ့အိမ်အပြန်

"မင်းကြီး တပ်ကြပ်ကြီး မိလုံးကျင်၊ ဝင်းမင်းထွန်း၊ နွေသီတာတို့ ရောက်ရှိနေကြောင်း သတင်းပို့"

"အေး လွှတ်လိုက်ပါ ဆာဂျင်ကြီး"

အထူးတာဝန် ထမ်းဆောင်ရန် ရောက်ရှိလာကြသော တပ်ကြပ်ကြီး မိလုံးကျင် (ခ) မိငယ်၊ တပ်ကြပ်နွေသီတာတို့သည် ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှူးကြီး၏ ရုံးခန်းသို့ လာရောက်သတင်းပို့ကြသည်။

"ဒီလို ရဲဘော်တို့ရာ မြဝတီနယ်စပ်မြို့ကြီးက ဓားမြ တိုက်၊ လုယက်မှု၊ အနုကြမ်းစီးမှု ဖော်ထုတ်ဖို့အတွက် နယ်မြေခံ ဖြစ်ပြီး ဘာသာစကားဖြစ်တဲ့ မွန်၊ ကရင် စာ စကားတတ်ကျွမ်းတဲ့ ရဲဘော်တို့ကို တာဝန်ပေးလိုတယ်။ ရဲတပ်ဖွဲ့ဝင်တွေရဲ့ တာဝန်အရ ရဲဘော်တို့ ပီပီပြင်ပြင် စီမံချက်အတိုင်း ဆောင်ရွက်ကြပါ။ ဟောဒီမှာ စီမံချက်လမ်းညွှန်"

"စိတ်ချပါ မင်းကြီး၊ တာဝန်ကျေပွန်စေရပါမယ်"

ဘားအံမြို့တွင် တာဝန်ကျသော တပ်ကြပ်ဝင်းမင်းထွန်း ရွှေဂွန်းမြို့ အမေ့အိမ်တွင် တာဝန်ကျသော တပ်ကြပ်ကြီး မိလုံးကျင် (ခ) မငယ် လှိုင်းဘွဲ့မြို့တွင် တာဝန်ကျသူ တပ်ကြပ်နွေသီတာတို့သည် မိမိတို့ တာဝန်ကျရာ မိမိတို့ ငယ်မွေးခြံပေါက် မြို့နယ်အသီးသီးတွင် တာဝန်ထမ်းဆောင်ရန် ထွက်ခွာသွားကြလေသည်။

"ဟယ် သမီး၊ အထုပ်အပိုးတွေနဲ့ ဆိုင်းမဆင့်ဗုံမဆင့် ပါလား။ ဘယ့်လိုဖြစ်လာတာလဲ။ အလုပ်ပြုတ်လာတာလား"

သမီး မိလုံးကျင် (ခ) မငယ်ကို မမျှော်လင့်မထင်မှတ်ဘဲ ရုတ်တရက် တွေ့မြင်လိုက်ရသော မိခင်ကြီး ဒေါ်သိန်းသိန်းသည် စိုးရိမ်စိတ်ပေါင်းများစွာဖြင့် မေးခွန်းများထုတ် မေးမြန်းလိုက်လေသည်။

"အေးအေးဆေးဆေးပါ အမေ။ အမေ့သမီး အမေ့အိမ်မှာ အခါအခွင့် သင့်သလောက် အမေနဲ့အတူ နေဖို့ ပြန်လာတာပါ"

"ကြိုတင် အကြောင်းမကြား၊ ဖုန်းကလေးတောင် မဆက်ဘဲနဲ့ ဗြုန်းစားကြီး ရောက်လာတော့ စိုးရိမ်လာတာပေါ့ သမီးရယ်"

အေးအေးဆေးဆေး ရှိချိန်တွင် တာဝန်အရ ရောက်လာမှုနှင့်အတူ အမေ၏ ကုန်စုံဆိုင်၊ အပေါင်ခံ၊ ရွှေဝယ်လုပ်ငန်း အလုပ်ကို ကူလုပ်ဖို့လာသည့် အကြောင်း ပြောပြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အမေ့ သမီး ပတ္တမြားဂေဟာစတိုးကြီးမှာ အလုပ် လုပ်ရင်း ငွေကွာလို့ အလုပ်ပြုတ်ပြီး အမေ့အိမ် ပြန်လာရတာ၊ ဒါကြောင့် အမေ့အလုပ်ကို လုပ်ကိုင်နေရတာပါလို့ ရပ်ကွက်ထဲ မှာ သတင်းလွှင့်ပါ အမေ၊ အလုပ်သဘောပေါ့ အမေရာ"

အမေ့သမီး မိလုံးကျင်သည် ရိုးရာ မွန်ဝတ်စုံ၊ ကရင် ဝတ်စုံလေးများကို ဝတ်ဆင်ကာ မိခင်ကြီး၏ ကုန်စုံဆိုင်အပေါင် ခံ လုပ်ငန်း၊ ရွှေထည်ပစ္စည်း ဝယ်ယူသော လုပ်ငန်းများ လုပ်ကိုင်နေရသည်မှာ မမောနိုင်၊ မပန်းနိုင်၊ အမေ့ကျေးဇူးဆပ်ခွင့် ရနေလေသည်။ လုံးကြီးပေါက်လှ ရန်ကုန်ပြန် မိန်းမချောကြီးကို ပိုးကြပန်းကြသော အစ်ကိုကာလသားတို့မှာလည်း မမောနိုင် မပန်းနိုင်ကြ။

(၂)

မြဝတီမြို့ကြီးသည် တစ်ဖက်နိုင်ငံ၏ နယ်စပ်မြို့တော် ဖြစ်သောကြောင့် ဟိုဘက်ကမ်း၊ သည်ဘက်ကမ်း ကူးလူးဆက် သွယ်မှု များလှပေသည်။ နယ်စပ်ဖြတ်ကျော်လမ်းကြောင်း ဖြစ် သော အညိုရောင်လမ်းကြောင်းတစ်လျှောက်တွင် ပူးပေါင်းလုံခြုံ ရေး တပ်ဖွဲ့ဝင်များဖြင့် ထိန်းချုပ်ထားရလေသည်။ ဟိုဘက်မှ ရာဇဝတ်သားများ၊ သည်ဘက်မှ ရာဇဝတ်သားများ ကူးလူး တိမ်းရှောင်မှု မရှိစေရန် တားဆီးကြရ၏။

မိလုံးကျင် (ခ) မငယ်သည် ကွယ်လွန်သူ ဖခင်ကြီး ဦးဝင်းနိုင်၏ ဇာတိဖြစ်သော တစ်ခင်းလုံးကျေးရွာ ဂျို့ချောင်း



ကျေးရွာများသို့လည်း အကြွေးတောင်းသွားရသော မိခင်ကြီး၏ အလုပ်ကိုလည်း လုပ်ကိုင်ရသောကြောင့် ရွာမှ ဆွေမျိုးများနှင့် လည်း ခင်မင်ကြလေသည်။ မြို့ပေါ်သို့ ဈေးဝယ်လာသူများက လည်း မိလုံးကျင်တို့ သားအမိအိမ်သို့ အမြဲဝင်ကြလေသည်။

"ဒီလက်ကောက် ဘယ်လောက်ပေးမလဲ"

"ဒီဆွဲကြိုးကော ဘယ်လောက်ပေးမလဲ"

"ဒီလက်စွပ်ကလေးတွေကော ဘယ်လောက်ရမလဲ"

"အားလုံး ချိန်ပြီး ရှိသလောက် ပေါက်ဈေးပေးမယ်။ အားလုံးပေါင်း (၁၅) ကျပ်သား ရှိတယ်။ ရွှေရည်က ၁၄ ပဲ ရှိတယ်။ တစ်ကျပ်သား ငါးသိန်းနှုန်းနဲ့ (၇၅) သိန်းရမယ်"

"မပိုတော့ဘူးလား"

"မပိုနိုင်ဘူး၊ ကြိုက်မှ ရောင်းပါ"

ရွှေဝွန်းမြို့ကလေးမှ အပေါင်ခံ၊ ရွှေဝယ်ကုန်စုံဆိုင် လုပ် ကိုင်သူ ဒေါ်သိန်းသိန်းနှင့် ရွှေထည်ပစ္စည်းများ လာရောက် ရောင်းချသော ကြူကြူလှိုင်၊ မင်းမင်းထွန်းတို့ ရွှေအရောင်း အဝယ် စကားပြောဆိုနေကြသည်။

"ရော့ ငွေကျပ် (၇၅) သိန်း၊ ဒါက ငါးထောင်တန်တွေ၊ ဒါက တစ်ထောင်တန်တွေ စစ်ပြီးယူပါ"

ကြူကြူလှိုင်နှင့် မင်းမင်းထွန်းတို့သည် ငွေများကို အစည်း လိုက် ရေတွက်စစ်ဆေးလက်ခံရယူလေသည်။

"ဒီ ရွှေထည်ပစ္စည်းတွေကို ငါ သိမ်းလိုက်ပြီနော်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သိန်းသိန်းမှာ သူဝယ်ယူလိုက်သော ရွှေထည် (၁၅) ကျပ်သားကို အိမ်တွင်းရှိ သူ၏ မီးခံသေတ္တာကြီးအတွင်း သိမ်းဆည်းလိုက်လေသည်။

"ရထားမန်းကီး၊ ရထားမန်းကီး"

"ရထားဖြစ်လား၊ ရထားဖြစ်လား"

"အေး ဟုတ်တယ်၊ လိမ္မော်သီး (၁၅) လုံး ဒေါ်သိန်းသိန်းဆိုင်ကို လာရောင်းတယ်။ တစ်လုံး ငါးသိန်းနဲ့ (၇၅) သိန်းနဲ့ ရောင်းသွားတယ်"

"ရထားဖြစ်လား ရထားဖြစ်လား"

"ဆိုင်ကယ် အပြာရင့်ရောင်၊ ဂျာကင်အင်္ကျီဝတ်ထားတယ်၊ မိန်းမက နောက်မှာ စီးလာတယ်၊ ငွေထုပ်ပါမယ်။ မိနစ် (၃၀) လောက်အကြာ ထွက်လာမယ်။ လုံခြုံသတိ။ ဆွဲစိပါ"

တပ်ကြပ် မိလုံးကျင် (ခ) မငယ်သည် စီမံချက်တစ်ရပ်ကို ပူးပေါင်းတပ်ဖွဲ့ထံသို့ ဆက်ကြောင်းပေးနေသည်။ ပူးပေါင်းအဖွဲ့မှ ကြိုတင်စီစဉ်ထားသည့်အတိုင်း အပြာရင့်ရောင် ဆိုင်ကယ်စီးလာသော မင်းမင်းထွန်း၊ နောက်မှစီးလာသူ ကြူကြူလှိုင်တို့ကို ဖမ်းဆီးသည်။

မင်းမင်းထွန်းက ဆိုင်ကယ်ကို စက်ရှိန်တင်ပြီး မောင်းပြေးရန် စီစဉ်သည်။ သို့ရာတွင် ရဲအုပ် ကျော်စိန်လင်းက ဆိုင်ကယ်ဘီးကို သူက ကုတ်ပစ္စတိုဖြင့် ပစ်ခွဲလိုက်သည်။ ဆိုင်ကယ် လဲကျသွားသည်။ မင်းမင်းထွန်းက သူ၏ဂျာကင်အင်္ကျီမှ သူ၏



ပစ္စတိုသေနတ်ကိုထုတ်ပြီး ခုခံရန်ကြံရွယ်သည်။ ရဲအုပ်ကျော်စိန်လင်းက ပစ်ထည့်လိုက်သောကြောင့် ပစ္စတိုလွတ်ကျသွားသည်။ သူ၏ လက်ဒဏ်ရာရရှိသွားသည်။ မင်းမင်းထွန်းနှင့် ကြူကြူလှိုင်တို့ကို အလွယ်တကူ ဖမ်းဆီးလိုက်လေသည်။ ရဲစခန်းသို့ ခေါ်သွားပြီး စစ်ကြောရေးလုပ်သည်။

ရဲအုပ် ကျော်စိန်လင်းနှင့် ပူးပေါင်းတပ်ဖွဲ့ဝင်များသည် ဒေါ်သိန်းသိန်းအိမ်သို့ ရောက်ရှိလာကြသည်။ ဒေါ်သိန်းသိန်းသည် ဘားအံမြို့ရှိ ရွှေဆိုင်ကြီးသို့ ရွှေ (၁၅) ကျပ်သား ပြန်ရောင်းရန် အချိတ်အဆက် သွားလုပ်နေသည်။ အိမ်မှာ မရှိ။

ရဲအုပ် ကျော်စိန်လင်းနှင့်အဖွဲ့သည် တပ်ကြပ် မိလုံးကျင် (ခ) မငယ်နှင့် နားလည်မှုလုပ်ပြီး မိလုံးကျင်ကို အဖမ်းပြလက်ထိတ်ခတ်ထားလေသည်။ ဒေါ်သိန်းသိန်းသည် သူ၏အိမ်သို့ ရဲတွေ ရောက်နေကြောင်း သတင်းကြားသဖြင့် အမြန်ပြန်လာသည်။

"ဒီမှာ မင်းတို့ ဘာလုပ်ကြတာလဲ၊ ဒါငါ့အိမ်၊ ငါ့ဆိုင်၊ ငါ့သမီးနဲ့ ဘာမှမဆိုင်ဘူး။ ဘာလို့ ငါ့သမီးကို ဖမ်းကြတာလဲ"

"မင်းမင်းထွန်းနဲ့ ကြူကြူလှိုင်တို့ လာရောင်းတဲ့ ရွှေတွေကို မိလုံးကျင်ဝယ်ထားလို့ သူ့ကို ဖမ်းတာပါ။ အဲဒီရွှေတွေက ဓားပြတိုက်ယူထားတဲ့ ရွှေတွေပါ အမေ"

"ဟော့ အဲဒီရွှေတွေကို ငါ ဝယ်တာ၊ ငါ့သမီးဝယ်တာ မဟုတ်ဘူး။ ငါ့သမီးကို အခုလွှတ်၊ ငါ့ကိုဖမ်း"

"ဘယ်သူ့ကိုမှ ဖမ်းစရာမလိုပါဘူး အမေ။ သက်သေခံ ရွှေ (၁၅) ကျပ်သားကို သိမ်းဖို့ လာတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"အေး အဲဒါဆိုလည်း ငါ အပ်မယ်"

ဒေါ်သိန်းသိန်းသည် ခါးကြားမှ မီးခံသေတ္တာသော့ကို ယူပြီး အိမ်တွင်းရှိ မီးခံသေတ္တာမှ ရွှေ (၁၅) ကျပ်သားရှိ လက်ကောက်၊ ဆွဲကြိုး၊ လက်စွပ်များကို အပ်နှံလိုက်သည်။ ရဲအုပ်ကျော်စိန်လင်းတို့အဖွဲ့က ရှာဖွေပုံစံဖြင့် ရပ်ကွက်လူကြီးများကို သက်သေထားပြီး သိမ်းဆည်းလိုက်လေသည်။

"ဒီမှာ ရဲအရာရှိမင်းတို့၊ ကျုပ်ဝယ်ထားတဲ့ ရွှေတွေကိုတော့ သိမ်းယူတယ်။ ကျုပ် ပေးလိုက်တဲ့ ရောင်းဖိုးငွေ (၇၅) သိန်းကိုလည်း ပြန်ပြီး သိမ်းပေး"

"အဲဒီငွေ (၇၅) သိန်းကိုလည်း သက်သေခံပစ္စည်းအဖြစ် သိမ်းထားပါတယ် အမေ။ အချိန်ကျရင် တရားရုံးက အဆုံးအဖြတ် ပေးပါလိမ့်မယ်"

(၃)

ရဲအုပ် ကျော်စိန်လင်းတို့ တပ်ဖွဲ့သည် ကွင်းဆက်များ ဖော်ထုတ်ရန်အတွက် မင်းမင်းထွန်း၊ ကြူကြူလှိုင်တို့ကို စစ်ကြောရေး လုပ်သည်။

"ကဲ ကိုမင်းမင်းထွန်း၊ ခင်ဗျားတို့ မြဝတီမြို့ အိုင်ယာလန်ရွှေဆိုင်ကြီးမှာ အားပြတိုက်မှု စိန်သရဖူ၊ ရွှေသရဖူ၊ ပတ္တမြားသရဖူ ရွှေဆိုင် လုယက်မှုတွေမှာ ပါတဲ့ ခင်ဗျားတို့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေ ဖမ်းမိထားပါပြီ။ ရာဇဝတ်ဘေားပြေးမလွတ် ဆိုသလိုပေါ့ဗျာ။ ဒါကြောင့် လုယက်မှုရဲ့ စ၊ လယ်၊ ဆုံးဇာတ်လမ်းကို



ပြောပြထွက်ဆိုပေးပါ။ ရဲစိတ်ညစ်အောင်တော့ မလုပ်ပါနဲ့။ ဒဏ်ရာတွေလည်း ထပ်ပြီး မယူချင်ပါနဲ့တော့"

"ဆရာ ဟိုကောင်တွေ အားလုံး ဖမ်းမိထားပြီလား ဆရာ"

"အားလုံး ဖမ်းမိထားပါပြီ။ အေကေ-၇ 'မောင်းပြန်' သေနတ်ကိုလည်း ခင်ဗျားယောက်ဖ လက်သီး (ခ) နွားကြီး အိမ်အောက်မှာ ဝှက်ထားတဲ့နေရာက သိမ်းယူခဲ့ပါတယ်။ သက်သေခံ ရွှေထည်တွေကိုလည်း ဘားအံ၊ ရွှေဝွန်း၊ လှိုင်းဘွဲ့ မြို့တွေမှာ သိမ်းယူပြီးပါပြီ"

ရဲအုပ် ကျော်စိန်လင်းသည် ရဲလုပ်ငန်းပရိယာယ်တို့ဖြင့် တရားခံ မင်းမင်းထွန်းကို စစ်ကြောရေးလုပ်လိုက်ရာ ညောင်မြစ်တူး ပုတ်သင်ဥပါပေါ် ဆိုသကဲ့သို့ ကွင်းဆက်များ ရှိခဲ့လေသည်။

"ဆရာ ကျွန်တော်ကိုင်တဲ့ ကုတ်ပစ္စတိုက လွန်ခဲ့တဲ့ နှစ်နှစ်ကျော်က ကျွန်တော် တစ်ဖက်နိုင်ငံက နှစ်သိန်းနဲ့ ဝယ်ခဲ့ပါတယ်။ ဒီသေနတ်နဲ့ ကျွန်တော် ကယ်ရီမျိုးစုံ လုပ်ခဲ့ပါတယ်။

လွန်ခဲ့တဲ့ ၂၀၁၂ ခုနှစ် ဇွန်လထဲမှာ ကျွန်တော် တကောင်း ယောက်ဖ လက်သီး (ခ) နွားကြီး၊ သူ့တပည့် ငထွေး၊ ငပြူးတို့ အိုင်ယာလန်ရွှေဆိုင်ကြီးကို အနုကြမ်းစီးဖို့ တိုင်ပင်ခဲ့ကြပါတယ်"

"ဘယ်နေရာမှာ တိုင်ပင်ကြသလဲ"

"ဟုတ်ကဲ့ဆရာ မြဝတီမြို့ရှိ သားကောင်ဘီယာဆိုင်မှာ တိုင်ပင်ကြပါတယ် ဆရာ"

"ဆက်ပြောပါ ကိုမင်းမင်း"

"မြဝတီမြို့ရှိ လုပ်ငန်းရှင်ကြီးတွေ၊ သူဌေးကြီးတွေရဲ့ အိမ်တွေ၊ လုပ်ငန်းတွေမှာ ပြောင်းရှည်၊ မောင်းပြန်သေနတ်

www.burmeseclassic.com

www.burmeseclassic.com



တွေ ရှိတယ်။ ဒါကြောင့် မောင်းပြန်သေနတ်တစ်လက်ရှာဖို့ စီစဉ်ကြပါတယ် ဆရာ၊ လက်သီး (ခ) နွားကြီးက သူ့မှာ အေကေ (၇) တစ်လက်ရှိကြောင်း ပြောပြလို့ လုပ်ငန်းစခဲ့ပါတယ် ဆရာ၊ ကျွန်တော်တို့ မျက်နှာဖုံး၊ ခေါင်းစွပ်၊ လက်အိတ်တွေ ဝယ်ပါတယ် ဆရာ။ ငွေကြိုပေး အငှားလိုက် လိုင်စင်မဲ့ ဟွန်ဒါကားတစ်စီး ငှားပါတယ် ဆရာ။ အဝင်လမ်း၊ အထွက်လမ်းတွေကို ကြိုတင်ပြင်ဆင်ပြီး ပြေးလမ်းကြောင်း စီစဉ်ကြပါတယ် ဆရာ”

“ရုတ်တရက် အိုင်ယာလန် ရွှေဆိုင်ကြီးရှေ့မှာ ကားရပ်ပြီး အေကေ (၇) သေနတ်နှစ်ချက် ပစ်ဖောက်ပါတယ် ဆရာ။ ရွှေဆိုင်အတွင်းက လူတွေထွက်ပြေးသွားကြပါတယ်။ နရံကပ်ဗီရို၊ ရှိုးကေ့စ်အတွင်းက ရွှေထည်များ ထည့်ထားတဲ့ ဗန်း (၁၀) ဗန်းခန့်ကို ဆာလာအိတ်နဲ့ သိမ်းယူခဲ့ပြီး မောင်းပြေးခဲ့ကြပါတယ် ဆရာ”

“ကဲ ကိုမင်းမင်းထွန်း ခင်ဗျားလည်း မောသွားပြီ၊ ကျွန်တော်တို့လည်း နားချင်ပြီ။ ညပိုင်းမှာ ဆက်ကြရအောင်၊ ခင်ဗျားလည်း အနားယူလိုက်ပါဦး”

(၄)

ခွေးများ၏ သဘာဝအလျောက် ညဥ့်နက်ပိုင်းမှာ အူသံများကြောင့် အိပ်ရာမှ နိုးသည်။ အမှုစစ်လို့ ကောင်းသောအချိန်ဖြစ်သည့်အတိုင်း အသံဖမ်းစက်ကိုင်သူ တပ်ကြပ်ကြီးကို နှိုးပြီး မင်းမင်းထွန်းကို စစ်ကြောရေးလုပ်ရန် စီစဉ်လိုက်သည်။



အချုပ်ခန်း လုံခြုံရေးတပ်ကြပ်ကြီးက မင်းမင်းထွန်းကို လက်ထိပ်ခတ်ပြီး စစ်ကြောရေးအခန်းသို့ ခေါ်လာသည်။

“ကဲ... မင်းမင်းထွန်း ခင်ဗျားတို့ရဲ့ ဇာတ်လမ်းဆက်ပါဦး”

“ကျွန်တော်တို့ ကြံတိုင်းအောင် စားသောက်ဆိုင်သီးသန့်အခန်းကို သွားခဲ့ကြပါတယ်။ ဗန်းအနီရောင်ထဲက ရွှေဆွဲကြိုးတွေ၊ လက်ကောက်၊ လက်စွပ်တွေကို ပုဆိုးနဲ့ထုပ်ပါတယ်။ မျက်နှာဖုံး၊ ခေါင်းစွပ်၊ လက်အိတ်အနက်ရောင် အကျႌတွေကို အဲဒီဆိုင်ကြီးရဲ့နောက်မှာရှိတဲ့ ရေကန်ကြီးထဲကို ကျွန်တော် လွှင့်ပစ်ခဲ့ပါတယ်။’ ပြီးတော့ ကျွန်တော်က ရွှေထုပ်ကို ယူပြီး ဆိုင်ကယ်နဲ့ လမ်းခွဲခဲ့ကြပါတယ်။ လက်သီး (ခ) နွားကြီး၊ ကြူကြူလှိုင်၊ ငပြူး၊ ငထွေးတို့က ဟွန်ဒါကားနဲ့ လမ်းခွဲခဲ့ကြပါတယ်”

“ခင်ဗျား ရွှေထုပ်ကို ဘယ်မှာ အပ်သလဲ၊ ဘယ်မှာ သိမ်းခဲ့သလဲ”

“ဟုတ်ကဲ့ဆရာ လက်သီး ( ခ) နွားကြီး၊ ကြူကြူလှိုင်တို့ ငှားနေတဲ့ အမှတ် (၄) ရပ်ကွက်။ ခရစ်ယာန်ကျောင်းအနီးမှာရှိတဲ့ အိမ်အပေါ်ထပ်ကို သွားပို့ခဲ့ပါတယ်”

“ပစ္စည်းတွေကို ဘယ်လို ခွဲယူကြသလဲ”

“ဟုတ်ကဲ့ ဆရာ၊ လက်သီးနဲ့ ကြူကြူလှိုင်တို့က ကျွန်တော့်ကို ဝေစုအဖြစ် ငွေကျပ် (၈၃) သိန်းနဲ့ ရွှေဆွဲကြိုး သုံးကုံးပေးပါတယ် ဆရာ။ ကျွန်တော် တစ်ခင်းလုံးကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်လာပြီး မြေကွက်ဝယ် အိမ်ဆောက်ထားပါတယ် ဆရာ။ ကျန်တဲ့ပစ္စည်းတွေ အားလုံးကတော့ လက်သီး၊ ကြူကြူလှိုင်၊ ဒပြူး၊ ငထွေးကံကောင်းတို့ဆီမှာ ကျန်ရစ်ခဲ့ပါတယ် ဆရာ''

မှုခင်း ဖော်ထုတ်ရေး ပူးပေါင်းအဖွဲ့သည် မိမိတို့မြို့နယ် အသီးသီးတွင် ဖော်ထုတ်ဖမ်းဆီးရမိသော တရားခံ လက်သီး (ခ) နွားကြီး၊ ငပြူး၊ ငထွေးတို့နှင့် ကွင်းဆက်ကို ဖော်ထုတ်ခဲ့ကြသည်။ ဘားအံမြို့၊ ရွှေဂူန်းမြို့၊ လှိုင်းဘွဲ့မြို့တို့ရှိ ရွှေဆိုင် ပန်းထိမ်ဆိုင်များမှာ လိုက်လံသိမ်းဆည်းခဲ့ကြသည်။ လိုင်စင်မဲ့ ဟွန်ဒါကားကိုလည်း ပိုင်ရှင်မဲ့အဖြစ် သိမ်းဆည်းခဲ့ကြသည်။

(၅)

အလားတူပင် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာတွင် အနုကြမ်း စီးခံရသော စိန်သရဖူ၊ ရွှေသရဖူ၊ ပတ္တမြားသရဖူရွှေဆိုင်ကြီးမှ အနုကြမ်းစီးခဲ့သော ရွှေနှင့်ငွေများကိုပါ ဖော်ထုတ်သိမ်းဆည်း နိုင်ခဲ့လေသည်။

တရားခံများ၏ ဝန်ခံချက်၊ ဖြောင့်ဆိုချက်များကို ပြစ်မှု ဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများအရ တရားရုံး တရားသူ ကြီးရှေ့တွင် လွတ်လပ်စွာ ဖြောင့်ဆိုချက်ကို ရယူသည်။ ခရိုင် ဥပဒေနှင့် ပေါင်းစပ်ညှိနှိုင်းပြီး တရားစွဲဆိုတင်ပို့ရန် ဆောင်ရွက် သည်။

စီမံချက် ပူးပေါင်းတပ်ဖွဲ့သည် အမှုတည်ဆောက်မှုပြီး ပြည့်စုံပြီး ဖြစ်သောကြောင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးကြီးထံသို့ လမ်းညွှန်မှု ခံယူသည်။



မြဝတီမြို့နယ် ရဲတပ်ဖွဲ့၊ တရားစွဲအဖွဲ့မှ မြဝတီခရိုင် တရားရုံးတော်သို့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၂ ဓားပြမှု ပြစ်မှု ဆိုင်ရာဥပဒေပုဒ် ၁၉ (င) လက်နက်ကိုင်ဆောင်မှုတို့ဖြင့် တရား စွဲဆိုတင်ပို့ရန် ညွှန်ကြားခဲ့လေသည်။

မြဝတီမြို့နယ် ရဲတပ်ဖွဲ့တရားစွဲဆိုမှုကို ဒုရဲအုပ် နိုင်ညွန့် ဖေက မြဝတီခရိုင်တရားရုံးတော်သို့ တရားစွဲဆိုတင်ပို့သည်။ ရုံးတော်မှ ပြစ်မှုကြီးအမှတ် ၀၇/ ၁၂ ဖြင့် လက်ခံပြီး ပြစ်မှု ဆိုင်ရာဥပဒေပုဒ်မ ၃၉၂ ဓားပြမှု၊ ၃၉၃ လုယက်မှု၊ ပြစ်မှုပုဒ်မ ၁၉ (င) လက်နက်မှုတို့ကို စစ်ဆေးကြားနာခဲ့သည်။

တရားလိုနှင့် တရားလိုပြ သက်သေများ၏ ထွက်ဆိုပြ သက်သေများ၏ ထွက်ဆိုချက်များ၊ သက်သေခံအထောက် အထားများအရ တရားခံများသည် ကွင်းဆက်မပြတ် ပြစ်မှု ကျူးလွန်ကြောင်း ပေါ်ပေါက်ခဲ့သည်။

တရားခံများကလည်း မိမိတို့ ပြုလုပ်ကျူးလွန်ကြောင်း ဖြောင့်ဆိုချက် ပေးခဲ့သည်။ ၎င်းတို့၏ ဖြောင့်ချက်ကို မဆန့်ကျင် ကြပေ။

တရားခံများဘက်မှ သက်သေများကလည်း တရားခံများ ဖြောင့်ဆိုထွက်ချက်များအတိုင်း ထွက်ဆိုကြသည်။ အပြီးသတ် နှစ်ဖက်ရှေ့နေများကလည်း လျှောက်လဲချက် ပေးခဲ့ကြပြီးဖြစ် သည်။ ရုံးတော်မှအမိန့်ချရန် အဆင်သင့်မဖြစ်သေးသောကြောင့် နှစ်ကြိမ်ချိန်းဆိုခဲ့ပြီးဖြစ်သည်။ ယနေ့သည်ကား အမိန့်ချမှတ် တော့မည် ဖြစ်သည်။ တရားခံများ၊ လုံခြုံရေးများဖြင့် ရုံးရှေ့သို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိပြီး တရားခွင်စာရေးက အမှုခေါ်သည်။ တရားသူကြီး တရားခွင်သို့ တက်ရောက်လာပြီး တရားခံများ၏ မိသားစုများ ငြိမ်သက်စွာ နားစွင့်နေကြသည်။

**အမိန့်**

တရားခံ လက်သီး (ခ) နွားကြီး၊ တရားခံ မင်းမင်းထွန်း။ တရားခံ ငပြူး။ တရားခံ ငထွေးသည် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၉၂ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၁၀) နှစ်ကျ ခံစေ။

တရားခံ လက်သီး (ခ) နွားကြီး၊ တရားခံ မင်းမင်းထွန်း တို့အား ပြစ်မှုပုဒ်မ ၁၉ (c) လက်နက်မှုဖြင့် ထောင်ဒဏ် (၅) နှစ် ကျခံစေ။


တရားခံ ကြူကြူလှိုင်သည် ပြစ်မှုများတွင် ပူးပေါင်းပါ ဝင်ခဲ့သောကြောင့် ပုဒ်မ ၁၁၄ အရ အလုပ်နှင့်ထောင်ဒဏ် (၅) နှစ်ကျခံစေ။ သက်သေခံ ရွှေနှင့် ငွေများကို ပိုင်ရှင်သို့ ပြန်ပေးစေ။

အမိန့်ချပြီးချိန်တွင်ကား တရားခံများ၏ မိသားစုများထံမှ ငိုကြွေးသံများ ကြားရလေသည်။

အမှုတစ်ခုခုကို ပြုလုပ်သည့်အတွက် နောင်တတစ်ဖန် ပူပန်ရတတ်၊ မျက်ရည်စက်လက် ငိုကြွေးလျက် ဆင်းရဲခံရတတ် လျှင် ထိုအမှုသည် မကောင်း။

**လူ့ပြည်မှာ အမှုမပေါ့ကြပါနှင့်**

❐



www.burmeseclassic.com

## ထန်းပင်ပေါ်က လက်ကိုင်ဖုန်း

(၁)

[လက်ပံပွင့်တွေ လေအတိုက် ကြွေလိုက်တဲ့အခါ တဝဲဝဲဝေ့လို့ လေယာဉ်ပမာ... ဩော်... ချစ်စရာ ချစ်စရာ မြင်ရပါလေဦးတော့မည်...

ရိုးတံတွေကျဲ နေပူထဲမယ် ရွှေညာသူ ညိုပြာချောတို့ စက်ဘီးလေးတွေ စီးကာ ကိုယ်စီ စက်ဘီးလေးတွေစီးကာ ကိုယ်စီ]

**(သန်းထွန်းလေး)**

(ရှေးထုံးလည်း မပယ်နဲ့ ဈေးသုံးလည်း မလွယ်နဲ့) ရှေးဆိုရိုးစကားအတိုင်း ထန်းသမား (သန်းဆိုင်) သည် ထန်းတက်ရင်း ထန်းပင်ပေါ် ရောက်သည်နှင့် သီချင်းဆိုနေရလေသည်။ ထန်းတက်နေချိန်တွင် ထန်းနို့ချပေးသည်ဟု ရှေးဆိုရိုးစကားက ရှိလေသည်။ အသံကလည်း ကောင်း၊ အဆိုကလည်း ပိုင်သောကြောင့် ဂီတရသကို ခံစားရလေသည်။

ထန်းသမားသန်းဆိုင်ဆိုသော သီချင်းနှင့် တပေါင်းကာလ



ဂိမာန်ရာသီ၊ သဘာဝမြင်ကွင်းတို့မှာ လိုက်ဖက်လှသည်။ အဘယ်ကြောင့်ဆိုသော် သန်းဆိုင် တက်နေသည့် ထန်းတောနှင့် မလှမ်းမကမ်းတွင် လက်ပံပင်ကြီး တည်ရှိသည်။ နွေမှာပွင့်ပြီး၊ နွေမှာကြွေကျမြေခရသော လက်ပံပင်ကြီးသည် တစ်ပင်လုံး နီမြန်းနေအောင် ပွင့်ခဲ့သည်။ နွေ၏ အပူရှိန်ကြောင့် လက်ပံပွင့်များ၊ ကြွေကျမြေခနေလေသည်။ အလွန် မြင့်မားသော လက်ပံပင်ကြီးမှ လက်ပံပွင့်များ၏ ပွင့်ဖတ်ကလေးများ တစ်စုပြီးတစ်စု လေအခကြွေကျမြေခနေသည်မှာ ပန်းချီဆန်လွန်းလှသည်။ ဓာတ်ပုံဆရာကြီး ဦးချစ်စိန်၏ လက်ပံပွင့်ချိန် ဆုရ ဓာတ်ပုံကို ပန်းချီကားချပ်၏ မြင်ကွင်းအတိုင်း ခံစားရလေသည်။ "မြနန္ဒာနေညိုညို ရစ်ကာသန်းတော့ ရွှေမန်းတောင်ရိပ် အတူတူ ခိုမယ် ပျိုဖြူတွေရယ်"

ထန်းပင်ပေါ်သို့ တက်နေသော သန်းဆိုင်ထံသို့ နတ်မောက်မြို့ရှိ ပွဲရုံပိုင်ရှင် ဦးဆပ်လှ၊ ဒေါ်အုံးထံမှ ဖုန်းဖြစ်ကြောင်း သူ၏ ဟန်းဖုန်းနံပါတ်များက ဖော်ပြနေသည်။

"ဟဲလို... ပြောပါ ဦးဆပ်လှ"

"မောင်သန်းဆိုင်၊ ထန်းဖိုဦး ထန်းလျက် (၂) တန်၊ မုန့်လုပ်ထန်းလျက် (၃) တန် အမြန် ပို့ပေးပါ"

"ဟုက်ကဲ့ ဦးဆပ်လှ၊ မနက်ဖြန် ဝင်းကြည် ကားနဲ့ ပို့လိုက်ပါမယ်"

(ဟိုအပင် ဒီအပင်ကူးပါလို့ မျောက်ကြီး ဖင်ကြီးပြောင်) ဟာသတေးသွားအတိုင်း ထန်းသမားသန်းဆိုင်မှာ တစ်ပင်ဆင်း၊

www.burmeseclassic.com

www.burmeseclassic.com



တစ်ပင်တက်ဖြင့် မနက်တစ်ကြိမ် ထန်းရည်ချ၊ ညနေတစ်ကြိမ် ထန်းရည်ချဖြင့် ထန်းတက်သမားတို့၏ အလုပ်သဘာဝကို လုပ်ကိုင်နေရသည်။ လယ်သမားဘဝ တကယ်မနားရ ဆိုသကဲ့သို့ ထန်းသမားဘဝမှာလည်း တကယ်မနားရသော ထန်းသမားတို့၏ ဘဝပင် ဖြစ်လေသည်။

သန်းဆိုင်ဆိုသော ဝက်ချုပ်ရွာသား ထန်းသမားမှာ ရေနံချောင်းက ဖေကံကောင်းတစ်ယောက်ဖြစ်သည်။ သူ့ညီမ မပိုသာမှာ ရှမ်းပြည်နယ်မှာ အိမ်ထောင်ကျပြီး ချမ်းသာနေသောကြောင့် သူမအမွေရသော ထန်းပင် (၅၀)။ သူ့အစ်ကိုဝမ်းကွဲ စာရေးဆရာ မောင်မောင်စိန်လင်း (နတ်မောက်) အမွေရထားသော ထန်းပင် (၁၀၀)။ သူ့တူမ (သီတာ) အမွေရထားသော ထန်းပင် (၅၀) တို့ကို တာဝန်ယူလုပ်ကိုင်နေသော ထန်းလျက် (ဘောစေ့) ကလေး ဖြစ်သည်။ ထို့ကြောင့်လည်း စီဒီအမ်အေဟန်းဖုန်းကို (၅) သိန်းနဲ့ ရောင်းသည့်အချိန်ကစပြီး ကိုင်တွယ်အသုံးပြုနိုင်သူ ဖြစ်လေသည်။

"မြနန္ဒာ နေညိုညို ရစ်ကာသန်းတော့ ရွှေမန်းတောင်ရိပ် အတူတူ ခိုမယ် ပျိုဖြူတွေရယ်"

ထန်းပင်ပေါ် ရောက်နေသော ထန်းသမား သန်းဆိုင်ထံသို့ ဖုန်းဝင်လာပြန်သည်။

"ဟဲလို... အမိန့်ရှိပါခင်ဗျာ"

"အစ်ကို သန်းဆိုင် နေကောင်းလား၊ ဘာတွေ လုပ်နေလဲ၊ ကျွန်တော် မောင်မောင်သိန်းပါ"



"ထန်းသမားဆိုတော့ ထန်းပင်ပေါ် ရောက်နေတာပေါ့ ညီလေးရယ်"

"အစ်ကို ကျွန်တော် ဒီနှစ်သင်္ကြန် ရွာကို လာမယ်၊ အလှူအတန်းလေးလည်း လုပ်မယ်၊ ကိုယ့်ရပ်ကိုယ့်ရွာသူငယ်ချင်းတွေနဲ့လည်း ပျော်မယ်ပေါ့အစ်ကို၊ ဒါကြောင့် သင်္ကြန်အကျနေ့ကနေ အတက်နေ့အထိ မနက် (၅) မြူ။ ညနေ (၅) မြူ စီစဉ်ပေးပါ အစ်ကို"

"စိတ်ချ ညီလေး စိတ်ချ။

ရန်ကုန်က, ဝက်ချုပ်သားတွေ မန္တလေးက ဝက်ချုပ်သားတွေလည်း ဒီနှစ်သင်္ကြန်မှာ ရွာကို လာကြမယ်ဟော့ ပျော်စရာကြီးပဲ"

ရှမ်းပြည်နယ် ဆီဆိုင်မြို့တွင် ရှမ်းမနှင့် အိမ်ထောင်ကျပြီး ရှမ်းပြည်နယ်မှာနေသော ဝက်ချုပ်သား ဆိုင်းဆရာ မောင်မောင်သိန်းက ဆီဆိုင်မြို့မှနေပြီး သင်္ကြန်တွင်း ထန်းရည်ခါးသောက်ရန်အတွက် ကြိုတင်ဘိုကင် လုပ်လိုက်ခြင်းဖြစ်လေသည်။ (၅) မြူဆိုသည်မှာ ထန်းရည်ခံသော မြူအိုးဖြစ်ပါသည်။ တစ်မြူ တစ်အိုးလျှင် (၂) ပုလင်းစာ၊ ထန်းရည်ခါး (၁၀) ပုလင်း ဖြစ်ပါသည်။

(၂)

ရေကြည်ရာ မြက်နုဆိုသကဲ့သို့ သင်္ကြန်ကာလပြီးဆုံးသည်နှင့် တစ်ပြိုင်နက် ရှမ်းပြည်နယ်မှာနေသော ဝက်ချုပ်သား၊

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန် မန္တလေးမှာနေသော ဝက်ချုပ်သားများ ပြန်ကြလေပြီ။ ထန်းသမား သန်းဆိုင်မှာတော့ တစ်ပင်တက်၊ တစ်ပင်ဆင်းဖြင့် မိမိဘဝ မိမိရပ်ရွာမှာ လုပ်ကိုင် စားသောက်ရလေသည်။ လူဖြစ်ရသည့် ဘဝတွေကား မတူညီကြပါတကား။

အချိန်ကား မွန်းတည့်ချိန်ဖြစ်သည်။ သန်းဆိုင်သည် အပြီးသတ် ထန်းပင်ပေါ်သို့ ရောက်ရှိနေသည်။ လေပြည်လေညင်းလေးများက တိုက်ခတ်နေသည်။ အနောက်တောင်ဘက်သို့ ကြည့်လိုက်သည်။ "အား ပါး ပါး" မျက်နှာဖုံးစွပ်ထားသော လူ (၄) ယောက်က ဓား၊ လုပ်သေနတ်များဖြင့် လှည်းမောင်းလာသော သားအမိနှစ်ယောက်ကို ဓားပြ တိုက်နေကြသည်။ မိခင်ထံမှ နားကပ်ချွတ်ယူ၊ သမီးထံမှ ဆွဲကြိုးဖြုတ်ယူကြသည်။ သစ်ပင်နှင့်ကပ်ပြီး ကြိုးဖြင့်ကုပ်နေကြသည်။ နွား (၂) ကောင်ကို ခုနစ်ပါး တောင်ခြေဘက်သို့ မောင်းယူသွားနေကြသည်။ သန်းဆိုင်သည် လူဆိုးဓားပြတို့၏ ပြုလုပ်မှုကို အသေအချာ ကြည့်နေသည်။

"တီး တောင် တီး ကောင် တီးတောင်"

"ဟဲလို ပြောပါ လှအောင်ပါ"

"ဥက္ကဋ္ဌ၊ ဒေါ်နတ်တို့သားအမိ လှည်းနဲ့ပြန်အလာ ခုနစ်ပါး တောင်ခြေအနီးမှာ မျက်နှာဖုံးစွပ် လူဆိုး (၄) ယောက်က ဓားပြတိုက်ပြီး သစ်ပင်မှာ ကြိုးတုပ်ထားတယ်၊ သူတို့ နွားနှစ်ကောင်ကို မောင်းယူသွားကြတယ်။ ကျွန်တော် ထန်းပင်ပေါ်က သတင်းပေးတာပါ"



"အေး... အေး... ကောင်းပြီ ငါတို့ ဆက်လုပ်မယ်"

သစ်ပင်တွင် လက်ပြန်ကြိုးချည်ထားသော သူဇာစိုးအား လူဆိုးတစ်ဦးက ပါးပြင်ကို ဘယ်ပြန်ညာပြန် နှာခေါင်းဖြင့် သရမ်းလိုက်သည်။ တဏှာမာန်တက်လာသောကြောင့် ထဘီကို ဆွဲချွတ်လိုက်သည်။

"အား မျှစ်စို့ပေါက်ကြီးပါလား"

သူဇာစိုးသည် လူဆိုး သူ့နားကပ်လာချိန်မှာ စီရိုနယ်ဒိုပင်နင်တီဘောကို ညာခြေဖြင့် အပိုင်ကန်လိုက်သည့်အလား လူဆိုး၏ ရင်ဝကို ကန်ထည့်လိုက်သည်။

"အွန့် ဒုတ် အား"

လူဆိုးသည် (၅) ပေ ခန့် လွင့်ကျသွားသည်။ ဦးခေါင်းနောက်စေ့နှင့် ကျောက်တုံးရိုက်မိသောကြောင့် ပြန်မထနိုင်တော့။

"ဟေ့ကောင် လာ နှာထ မနေနဲ့။ မင်း ပထွေးတွေ လိုက်လာရင် အကုန်သေကုန်လိမ့်မယ်"

လာခေါ်သော လူဆိုးသည် လဲကျနေသော လူဆိုးနှာဘူးကို တွဲပြီးခေါ်သွားလေသည်။ ခေါင်းမှသွေးများလည်း ထွက်နေလေသည်။

ဥက္ကဋ္ဌ ဦးလှအောင်သည် ရွာ၏ အရှေ့ပိုင်း၊ အနောက်ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်းမှ အပိုင်းတာဝန်ခံများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ မြင်းကိုယ်စီ စီးကာ အခင်းဖြစ်ပွားရာ နေရာသို့ ချက်ချင်းလိုက်သွားကြသည်။ နတ်မောက်မြို့ ရဲစခန်းသို့လည်း ဟန်းဖုန်းဖြင့် သတင်းပို့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နာရီခန့်အကြာတွင် ခုနစ်ပါး တောင်ခြေ၏ တောင်ဘက်၊ ပွေးကုန်း၊ ညောင်ကုန်းရွာဘက်ခြမ်းတွင် လူဆိုး (၄) ယောက်နှင့် နွားကို တွေ့သည်။ အေးအေးဆေးဆေး အဖမ်းခံရန် ပြောသည်။ လူဆိုးများက ခုခံကြသည်။

"မင်းတို့က ဘာကောင်တွေလဲကွ၊ ယှဉ်ရဲလား။ ချွမ် ချွမ် ဖြောင်း ဖြန်း အွန့် အွန့် ဒုတ် ဒုတ်"

"ဟေ့ကောင်တွေ ခြေလွန်လက်လွန် မဖြစ်စေနဲ့၊ ဒီကောင်တွေကို ကြိုးနဲ့တုပ် ရဲစခန်း ခေါ်သွားမယ်"

သိုင်းပြောင်းပြင် ကျွမ်းကျင်သော မီးသတ်မှူး ဘကွန်း၏ သိုင်းကွက်များဖြင့် လူဆိုး (၄) ယောက်တို့ သွေးသံရဲရဲဖြင့် မှောက်လျက် လဲကျသွားသည်။

နတ်မောက်ရဲစခန်းမှ ဒုရဲအုပ်ကျော်စိန်လင်းနှင့် အဖွဲ့တို့သည် ဆိုင်ကယ်များဖြင့် ရောက်ရှိလာကြသည်။

"ဗိုလ်လေး ဒီကောင်တွေပဲ"

"ဟုတ်ကဲ့ ဥက္ကဋ္ဌ၊ ကျွန်တော်တို့ကား ပိတောက်ကုန်းရွာမှာ ထားခဲ့တယ်၊ ကျွန်တော်တို့ ဆက်လုပ်စရာရှိတာ ဆက်လုပ်ပါမယ်"

"ဥက္ကဋ္ဌ၊ ဒေါ်နုတို့ သားအမိကိုတော့ မနက်ဖြန် စခန်းကို လာခဲ့ပေးပါလို့ ပြောပေးပါ ဥက္ကဋ္ဌ"

"ကဲ ဒါဆို ကျွန်တော်တို့ ပြန်လိုက်ဦးမယ် ဗိုလ်လေး"

"ဥက္ကဋ္ဌလည်း စခန်းကို လာခဲ့ပါဦးနော်"

ကျေးရွာ ဥက္ကဋ္ဌ ဦးလှအောင်နှင့် ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များသည် ဓားပြတိုက် လုယက်



သော လူဆိုး (၄) ဦးတို့အား နတ်မောက်ရဲစခန်းမှ နယ်ထိန်းတာဝန်ခံ ဒုရဲကျော်စိန်လင်းထံသို့ အပ်နှံလိုက်ကြသည်။ ဒေါ်နုတို့သားအမိကို ရွာသို့ ပြန်လည်ခေါ်ဆောင်ခဲ့ကြလေသည်။

(၃)

မြို့နယ်မှူး၊ စခန်းမှူးတို့၏ တာဝန်ပေးချက်အရ ဒုရဲအုပ်ကျော်စိန်လင်းသည် လုယက် တရားခံ (၄) ဦးတို့အား စစ်ကြောရေးလုပ်သည်။

"ကဲ ခင်ဗျား နာမည်က"

"ဝင်းနိုင်ပါ"

"ဘယ်ရွာကလဲ"

"မိတ္ထီလာမြို့နယ်နဲ့ နတ်မောက်မြို့နယ် အစပ်က နိဗ္ဗာန်ရွာကပါ ဆရာ"

"ကျုပ်တို့ နတ်မောက်မြို့နယ်မှာ (၁၉၉၈–၂၀၀၉) ကာလမှာ ဓားပြမှု၊ လုယက်မှု၊ နွားခိုးမှု မရှိသလောက်ပဲ၊ ခင်ဗျားတို့ဂိုဏ်း၊ အုပ်စုပြောပါ။ ဝေ့လည်ကြောင်ပတ် မလုပ်နဲ့။ ရဲစိတ်ညစ်အောင် မလုပ်နဲ့။ လုပ်ရဲရင် ခံရဲရမယ်။ အသားလည်း အနာမခံချင်နဲ့၊ စိတ်လည်း အနာမခံချင်နဲ့၊ ကျုပ်က စိတ်တိုတယ်နော်"

ဒုရဲအုပ် ကျော်စိန်လင်းသည် တရားခံဝင်းနိုင်အား မီးစတစ်ဖက် ရေမှုတ်တစ်ဖက် ဆိုသကဲ့သို့ ချော့လိုက်၊ ခြောက်လိုက်ဖြင့် စစ်ကြောရေး လုပ်သည်။ ကျန် တရားခံများ ဖြစ်ကြသော

www.burmeseclassic.com

www.burmeseclassic.com



လှမောင်၊ ခင်မောင်စန်း၊ ဆလင်းတို့ကိုလည်း စစ်ကြောရေး လုပ်ခဲ့ရာ တရားခံအုပ်စု၏ နွားလုယက်မှု၊ နွားခိုးမှု၊ လုယက်တိုက်ခိုက်မှုများ တစ်မှုပြီး တစ်မှု ပေါ်လာလေသည်။

တရားခံများသည် ရဲစခန်းနှင့် အလှမ်းဝေးသော နတ်မောက်မြို့နယ်အနောက်ဖျား ရေနံချောင်းမြို့နယ် အရှေ့ဖျား။ မိတ္ထီလာမြို့နယ်နှင့် နတ်မောက်မြို့နယ်၏ နယ်စပ်ဒေသရှိ ကျေးရွာများမှ နွားများကိုခိုးယူကြသည့်အပြင် လုယက်တိုက်ခိုက်ပြီး မိတ္ထီလာနွားဈေးပွဲသို့ ရောင်းစားသော အုပ်စုကိုလည်း ဖော်ထုတ်နိုင်ခဲ့သည်။

တရားခံများ၏ ဖြောင့်ချက်ပေး ဝန်ခံချက်အရ သက်သေခံပစ္စည်းများနှင့်အတူ မြို့နယ်ဥပဒေရုံးမှ ပြစ်မှုဥပဒေပုဒ်မ ၃၉၂ ဖြင့် တရားစွဲဆိုရန် အကြံပြုချက်ပေးသည်။

အမှုစစ် ရဲအရာရှိ ဒုရဲအုပ်ကျော်စိန်လင်းသည် တရားခံများအား တရားရုံးသို့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၂ ဖြင့် စွဲဆိုတင်ပို့ရာ ပြစ်မှုကြီးအမှတ် (၀၀၇/ ၂၀၁၂) ဖြင့် လက်ခံစစ်ဆေးသည်။

နတ်မောက်မြို့နယ်၊ ဝက်ချုပ်ရွာက ဒေါ်နု၏ ဟန်းဖုန်းမှ ဖုန်းလာနေခြင်းဖြစ်သည်။

"ဟဲလို… အမိန့်ရှိပါရှင်"

"ဒေါ်နု ကျွန်တော် ရဲအုပ် ကျော်စိန်လင်းပါ"

"ဟုတ်ကဲ့ ဗိုလ်လေး၊ ပြော"

"မနက်ဖြန် မကွေးခရိုင် တရားရုံးကို လာခဲ့ပေးပါ။ ခင်ဗျား နွားကြီး (၂) နှစ်ကောင်နဲ့ နားကပ်၊ ဆွဲကြိုးတွေကို တရားရုံးက



ခံဝန်နဲ့ ပြန်ပေးမယ်၊ ဆက်ဆက်လာပါနော်"

"ဟုတ်ကဲ့… ဗိုလ်လေး လာခဲ့ပါမယ်"

တရားရုံးက သက်သေခံပစ္စည်းဖြစ်ကြသော နွားကြီး (၂) ကောင်၊ နားကပ်တစ်ရန်၊ ဆွဲကြိုးတစ်ကုံးတို့ကို (ခံဝန်ဖြင့်) ဒေါ်နုအား ပြန်လည်ပေးမည် ဖြစ်ကြောင်း ရှင်းပြသည်။

"တရားသူကြီးမင်းရှင့်… ဓားပြတိုက်၊ လုယက်ခံရတဲ့ ကျွန်မ နွားကြီး (၂) ကောင်နဲ့ နားကပ်၊ ဆွဲကြိုးတို့ကို ခံဝန်နဲ့ ပြန်ပေးတယ်ဆိုတော့ ကျွန်မပစ္စည်း မဟုတ်လို့လား"

"ဟုတ်မှာပါ ဒေါ်နု၊ အမှု မပြီးသေးဘူး။ ဒီအတွင်း အငြင်းပွားမှု ပြဿနာတစ်စုံတစ်ရာ ပေါ်လာရင် တရားရုံးမှာ တာဝန်ရှိပါတယ်။ ပြဿနာမရှိဘူးဆိုရင် ခံဝန်ပြုချက်ဟာ မလိုအပ်ပါဘူး။ ဒါက ဥပဒေ လုပ်ထုံး လုပ်နည်းအရ ဆောင်ရွက်ရတာပါ"

"ဟုတ်ကဲ့ရှင် ဟုတ်ကဲ့ပါ။ ကိုယ့်ကျေးဇူးရှင် ဒီ နိုင်းနွားကြီးတွေ ပြန်ရတာကိုပဲ အထူး ကျေးဇူးတင်ပါတယ်"

ဒေါ်နုတို့ သားအမိသည် နတ်မောက် ရဲစခန်းတွင် ထိန်းသိမ်းထားသော ခိုင်းနွားကြီး (၂) ကောင်ကို ရွာသို့ ပြန်လည် သယ်ဆောင်သွားကြလေသည်။

## (၄)

တရားခံ ဝင်းနိုင်၊ လှမောင်၊ ခင်မောင်စန်း၊ ဆလင်းတို့၏ အမှုကို အမိန့်ချမည့်နေ့တွင် ဇနီး၊ သားသမီး၊ မိဘ၊ ဆွေမျိုးများ ညှိုးငယ်သော မျက်နှာများဖြင့် ရောက်ရှိနေကြသည်။ တရားသူကြီး စာရေးက အမှုခေါ်သည်။ တရားခံများ ရဲလုံခြုံရေးဖြင့် ရောက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



လာကြသည်။ တရားသူကြီး တရားခွင်သို့ တက်ရောက်လာသည်။ တရားသူကြီးက ပြစ်မှုတို့၏ သဘောတရားကို ရှင်းပြသည်။

"တရားရုံးတွေ၊ တရားသူကြီးတွေက အပြစ်ပေးတယ်၊ အမိန့်ချတယ်လို့ ယေဘုယျအားဖြင့် နားလည်နေကြပါတယ်။ အမှန်ကတော့ တရားသူကြီးက အပြစ်ပေးတာ မဟုတ်ပါဘူး။ တရားခံတွေက သူတို့ကို သူတို့ အပြစ်ပေးကြတာ ဖြစ်ပါတယ်။ ဒီပြုလုပ်မှုကို တရားခံတွေက ပြုလုပ်ကြခြင်းဖြစ်ပါတယ်။ ရဲ အရာရှိတွေ၊ တရားသူကြီးတွေက ပြုလုပ်တာမဟုတ်ပါဘူး။ သူတို့ ပြုလုပ်သည့်အတိုင်း ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ အမိန့်ချ စီရင်ချက်ချပေးခြင်းသာ ဖြစ်တယ်။ ဘယ်သူမပြု မိမိမှုလို့ နားလည်စေချင်ပါတယ်။ ဒါ့ကြောင့် အမိန့်ချပါမယ်။

**အမိန့်**

အဘ (ဦးမဲ)၏ သား ဝင်းနိုင်၊ အဘ–ဦးပြူး၏ သား လှမောင်၊ အဘ ဦးသက်ရှည်၏ သား ခင်မောင်စန်း၊ အဘ–ဦးစမူရိုင်း၏ သား ဆလင်းတို့သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂ ကို ပြုလုပ်ကျူးလွန်ကြောင်း ဝန်ခံချက်ပေးခဲ့ကြသည်။ သက်သေများကလည်း ကွင်းဆက်မပြတ် ထွက်ဆိုထားကြသည်။ ထို့ကြောင့် အလုပ်နှင့် ထောင်ဒဏ် (၅) နှစ်စီ ကျခံကြစေ။

❐




www.burmeseclassic.com

www.burmeseclassic.com

# အိမ်နိမ့်စံ

မနီသည် အလွန်ရုပ်ချောသူလေး ဖြစ်သည်။ အလွန်သနားစရာကောင်းသူလေး ဖြစ်သည်။ သူ့ဘဝကို စတေးပြီး ရန်းကန် ရပ်တည်လာခဲ့ရသူလေး ဖြစ်သည်။ သူ့ရင်သွေး သားကလေးကို အသက်တမျှ ချစ်ခဲ့သူလေး ဖြစ်သည်။ သူ့ခင်ပွန်း အောင်အောင်ကို အလွန်ချစ်ခဲ့သူလေးဖြစ်သည်။

စိန္တိ တာတိ ဘဝတိ၊ အစိန္တိ တာတိ ဝိနာသတိ။ လူတွေဟာ ကိုယ်မျှော်လင့် တောင့်တ ကြံစည် အားထုတ်သော်လည်း မဖြစ်၊ မမျှော်လင့် မတောင့်တ၊ မကြံစည် အားမထုတ်သော်လည်း ဖြစ်ကြရ၏။

အိမ်နိမ့်စံ မလေး မနီ (ခ) နီနီမြင့်၏ ဘဝမှာလည်း ထို့အတူပင်။

မနီ (ခ) နီနီမြင့်ဆိုသော မိန်းကလေးမှာ (၈) တန်းကျောင်းသူလေးဖြစ်သည်။ အသက်က (၁၅) နှစ်သာ ရှိသေးသော်လည်း ကိုယ်ခန္ဓာဖွံ့ဖြိုးသည်။ အရုပ်အမောင်းကောင်းသည်။ ခါး၊ တင်၊ ရင် အချိုးအဆစ်ကျသည်။ အသားမှာ ရွှေရောင်ဖြစ်သည်။ မျက်ဝန်း ကျယ်သည်။ မျက်ခုံးကောင်းသည်။ နှာတံပေါ်သည်။



ပြုံးလိုက်တိုင်း သွားတက်ကလေးက အလျင်ပေါ်လာသည်။ ထာဝရ ပြုံးရွှင်သောမျက်နှာပိုင်ရှင်မလေးဖြစ်သည်။ [မေဘာရဏီလို ရွှေပန်းချီတောင် လက်မှိုင်ချရသကိုး (မမမိုး) မမမိုး]

ဝင်းဦး၏ သီချင်းစာသားတို့ထက် သာပါသေးသည်။

ထို့ကြောင့်လည်း အောင်အောင်သည် မနီတို့ကျောင်းမုန့်စား လွှတ်သည့် အချိန်တိုင်း သူစားရန် ခွဲတမ်းချသော မုန့်များကို သူမစားဘဲ မနီကို နေ့စဉ်ကျွေးလာရသည်မှာ နိစ္စဓူဝ သူ၏ အလုပ်။

"မနီ ငါတို့ အတူတူနေကြရအောင်လား အချစ်လေးရယ်"

"ကိုအောင် စောလွန်းပါသေးတယ်။ နီ့အသက်က (၁၅) နှစ်ပဲ ရှိသေးတယ်"

"ကိုအောင် နီနီကို လုံးဝ (လုံးဝ) စိတ်မချနိုင်တော့ဘူး။ နီနီကို ချဉ်းကပ်နေသူတွေကလည်း ဝိုင်းဝိုင်းလည် ဖြစ်နေတယ် မဟုတ်လား"

"စဉ်းစားပါ ကိုအောင်ရယ်၊ ကိုအောင်ရဲ့ အိမ်က သိသွားလို့ လုံးဝ သဘောမတူဘူးဆိုတာလည်း ကိုအောင်အသိပဲ မဟုတ်လား"

"မီးစင်ကြည့်ကတာပေါ့ အချစ်ရယ်၊ ကို စီစဉ်လိုက်မယ်"

(၈) တန်းစာမေးပွဲတွေ ဖြေဆိုပြီးသည့်နေ့တွင် အောင်အောင်သည် မနီအား ကားပေါ်သို့ တင်ခေါ်သွားသည်။ မနီသည် အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် လိုက်ပါသွားရလေသည်။

"ဟေး နီနီ ဟန်းနီးမွန်း ထွက်ကြတာလား၊ ငါတို့လည်း လိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



မနီ၏ သူငယ်ချင်းများက နောက်ပြောင်ပြောဆိုကြသည်။ သူတို့ ဘယ်ကို သွားပြီး၊ ဘာတွေ ဆုံးဖြတ်ထားကြသလဲ ဆိုသော အချက်ကား သူမ၏ သူငယ်ချင်းများ မသိကြပေ။

ပဲခူးမြို့စွန်မှ ချောင်ကျသော တည်းခိုခန်းတွင် လွတ်လပ်ပျော်ရွှင်စွာ တည်းခိုနေကြသည်။ အချစ်ဗိမာန်ကြီး တည်ဆောက်နေကြသည်။ တဏှာနွံအတွင်း နစ်မွန်းနေကြသောကြောင့် စားဝတ်နေရေး၊ ဘဝ၏ ရှေ့ရေးတို့ကို မတွေးတောနိုင်ကြပေ။

မနီ (ခ) နီနီမြင့်၏ မိဘများက အသက်မပြည့်သေးသော သမီးဖြစ်သူအား ခိုးယူသွားမှုဖြင့် သက်သေကျောင်းသား၊ ကျောင်းသူများကို တင်ပြကာ ရဲစခန်းတွင် အမှုဖွင့်ထားသည်။

မနီ၏ မိဘများနှင့် မပြေလည်ပါက သားဖြစ်သူ အောင်အောင်မှာ ထောင်ကျမည့် ကိန်းဆိုက်နေကြောင်း အောင်အောင်၏ မိခင်ဒေါ်ဝင်းဝင်းထွန်းတို့ သိနေကြသည်။ 'မချစ်သော်လည်း အောင့်ကာ နမ်း၊ မနမ်းသော်လည်း ပင့်သက်ရှူ' ဆိုသကဲ့သို့ ပြုလုပ်ရတော့မည်။

"သား အောင်အောင် အမြန်ပြန်လာပါ။ သားတို့ ကိစ္စအားလုံး အဆင်ပြေအောင် စီစဉ်ထားသည်။ ရောက်ရာအရပ်မှ အမြန်ပြန်လာပါ။"

(ဒေါ်ဝင်းမင်းထွန်း)၊ စံရိပ်ငြိမ်-ဝင်ဒါမီယာ။

နေ့စဉ်ထုတ် သတင်းစာနှစ်စောင်မှ နေ့စဉ်ရက်ဆက် ကြော်ငြာခဲ့သည်။ ဒုတိယမြောက်နေ့တွင် အောင်အောင်နှင့် မနီတို့ ဖတ်ရှုရသည်။ အောင်အောင်ကတော့ ပျော်နေသည်။ မနီကတော့ မယုံတစ်ဝက် ယုံတစ်ဝက်၊



"ကလင် ကလင် ကလင်"

"ဟဲလို ပြောပါရှင်"

"မေမေ သားပါ မေမေ သားတို့ကို ပေးစားမှာလား မေမေ"

"ပေးစားမှာပေါ့သား။ မပေးစားရင် သား ထောင်ကျသွားမှာပေါ့။ ကောင်မလေးက အသက်မပြည့်သေးဘူး။ သူ့မိဘတွေကို ကျေနပ်အောင် ပြောထားပြီးပါပြီ။ သားတို့ ပြန်လာပြီး တစ်ရက်၊ နှစ်ရက်မှာ မင်္ဂလာအထိမ်းအမှတ် ဘုန်းကြီးဆွမ်းကျွေး အသိအမှတ်ပြုမယ်။ သား ပြန်လာပေတော့"

"တောင်းစုတ်၊ ပလုံးစုတ်ကိုသာ ပစ်ရိုးထုံးစံရှိသည်။ သားဆိုး သမီးဆိုးကို ပစ်ရိုးထုံးစံ မရှိ" ဆိုသည့် ရှေးလူကြီးသူမတို့၏ အဆိုအမိန့်အတိုင်း ပြဿနာကို ငြိမ်းအောင်ပြုလုပ်ကြလေသည်။ အောင်အောင်နှင့်နီနီတို့ ပြန်လာကြပြီဖြစ်၍ စံရိပ်ငြိမ်ခြံကြီးတွင် မင်္ဂလာအထိမ်းအမှတ် ဘုန်းကြီးငါးပါးကို ဆွမ်းကပ်သည်။ နှစ်ဖက်မိဘများအတူတကွ တရားနာကြသည်။ တစ်ကြိမ်တစ်ခါသာ တွေ့ဖူး၊ ကြားဖူးသူများဖြစ်၍ မက်လုံတကင်းတော့ မရှိကြပါ။

(၂)

"ကဲ သား၊ လင်မယားဆိုတာ လွတ်လွတ်လပ်လပ် နေရတာ ကောင်းတယ်။ ဒါကြောင့် သားတို့ စိုက်ပျိုးခင်း + ကြက်ခြံထဲက ဒရိုင်ဘာ ဦးဝင်းနိုင်တို့ နေသွားတဲ့ အိမ်မှာ သားတို့ သွားနေကြ။ စားရေးသောက်ရေးကတော့ ချိုင့်နဲ့ဆွဲသွားပြီး အတူစားကြပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မေမေ"

သားတို့ကိစ္စ အားလုံး အဆင်ပြေအောင် လုပ်ပေးမယ် ဆိုတော့ လှုကုံထံ အသိုင်းအဝိုင်းကြီးဖြစ်ကြလို့ စီဒိုးနား၊ ထရိတ်ဒါးတို့မှာ မင်္ဂလာဆောင်ပေးမှာလား။ စံရိပ်ငြိမ်ခြံကြီး၏ အပေါ်ထပ်၊ အောက်ထပ်၊ အခန်းလွတ်မှာ နေဖို့ပေးမှာလား အောင်အောင် မျှော်လင့်ခဲ့သည်။ မဟုတ်ပါ။ လုံးဝ မဟုတ်ပါ။ ကြက်ခြံစိုက်ခင်းမှာ ဒရိုင်ဘာ ဦးဝင်းနိုင်တို့ကိုထားသော ဓနိမိုးထရံကာ ပျဉ်ခင်းတဲအိမ်ကလေးတွင်သာ နေခွင့်ရသည်။

"မေမေ သား တစ်သက်လုံး အိမ်ကြီးပေါ်မှာ အဲယားကွန်း အခန်းနဲ့ နေလာခဲ့တာ၊ အိမ်ထောင်ပြုမှ သားကို တဲမှာနေခိုင်းတာ ဘာသဘောလဲ မေမေ၊ သား သားရဲ့အခန်းမှာ ပြန်နေချင်တယ် မေမေ"

"သား အခန်းမှာ ပြန်နေချင်နေပါ။ ဒါပေမယ့် နီနီကိုတော့ ခေါ်လာပြီး မနေရဘူး။ အဆင့်အတန်းချင်း မတူဘူး သား။ အဆင့်အတန်းမတူရင် စိတ်မချရဘူး"

အောင်အောင်နှင့် မနီတို့သည် "တူနှစ်ကိုယ် တဲအိုပျက်မှာနေရ ချစ်ဟာ ချစ်တာ ပဓာနလို့ ဆိုချင်ပါတယ် မောင်ရယ်။ ချစ်တာ ချစ်တာ ပဓာနမို့ ဆိုချင်ပါတယ် မောင်ရယ်" သီချင်းစာသားလေးအတိုင်း အကြင် လင်မယား ပေါင်းသင်းနေထိုင်လာခဲ့ကြသည်။ မနီတွင် ကိုယ်ဝန်ပင် လေးလကျော်ရှိလာခဲ့ပေပြီ။

"မေမေ မနီမှာ ကိုယ်ဝန် ငါးလရှိနေပြီ။ တဲအိမ်လေးမှာနေရတာ မလုံခြုံပါဘူး မေမေ။ ဒါကြောင့် သားအခန်းမှာ နေခွင့်ပြုပါ မေမေ"



"မဖြစ်ဘူးသား မဖြစ်ဘူး။ မေမေတို့ ဘိုးစဉ်ဘောင်ဆက် ဘွားလက်ထက်က တည်ဆောက်ထားတဲ့ ဒီစံအိမ်ကြီးပေါ်မှာ အဆင့်နိမ့် ဇာတ်နိမ့်တွေနေလို့ မရဘူး။ ထားလို့ မရဘူး။ ရတနာပစ္စည်းတွေအတွက်လည်း စိတ်မချနိုင်ဘူး။ ဒါကြောင့် မေမေ ခွင့်မပြုနိုင်ဘူး သား"

အောင်အောင်သည် ဒုတိယအကြိမ် ကြိုးစားအားထုတ်မှု မအောင်မြင်သောကြောင့် စိတ်အပျက်ကြီး ပျက်နေရလေသည်။ (အိမ်နိမ့်စံ) ဘဝမှ ဘယ်တော့များမှ လွတ်မြောက်နိုင်မလဲ ဟူ၍ တွေးတောနိုင်။ စိတ်ကူးမယဉ်နိုင် ဖြစ်နိုင်ရလေသည်။

မိန်းမတို့၏ ဓမ္မတာတရားအတိုင်း မနီသည် ကိုးလလွယ် ဆယ်လဖွားဆိုသည့် စကားအတိုင်း သားယောကျ်ားလေးကို ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် အောင်မြင်စွာ ဖွားမြင်ခဲ့လေပြီ။

ဆေးရုံမှ ဆင်းသည်နှင့် တစ်ပြိုင်နက် ဒေါ်ဝင်းမင်းထွန်းသည် မြေးကလေးအား စံရိပ်ငြိမ်အိမ်ကြီးပေါ်တွင် ကလေးထိန်းဆရာမငှားပြီး ခေါ်ယူထားလေသည်။ ဆရာဝန်ညွှန်ကြားသည့်အတိုင်း နေ့စဉ်ဇယားဖြင့် နို့တိုက်ရသည်။ နို့တိုက်သောအခါတွင် အိမ်နိမ့်စံတွင်နေရသော မနီထံသို့ ကလေးထိန်း နာ့စ်မက ခေါ်လာပြီး နို့တိုက်ကျွေးရလေသည်။

အကာလ ညအခါတွင် ကလေး သဘာဝ ချေးပါသေး ပေါက်ပြီး စိုရွှဲနေသောကြောင့် လည်းကောင်း၊ နို့ဆာသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ အာပြဲအောင် ငိုလေသည်။ မနီ၏ နို့များမှာလည်း ပြည့်တင်းလာပြီး နို့သက်လေသည်။ နို့ထွက်သည်။ မခံသာသောကြောင့် မိခင် မနီမှာ အိပ်မပျော်နိုင်။ [မာတာယထာ နိယံ ပုတ္တ မာယုသာ ဧကပုတ္တ မနု ရက္ခေ။] မိမိ၏ သားကလေးကို မင်္ဂလာတရားနှင့်အညီ ပြုစုစောင့်ရှောက်လိုသော်လည်း ရင်အုပ်မကွာ စောင့်ရှောက်ခွင့် မရရှာပေ။

(၃)

သားကလေး၏ နာမည်ကို ဗေဒင်ပုရောဟိတ် ဆရာများ ပင့်ဖိတ်ပြီး နာမည်ပေး ကင်ပွန်းတပ် ပြုလုပ်ကြသည်။ ဘိုးစဉ်ဘောင်ဆက် ဘွားလက်ထက်မှ စိုးစံပိုင်ဆိုင်လာခဲ့သော စံရိပ်ငြိမ်ခြံကြီးနှင့်တကွ ရတနာစိန်ရွှေအဖြာဖြာတို့ကို ဆက်ခံပိုင်ဆိုင်စိမ့်သောငှာ (သက်ပိုင်စိုး) ဟု နာမသညာ ခေါ်တွင်စရာ နာမည်ပေး ကင်ပွန်းတပ်ခဲ့ကြလေသည်။

နှစ်နှစ်သား အရွယ်သို့ ရောက်ရှိနေပြီဖြစ်သော သားငယ်လေးသည် မနီကို နှလုံးသားချင်း ပေါင်းစပ်မှုကြောင့် ခင်တွယ်သည်။ မြင်လိုသည်။ ကြားလိုသည်။ ထိတွေ့လိုသည်။ သို့သော် ဘွားဖြစ်သူ ဒေါ်ဝင်းမင်းထွန်း၏ ဟန့်တားမှု၊ ပိတ်ပင်မှုတို့ကြောင့် ပြုံးပြ၊ ရယ်ပြရုံမျှဖြင့်သာ ကျေနပ်နေကြရသော သားအမိ ဖြစ်လေသည်။

"သား မင်း ဇနီးအတွက် ကျွေးမွေးပေးကမ်းရတဲ့ စရိတ်။



မင်းသားအတွက် စရိတ်တွေ ရှိလာတယ်။ ဒါကြောင့် မင်းစက်ရုံကားကို မောင်းရမယ်၊ မမောင်းချင်လို့ မဖြစ်ဘူး"

အောင်အောင်သည် (၉) တန်းအောင် (၁၀) တန်း သုံးကြိမ်ကျဖြစ်သောကြောင့် ပညာအရည်အချင်း ချို့ငဲ့သည်။ စီးပွားရေး မလုပ်တတ်သော အတတ်ပညာမှ တစ်ပါး အခြားမရှိ။ အခြားဘာသင်တန်းမျှလည်း မတက်လို။ ပေါ့ပေါ့စား၊ ပေါ့ပေါ့နေ၊ ဆန်ကုန်မြေလေး အတန်းအစားမျိုး ဖြစ်လေသောကြောင့် မိခင်ကြီး ဒေါ်ဝင်းမင်းထွန်း၏ အမိန့်သြဇာကို မလွန်ဆန်နိုင်သူ ဖြစ်ရသည်။

တစ်သားမွေး တစ်သွေးလှဖြစ်လာသော မနီသည် အိမ်နိမ့်စံဘဝဖြင့် သုံးနှစ်သုံးမိုးတိုင်တိုင် ခံစားနေရသော မိမိဘဝကို ပြုပြင်ပြောင်းလဲရန် စိတ်ဆန္ဒတွေ ပြင်းပြလာသည်။ ခင်ပွန်းသည်ကိုကား ချစ်လွန်းလို့ အိမ်နိမ့်စံဘဝမှာ ကျေနပ်ပြီး နေစေချင်သည်။

ကိုအောင်ရဲ့ မွေးသဖခင်ကြီးဖြစ်သော (ဦးစမူရိုင်း) နှင့် တွေ့ဆုံတိုင်ပင်ရန် အကြံပေါ်သည်။ ရွှေတောင်ကြားတွင် နေထိုင်သည့် ယောက္ခထီးကြီးကို သွားတွေ့သည်။ အိမ်နိမ့်စံဘဝ လွတ်မြောက်ရေး အကြံတောင်း တင်ပြသည်။

"ဒီမှာ မိန်းကလေး အန်ကယ်ဟာ အောင်အောင်ရဲ့ ဖခင်၊ ဒေါ်ဝင်းမင်းထွန်းရဲ့ ခင်ပွန်းပါ။ အန်ကယ်တို့ အင်္ဂလန်နိုင်ငံမှာ ဆေးပညာဘွဲ့ယူဖို့ ကျောင်းသွားနေရင်းနဲ့ ညားသွားကြတယ်ပေါ့ကွာ။ အောင်အောင်ကိုယ်ဝန်ခြောက်လနဲ့ ရန်ကုန်ပြန်

www.burmeseclassic.com

www.burmeseclassic.com



ရောက်တယ်။ သဘောမတူပေမယ့် အသိအမှတ်ပြုခဲ့တာပေါ့ ကွယ်။

ဒါပေမယ့် စံရိပ်ငြိမ်အိမ်ကြီးပေါ်မှာ မနေရဘူး။ ခြံဂိတ်က မာလီ (မန်းနီး) တို့ နေခဲ့တဲ့ အိမ်မှာ အန်ကယ်တစ်ယောက်တည်း နေခဲ့ရတယ်။ ဝင်းမင်းထွန်းနဲ့ သမီးရည်စားတွေ့သလိုသာ တွေ့ နေခဲ့ရတယ်။ အဲဒါဟာ ဝင်းမင်းထွန်းရဲ့ မိခင် ကြီး အန်ကယ်ရဲ့ ယောက္ခမကြီး (ဒေါ်ထိပ်တင်သိန်း) ရဲ့ အတ္တလွန်ကဲမှုတွေ ကြောင့်ပဲ"

ဦးစမူရိုင်းသည် မိမိ၏ ခံစားချက်များ အတွေ့အကြုံများ ရင်တွင်းဖြစ်များကို ဘဝတူချွေးမ မနီအားဖောက်သည်ချ ပြော ပြနေလေသည်။ "သူတို့က မင်းမျိုးမင်းနွယ်မို့လို့တဲ့ကွာ။ တကယ် ဆိုတော့ နန်းကျဘုရင်ရဲ့ အနွယ်အဆက်တွေပါ။

ဒီမှာ သမီး မင်းထက် ငါ ပိုပြီး ခံစားရတာ ရှိသေးတယ်။ ထမင်းစားတာ ကိုယ့်ပန်းကန်ပြား ကိုယ့်ဇွန်း၊ ကိုယ့်သောက် ရေခွက်နဲ့ သောက်ရတယ်။ ကိုယ့်လက်သုတ်ပဝါနဲ့ သုတ်ရတယ်။ သူတို့အိမ်က ရေအိုးစင်က ရေကိုတောင် သောက်လို့ မရဘူး။

"အဲဒါနဲ့ အန်ကယ်နဲ့ဒေါ်ဝင်းမင်းထွန်းတို့ ဘယ်လို လမ်းခွဲ ခဲ့ကြပါသလဲ အန်ကယ် သိခွင့်ရရင် သိချင်လို့ပါ"

(အိမ်နိမ့်စံ) ဘဝတူချွေးမနှင့် ယောက္ခထီးတို့ ခံစားချက်များ အရှိန်မြင့်တက်နေကြသည်။ ဘဝ၏ အဆုံးအဖြတ်အဆုံးသတ် ကြပုံကို သိချင်နေကြသည်။

"အဘွားကြီး (ဒေါ်ထိပ်တင်သိန်း) ကွယ်လွန်သွားပြီ ဖြစ်လို့ အန်ကယ် အတူနေကြရအောင် ကြိုးစားပါသေးတယ်။ ဒါပေမယ့်



သူ့အမေရဲ့ မှာတမ်းရှည်အရ လက်မခံခဲ့ပါဘူး။ အန်ကယ် လက်လျှော့ခဲ့ရပါတယ်"

"ဒါပေမယ့် မအေးဆေးဘူး သမီး။ သူတို့ရဲ့ နန်းစဉ် ရတနာပစ္စည်းတွေ ခိုးယူပြီး ဒီရွှေတောင်ကြားခြံကို ဝယ်တယ် လို့ သိက္ခာချတယ်။ ဒါကြောင့် သူ့ကားကို အန်ကယ်ရဲ့ ပရာဒို ကားနဲ့ ပြည်လမ်းပေါ်မှာ လိုက်တိုက်ခဲ့တယ်။ သူ့ကား ဖင် ကောက်နှစ်လိမ့်လောက် လိမ့်သွားတယ်။ သူ ဘာမှ မဖြစ်ဘူး။ အန်ကယ် သွားကြည့်တယ်။ သူ့ကို မသတ်ပါနဲ့။ သူ မှားပါ တယ်။ တောင်းပန်ပါတယ်ဆိုပြီး တောင်းပန်ခဲ့တယ်"

"ဒေါ်ဝင်းမင်းက ရဲစခန်း မတိုင်ဘူးလား။ အမှု မလုပ် ဘူးလား"

"မလုပ်ပါဘူး။ သူ့ဘာသာသူ စလစ်ဖြစ်ပြီး မှောက်တာ ပါလို့ ယာဉ်ထိန်းရဲကို အစစ်ခံပြီး သူ့အပြစ်အဖြစ်ခံခဲ့ပါတယ်။

အဲဒီနောက်မှာတော့ အန်ကယ်နဲ့ စီးပွားဘက် နာစ့်မနော် အဲနေနဲ့ ယူလိုက်ကြပါတယ် သမီး"

"ဒါဆို အန်ကယ်က (မယားကြီးကို ကားနဲ့တိုက်၊ မယား ငယ်ကို တိုက်နဲ့ကား) ဆိုသလို ဖြစ်သွားတာပေါ့ ဟဲဟဲဟဲ။

ကဲ အန်ကယ် သမီးရဲ့ အိမ်နိမ့်စံ ဘဝအတွက် အထောက် အကူ များစွာဖြစ်လို့ အန်ကယ်ကို အထူးကျေးဇူးတင်ပါတယ်"

မနီ (ခ) နီနီမြင့်သည် မိမိဘဝပြုပြင်ပြောင်းလဲရေး တိုးတက် မြင့်မားရေးအတွက် အကြံဉာဏ်လည်းရ၊ အတွေ့အကြုံလည်း ရလေသောကြောင့် ကျေနပ်ခဲ့ရလေသည်။ ဘဝတစ်ခု အလှပြုရန် စိတ်ဆုံးဖြတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မနီ (ခ) နီနီမြင့်သည် (ဒေးကာနက်ဂျီ) ၏ လူပေါ်လူဇော် လုပ်နည်း စာအုပ်ကို လေ့ကျင့်ပြီး စီးပွားရေးကောင်းမွန်နေသော (ကေခက်ခက်ခိုင်) ၏ ဆိုင်သို့ သွားရောက်ခဲ့သည်။

"အစ်မ နီနီ အလုပ်လုပ်ချင်တယ်။ ဘာလုပ်ရင် ကောင်းမလဲ"

"ညီမ အလုပ်လုပ်ချင်တာက ငွေလိုချင်လို့လား။ အပျော် အလုပ် လုပ်ချင်တာလား"

"အစ်မရယ် နီနီဘဝအကြောင်း သိရက်သားနဲ့ ငွေ လိုချင်လို့ပေါ့ အစ်မရယ်"

"ညီမ ဘာအလုပ်မှ လုပ်စရာ မလိုဘူး။ အစ်မဆိုင်မှာ လာထိုင်နေ။ တစ်နေ့ နှစ်သောင်း သုံးသောင်း။ ငါးသောင်း ရစေရမယ်။ အစ်မကိုတော့ (30%) ပေးရမယ်"

"စိန်လိုက် အစ်မရေ စိန်လိုက်"

နီနီ၏ဘဝ၊ အလှတို့မှာ ယခင်ကလို (အနေစုတ်ပေမယ့် ရွှေထုပ်တဲ့မြပဝါ) မဟုတ်တော့ဘူး။ ပြိုးပြိုးပြောင်ပြောင် လှလှ ပပ။ ရှုမဝအောင် အလှအပတွေ ပိုနေသည်။ ညနေပိုင်း ပြန်ရောက်လေတိုင်း လင်တော်မောင် ကိုအောင်အတွက် ခေါက်ဆွဲကြော်၊ ထမင်းကြော်၊ ထမင်းပေါင်း တစ်နေ့တစ်မျိုး မရိုးနိုင်အောင် အကြင်နာတရားတွေ ပိုနေလေသည်။

"ဒီမှာ နီနီ မင်းအလုပ်က ဘာအလုပ်လဲ ဘယ်မှာလဲ"

"အစ်ကိုကလည်း အစ်ကို နောက်ပိုးခဲ့တဲ့ (မကေ) (ကေခက်ခက်ခိုင်) ရဲ့ ဆိုင်လေ။ ဆံပင်ညှပ်သူကညှပ်၊ ခေါင်းလျှော် ပေးသူက ပေး၊ ဆံပင်ဆိုးပေးသူက ပေး၊ မျက်နှာပေါင်းတင်ပေး သူက ပေး ကိုယ့်ကျွမ်းရာ ကျွမ်းရာပေါ့ အစ်ကိုရယ်"



အောင်အောင်သည် ဇနီးအပေါ် စိတ်မချလို့ မေးရသော်လည်း အိမ်နိမ့်စံဘဝမှာ စားရမဲ့၊ သောက်ရမဲ့၊ အဝတ်ဆင်းရဲ အနေဆင်းရဲဘဝ ခါးစည်းခံနေရသူလေးမို့ ခွင့်လွှတ်ကျေနပ် ရလေသည်။

"သား အောင်အောင် မင်း မိန်းမက အရင်နဲ့ မတူဘူး။ နေ့တိုင်း အပြင်ထွက်တယ်။ ပြင်လိုက်ဆင်လိုက်၊ ဝတ်လိုက်တာ ကလည်း မင်းသမီးတွေ မော်ဒယ်တွေ အရှုံးပေးရမလောက်ပဲ။ သူ ဘာလုပ်နေသလဲ"

"အလှပြင် ဆံပင်ညှပ် ဆံပင်အလှပြင်ဆိုင်မှာပါ မေမေ"

"အေး မှန်မှန်ကန်ကန်တွေ ရှိသလို အရှုပ်ထုပ်တွေလည်း ရှိတယ်။ တို့ သိက္ခာထိမယ်နော် သတိထား"

"သားရဲ့ သူငယ်ချင်း (ကေခက်ခက်ခိုင်) ရဲ့ ဆိုင်မှာပါ မေမေ"

မိမိ ရင်သွေး သားကလေး (သက်ပိုင်စိုး) မှာ အသက် လေးနှစ်အရွယ်သို့ ရောက်ရှိပြီဖြစ်၍ မူကြိုထားနေလျက်ရှိသည်။ သူတို့ သားအမိမှာ နှလုံးသားက သက်သေတည်ဆိုသကဲ့သို့ ရင်သွေးမှာ အတွယ်အတာရှိနေကြပါသည်။ သို့ရာတွင် (ချောင်းကြည့်၊ ပြုံးပြန်၊ ခွေးဟောင်ပြန်လစ်) ဆိုသကဲ့သို့သာ မြင်ရတွေ့ ရသော သားအမိဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၅)

အချိန်ကား နံနက် (၁၁) နာရီခွဲအချိန်ခန့်တွင် ဖြစ်သည်။ ဦးဝင်းကျော်ထွန်းသည် ညီမဝမ်းကွဲဖြစ်သူ ဒေါ်ဝင်းမင်းထွန်းထံသို့ တစ်လတစ်ကြိမ်၊ နှစ်လတစ်ကြိမ် လာရောက် ကြည့်ရှုလည်ပတ်လေ့ရှိသည်။ ဒီနေ့ လာရောက်ခဲ့ရာတွင် ခြံတံခါးပွင့်နေသည်။ အိမ်မကြီး တံခါး လှူခေါ်ခေါင်းလောင်းဖြင့် အကြိမ်ကြိမ် ခေါ်သော်လည်း မည်သူမျှ ထွက်မလာ။ အိမ်မကြီး သစ်သားတံခါးကြီးကို ထုရိုက်ခေါ်သော်လည်း မည်သူမျှ ထွက်မလာ။ (၁၉၉) သို့ အကြောင်းကြား အကူအညီတောင်းလိုက်သည်။ နယ်မြေရဲစခန်းမှ ရဲအရာရှိနှင့် အဖွဲ့ရောက်ရှိလာကြသည်။

"ကျွန်တော် ဦးဝင်းကျော်ထွန်းပါ ဆရာ။ ခေါ်မရ တံခါးခေါက်မရလို့ တစ်ခုခု ဖြစ်နေမလားလို့ ဆရာတို့ထံ အကူအညီတောင်းရတာပါ ဆရာ"

"ကဲ ဆရာတို့ နောက်ဖေးပေါက်၊ ပြတင်းပေါက်တွေ ပွင့်နေလား အနေအထားကြည့်ကြပါ"

"ဆရာ နောက်ဖေးပေါက် ပွင့်နေပါတယ်ဆရာ"

"ကဲ လာ အန်ကယ် ကျွန်တော်တို့ ဝင်စစ်ကြည့်ကြမယ်"

ရဲအုပ် ကျော်စိန်လင်းသည် စံရိပ်ငြိမ်ခြံကြီးအတွင်းရှိ နှစ်ထပ်ရှေးအိမ်ကြီးသို့ ဝင်ရောက်စစ်ဆေးကြသည်။ အောက်ထပ် ဧည့်ခန်းဘေးရှိ အခန်းတွင် ဒေါ်ဝင်းမင်းထွန်းပါးစပ်မှ အမြှုပ်များထွက်ပြီး သေဆုံးနေသည်ကို တွေ့ရှိရသည်။



"ဆရာတို့ မြေပုံကြမ်း ဆွဲပါ။ ဓာတ်ပုံ လေးဘက်ရိုက်ပါ။ ပါးစပ်က အမြှုပ်တွေကို ဂွမ်းနဲ့တို့ယူ သိမ်းဆည်း။ အလောင်းမှာ ဘာဒဏ်ရာရှိလဲ စစ်ပါ။ အလောင်းအနီးမှာ ဘာပစ္စည်းရှိလဲ ရှာပါ"

"ဆရာ ဟောဒီမှာ သောက်ဆေးပြွန်ကြီး ဆရာ၊ သောက်ဆေးတွေကလည်း အများပဲ"

"အန်ကယ် သူတို့မိသားစု ဘယ်နှစ်ယောက်ရှိလဲ"

"ဆရာ အောင်အောင်က သူ့သား၊ သူဇာက အိမ်အလုပ်သမား။ သူ့မြေး (၄) နှစ်သား သက်ပိုင်စိုး၊ နောက်ပြီး ခြံထဲက တဲအိမ်မှာနေတဲ့ အောင်အောင်ရဲ့ဇနီး မနီတို့နဲ့အတူ နေကြပါတယ် ဆရာ"

"အောင်အောင်က ဘယ်မှာလဲ"

"စက်ရုံမှာပါ ဆရာ"

"ဖုန်းဆက်ခေါ်ပေးပါ အန်ကယ်"

ကျောင်းသွား ကြိုသော သူဇာနှင့် သက်ပိုင်စိုးတို့ ရောက်ရှိလာကြသည်။ အောင်အောင်လည်း ရောက်ရှိလာသည်။ မနီကိုလည်း ဖုန်းဆက်ခေါ်ထားကြသည်။ တုန်လှုပ်ချောက်ချားနေကြသည်။

"ကဲ ကျွန်တော်တို့ ဘာပစ္စည်းတွေ ပျောက်ဆုံးသလဲ ခြေရာလက်ရာ ပျက်သလဲ စစ်ကြည့်ရအောင်"

ရပ်ကွက် လူကြီးများ၊ အိမ်ရှင်များ၊ ဆွေမျိုးများရှေ့တွင် မီးခံသေတ္တာကြီးကို ဖွင့်ကြည့်သည်။ ငွေကျပ်သိန်းတစ်ရာ။ ရွှေ

www.burmeseclassic.com

www.burmeseclassic.com



လက်ရာ မပျက်တွေ့ကြသည်။ ရတနာပစ္စည်းထည့်ထားသော မီးခံသေတ္တာငယ်ကို ဖွင့်ကြည့်သည်။ ရတနာပစ္စည်းများ ခြေရာလက်ရာ မပျက် တွေ့ရသည်။ အဝတ်အစားဗီရိုကြီးကို ဖွင့်ကြည့်သည်။ နန်းဝတ်နန်းစား အဝတ်အထည်များ၊ မျက်မှောက်ခေတ် အဝတ်အစားများ၊ ခြေရာလက်ရာမပျက် တွေ့ရှိရသည်။

ရဲအုပ် ကျော်စိန်လင်းသည် ရဲလုပ်ငန်း လုပ်ထုံးနည်းအရ လုပ်စရာရှိသည်ကို ဆက်လက်ဆောင်ရွက်သည်။

"ကဲ ကျွန်တော်တို့ အလောင်းကို ဆေးရုံပို့ပြီး ရင်ခွဲစစ်ချက် ယူရမယ်။

နောက်ပြီး ကျွမ်းကျင်တဲ့ စိန်အကဲဖြတ်၊ ကျောက်အကဲဖြတ်၊ ရွှေအကဲဖြတ် အကူအညီယူပြီး ပစ္စည်းစာရင်း လုပ်မယ်။ ပြီးတော့ ချိပ်ပိတ်ပြီး ကိုအောင်အောင်တို့ ဦးဝင်းကျော်ထွန်းတို့ထံ အပ်ခဲ့မယ်။ တာဝန်မယူနိုင်ဘူး ဆိုရင်တော့ ကျွန်တော်တို့ ရဲတပ်ဖွဲ့က ထိန်းသိမ်းပေးပါ့မယ်"

(စိုင်ကော်လို့ ချုံပေါ်ရောက်) ဆိုသကဲ့သို့ အိမ်နိမ့်စံ မနီ (ခ) နီနီမြင့်သည် အိမ်ကြီးပေါ်တွင် ခင်ပွန်းဖြစ်သူ အောင်အောင်။ သားကလေးဖြစ်သည့် သက်ပိုင်စိုးတို့နဲ့အတူ နေထိုင်ခွင့်ရရှိခဲ့လေပြီ။ အိမ်မြင့်စံဘဝ ရောက်ရှိရလေသည်။

ရဲအုပ်ကျော်စိန်လင်းသည် လူသတ်မှုလော။ လူသေမှုလော။ ဝေခွဲမရ ဖြစ်နေရသည်။ ရာဇဝတ်ဆရာဝန်၏ ရင်ခွဲဆေးစစ်ချက်ကို စောင့်ပြီးမှသာ ပြစ်မှု၏ အခြေအနေကို ကောက်ချက်ချနိုင်မည် ဖြစ်လေသည်။



ဆရာဝန်ထံမှ ဆေးစစ်ချက်ရရှိပြီ ဖြစ်သည်။ (သေသူသည် နှလုံးရောဂါ ရှိသူ ဖြစ်ကြောင်း ဆေးစာအုပ်အရ သိရသည်။ သေဆုံးရခြင်းမှာ ထိတ်လန့်မှု၊ ကြောက်ရွံ့မှု၊ ပြင်းထန်သော စိတ်လှုပ်ရှားမှုကြောင့် ဖြစ်ကြောင်း။ သေသူအလောင်းတွင် မည်သည့်ဒဏ်ရာမျှ မရှိကြောင်း စစ်ဆေးပေါ်ပေါက်သည်။)

(၆)

သေမှုသေခင်းနှင့် ပတ်သက်ပြီ စစ်ဆေးတွေ့ရှိချက်များကို တရားခံမပေါ်ပေါက်သောကြောင့် လမ်းညွှန်မှု ပေးနိုင်ရန် ခရိုင်ရဲမှူးထံ တင်ပြသည်။

ခရိုင်ရဲမှူးက လူသတ်၊ ပစ္စည်းယူမှုလည်း မဟုတ်၊ သေသူပိုင် ပစ္စည်းရယူရန်ပြုလုပ်မှုလည်း မဟုတ်သောကြောင့် (သေသူထံတွင်) သူ့ရတနာပစ္စည်းတွေထက် ငွေများနှင့် ပစ္စည်းများထက် တန်ဖိုးရှိသော အခြားပစ္စည်း၊ အရာဝတ္ထုများ ရှိခဲ့သလား၊ ကြားဖူးသလား၊ အနီးစပ်ဆုံးဆွေမျိုးများထံ စစ်ချက်ယူတင်ပြရန် လမ်းညွှန်သည်။

ရဲအုပ် ကျော်စိန်လင်းသည် သေသူနှင့် အနီးစပ်ဆုံး ဒေါက်တာ စမူရိုင်း၊ အောင်အောင်၊ မနီ၊ အိမ်အလုပ်သမ သူဇာ၊ ဦးဝင်းကျော်ထွန်းတို့ထံမှ သတင်းအချက်အလက် စစ်ချက်ရယူခဲ့ ရယူခဲ့သည်။

(မေမြို့ ပြင်ဦးလွင် တစ်နေရာတွင်) ရှေးအိမ်ဟောင်းကြီးနှင့် သတင်းအချက်အလက် စစ်ချက်ရယူခဲ့သည်။ ဒေါ်ဝင်းမြင့်

www.burmeseclassic.com

www.burmeseclassic.com



ထွန်း၏ အစ်ကို ဦးဝင်းကျော်ထွန်း၊ အစ်မ ဒေါ်ဝင်းကေခိုင်ထွန်းတို့ သုံးဦး အမွေဆိုင်များဖြစ်ကြသည်။ အမှုဖြစ် ပစ္စည်းအဖြစ် တရားရုံးက တားဝရမ်းကပ်ထားပြီး ချိတ်ပိတ်ထိန်းသိမ်းထားသည်။ (ယိုအိမ်ကြီးအတွင်းမှာ ရှေးမြန်မာ့ရတနာပစ္စည်းများ တွေ့ရှိသည်ဟု ကြားဖူးကြောင်း သတင်းအချက်အလက် ရရှိသည်။) ဦးဝင်းမောင်ထွန်း၊ ဒေါ်ဝင်းကေခိုင်ထွန်းတို့မှာလည်း ကွယ်လွန်သွားခဲ့ကြပြီး ဖြစ်ကြောင်းနှင့် သားသမီးများ ကျန်ရစ်ခဲ့ကြောင်း သိရှိရလေသည်။

ခရိုင်ရဲမှူးကြီး၏ လမ်းညွှန်ချက်အရ ရဲအုပ် ကျော်စိန်လင်းသည် ပြင်ဦးလွင်မြို့ရဲတပ်ဖွဲ့နှင့် ဆက်ကြောင်းယူသည်၊ အမွေဆိုင်အိမ်ကြီးအနီး ကင်းပုန်းဝပ်စေသည်။ စောင့်ကြည့်စေသည်။

အတားကူးသည့် လတာန်ရူးအခါသမယတွင် ဖြစ်သည်။ ပြင်ဦးလွင်မြို့တစ်ခွင် ပြိုပြိုစင်အောင် သင်္ကြန်ရေပက်ကြ။ သင်္ကြန်မဏ္ဍပ် အလှပြပွဲများ ကြည့်ကြဖြင့် ပျော်ပျော်ပါးပါး လှုပ်ရှားရေကစားနေကြသည်။ သက်ကြီးရွယ်အိုများမှာလည်း ဘုရားသွား၊ ကျောင်းသွား၊ တရားစခန်းဝင်ကြသောကြောင့် ရှေးဟောင်းအိမ်ကြီး ပတ်ဝန်းကျင်မှာ တိတ်ဆိတ်နေသည်။

ရဲအုပ် ကျော်စိန်လင်းနှင့် တပည့်များမှာ သင်္ကြန်ရေပင်မထိလိုက်ရ။ တာဝန်အပြည့်ဖြင့် အိမ်မည်းကြီးကို စောင့်ကြည့်နေရသည်။ အိမ်မည်းကြီး၏ နောက်ဘက် သစ်ပင်ကြီး၏ မှောင်ရိပ်ခို အကာအကွယ်ယူပြီး လူလေးယောက် ဝင်လာကြသည်။



"ဝင်ပေါက် တံခါးကြီးမှ ခြေလမ်း (၁၁) လမ်း၊ မျက်နှာချင်းဆိုင် တောင်ဘက်နံရံသို့ ခြေလမ်း (၁၁) လမ်း၊ နောက်ဖေးဘက်တွင် ထွက်ပေါက်မှာ ခြေလှမ်း (၁၅) လမ်း"

ဘုရားစင်

ဝင်ပေါက် တောင်ဘက်နံရံ

နောက်ဖေးထွက်ပေါက်

ရဲအုပ်ကျော်စိန်လင်းနှင့် တပ်ဖွဲ့ဝင်တို့သည် ဘာဆက်လုပ်ကြမလဲ၊ လုံခြုံသတိဖြင့် ဆက်လက် စောင့်ကြည့်နေကြလေသည်။ ဖြစ်ပေါ်နိုင်သည့် အခြေအနေအပေါ် မည်ကဲ့သို့ ဆောင်ရွက်ရမည်ကိုလည်း စောင့်ကြည့် ပြင်ဆင်နေကြသည်။

"ကဲ ဒေါ်ဝင်းမင်းထွန်းပြောတဲ့ စကားနဲ့ သူပေးတဲ့ မြေပုံအရ တစ်ထပ်တည်းကျတယ်ကွ။ ကဲ ဒီနေရာကို တူးကြဟေ့"

အိမ်မည်းကြီးအောက်တွင် သိုက်တူးရန် လာရောက်သူလေးဦးတို့သည် ပေါက်တူး၊ ပေါက်ပြား၊ ပုဆိန်၊ သံတူရွင်းတို့ဖြင့် တူးဖော်ကြသည်။ မြေပုံကိုလည်း ကြည့်ရှုကြသည်။ (၄) ပေခန့်အရောက်တွင် မီးခံသေတ္တာ (၂ ပေ x ၃ ပေ) တစ်လုံး တွေ့ရှိကြသည်။

"အောင်ပြီ အောင်ပြီ"

ပြိုင်တူ အော်လိုက်ကြလေသည်။ မျက်နှာများလည်း ပြုံးပြုံးရွှင်ရွှင်၊ လောဘပီတိဖြစ်နေကြသည်။ မီးခံသေတ္တာငယ်ကို ရွေ့ယူလိုက်ပြီး ဆေးကြောနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အားလုံး လက်မြှောက်လိုက်ပါ။ အေးအေးဆေးဆေး အဖမ်းခံကြပါ။ ပစ်ထည့်လိုက်မယ်"

"မင်းတို့က ဘာကောင်တွေလဲ၊ ရဲဝတ်စုံဝတ်တိုင်း ရဲလို့ ယုံရမှာလား။ သူခိုးလက် သူ့လက်လုတဲ့ကောင်တွေ ကဲကွာ ဖြောင်းဖြန်း။ အွန့် ဒုတ် ဒုတ် အား အွား"

ရဲအုပ် ကျော်စိန်လင်းတို့ အဖွဲ့လေးယောက်နဲ့ လူဆိုးအဖွဲ့ လေးယောက်တို့ အပြန်အလှန်ဖိုက်နေကြသည်။ (ဆန်နီချီးဘား)။ (ဂျက်ကီချမ်း)၊ တို့၏ ဇာတ်ကြမ်း၊ ဇာတ်လမ်း၊ ဖိုက်တင်ခန်း ကြည့်နေရသည့် အလားပွဲကောင်းလှပေသည်။ ရဲအုပ်ကျော်စိန် လင်း၏ သိုင်းကွက်၊ တိုက်ကွမ်ဒို၊ ဂျူဒိုပညာစွမ်းအား လူဆိုး များ၊ မယှဉ်နိုင် အတုံးအရုန်း မှောက်ကြလေသည်။ လူဆိုးများ ကို လက်ထိတ်ခတ် ဖမ်းဆီးလိုက်ကြသည်။

(၇)

ရဲအုပ် ကျော်စိန်လင်းသည် နယ်မြေခံ ပြင်ဦးလွင်မြို့ရဲတပ် ဖွဲ့၏ အကူအညီဖြင့် ရပ်ကွက်လူကြီးများနှင့်အတူ ရဲစခန်းသို့ ခေါ်ယူ ပဏာမ စစ်ကြောရေးလုပ်သည်။ စိန်၊ ကျောက် ပတ္တမြား၊ ရွှေရတနာပစ္စည်း အကဲဖြတ်များဖြင့် မီးခံသေတ္တာ ကို ဖွင့်ဖောက်ပြီး စာရင်းပြုလုပ်သည်။ ပြင်ဦးလွင်မြို့ ရဲစခန်း အပိုင်းတွင် ပြုလုပ်သော ပြစ်မှုဖြစ်သော်လည်း ရန်ကုန်မှ လုယူသော မှုနှင့် ဆက်စပ်မှု ရှိ/ မရှိ စစ်ဆေးရဦးမည် ဖြစ်သည်။ ရတနာ ပစ္စည်းများ၏ ဂုဏ်လတန်ဖိုးမှာ အတော်ကြီးမားသည်။



ခရိုင်ရဲမှူး၏ လမ်းညွှန်ချက်အရ ရတနာပစ္စည်းများကို ပြင်ဦးလွင်မြို့ရဲစခန်းတွင် အပ်နှံခဲ့သည်။ တရားခံ လေးဦးကို ရန်ကုန်သို့ ခေါ်လာပြီး စစ်ကြောရေးလုပ်သည်။

ရဲအုပ် ကျော်စိန်လင်းသည် တရားခံ လေးဦးတို့အား သီးခြားခွဲပြီး စစ်ဆေးခဲ့သည်။ တရားခံများက အမှန်ကို အမှန် အတိုင်း ဖြောင့်ဆိုချက်ပေးပြီး ထွက်ဆိုသောကြောင့် အချိန်တို အတွင်း တရားစွဲဆိုနိုင်သည့် အခြေအနေကို ဆိုက်ရောက်ခဲ့ လေသည်။

"အခုလို အမှန်ကို အမှန်အတိုင်း ဝန်ခံတာ ကောင်းပါ တယ်။ ကိုထွန်းထွန်းက ငါ့အဖေ ဦးဝင်းမောင်ထွန်းရဲ့ အမွေကို ရယူလိုမှု၊ ကိုလှမြင့်ထွဋ်က မိခင်ကြီး ဒေါ်ဝင်းကေခိုင်ထွဋ်တို့ရဲ့ အမွေပုံဝေစုကို အဒေါ်ဖြစ်သူ ဒေါ်ဝင်းမင်းထွန်းထံမှာ ဖြတ်လမ်း နည်းနဲ့ ရယူဖို့ ပြုလုပ်ရာက ဒီရာဇဝတ်မှုကို ပြုလုပ်ကြခြင်း ဖြစ်ပါတယ်"

"ဟုတ်ပါတယ် ဆရာ ဟုတ်ပါတယ်"

တရားခံ ထွန်းထွန်း၊ လှမြင့်ထွဋ်တို့နှင့် ၎င်းကို့၏ တပည့် နှစ်ဦးတို့က အမှုဖြစ်စဉ် အမှုပြုလုပ်မှုများကို ဝန်ခံသောကြောင့် အချိန်တိုအတွင်း တရားစွဲဆိုနိုင်ပြီ ဖြစ်ပေသည်။

အမှုကိုင် ရဲအရာရှိက ခရိုင်ဥပဒေရုံးသို့ ဥပဒေအကြံပြုချက် တောင်းခံသည်။ ခရိုင်တရားရုံးက တရားခံများအပေါ် ပြစ်မှု ဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ (က)၊ ၃၈၀/ ၁၁၄ ဖြင့် တရားစွဲဆိုနိုင် ရန် အကြံပြုချက်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com




ထို့ကြောင့် တရားစွဲရဲအရာရှိက ခရိုင်တရားရုံးတော်သို့ တရားစွဲဆိုတင်ပို့သည်။ ရုံးတော်မှ ပြစ်မှုကြီးမှု အမှတ် (၀၀၇/ ၁၂) ဖြင့် လက်ခံစစ်ဆေးကြားနာခဲ့သည်။

တရားခံများက ပြစ်မှုပြုလုပ်မှုများကို ဝန်ခံဖြောင့်ချက်ပေးခဲ့သည့်အတိုင်း အမှုကို ဝန်ခံထွက်ဆိုကြသည်။ ရုံးတော်မှ တရားလိုဘက်ဆိုက်၊ တရားခံဘက်ဆိုက်တို့ကို ကြားနာပြီးဖြစ်၍ အမိန့်ချရန် ချိန်းဆိုသည်။

အဘ ဝင်းမောင်ထွန်း၏ သား ထွန်းထွန်းနှင့် အဘ ဦးဝင်းမြင့်၏သား လှမြင့်ထွဋ်တို့သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ (က) လူသေမှု၊ ၃၈၀ ခိုးမှုတို့ကို ပြုလုပ်ကျူးလွန်ကြောင်း ထင်ရှားသောကြောင့် အလုပ်နှင့် ထောင်ဒဏ် (၁၀) နှစ်စီ ကျခံစေ။ အဘ ဦးမောင်ကြီး၏ သားမောင်မောင်၊ အဘ ဦးကြီးမောင်၏သား မောင်ပြူးတို့သည် ပြစ်မှုပုဒ်မ ၁၁၄ အားပေးကူညီမှုကို ပြုလုပ် ကျူးလွန်သောကြောင့် အလုပ်နှင့်ထောင်ဒဏ်သုံးနှစ်စီ ကျခံစေ။ သက်သေခံရတနာပစ္စည်းများကို အမွေစီမံမှု တရားရုံးအစီအမံဖြင့် အမွေရှင်တို့အား ပေးအပ်စေ။ (ဘယ်သူမပြုမိမိမှု)။

❒




www.burmeseclassic.com

www.burmeseclassic.com

၄

## ပိုးချိတ်ပုဆိုးနဲ့ ကတ္တီပါဖိနပ်

"ဓွတ်မောနင်း ဆရာ"

"မောနင်း ဂမ်းဆာဂျင်ကြီး"

"စောစောစီးစီး ရှိုးစမိုးအပြည့်နဲ့ပါလား ဆရာ"

"မင်းကြီးက ကျွန်တော်ကိုင်တဲ့ ဖောက်ထွင်းမှု ဒီလ ပေါ်ရင် ပေါ်၊ မပေါ်ရင် (ဖျာလိပ်) လို့ ကြိမ်းထားတယ် ဆရာကြီး၊ ဒါကြောင့် စောစောစီးစီး လှုပ်ရှားရမယ် ဆရာကြီးရေ"

ရဲအုပ် ကျော်စိန်လင်းသည် ဖောက်ထွင်း ဆိုးခိုး၊ လုယက်၊ တိုက်ခိုက်၊ ခါးပိုက်နှိုက်၊ ပြစ်မှုဖြင့် ထောင်မှ ထွက်လာကြသူများ နေထိုင်ရာ မြို့နယ်၊ ရပ်ကွက်များသို့ နေ့စဉ်သွားလာ လှုပ်ရှားနေသည်။ ပုံစံအမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဆားပုလင်း လုပ်ရသည်မှာ ရဲတာဝန်တစ်ရပ်ဖြစ်သည်။

"ဟာ ဆရာကျော်စိန်လင်းပါလား"

"လာ ဆရာ ကျွန်တော်တို့ ဝါးတီးရှိတယ်"

မြို့နယ်ရဲတပ်ဖွဲ့မှ (နယ်ထိန်းအင်ချပ်ဒုရဲအုပ်ထွန်းထွန်း) နှင့် တပ်ဖွဲ့ဝင်များသည် ဒံပေါက်ထမင်းကျွေးမည့် (ရွှေစင်ငွေစင်မင်္ဂလာခန်းမကြီး) သို့ ခေါ်ဆောင်လာကြသည်။ ဘာ



လက်ဖွဲ့ပစ္စည်း ဘာမျှမပါသော်လည်း ချောင်ကျသောနေရာတွင် သတို့သားဘက် မိဘဆွေမျိုးများက ဖက်လှဲတကင်း၊ လှိုက်လှိုက်လှဲလှဲ ကြိုဆိုဧည့်ခံကျွေးမွေးကြသည်။

မြို့နယ်၏ မျက်နှာဖုံးမိဘများ၏ သတို့သား၊ သတို့သမီးများ၏ မင်္ဂလာပွဲကြီးဖြစ်သည့် အားလျော်စွာ အလွန်စည်ကားသိုက်မြိုက်လှသည်။ သူ့ထက်ငါ ဝတ်ကောင်းစားလှများ ဝတ်ဆင်ကြသည်။ စိန်ရွှေ ရတနာများလည်း အပြိုင်အဆိုင်ဆင်ကြသည်။ စကတ်တို၊ ဘောင်းဘီတို လယ်ဟိုက်တို့ဖြင့် အလှချင်း ပြိုင်နေကြသော လှပျိုဖြူများမှာလည်း သူ့ထက်ငါ အပြိုင်အဆိုင်။

ဤသို့ စည်ကားလှသောအချိန်တွင် မင်္ဂလာခန်းမကြီးသို့ တက္ကစီကားတစ်စီး ရောက်ရှိလာသည်။ ကားပေါ်မှ ဆင်းလာသော ပုဂ္ဂိုလ်မှာ ချိတ်ပုဆိုး၊ စိန်ကတ္တီပါဖိနပ်စီးထားကာ တောက်တောက်ပြောင်ပြောင်ဖြင့် ဝိုင်းဝန်းကြည့်နေကြသည်။ ဧည့်ခံသူများက အပြိုင်အဆိုင် နေရာပေးကြသည်။ ဧည့်ခံ ကျွေးမွေးကြသည်။

ရဲအုပ် ကျော်စိန်လင်းသည် သည်မြင်ကွင်းကို အတော်စိတ်ဝင်စားနေသည်။ စိတ်ဝင်စားဖွယ်ရာ အချက်အလက်များက ပြည့်နှက်နေသည်။ (လူမှာအဝတ် တောင်းမှာအကွပ်) ဆိုသည့် စကားပုံမှာ အဝတ်အစား လှပစွာ ဝတ်ဆင်ခြင်းနှင့် လူကို တင့်တယ်စေသည်။ လှပစေသည် ဆိုသည့် အဓိပ္ပာယ်ဖြစ်သည်။

သို့ရာတွင် ရဲအုပ်ကျော်စိန်လင်း၏ မြင်ကွင်းတွင် ရှေ့ရှိသော ပိုးချိတ်ပုဆိုး၊ ပိုးချိတ်ထဘီ၊ စိန်ကတ္တီပါ ဖိနပ် စီး

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆင်လာကြသည့် ဇနီးမောင်နှံတို့၏ ဝတ်စားဆင်ယင်ပုံမှာ (ခါးတောင်ကျိုက်တခြား ဖင်တခြား) ဆိုသကဲ့သို့ ဖြစ်နေသည်။ ရဲမျက်လုံးတွင် သံသယမကင်းသော ဝတ်စားဆင်ယင်မှု ဖြစ်နေသည်။ ပိုးချိတ်ပုဆိုး၊ ပိုးချိတ်ထဘီတို့၏ တန်ဖိုးမှာ တစ်ထည်လျှင် (၃) သိန်း (၄) သိန်းတန်သော တန်ဖိုးကြီး အထည်များ ဖြစ်သောကြောင့် ဖြစ်သည်။ ဒီလို ပိုးချိတ်ပုဆိုး၊ ထဘီတို့ကို သူဌေးကြီးများ၊ ဝန်ကြီးများ၊ ဒီဂျေအယ်ဒီကြီးများတို့ ဇနီးမောင်နှံများသာ ဝတ်လေ့ရှိသောကြောင့် ဖြစ်သည်။ သူတို့ကို ကြည့်ရသည်မှာ ပုံမလာပန်းမလာ ဖြစ်နေသည်။

"ကဲ ဆရာ ကျွန်တော်တို့ လစ်ကြမယ်"

"ဟုတ်ကဲ့ ဆရာထွန်းထွန်း ပြန်ကြရအောင်"

မင်္ဂလာပွဲကြီးသို့ ဝါးတီးဖွင့်ကြသော ရဲအုပ်ကျော်စိန်လင်း နယ်ထိန်းအင်ချပ် ထွန်းထွန်းတို့အဖွဲ့ မင်္ဂလာခန်းမကြီးမှ ပြန်လာခဲ့ကြလေသည်။

"ကဲ ဆရာထွန်းထွန်း ကျေးဇူးပဲ၊ ကျွန်တော်တော့ ဆက်လက် လှုပ်ရှားလိုက်ဦးမယ်"

"လေးစားပါတယ် ဆရာ"

ရဲအုပ် ကျော်စိန်လင်းသည် ပိုးချိတ်ပုဆိုး၊ ထဘီ စိန်ကတ္တီပါ ဖိနပ်ဝတ်စုံတွဲကို ဆားပုလင်းလုပ်ရန် ဆုံးဖြတ်လိုက်သည်။ သူတို့ အပြန် သူတို့နောက်သို့ လိုက်ပြီး လေ့လာရန် ဆုံးဖြတ်လိုက်သည်။



(၂)

မင်္ဂလာ အခမ်းအနားကြီးက မကြာမီ အချိန်စေ့ ပြီးစီးတော့မည် ဖြစ်သည်။ မင်္ဂလာပွဲပရိသတ်များ အလျိုလျို ပြန်ကြလေပြီ၊ ဦးပိုးချိတ်ပုဆိုး + ဒေါ်ပိုး ချိတ်ထဘီ–စိန်ကတ္တီပါဖိနပ်စီးတို့လည်း ပြန်လည်ထွက်ခွာလာကြသည်။ ခန်းမရှေ့ရှိ တက္ကစီကားပေါ်သို့ ခံ့ညားစွာ တက်ရောက်ကြသည်။ အိမ်သို့ ပြန်ကြသည်။

ရဲအုပ် ကျော်စိန်လင်းသည် သူတို့နောက်သို့ တက္ကစီကားဖြင့် နောက်ယောင်ခံပြီး လိုက်သွားသည်။ သူတို့အိမ်ကို သိလေပြီ။ သူတို့အကြောင်း လေ့လာစုံစမ်းရန် ပတ်ဝန်းကျင်သို့ ရဲမျက်လုံးဖြင့် ကြည့်လိုက်သည်။ သူတို့အိမ် တည်ရှိရာ ရပ်ကွက်၏ ထောင့်စွန်းလေးတွင် (သောက်သောက်လဲ) ဆိုသည့် ဆိုင်ကလေးကို တွေ့ရသည်။ ထိုဆိုင်တွင် ဂျမ်ဘို၊ ရမ်၊ ဝီစကီ အစုံရသည်။ ဒေသထွက် လတ်လတ်ဆတ်ဆတ် ငါးရှဉ့်ကဏန်း၊ ကြွက်ကြော်၊ ငါးလေးကြော်၊ ငါးကျည်းကြော်စုံ လှသည်။ အဖြူသောက် အရေအတွက်များသည်။ ခုံနေရာလပ်ရှိသော်လည်း ရဲအုပ်ကျော်စိန်လင်းသည် လူရှုယ် နှစ်ယောက်သုံးဆောင်နေသည့် စားပွဲခုံတွင် ဝင်ထိုင်လိုက်သည်။

"ထိုင်မယ်နော် ညီလေး"

"ထိုင်ပါ ထိုင်ပါ လူများလေ စကားပြောကောင်းလေ၊ ဗဟုသုတ ရလေပါပဲ ခင်ဗျာ"

"မှန်တာပေါ့ ညီလေးရာ အပန်းဖြေစရာ ဒါလေးပဲ ရှိတာ

www.burmeseclassic.com

www.burmeseclassic.com



"ညီလေး ဂရင်းဝီစကီ တစ်ပိုင်းပြား၊ ငါးရှဉ့်ခြောက်စပ် တစ်ပွဲနဲ့။ ရေသန့်ရေခဲပေးကွာ။

ညီလေးတို့လည်း စားပါသောက်ပါ"

"ဟာ... အစ်ကို ကျွန်တော်တို့က ဂျမ်ဘိုသောက်တာပါ အစ်ကို"

"ညီလေး ဂျမ်ဘိုတစ်လုံး။

အေးအေး ဆေးဆေး သောက်ကြပါ။ ကျွန်တော်ကလည်း အရက် သောက်ရင် အဖော်နဲ့မှ သောက်တတ်တယ်ဗျ၊ စားကြပါ"

ရဲအုပ် ကျော်စိန်လင်းသည် ရဲကျင့်ရဲကြံဖြင့် (အသားလိုလို့ အရိုးတောင်း) ပြုလုပ်ရန် ဇာတ်အိမ် ခင်းနေခြင်းဖြစ်သည်။ ပထမတစ်လုံး။ ဒုတိယတစ်လုံး သောက်ကြသော လူရွယ်နှစ်ဦးတို့ အတော်ကလေး မူးလာလေပြီ–

"ကျွန်တော့ နာမည်က ကျော်စိန်လင်းပါ"

"ဆရာ ရခိုင်လား"

"ဟုတ်ကဲ့ ကျွန်တော် မင်းပြားသားပါ"

"ကျွန်တော့်နာမည်က လှမောင်ပါ"

"ကျွန်တော်နာမည်က ဝင်းနိုင်ပါ"

"ကျွန်တော်တို့ လက်သမား၊ ပန်းရန်၊ အစုံလုပ်ပါတယ်"

"ကျွန်တော်ကတော့ အရောင်းအဝယ် လုပ်ပါတယ်"

"မင်္ဂလာဆောင် လာရင်း ကြုံတဲ့နေရာမှာ အခုလို သောက်တာပါ"



"ဟိုနားအိမ်က လင်မယားစုံတွဲလည်း မင်္ဂလာဆောင်ကို လာကြတယ်။ သူတို့ဝတ်တဲ့ ပိုးချိတ်ပုဆိုး၊ ပိုးချိတ်ထဘီတွေဟာ အတော်လှတာပဲဗျာ၊ နတ်သား နတ်သမီးတွေလား အောက်မေ့ရတယ်ဗျာ"

"ဟာ အစ်ကို အထင်မကြီးနဲ့ လုံးဝ (လုံးဝ) အထင်မကြီးနဲ့ ဒီပစ္စည်းတွေက မ, လာတဲ့ ပစ္စည်းတွေဖြစ်မှာ သေချာတယ်"

"ဘာဖြစ်လို့လဲဗျာ"

"အစ်ကို အဲဒါဖောက်ထွင်းဝိဇ္ဇာပြောင်ကြီးတဲ့၊ လက်ရဲဇက်ရဲတော့ အတော်ရှိတယ်၊ မဟုတ်မှ လွဲရော အကြံအဖန် ပစ္စည်းတွေ ဖြစ်မှာ သေချာတယ်၊ သူ့ရဲ့ဘွဲ့ဖက်က ကျားကြီး (ခ) နွားကြီးတဲ့၊ ထောင်က လွတ်ငြိမ်းချမ်းသာခွင့်နဲ့ လွတ်လာတဲ့ ကောင်တွေ"

"ဒီလူတွေနဲ့ ညီလေးတို့ သိလား"

"တစ်ချိန်တုန်းက လက်သမား၊ ပန်းရန်၊ ပါကေးခင်း၊ စွယ်စုံအတူလုပ်လာခဲ့ကြသူတွေပါ၊ သူတို့က ကြုံရင် ကြုံသလို ဆိုး၊ ခိုး၊ လုယက်၊ ဖောက်ထွင်းလုပ်တဲ့ လူတွေဆိုတော့ ကျွန်တော်တို့ ရိုးရိုးသားသား လုပ်စားသူတွေနဲ့ မတူဘူးပေါ့ အစ်ကိုရယ်"

"ကဲ ကဲ ပြောလည်း ပြော သောက်လည်းသောက် စားလည်း စား၊ ကျွန်တော်ကတော့ ရေချိန်ကိုက်သွားပြီး ပြန်လိုက်ဦးမယ်"

"ဆီးယူ့ မကြာခဏပေါ့ အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ဘိုင့်ဘိုင်"

ရဲအုပ် ကျော်စိန်လင်းသည် သဲလွန်စများကို တစ်စ၊ တစ်စ ရှာဖွေစုဆောင်းနေသည်။ ပြောင်ကြီး၏ နေအိမ်၊ ကျားကြီး (ခ) နွားကြီးတို့နေအိမ်သို့ အဝင်/ အထွက်ရှိသူများကို ကင်းပုန်းဝပ်ပြီး စောင့်ကြည့်ခဲ့သည်။ ညိုကြီးဆိုသူသည် ပြောင်ကြီး၊ ကျားကြီး (ခ) နွားကြီးတို့အိမ်သို့ အကာလ ညအခါတွင် အဝင်/ အထွက် ပြုသည်မှာ မသင်္ကာစရာ။

(၃)

ရဲအုပ် ကျော်စိန်လင်းသည် (ညိုကြီး) ၏ အခြေအနေကို ဆားပုလင်းလုပ်ရန် ဆုံးဖြတ်လိုက်သည်။ (သောက်သောက်လဲ) အရက်ဆိုင်လေးသို့ သွားခဲ့သည်။

"ဟာ အစ်ကိုကြီးပါလား"

"လာဗျာ ဒီတစ်ခါတော့ ကျွန်တော်တို့က ပြုစုပါရစေ"

တိုက်တိုက် ဆိုင်ဆိုင် မဟုတ်ပါ။ ရဲလုပ်ငန်းသဘောအရ တိုက်ဆိုင်အောင် သူတို့ရှိမည့်အချိန်ကို စောင့်ပြီး လာရောက်ခြင်း ဖြစ်သည်။

"ရပါတယ် ကျွန်တော်လည်း အလုပ်အဆင်ပြေလာလို့ပါ"

"ဘာအလုပ်လဲဗျာ"

"ပစ္စည်းဝယ်တာပါ၊ ပစ္စည်းကတော့ အမှန်အကန်တော့ မဖြစ်နိုင်ဘူး၊ အကြံအဖန်ဖြစ်ဖို့ များတယ်"

"ဘာပစ္စည်းလဲ"



"ရွှေထည်တို့ ကျောက်တို့ပါဗျာ"

"ဒါဆိုရင် အစ်ကို ကိုညိုကြီးမှာ ဒါမျိုးတွေ ရနိုင်တယ်"

"မိတ်ဆက် ပေးပါလား ညီလေး"

"ရပါတယ် အစ်ကိုရာ သူ့အကျိုး ကိုယ့်အကျိုးပေါ့"

"ပြောင်ကြီးတို့ ကျားကြီးတို့က ဖောက်ထွင်းတယ်၊ ခိုးတယ်၊ ညိုကြီးက ဒိုင်ခံရောင်းတယ်၊ အစ်ကို ဝယ်ရင်လည်း ဝယ်ပေါ့"

ရဲအုပ် ကျော်စိန်လင်းသည် လှမောင်၊ ဝင်းနိုင်တို့၏ မိတ်ဆက်ပေးချက်အရ ညိုကြီးအိမ်သို့ ရောက်ခဲ့သည်။ ညိုကြီးနှင့် ယုံကြည်မှု၊ ခင်မင်မှုရရှိအောင် ပူးလိုက်သည်။ အယုံသွင်းလိုက်သည်။ ဘယ့်လို လူကြီးတွေ၊ ဘယ်လို ပုဂ္ဂိုလ်မျိုးတွေကို ပိုင်တယ်ဟု ဖြီးလုံးတွေ သွင်းလိုက်သည်။

"ဒီမှာ ကိုညိုကြီး ကျွန်တော်က ဒီ့လိုအဆင့်မြင့်တဲ့ ပစ္စည်းမျိုးတွေကို လိုချင်တာဗျာ၊ ကျွန်တော်က တစ်ဖက်နိုင်ငံမှာ ဈေးကွက် ရှိတယ်"

ရဲအုပ်ကျော်စိန်းလင်းသည် စိန်ဖြင့်ပြုလုပ်ထားသော စိန်လက်ကောက် တစ်စုံ (၂) ကွင်းကို ပြလိုက်သည်။

"ဟာ... အစ်ကို၊ ဒီပစ္စည်းက ကျွန်တော်လှည်းကူးမှာ ရောင်းပေးခဲ့တဲ့ ပစ္စည်း"

"ကျွန်တော် လှည်းကူးက ဝယ်လာတာပဲ"

"အစ်ကို ဘယ်လောက်နဲ့ ဝယ်ခဲ့တာလဲ"

"သိန်း (၁၀၀) နဲ့ပါ၊ သိန်း (၂၀၀) ပေါ့"

"ဟာ... ကျွန်တော် (၂၅) သိန်းထဲနဲ့ ရောင်းခဲ့တာ အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ခင်ဗျား တန်ရာတန်ဖိုး မရဘူးပေါ့ နောက်ဆို ကျွန်တော်နဲ့ ဆက်သွယ်ပါ။ ဖုန်းနံပါတ်"

ရဲအုပ် ကျော်စိန်လင်းသည်ညီကြီးကို ကျုံးသွင်းနေသည်။ ညီကြီးကို ပြသလိုက်သော ပစ္စည်းမှာ ညီကြီးကို ပြောင်ကြီး အရောင်းခိုင်းလိုက်သော ပစ္စည်းပင် ဖြစ်သည်။ ပြောင်ကြီး၊ ကျားကြီးတို့ထံတွင် အဆင့်မြင့် အဖိုးတန်စိန်၊ ကျောက်၊ ရွှေ အဖိုးတန်ပစ္စည်းများ ရှိနေသည်မှာ သေချာနေပေပြီ။

"ဟဲလို ပြောခင်ဗျာ"

"အစ်ကို ကျွန်တော်ညီကြီးပါ။ အဆင့်မြင့်တန်ဖိုးကြီး ပစ္စည်း စိန်နားကပ် တစ်ရန်ရောင်းဖို့ ရှိတယ်။ ကျွန်တော် လာခဲ့မယ်အစ်ကို"

"လာခဲ့ပါ၊ ၃၅–လမ်း ကျွန်တော့်ဆိုင်ကို လာခဲ့ပါ"

ညီကြီးသည် ကျော်စိန်လင်းချိန်းသည့် ၃၅ လမ်း ဆိုင်သို့ ရောက်ရှိလာသည်။ စိန်နားကပ်တစ်ရန် ပြသသည်။ စိန်နားကပ်မှာ အလွန် အဆင့်မြင့်သည်။ တန်ဖိုးကိုပင် မခန့်မှန်းနိုင်ပေ။

"ညီလေး ဘယ်လောက်ရရင် ရောင်းမလဲ"

"ကျွန်တော် သိန်း (၁၀၀) လောက် လိုချင်တယ် အစ်ကို"

"ဒီလိုလုပ်ဗျာ ဝယ်လက် ကျွန်တော့်လူကို ခေါ်လိုက်မယ်၊ ဈေးညှိပြီး အရောင်းအဝယ် လုပ်ကြတာပေါ့"

ရဲအုပ် ကျော်စိန်လင်းသည် ကြိုတင်အကွက်ဆင်ထားသည့် အတိုင်း ဝယ်ယူမည့်သူ ဒေါ်ဝင်းမင်းထွန်းကို ငွေနှင့်အတူ လာရန် ခေါ်လိုက်သည်။



"လာ အန်တီထိုင်ပါ"

"ဒါက ပစ္စည်းရှင် ကိုညီကြီးတဲ့၊ ပစ္စည်းကတော့ ဒီဟာပါ"

"သိန်း (၁၀၀) တဲ့ အန်တီ"

"ကျွန်မ တိုရှင်း လိုရှင်းပဲ ပြောမယ်၊ ကျွန်မ သိန်း (၅၀) ပဲ ပေးနိုင်မယ်"

"ပိုနိုင်ရင် ပိုပေးပါလား အန်တီ"

"ဒီလောက်ပါပဲ ကြိုက်ရင်လည်း ရောင်းပေါ့"

ညီကြီးသည် စိန်နားကပ်တစ်ရန်ကို သိန်း (၅၀) ဖြင့် ရောင်းလိုက်သည်။ ညီကြီးတစ်ယောက် ငွေကျပ်သိန်း (၅၀) အထုပ်ကြီးကို တက္ကစီကားဖြင့် ပြောင်ကြီးအိမ်သို့ ခွဲတမ်းချရန် သွားရောက်ခဲ့သည်။

ရန်ကုန် ရဲတပ်ဖွဲ့ဝင် (ဒန) (စစရ) (မှုးယစ်) ပူးပေါင်း အဖွဲ့ဝင်များသည် ပြောင်ကြီး၏ နေအိမ်ပတ်ဝန်းကျင်တွင် ကြိုတင် စောင့်ကြည့်နေကြသည်။ ညီကြီး၏ တက္ကစီကားနံပါတ်ကို ကြိုတင် သတင်းပို့ထားသည်။ နေဝင်ရီတရောဖြစ်သော ညနေချမ်း (၆) နာရီကျော်ခန့်ဖြစ်သည်။ ညီကြီးတက္ကစီကားဖြင့် ရောက်လာသည်။ ခွဲတမ်းချယူရန် ငွေများကို ရေတွက်နေသည်။ တပ်ဖွဲ့ဝင်များက ပြောင်ကြီး၏ နေအိမ်သို့ စီးနင်း ဝင်ရောက်ကြသည်။

"အားလုံး လက်မြှောက်ပါ၊ ကျွန်တော်တို့ တိုင်းရဲတပ်ဖွဲ့ကပါ၊ လှုပ်ရင် ပစ်ထည့်လိုက်မယ်နော်"

ငွေများကို ဟိုဝှက်သည်ဝှက် အချိန်မီသလောက်ပြုလုပ်သော

www.burmeseclassic.com

www.burmeseclassic.com



လည်း အိမ်ပြင်ပသို့ မရောက်နိုင်တော့ပါ။ ပြောင်ကြီး၊ ညိုကြီး တို့အား လက်ထိတ်ခတ်လိုက်ကြသည်။ သက်သေခံငွေများကို ဂျာဖွေပုံစံဖြင့် သိမ်းဆည်းသည်။ တရားခံများကို တိုင်းရုံးသို့ ခေါ်ဆောင်ကြသည်။

(၄)

(၁၈) စစ်ကြောရေးရုံးခန်းတွင် ဖြစ်သည်။ ပြောင်ကြီးကို တစ်နေရာ၊ ညိုကြီးကို တစ်နေရာစီ ခွဲထားလိုက်သည်။

"ကဲ ကိုပြောင်ကြီး၊ ကျွန်တော်တို့ အနားယူအပန်းဖြေဘီယာ ဆိုင် သွားလိုက်ဦးမယ်၊ ခင်ဗျားခေါင်းအေးသွား အောင်ဟောဒီ ရေကြည်တစ်ပေါက်ချင်း ကျနေတဲ့ ရေအိုးအောက်က ကုလား ထိုင်မှာ ခေါင်းအေးအေးနဲ့ အမှန်အတိုင်းပြောဖို့ စဉ်းစားထားပါ"

(၄၅) မိနစ်ခန့်အကြာတွင် ရဲအုပ်ကျော်စိန်လင်းတို့အဖွဲ့ စစ်ကြောရေး အခန်းသို့ ပြန်လာကြသည်။

"ဆရာ အမှန်အတိုင်း ပြောပြပါမယ်"

"သေချာရဲ့လား ကိုပြောင်ကြီး"

"ကျွန်တော် လုပ်ရဲလို့ ခံရဲပါတယ်ဆရာ"

"ရဲ စိတ်ညစ်အောင် လုပ်တာ မကောင်းပါဘူးဗျာ၊ ရာဇဝတ်ဘေးဆိုတာ ပြေးမလွတ်ပါဘူး"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော် အမှန်အတိုင်းပြောမှာ ပါ"

ရဲအုပ် ကျော်စိန်လင်းသည် အသံဖမ်းစက်အဖွဲ့၊ ကွန်ပျူတာ စာစီစာရိုက်အဖွဲ့တို့ကို စစ်ကြောရေးလုပ်ရန် စီစဉ်လိုက်သည်။



"ကဲ ပြော ကိုပြောင်ကြီး"

"ဆရာ လွန်ခဲ့သော ၆ လလောက်က၊ ရန်ကင်း၊ ဘောက် ထော်၊ သူဌေးတွေ၊ လူကြီးတွေနေတဲ့အိမ်ကြီးကို သွားပြီး ပါကေး ခင်း၊ ကြွေပြားခင်း၊ ကြွေပြားကပ်အလုပ်ကို အကူအလုပ်သမား အဖြစ် လုပ်ခဲ့ပါတယ်။ အဖိုးတန်ပစ္စည်းတွေထားတဲ့ ဗီရိုကြီး အခင်းမှာ စိန်၊ ရွှေ၊ ရတနာ ပစ္စည်းထည့်သေတ္တာငယ်တစ်လုံး၊ တန်ဖိုးကြီးအဝတ်အထည် ထုပ်ထားတာကို တွေ့ရပါတယ်။ ဘယ်လို ခိုးယူရင် ကောင်းမလဲ စဉ်းစားခဲ့ပါတယ် ဆရာ"

"ခင်ဗျား တစ်ယောက်တည်းလား"

"လုပ်တဲ့နေ့က ကျားကြီး (ခ) နွားကြီးပါတယ် ဆရာ"

"ကျားကြီး (ခ) နွားကြီးက သော့ဖွင့်ဝိဇ္ဇာပါဆရာ၊ သူက သံချောင်းကလေးတွေနဲ့ သော့မျိုးစုံဖွင့်တတ်တဲ့ ကျွမ်းကျင်သူပါ။ ဒါကြောင့် သူ့ကို တစ်ရက်တည်း အကူအလုပ်သမားအဖြစ် ခေါ်ခိုင်းရင်က သူဖွင့်ရမယ့်သော့ပုံစံ၊ အမျိုးအစားတွေကို ကြည့်ရှုလေ့လာစမ်းသပ်ခဲ့ပါတယ်"

ရဲအုပ် ကျော်စိန်လင်းသည် ပူးပေါင်း တပ်ဖွဲ့တပ်များအား ကျားကြီး (ခ) နွားကြီး၏ အချက်အလက်၊ အခြေအနေများကို ယူပြီး ကျားကြီးကို ဖမ်းဆီးစေသည်။ ကျားကြီး အိတ်တစ်လုံးဖြင့် ထွက်သွားကြောင်း သတင်းရရှိသည်။ ထို့ကြောင့် အောင်မင်္ဂလာ အဝေးပြေးကား ဂိတ်ကြီး၊ လှိုင်သာယာအဝေးပြေး ကားဂိတ်ကြီး များရှိ ရဲတပ်ဖွဲ့ဝင်များနှင့် ဆက်ကြောင်းယူစေသည်။ မော်လမြိုင်၊ ဘားအံဘက်သို့ ထွက်ခွာမည့် ကားဂိတ်တွင် ကျားကြီးကို ဖမ်းဆီး ရမိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကိုပြောင်ကြီး ဖောက်ထွင်းပုံကို ဆက်ပြောပါဦး"

"( ) နေ့ ညနေ (၆) နာရီခန့်မှာ မင်းကြီးကတော် ဒေါ်စိန်မမနဲ့ သမီးခင်ပပတို့ မင်္ဂလာဆောင်ကို သွားကြတယ်။ သူတို့သားကြီး ကက်နက်စိန်ဟာ မူးယစ်ဆေးသောက်ပြီး ဗွီစီဒီ ခွေကြည့်ပြီး ကနေပါတယ်။ အသံအကျယ်ကြီး ဖွင့်၊ တံခါး ပိတ်ပြီး ကခုန်နေပါတယ်။ ဒီအချိန်ကို အခွင့်ကောင်းယူပြီး ကျားကြီးကသော့ဖွင့်၊ ကျွန်တော်က မီးခံသေတ္တာငယ်တစ်လုံးနဲ့ အဝတ်ထုပ်တစ်ထုပ်ကိုယူပြီး အရင်ပြန်လာပါတယ် ကျားကြီးက တော့ အခြားအလုပ်သမားတွေနဲ့အတူ ပြန်ပါတယ်"

"ဘာ ပစ္စည်းတွေပါသလဲ"

"စိန်၊ ပတ္တမြား၊ ကျောက်စိမ်း၊ ပုလဲပစ္စည်းမျိုးစုံ (၁၂၄) မျိုးနဲ့ ပိုးချိတ်ပုဆိုး၊ ထဘီ၊ တိုက်ပုံ၊ ပဝါ၊ စိန်ကတ္တီပါဖိနပ် (၃) စုံ၊ (၃) မျိုးစီပါ ပါတယ်ဆရာ"

"ဘယ်လို ခွဲဝေယူကြလဲ"

"အမျိုးတူ အရွယ်တူ အရောင်တူပုံပြီး ကြိုက်တာယူ စနစ်နဲ့ ခွဲဝေယူပါတယ်ဆရာ၊ ပိုးချိတ်ပုဆိုး၊ ထဘီ (၂) စုံကို ကျွန်တော် က ယူပြီး ကျားကြီးက တစ်စုံ ယူပါတယ် ဆရာ"

"အဲဒီ ခွဲတမ်းရပစ္စည်းတွေ ဘယ်မှာလဲ"

"တချို့အိမ်မှာ ရှိပါသေးတယ်၊ တချို့ကို ညိုကြီးက ရောင်း ပေးပါတယ် ဆရာ"

"ကဲ ဒါဆိုရင် ကိုပြောင်ကြီး အိမ်မှာကျန်တဲ့ ပစ္စည်းတွေ သွားသိမ်းကြမယ်၊ ရှာဖွေပုံစံနဲ့ သိမ်းရမယ်ပေါ့ဗျာ"



"ဟုတ်ကဲ့ဆရာ ဟုတ်ကဲ့ပါ ဆရာ"

ရဲအုပ် ကျော်စိန်လင်းသည် ပြောင်ကြီး၏ နေအိမ်တွင် ၎င်း၏ဖနီးသိမ်းထားသော ပစ္စည်းလက်ကျန်များကို သိမ်းယူ သည်။ အထူးအဖွဲ့မှ အခြားတပ်ဖွဲ့တွင် ကျားကြီး (ခ) နွားကြီး ကလည်း ပြောင်ကြီးထွက်ချက်အတိုင်း ထွက်ဆိုခဲ့သောကြောင့် ကျားကြီးနေအိမ်မှ လက်ကျန်ပစ္စည်းများကိုပါ ရှာဖွေပုံစံဖြင့် တစ်ပါတည်း သိမ်းဆည်းရမိလေသည်။

## (၅)

ရဲအုပ် ကျော်စိန်လင်းသည် ပြောင်ကြီးနှင့် ကျားကြီးတို့ ခွဲတမ်းရပစ္စည်းများကို ထုခွဲရောင်းချပေးသော ညိုကြီးကို စစ်ဆေး ဖော်ထုတ်ပြီး ကျန်ပစ္စည်းများကို သိမ်းဆည်းရန်ဆက်လက် ဆောင်ရွက်သည်။

"ကဲ ကိုညိုကြီး ပြောင်ကြီးနဲ့ ကျားကြီးတို့ ထွက်ဆိုတဲ့ အတိုင်း ခင်ဗျားရောင်းပေးခဲ့တဲ့ ဆိုင်၊ လူပုဂ္ဂိုလ်၊ နေအိမ်တွေ ကို တိတိကျကျ ပြောပါ။ ခင်ဗျားက ပစ္စည်းရောင်းပေးရတဲ့ သူဆိုတော့ ပစ္စည်းတွေပြန်ရရင် ခင်ဗျားအတွက် အဆင်ပြေ တာပေါ့"

ညိုကြီးမှာ သူခိုးလက်မှ သူဝှက်လုဆိုသော သူဖြစ်နေသည်။ ရောင်း၍ရသော သိန်း (၅၀) ရပါက သိန်း (၂၅) သိန်းသာ ရသည်ဆိုပြီး (၂၅) သိန်းကို သူက ဖြတ်စားနေသူဖြစ်သည်။ ထို့ကြောင့်လည်း ညိုကြီးမှာ တစ်ထပ်အိမ်ဖြင့် ချမ်းချမ်းသာသာ

www.burmeseclassic.com

www.burmeseclassic.com



နေထိုင်လျက်ရှိသည်။ "ဆရာ ကျွန်တော်က ဖောက်ထွင်းသူခိုး မဟုတ်ပါဘူးဆရာ၊ သူတို့ ပစ္စည်းတွေကို ရောင်းပေးရသူပါ"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ကျွန်တော်ကလည်း ခင်ဗျား ရောင်းပေးခဲ့တဲ့ ပုဂ္ဂိုလ်တွေကို ညွှန်ပြဖို့၊ ပြသဖို့ပါပဲ၊ အဲဒီလူတွေဆီက ပစ္စည်းပြန်ရရင် ပြီးတာပါပဲ ဗျာ"

ညိုကြီးသည် သူရောင်းခဲ့သော ကုလားသူဌေးအိမ်ကို ညွှန်ပြသည်။ ကင်းပုန်းချပြီး ခေါ်ယူစစ်ဆေးသည်။ စိန်နားကပ်တစ်ရန်၏ တန်ဖိုးမှာ စိန်အကဲဖြတ်များ၏ ဖြတ်ဈေးအရ ငွေကျပ်သိန်း (၆၀၀) တန်သည်။ ကုလားသူဌေးက ငွေကျပ်သိန်း (၅၀) ဖြင့်သာ ဝယ်ယူခဲ့သည်။ ပစ္စည်းကို အပ်နှံသောကြောင့် ရှာဖွေပုံစံဖြင့် သိမ်းယူခဲ့သည် အခြားသော ပစ္စည်းဝယ်ယူသူများအနေဖြင့်လည်း (သူခိုးလက်ခံ တရားခံ) အပါမခံနိုင်သောကြောင့် မိမိတို့ အသီးသီး ဝယ်ယူခဲ့သော ပစ္စည်းများကို ပြန်လည်အပ်ပေးကြသည်။ ပစ္စည်းအပ်နှံသူ (၁၀) ဦးတို့ထံမှ ငွေကျပ် သိန်းပေါင်း (၁၆၀၀) ဖိုး၊ ဖောက်ထွင်းခိုးယူပစ္စည်းများ ပြန်လည်ရရှိခဲ့လေသည်။ စိန်ရွှေအကဲဖြတ်နှင့် ဒေါ်စိန်မမတို့ကလည်း ပစ္စည်းများ မှန်ကန်ကြောင်း ထွက်ဆိုသည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ (ဒန) (စစရ) (မှုးယစ်) ပူးပေါင်းတပ်ဖွဲ့၏ တာဝန်ခံအမှုကိုင် ရဲအုပ် ကျော်စိန်လင်းသည် မိမိ၏လုပ်ငန်းတာဝန်များ ပြီးဆုံးပြီဖြစ်သည်။ မင်းကြီးထံသို့ အစီရင်ခံ တင်ပြသည်။ အမိန့်အတိုင်း မြို့နယ်ရဲတပ်ဖွဲ့တရားစွဲအဖွဲ့မှ တရားစွဲနိုင်ရန် လွှဲအပ်လိုက်လေသည်။



(၆)

မြို့နယ်ရဲတပ်ဖွဲ့မှ အမှုကိုင်အရာရှိ ဒုရဲအုပ်ဝင်းမြင့်သည် အမှုကို လွှဲပြောင်းလက်ခံပြီး စစ်ကြောရေးလုပ်ငန်းဆက်လက်ဆောင်ရွက်သည်။ တရားခံ ပြောင်ကြီး၊ ကျားကြီး (ခ) နွားကြီး၊ ညိုကြီးတို့က ဝန်ခံဖြောင့်ချက်ပေးကြသည်။ သက်ဆိုင်ရာ တရားရုံး တရားသူကြီးထံ ခေါ်ဆောင်သွားပြီး ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဖြောင့်ဆိုချက်ကို လွတ်လပ်စွာ ဖြောင့်ဆိုချက် ရယူခဲ့သည်။

အမှုမှာ ခရိုင်တရားရုံးတော်သို့ တင်ပို့စွဲဆိုရမည့် ပြစ်မှုအတန်းအစားဖြစ်သည်။ ထို့ကြောင့် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးသို့ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀/ ၁၁၄ တို့ဖြင့် တရားစွဲဆိုတင်ပို့သည်။

ရုံးတော်မှ ပြစ်မှုကြီး အမှတ် (၀၀၇/ ၂၀၁၂) ဖြင့် တရားလို၊ တရားလိုပြသက်သေများ၊ စိန်ရွှေရတနာအကဲဖြတ်များ၏ ထွက်ဆိုတင်ပြချက်များကို စစ်ဆေးသည်။ တရားခံများက မိမိတို့၏ ဖြောင့်ဆိုချက်များအပေါ် တစ်စုံတစ်ရာ တင်ပြရန်မရှိကြောင်း ဤရုံးတော်ရှေ့တွင် ဆက်လက်ထွက်ဆိုဖြောင့်ဆိုကြသည်။ စွဲချက်တင်မှုအပေါ်တွင် အပြစ်ရှိကြောင်း ဝန်ခံကြသည်။ ရုံးတော်မှ အပြီးသတ်အမိန့်ချမှတ်ရန် ချိန်းဆိုခဲ့သည်။

ဤနေ့သည် ပြောင်ကြီးကျားကြီး (ခ) နွားကြီး၊ ညိုကြီးတို့၏အမှုကို အပြီးသတ်အမိန့်ချမှတ်မည့်နေ့ဖြစ်သည်။ တရားခံ (၃) ဦးတို့၏ဇနီး၊ သားသမီး၊ မိဘဆွေမျိုးများသည်လည်း ဘည်း

www.burmeseclassic.com

www.burmeseclassic.com



ထိတ်ရင်ဖိုစွာဖြင့် ရုံးတော်ရှေ့ တရားခွင်သို့ ရောက်ရှိနေကြသည်။ တရားခွင် စာရေးက အမှုခေါ်သည်။ တရားခံများအား လုံခြုံရေးဖြင့် တရားခွင်သို့ ခေါ်ဆောင်လာသည်။ တရားသူကြီး တရားခွင်သို့ တက်ရောက်လာသည်။ အားလုံး အရိုအသေပြုကြသည်။

**"အမိန့်"**

တရားခံ ပြောင်ကြီးနှင့် တရားခံ ကျားကြီး (ခ) နွားကြီးတို့သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၈၀ ကို ပြုလုပ်ကျူးလွန်ကြောင်း ထင်ရှားသောကြောင့် အလုပ်နှင့်ထောင်ဒဏ် (၇) နှစ် စီကျခံစေ။ တရားခံညိုကြီးသည် ပြစ်မှုပုဒ်မ ၃၈၀/ ၁၁၄ အရ အပြစ်ရှိသောကြောင့် ထောင်ဒဏ် (၅) နှစ် ကျခံစေ သက်သေခံပစ္စည်းများကို ပိုင်ရှင်သို့ ပြန်လည်ပေးအပ်စေ။

တရားခံများ၏ မိသားစုများ မျက်ရည်ချောင်းစီးမတတ် ငိုကြွေးကြလေသည်။

(ဘယ်သူမပြု မိမိမှု)

(ရာဇဝတ်ဘေး ပြေးမလွတ်)

❒




www.burmeseclassic.com

www.burmeseclassic.com

၄

## သိပ်ချစ်တယ်ဆိုတဲ့ ကိုကို

(၁)

"မင်္ဂလာ ညချမ်းပါရှင်"

"ဩော်...ဟုတ်ကဲ့ရှင် ဗိုလ်ကြီးမောင်မောင်မြင့်နဲ့ မစိမ့်စိမ့်စိုး တို့ရဲ့ DINER အပေါ်ထပ်မှာပါ ကြွပါရှင်"

နံနက်ပိုင်းတွင် စီဒိုးနားဟိုတယ်ကြီးတွင် ကျင်းပခဲ့သော မင်္ဂလာသတို့သား ဗိုလ်ကြီးမောင်မောင်မြင့်နှင့် မင်္ဂလာသတို့သမီး မစိမ့်စိမ့်စိုးတို့က သူငယ်ချင်းအပေါင်းအသင်း ရောင်းရင်းများကို ရန်ကုန်ဆိပ်ကမ်းတွင်ရှိသော နန်းသီတာဟိုတယ် BACHELOR NIGHT၊ လူပျိုည၏ နောက်ဆုံးနေ့ ညစာစားပွဲ ကျင်းပချိန်ဖြစ်သည်။ သတို့သားဘက်မှ သူငယ်ချင်းများ၊ သတို့သမီးဘက်မှ သူငယ်ချင်းများ ဝင်လာမစဲ တသဲသဲ။

"လာ သူငယ်ချင်း၊ မင်းတို့က ဒီဘက်ခြမ်းမှာ ထိုင်ကြ"

"လာဟေ့ သူငယ်ချင်း၊ ယူတို့က ဟိုဘက်မှာ ထိုင်ကြ"

ဗိုလ်ကြီး မောင်မောင်မြင့်နှင့် စိမ့်စိမ့်စိုးတို့သည် သူတို့၏ သူငယ်ချင်းများကို မျက်နှာချင်းဆိုင်ထိုင်နိုင်ကြစေရန် စီစဉ်ပေး



ကြသည်။ အားလုံးကို မိတ်ဆက်ပေးကြသည်။

"ကဲ... ကိုယ့် သူငယ်ချင်းတွေကိုလည်း ကိုယ်ကပဲ စတင် မိတ်ဆက်ပေးမယ်"

"သူက ဗိုလ်ကြီးဝင်းမြင့်၊ သူက ဗိုလ်ကြီးမြင့်လွင်၊ သူက ဗိုလ်ကြီးထွန်းထွန်း၊ သူကတော့ ဗိုလ်ကြီးဟောင်း အောင်တေဇ (ခ) ကိုကိုအောင်"

"စိမ့်စိမ့်ကလည်း စိမ့်သူငယ်ချင်းတွေကို မိတ်ဆက်ပေးပါ မယ်။ သူက ဇင်မာတဲ့၊ သူက ဆွေဆွေ"

"သူက မရင်၊ သူကတော့ မေသူကျော်တဲ့"

"ကဲ... သုံးဆောင်ကြရအောင်"

"ချီးယား... ချီးယား... ချီးယား..."

ယောကျ်ားသားတွေက ရက်လေဘယ် သောက်ကြသည်။ မိန်းကလေးများကတော့ စပိုင်ဝိုင်သောက်ကြသည်။ ဖွန်းသံ၊ ပန်းကန်သံ၊ ဖန်ခွက်လှုပ်ရှားမှုအသံတို့သည် ဂီတသံများကဲ့သို့ ညင်သာစွာ ကြားနေရလေသည်။

ရန်ကုန်မြစ် ရေပြင်တွင် လှုပ်ရှား တိုက်ခတ်နေသည့် လှိုင်းမှတ်သံကလေးများကလည်း နန်းသီတာဟိုတယ်ကြီး၏ အပေါ်ထပ်တွင် ညစာ သုံးဆောင်နေသူတို့အား လက်ခုပ်လက်ဝါး တီးပြီး အားပေးနေသည်ဟု ဆိုချင်သည်။ မြစ်ပြင်ရေကို ဖြတ်သန်းတိုက်ခတ်နေသည့် လေပြည်လေညင်းကလေးများကလည်း (အဲယားကွန်း) လေအေးစက်များ၏ တာဝန်ကို ယူနေလျက်ရှိ ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်သော အပေါင်းအသင်းရောင်းရင်းတို့သည် လိပ်စာကတ်ကလေးများ ပေးခြင်းတို့ဖြင့် မိတ်သဟာယ ဂဟေဆက်နေကြလေသည်။ ဘဲကင်၊ ကြက်ကြော်၊ ငါးချဉ်စပ်၊ ယိုးဒယားဟင်းချို၊ ထမင်းကြော်၊ စားသောက်ဖွယ်ရာများလည်း စုံလှသည်။ ပွဲသွားကြော့ကြော့၊ ပွဲပြန်မော့မော့ ဆိုစကားအတိုင်း အချိန်တန်အိမ်ပြန်ချိန်မှာတော့ ဆက်ရက်၊ ငှက်သာရကာလေးများကဲ့သို့ လက်ရဲ၊ ဇက်ရဲ နှုတ်ဆက်ကြပြီး ပြန်ကြလေသတည်း။

(၂)

"ဟယ်လို အမိန့်ရှိပါရှင်"

"……"

"ဟုတ်ကဲ့ ကျွန်မ မေသူကျော်ပါ"

"……"

"သြော်… လာလည်လို့ ရပါတယ်"

"……"

"ဆန်းဒေးဆိုရင် ပိုပြီး အဆင်ပြေပါတယ်"

"……"

"လာနိုင်ပါတယ်ရှင် လာနိုင်ပါတယ်"

(မြင်မြင်ချင်းပဲကွယ် ချစ်မိကြိုက်မိတယ်)

သီချင်း စာသားလေးအတိုင်းပင် အောင်တေဇ (ခ) ကိုကိုအောင်သည် ဗိုလ်ကြီးမောင်မောင်မြင့်၊ စိမ့်စိမ့်စိုးတို့၏ ညစာစားပွဲနေ့က တရင်းတနှီးခင်မင်ခဲ့ရသော မေသူကျော်၏ မျက်နှာ



လေးကို တစိမ့်စိမ့်တွေးပြီး တရိပ်ရိပ် မြင်ယောင်မိနေသည်။ သူ၏ နှလုံးသားတွင် ဖြစ်ပေါ်နေသော အတွယ်အတာကို မလွန်ဆန်နိုင်သောကြောင့် အိမ်သို့လာလည်လိုကြောင်း တောင်းဆိုလိုက်ခြင်း ဖြစ်သည်။

"ကလင်… ကလင်… ကလင်"

ခြံဝမှ ဘဲလ် တီးသံကြား၍ကြည့်လိုက်ရာ ကိုအောင်တေဇ (ခ) ကိုကိုအောင် ဖြစ်နေသည်။ တူမလေးအား သော့ဖွင့်ခိုင်းလိုက်သည်။ ကားပါခြံထဲ သွင်းခိုင်းလိုက်သည်။

"လာပါရှင်… ဇောပါ"

"အထုပ်အပိုးတွေကလည်း များလှချည်လား"

"စားစရာတွေပါ မမေသူ"

"ထိုင်ပါရှင့် ထိုင်ပါ"

"သြော်… မိတ်ဆက်ပေးရဦးမယ်။ ဒါက အန်တီသိန်းသိန်းတဲ့ မေသူ့အဒေါ်ပါ။ သူက ဂျမ်းဘုံတဲ့ မေသူရဲ့တူမပါ"

"တွေ့ရတာ ဝမ်းသာပါတယ်"

"ကျွန်တော်က အောင်တေဇ (ခ) ကိုကိုအောင်ပါ။ အရင်က တပ်မှာ ဗိုလ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အခုတော့ဆောက်လုပ်ရေးမှာ အင်ဂျင်နီယာမှူးပါ"

"ကဲ… စကားပြောကြဦး အန်တီမားဖို့ စီစဉ်လိုက်ဦးမယ်။ ဈေးသွားလိုက်ဦးမယ်။ မောင်ရင် ထမင်းစားပြီးမှ ပြန်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့... အန်တီ၊ ဟုတ်ကဲ့ပါ"

ဒေါ်သိန်းသိန်းနှင့် ဂျမ်းဘုံတို့ ဈေးသို့ သွားကြလေသော ကြောင့် ကိုကိုအောင်နှင့် မေသူကျော်တို့ တစ်ဦးနှင့်တစ်ဦး လွတ်လပ်စွာ စကားပြောဆိုရန် အခွင့်အလမ်းများ ဖြစ်ပေါ်နေ သည်။

"မေသူ ဘယ် တက္ကသိုလ်မှာ ဘွဲ့ယူခဲ့လဲ"

"ရန်ကုန်တက္ကသိုလ်မှာပါ BA, BUSSINESS SCIENCE (2002), DIP IN IR (2010), DIPIN BUSINESS LAW (2011), DIPIN SOCIAL WORK (2011) ဘွဲ့တွေ ယူခဲ့ပါတယ်"

"ကျွန်တော်က ပြင်ဦးလွင်မှာ အင်ဂျင်နီယာကျောင်းဆင်းပြီး (ဂျီအီးတပ်) မှာ ဗိုလ်ကြီးအဖြစ် တာဝန်ထမ်းခဲ့ပါတယ်။ တပ်က ထွက်ပြီး ဆောက်လုပ်ရေးမှာ အင်ဂျင်နီယာမှူးအဖြစ် တာဝန် ထမ်းနေပါတယ် မမေသူ"

"မေသူလို့ ခေါ်မယ်နော်"

"ရပါတယ် ကိုအောင် ကြိုက်သလို ခေါ်ပါ"

မျက်လုံးချင်း စကားပြောနေကြသော ကိုကိုအောင်နှင့် မေသူ တို့သည် မိတ်ဆွေသင်္ဂဟ အနေအထားမှ သမီးရည်းစား အခြေ အနေသို့ တစ်ဆင့်ပြီးတစ်ဆင့် ကူးပြောင်းခေါ်ဝေါ်သုံးနှုန်းနေ ကြလေပြီ။ စနေ (သို့မဟုတ်) တနင်္ဂနွေနေ့တိုင်း စမ်းချောင်း သံတံတားလမ်းရှိ မေသူကျော်တို့ နေအိမ်သို့ အောင်တေဇ (ခ) ကိုကိုအောင်လာလည်ခဲ့သည်မှာ ချောင်းပေါက်မတတ်ဟု ဆို ရမလောက်ပင်။ ယောကျ်ားကြိုက်တော့ စိုက်စိုက်လာ။



ချစ်ခြင်းမေတ္တာတရားတို့သည် နီးစပ်မှုမှ ပေါက်ဖွားသည်ဟု အချစ်ဗိသုကာကြီးများ၏ အဆိုအမိန့်အတိုင်း၊ ဘုရားသွား၊ ကျောင်းတက်၊ ရှော့ပင်ဈေးဝယ်ထွက်၊ အချစ်သဒ္ဓါတရား၊ မေတ္တာ ပွားနေကြလေပြီ။ ပုထုဇဉ် လူသားတို့၏ သဘာဝတရားအရ သဒ္ဓါလွန်လျှင် တဏှာကျွံတတ်ကြတော့မည် ဖြစ်လေသည်။ မိန်းမကြိုက်တော့ မျှော်လိုက်ခါ။

## (၃)

၂၀၁၁ ခုနှစ်၊ ခါသကြိန်ကာလ အခါသမယတွင် ဖြစ် သည်။ မြင်းခြံမြို့တွင် နေထိုင်ကြသော မိဘနှစ်ပါးနှင့်အတူ ဥပုသ်သီတင်းဆောက်တည်ရန်အပွက် မေသူကျော် မြင်းခြံမြို့ နေအိမ်သို့ ပြန်ခဲ့သည်။

မေသူကျော်အပေါ်သို့ သိပ်ချစ်နေရသော ကိုကိုအောင်သည် သိပ်ချစ်ရလို့ စိတ်ညစ်ရသော ဝေဒနာကို မခံစားနိုင်အောင် ခံစားနေရလေသည်။ မေသူကျော်အပေါ် အဘယ်ကြောင့် (ခရေဇီ) ဖြစ်နေရလေသလဲ သူ့ကိုယ်သူ မစဉ်းစားတတ်တော့။ ပုထုဇနော ဥမ္မတကော။

နဖူးပေါ် လက်တင်ပြီး စဉ်းစားခန်း ထုတ်လိုက်သည်။ တစ်ရေးနိုးသော် အကြံပေါ်လေပြီ။

"ဟယ်လို... ပြောပါ ကျွန်တော် မောင်မောင်မြင့်ပါ"

"ဟေး... ငါပါကွ"

"ဟော့ကောင်... မင်း မေသူကျော်တို့အိမ်ကို ချောင်းပေါက် မတတ် လှုပ်ရှားနေတယ်လို့ သတင်းရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လေစွ၊ မှန်လေစွ၊ အဲဒီကိစ္စအတွက် မင်းတို့လင်မယားကို အကူအညီ တောင်းမလို့"

"ဆိုဗျာ ဘယ်လို ကူညီရမလဲ"

"ဒီလိုကွာ မင်းတို့လင်မယားကို ပုဂံဟန်းနီးမွန်း ထွက်ဖို့ ငါ ဒကာခံမယ်။ မြင်းခြံအိမ်ရောက်နေတဲ့ မေသူကျော်ကို ဝင်ခေါ်မယ်။ မိန်းမသားအဖော်ပါတော့ သူ့မိဘတွေ ထည့်ပေးအောင် မင်းတို့က ရေလာမြှောင်းပေး လုပ်ပေးရမယ်။ ငါ့ကား ပရာဒိုနဲ့ သွားကြမယ်"

"ဘယ်တော့ သွားမလဲ"

"သကြိန် အကျနေ့သွားမယ်"

"ဟုတ်ကဲ့ ဘောစေ့ အသင့်"

အောင်တေဇ (ခ) ကိုကိုအောင်၊ ဗိုလ်ကြီးမောင်မောင်မြင့်၊ စိမ့်စိမ့်စိုးတို့ လင်မယားသည် ဆိုင်းမဆင့် ဗုံမဆင့် မြင်းခြံမြို့ရှိ မေသူကျော်၏ မိဘနှစ်ပါး နေထိုင်သော နေအိမ်ခြံကြီးသို့ ရောက်ရှိလာကြသည်။

"ဟယ် စိမ့်စိမ့်တို့ပါလား။ ဘယ်က ဘယ်လို ရောက်ရှိလာကြတာလဲ"

"ရှူး ရှူး... မင်းရဲ့ ကိုကိုအောင်က တစ်နေ့မမြင်ရရှင် တစ်လလောက် ခံစားနေရတယ်တဲ့ကွာ"

ကိုကိုအောင်၊ ဗိုလ်ကြီးမောင်မောင်မြင့်၊ စိမ့်စိမ့်စိုးတို့သည် မေသူကျော်၏ မိဘများနှင့် မိတ်ဆက်ကြလေသည်။ ကိုကိုအောင်က သူ၏ မိဘများမှာ အငြိမ်းစားဗိုလ်မှူးစိန်လင်း၊ ဇနီး ဒေါ်သန်းသန်းတို့ ဖြစ်ပါကြောင်း (စိန်၊ ရွှေသစ္စာကုမ္ပဏီ)



လုပ်ငန်းကို လုပ်ကိုင်နေပါကြောင်း၊ သူဟာ ဆောက်လုပ်ရေးမှာ အင်ဂျင်နီယာမှူးဖြစ်ပါကြောင်း မိတ်ဆက်တင်ပြသည်။

မေသူကျော်နှင့်လည်း တစ်ဦးနဲ့တစ်ဦး သံယောဇဉ်ရှိသူများ ဖြစ်ပါကြောင်း၊ ကျွန်တော်တို့ဟာ အိမ်တစ်ဆောင်မီးတစ်ပြောင် နေနိုင်သူများ ဖြစ်ပါကြောင်း ပြောဆိုလေသည်။

အန်ကယ်တို့၊ အန်တီတို့အနေနဲ့ ဘယ်သားသမီးရဲ့ အိမ်ထောင်ရေးကိုမှ မစွက်ဖက်ဘူး။ အဲ ပညာရှိတွေပဲ။ ကိုယ့်ဘဝကို အဆုံးအဖြတ်ပေးနိုင်သူများဖြစ်၍ သမီးဆန္ဒသာလျှင် ဖြစ်ကြောင်း၊ ဆုံးမသြဝါဒပေးလေသည်။

ပုဂံသို့ ဘုရားဖူး ရေပက်ခံ သွားမှာဖြစ်လို့ မေသူကျော်ကိုပါ ထည့်လိုက်ပါရန် ပြောဆိုကြရာ မိန်းကလေးအဖော်ပါသောကြောင့် ခွင့်ပြုလိုက်ကြလေသည်။

## (၄)

အောင်တေဇ (ခ) ကိုကိုအောင်သည် ပညာတတ်၊ ရုပ်ချောသဘောကောင်း၊ မေသူကျော်အား စိတ်မချနိုင်သောကြောင့် သူ၏ နေအိမ်ခြံ၊ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်လမ်းသို့ ခေါ်ယူထားသည်။ တရားဝင်လက်ထပ် ထိမ်းမြားခြင်း မပြုရသေးသော်လည်း အတူတကွ ပေါင်းသင်းနေထိုင်လာကြသည်။

မိန်းမတို့၏ အာဝေနိတတရားအရ နှစ်လတိုင်တိုင် သွေးမပေါ်သောကြောင့် (အာရှတော်ဝင်ဆေးရုံကြီး) တွင် ဆေးစစ်ခံသည်။ ကိုယ်ဝန် နှစ်လကျော်ရှိနေပြီဖြစ်ကြောင်း သိရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မေသူကျော်၏ တောင်းဆိုချက်အရ မင်္ဂလာဆွမ်းကျွေးအလှူ အဖြစ် စာသင်တိုက်ကြီးရှိ သံဃာတော် (၅၄) ပါးတို့အား ဆွမ်းကပ်သည်။ တရားလွှတ်တော်ရှေ့နေကြီးနှင့် သက်သေများကို အသိအမှတ်ပြု ထိမ်းမြား လက်ထပ်စာချုပ်ပြုလုပ်၍ ထိမ်းမြားလက်ထပ်ကြသည်။

အောင်တေဇ(ခ) ကိုကိုအောင်သည် မေသူကျော်အား (ပရိနင်တယ်ကပ်ပဆူး) ခေါ် ကိုယ်ဝန်အားဆေးနှင့် တွဲပြီး ဆေးတစ်မျိုးကိုပါ ဂရုတစိုက် တိုက်ကျွေးသည်။ ချစ်သူကျွေးရင် သေဆေးတောင် စားရာဆိုသကဲ့သို့ဆေးများ သောက်လာခဲ့သည်။ နှစ်ပတ်ခန့်အကြာတွင် ရင်တုန်လာသည်။ ပျို့အန်လာသည်။ မူးရိပ် မူးရိပ် ဖြစ်လာသည်။ (ယောနိ) မိန်းမကိုယ်မှ သွေးဆင်းသောကြောင့် ဆေးရုံသို့ သွားရောက်ပြသခဲ့ရာ မေသူကျော်၏ ကိုယ်ဝန်မှာ ပျက်ကျသွားခဲ့ရလေပြီ။

အောင်တေဇ (ခ) ကိုကိုအောင်သည် ဆောက်လုပ်ရေး ပရောဂျက်တစ်ခုရှိသောကြောင့် ဆိုကာ မန္တလေးမြို့သို့ လေးလ သွားရောက်နေထိုင်ခဲ့သည်။ မေသူက ကျန်းမာရေး အခြေအနေ ကောင်းသွားပြီဖြစ်ကြောင်း၊ သတိရကြောင်း ဖုန်းဖြင့် ဆက်သွယ် မေးမြန်းခဲ့သည်။ မေသူကသာ မကြာခဏ ဖုန်းဆက်မေးမြန်း ခဲ့သော်လည်း ကိုကိုအောင်သည် ဖုန်းပြန်လည်ဆက်သွယ်ခြင်း မပြုခဲ့၊ စိတ်ပါ လက်ပါမရှိ ဖြစ်နေသည်။

(တစ်သားမွေး တစ်သွေးလှ) ကျန်းမာရေး ကောင်းနေပြီ ဖြစ်သော ချစ်လှပါသည်ဆိုသည့် ဇနီးထံသို့ အဆက်အသွယ် မလုပ်တော့ပါ။ ထို့ကြောင့် ၎င်း၏ မိဘများထံသို့ စုံစမ်းခဲ့သည်။



မေသူအား အတွေ့မခံ။ ၎င်း၏ အဒေါ်ဖြစ်သူ ဒေါ်ချိုချိုက မေသူနှင့် ကိုကိုအောင်တို့ကို သဘောမတူကြောင်း၊ အခြား မိန်းကလေး တစ်ယောက်၏ မိဘများနှင့် စကားကျွံထားကြောင်း သိရလေသည်။

ကိုကိုအောင် ရန်ကုန်သို့ ပြန်ရောက်နေပြီဖြစ်သည်။ အိမ်သို့ ပြန်မလာ။ မေသူသည် ကိုကိုအောင်၏ သတင်းကို စုံစမ်းသည်။ ၎င်း၏ မိဘများ သဘောတူထားသည့် သက်သက်ခိုင်ဆိုသော မိန်းကလေးနှင့် သွားအတူ၊ လာအတူ၊ နေအတူ ထိုင်အတူ ဖြစ်နေကြောင်း မျက်မြင်ကိုယ်တွေ့ ဖြစ်ရလေသည်။

"အစ်ကိုအောင် မေသူ အားလုံး သိနေပါတယ်။ မေသူ တစ်ခုခုတော့ လုပ်ရလိမ့်မယ် အစ်ကို...။ အစ်ကို့ဆန္ဒ သဘော ထား ပြောပါ"

"မင်းနဲ့ ငါနဲ့ထိမ်းမြား လက်ထပ်စာချုပ်ဟာ တရားမဝင် ဘူး။ အရေးကြီး လက်မှတ်ရေး ဘာဆိုင်မရှိဘူး။ အတုပဲ ဒါ ကြောင့် မင်းကြိုက်ရာလုပ်"

"အစ်ကို မေသူကို သိပ်ချစ်တယ်ဆို၊ မေသူမှာ ဘာအပြစ် ရှိလဲ အစ်ကို၊ ရုပ်ရည်လည်း ကြည့်ပါ အစ်ကို၊ မေသူဟာ သက်သက်ခိုင်ထက် အများကြီးသာပါတယ်။ အစ်ကို အစ်ကို့ကို ဆေးဝတွေဝါးတွေနဲ့များ လုပ်ထားသလား စစ်ဆေးပါဦး အစ်ကို"

"ဒီမှာ မေသူ မင်းကို လုံးဝ (လုံးဝ) မုန်းလိုက်ပြီ။ မင်း အသံလည်း မကြားချင်ဘူး။ မင်းကြိုက်သလို လုပ်နိုင်တယ် ဒါပဲ"

www.burmeseclassic.com

www.burmeseclassic.com



မေသူကျော်သည် မိဘများကိုလည်း အသိမပေးလို၊ စိတ်ဝေဒနာမပေးလို၊ မိမိပြဿနာ၊ မိမိဘာသာဖြေရှင်းရန် ဆုံးဖြတ်သည်။ စိန်ဘရားသားဥပဒေအကျိုးဆောင်ထံသို့ သွားရောက်တင်ပြသည်။ အကူအညီ တောင်းခံလေသည်။ ဥပဒေအကျိုးဆောင်များ၏ အကြံပြုချက်အတိုင်း ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ ကာမကို လိမ်လည် လှည့်စားရယူပေါင်းသင်းမှုဖြင့် ဦးတိုက် လျှောက်ထား တရားစွဲဆိုလေသည်။ အောင်တေဇ (ခ) ကိုကိုအောင်နှင့် သက်သက်ခိုင်တို့၏ ထိမ်းမြားလက်ထပ်ကြောင်း သတင်းစာကြေညာချက်ကို တွေ့ရလေသည်။

(၅)

မင်္ဂလာဒုံမြို့နယ်တရား ရုံးတော်က ပြစ်မှုကြီးမှု အမှတ် (၀၀၇/ ၂၀၁၂)၊ ပြစ်မှုပုဒ်မ ၄၁၇ အရ တရားလို မေသူကျော်နှင့် သက်သေများကို စစ်ဆေးသည်။ တရားလိုဘက်မှ တင်သွင်းသော ထိမ်းမြားလက်ထပ် စာချုပ်၊ မင်္ဂလာဆောင်အထိမ်းအမှတ်အဖြစ် စာသင်တိုက်ကြီးတွင် သံဃာတော် (၅၄) ပါးတို့အား ဆွမ်းကပ်လှူဒါန်းခဲ့သော အထောက်အထားများ၊ အောင်တေဇ (ခ) ကိုကိုအောင်၏ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်လမ်းထိပ်ရှိ နေအိမ်ခြံကြီးတွင် အတူတကွ နေထိုင်ပေါင်းသင်းခဲ့သော အထောက်အထားများ၊ မျက်မြင်သက်သေထွက်ဆိုချက်များအရ ရုံးတော်မှ စွဲချက်တင်သည်။

တရားခံ အောင်တေဇ (ခ) ကိုကိုအောင်က အပြစ်မရှိကြောင်း ခုခံထွက်ဆိုသော်လည်း တရားလိုဘက်မှ တင်သွင်း



သည့် သက်သေခံ အထောက်အထားများနှင့် မျက်မြင်သက်သေတို့၏ ထွက်ဆိုချက်များကို ခုခံနိုင်ခြင်း မရှိခဲ့ပါ။ တရားခံပြသက်သေတို့က ထွက်ဆိုရာတွင် သက်သေ အထောက်အထားများနှင့် တရားလို၊ လိုပြသက်သေများ၏ ထွက်ဆိုချက်များကို ကျော်လွှားနိုင်ခြင်း မရှိ၊ ခုခံနိုင်စွမ်း မရှိခဲ့ပေ။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ ၏ ပြစ်ဒဏ်မှာ ယခင်က ရာဇသတ်ကြီးဥပဒေတွင် ထောင်ဒဏ် (၁) နှစ်သာ ရှိခဲ့သည်။ သို့ရာတွင် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၏ ၂၀၁၂၊ ပြည်သူ့လွှတ်တော်မှ ပြစ်မှုပုဒ်မ ၄၁၇၏ ပြစ်ဒဏ်ကို ထောင်ဒဏ် [illegible]) နှစ်သို့ ပြောင်းလဲ ပြဋ္ဌာန်းခဲ့လေသည်။

တရားလိုဘက်၊ တရားခံဘက်၊ နှစ်ဖက် အကျိုးဆောင်ကြီးများမှ အပြီးသတ် လျှောက်လဲချက်များ ပေးခဲ့ပြီး ဖြစ်သည်။ တရားရုံးတော်မှ အမိန့်ချမှတ်ရန် ဒုတိယအကြိမ် ချိန်းဆိုထားခြင်းဖြစ်၍ ယနေ့ ရုံးချိန်းရက်တွင် အမိန့်ချဖြစ်မှာ သေချာနေသည်။ အမှုခေါ်သည်။ တရားသူကြီး တရားခွင်သို့ တက်ရောက်လာပြီဖြစ်သည်။

"အမိန့်"


အဘ ဦးစိန်လင်း၏ သား၊ အောင်တေဇ (ခ) ကိုကိုအောင်သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ ကို ကျူးလွန်ကြောင်း အထောက်အထားများ သက်သေထွက်ဆိုချက်များအရ ပေါ်လွင်ထင်ရှားသောကြောင့် ထောင်ဒဏ် (၂) နှစ် ကျခံစေ။

(သိပ်ချစ်တဲ့ ကိုကို စိတ်ညစ်ခဲ့ရပြီ။)

❐

www.burmeseclassic.com

www.burmeseclassic.com






## ဂျူးမလေး ချင်

"ဒုရဲအုပ် ဇာဇာထွန်း၊ ရောက်ရှိ သတင်းပို့"

"လွှတ်လိုက်ပါ ဆရာမြဝင်း"

"လေးစားပါတယ် ဇာဇာ ထိုင်ပါ"

"ဒုရဲအုပ်ဇာဇာကို ခေါ်ရတဲ့ အကြောင်းက ဒီလိုပါ... တစ်ဖက်နိုင်ငံရှိ နယ်စပ်ဒေသတွေမှာ ဒို့တပ်ဖွဲ့အတွက် အရေးပါတဲ့ သတင်းအချက်အလက်တွေ ရယူဖို့ ဖြစ်တယ်၊ အဲဒီနေရာဒေသမှာ လှုပ်ရှားဖို့ သင့်လျော်တဲ့ ဒို့တပ်ဖွဲ့ဝင်တွေထဲမှာ ရွေးချယ်လိုက်တော့ ဒုရဲအုပ်ဇာဇာနဲ့ အလိုက်ဖက်ဆုံး ဖြစ်နေတယ်၊ ဒါ့ကြောင့် ဇာဇာ စိတ်၊ ဆန္ဒသဘောထား သိချင်တယ်။"

"ပေးအပ်တဲ့တာဝန်ကို ထမ်းဆောင်ဖို့ အသင့်ပါမင်းကြီး"

(CONGRATULATION)

"လေးစားပါတယ်ဇာဇာ"

"လှုပ်ရှားရမယ့်ပုံစံက ဒီလိုကွာ"

တစ်ဖက်နိုင်ငံက စီးပွားရေးလောဘသားတွေရယ်၊ တစ်ဖက်နိုင်ငံမှာ ခြေကုပ်ယူထားတဲ့ အဖျက်သမား ပြည်ပသြဇာခံတွေဟာ တို့ပြည်တွင်းကို မူးယစ်ဆေးပြားတို့၊ ဖုံးပြုလုပ်လိုက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ယမ်းဘီလူးတို့ကို သွင်းနေတဲ့ အဖျက်သမားတွေ ရှိတယ်၊ ရဲဘော်က ပုံစံအမျိုးမျိုး၊ လှုပ်ရှားမှုအသွယ်သွယ်နဲ့ ယုတ်စွအဆုံး မိန်းမမာယာသဲကိုးဖျာဆိုသလိုပေါ့ကွာ ရုပ်တည်လှုပ်ရှားပြီး တို့လိုချင်တဲ့ သတင်းအချက်အလက်ကို တို့ဆွေးမယ့်ဆက်ကြောင်းအတိုင်း လှုပ်ရှားဖို့ဖြစ်တယ်။ ဇာဇာရဲ့ရုပ်၊ ရူပါဒီဗိုင်းနဲ့ လိုက်ဖက်လို့ လူကြီးတွေက ရွေးပြီး တာဝန်ပေးတာပဲ”

“ဇာဇာ စွန့်လွှတ် စွန့်စားပြီး ဆောင်ရွက်ပါ့မယ်မင်းကြီး”

ဇာဇာထွန်းဆိုသော ဒုရဲအုပ်မိန်းကလေးမှာ နယ်ချဲ့အင်္ဂလိပ်တို့ မြန်မာနိုင်ငံသို့ ကျူးကျော်တိုက်ခိုက် သိမ်းယူသော အချိန်ကာလတုန်းက အင်္ဂလိပ်စစ်မှုထမ်းအဖြစ် ပါလာသော (ဂျူးလူမျိုး) စစ်သားနှင့် အကြောင်းပါသော ကရင်အမျိုးသမီးကြီးတို့မှ ပေါက်ဖွားလာသော ဂျူးလူမျိုး–မျိုးဆက်၊ ဂျူးမလေးဖြစ်သည်။

သူတို့ မိသားစုမျိုးဆက်တို့မှာ ဘိုကလေးဈေးလမ်း၊ ၄၂ လမ်းတို့တွင် အခြေစိုက်နေထိုင်လာခဲ့ကြသော ဂျူးမျိုးဆက်မြန်မာမိန်းကလေးဖြစ်ပေသည်။ ကြက်မှာအရိုး၊ လူမှာအမျိုး ဆိုရိုးစကားအတိုင်း အသားက ဖြူသည် မျက်လုံးက နီညိုရောင်၊ အရပ်က ၅ ပေ ၄ လက်မ၊ နှာတံပေါ်၊ မျက်ခုံးကောင်း၊ တင်၊ ရင်၊ ခါးအချိုးအဆစ် အလွန်ပြေပြစ်သည့် ခန့်ခန့်ချောချော ရဲအုပ်တစ်ယောက် ဖြစ်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ တာဝန်ပေးချက်အရ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုး တာဝန်ထမ်းဆောင်ရမှာ ဖြစ်လေသည်။ နယ်စပ်



ဒေသတို့ကား ကြမ်းသည်၊ ရမ်းသည်၊ လူသားတစ်ယောက်ကို ကြက်ကလေး၊ ငှက်ကလေးတစ်ကောင်ကဲ့သို့ မလိုလျှင် မလိုသလို သတ်ဖြတ်လေ့ရှိသည်။ ကိုယ့်ရွာမှာ ကြက်ဖ၊ သူများရွာမှာ ကြက်မပုံစံမျိုးနေထိုင်၊ သွားလာ၊ ဆက်ဆံရလေသည်။

ဇာဇာသည် (ဂျူးဂျူး (ခ) ဇင်မာ) ဟု မှတ်ပုံတင်၊ ပုံတူပြုလုပ်ကိုင်ဆောင်ပြီး မြဝတီမြို့ရှိ (တိမ်တမာန်ဟိုတယ်ကြီး) တွင် တည်းခိုနေစဉ်မှာ ဖြစ်သည်။ ဂျူးဂျူး၏ရူပါရုံ၊ ရုပ်အဆင်းကို တွေ့ရမြင်ရသော ဗိုလ်သတ္တဝါတို့သည် မိတ်သဟာယပြုလုပ်ကြသည်။ မိတ်ဖွဲ့လိုကြသည်။ ခင်မင်ရင်းနှီးလိုကြသည်။ ဂျူးဂျူးမှာလည်း မြဝတီမြို့မှာ မျက်နှာစိမ်းဖြစ်နေသောကြောင့် ကျိုးကန်းတောင်းမှောက်ဆိုသကဲ့သို့ နေထိုင်ဆက်ဆံရလေသည်။

“ညီမနာမည်က ဂျူးဂျူးတဲ့လား”

“ဟုတ်ကဲ့ရှင် ဂျူးဂျူး (ခ) ဇင်မာလို့ ခေါ်ပါတယ်”

“ကျွန်မနာမည် ဘယ်လိုသိလဲ”

“ကောင်တာမှာ စုံစမ်းကြည့်လို့ သိတာပါ”

“ညီမကို နိုင်ငံခြားသူလေးထင်လို့ စုံစမ်းကြည့်တာပါ”

“ညီမက မြန်မာနိုင်ငံသားစစ်စစ်ပါ လူမျိုးကတော့ ဂျူးလူမျိုးနွယ်က ဆင်းသက်လာတာပါ”

“အစ်ကို့နာမည်က မင်းအောင်နိုင်ပါ။ ဇာတိက တာချီလိတ်ကပါ မြဝတီမှာလာပြီး စီးပွားရှာနေတာပါ”

“ညီမကော ဘာအရောင်းအဝယ်လုပ်လဲ”

“ညီမ အမွေရထားလို့ ဘာလုပ်ရင် ကောင်းမလဲလာပြီး လေ့လာတာပါ အစ်ကို”

www.burmeseclassic.com

www.burmeseclassic.com



ဂျူးမလေးနှင့် မင်းအောင်နိုင်တို့သည် တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားဆိုသကဲ့သို့ ဟိုတယ်ကြီးတွင် အတူတည်းခိုနေကြရာမှ မိတ်ဆွေများဖြစ်ခဲ့ကြလေပြီ၊ ဂျူးမလေးအဖို့ အားကိုးတစ်ခုရလိုက်ခြင်းပင် ဖြစ်လေသည်။

နောက်တစ်နေ့တွင်ဖြစ်သည်။

"ဂျူးဂျူး အစ်ကို ချင်းမိုင်ကို သွားမယ်၊ လိုက်လည်ပါလား ဂက်စ်အိုး ဂက်စ်မီးဖိုရောင်းတဲ့ ကုန်သည်တွေနဲ့လည်း မိတ်ဆက်ပေးမယ် ဈေးကွက်ရှာကြည့်ပေါ့"

"ဝမ်းသာလိုက်တာ အစ်ကိုရယ် ညီမက တစ်ခါမှ ရောက်ဖူးတာ မဟုတ်ဘူးနော် အစ်ကို့ကို အားကိုးပြီး လိုက်ရမှာနော်"

"စိတ်ချပါညီမ၊ ဟိုက သူ့ဌေးတွေက ညီမကိုသဘောကျသွားလို့ အစ်ကို့ကို မေ့သွားပါဦးမယ်"

"ညီမ အဲဒီလိုစိတ်အပြောင်းအလဲ မလုပ်တတ်ပါဘူး အစ်ကိုရယ်"

ဂျူးမလေးနှင့် မင်းအောင်နိုင်တို့သည် ချင်းမိုင်ရှိ ကြယ်သုံးပွင့်ဟိုတယ်ကြီးတွင် အတူတည်းခိုကြသည်။ ဂက်စ်အိုးထုတ်လုပ်ရောင်းချသော ကုမ္ပဏီ၊ ဂက်စ်မီးဖိုထုတ်လုပ်ရောင်းချသော ကုမ္ပဏီ၊ စားဆီရောင်းချသော ကုမ္ပဏီ၊ အရောင်းပြခန်းတို့တွင် လှည့်လာကြသည်။ မြဝတီဘက်မှ တင်သွင်းမည့် ကုန်ပစ္စည်းများ၏ ဈေးနှုန်းနှင့် ချင်းမိုင်းဘက်မှ တင်သွင်းမည့် ကုန်ပစ္စည်းများ၏ဈေးနှုန်းကို ကိုက်ညှိကြသည်။ (ဘတ်တာစနစ်) ဖြင့် ကုန်ပစ္စည်းချင်းဖလှယ်သည့် နှုန်းထားများ ကိုက်ညှိကြသည်။



(၂)

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ ခန္ဓာငါးပါးကို ဦးဆောင်သော မင်းအောင်နိုင်၏ ရာဂတဏှာများကို တဏှာနယ်သူလေးဖြစ်သော ဂျူးမလေး မလွန်ဆန်နိုင်ပေ။ အကြင်နာတရားများ ယုံမှတ်ပုံအပ်နေကြလေပြီ။ ဂျူးမလေး ဂျူးဂျူး၏အလှအပနှင့် အကြင်နာတရားများတွင် မင်းအောင်နိုင်တစ်ယောက် နစ်မွန်းနေလေပြီ။ ကြယ်သုံးပွင့်အဆင့်ဟိုတယ်ကြီးတွင် ကောင်းကောင်းစား၊ ကောင်းကောင်းအနားယူ ဖိမ်ခံနေကြရသည်မှာ နတ်ဘုံ၊ နတ်နန်း၊ အံ့မခန်း။

"ဂျူး တို့မနက်ဖြန် ပြန်ကြမယ်၊ ဂျူးဂျူးကတော့ လာတဲ့လမ်းအတိုင်းပြန်၊ မြဝတီမှာ စောင့်၊ ကိုယ်ကတော့ ပစ္စည်းတွေ၊ ဂက်စ်အိုး၊ မီးဖိုတွေကို အောက်လမ်းနဲ့ အဝါရောင်လမ်းကြောင်းမပေါ်အထိ ပို့ပေးရမယ်၊ ပြီးတော့ တိမ်တမာန်ဟိုတယ်ကို လာခဲ့မယ်"

"ဂျူးဂျူးလိုက်လို့မရဘူးလား အစ်ကို"

"လိုက်လို့တော့ ရပါတယ် ဒါပေမဲ့ တစ်ခါတစ်ရံ လုံခြုံရေးတပ်ဖွဲ့တွေကို ရှောင်ရှားပြီး လှုပ်ရှားရတော့ ပင်ပန်းတာပေါ့ ဂျူး"

"အစ်ကိုနဲ့သာဆိုရင် ဘယ်တောင်ရိုးတက်ရ တက်ရ ဂျူးမပင်ပန်းပါဘူး လိုက်ချင်တယ်၊ ဘာလဲ အစ်ကိုက အစ်ကို့ဈေးကွက်၊ ရိုက်ကွက်ကို ညီမပေးရမှာစိုးလို့လား၊ ညီမ အလုပ်လုပ်တဲ့အခါမှာလည်း အစ်ကိုနဲ့အတူ လုပ်မှာပါ ညီမကို လက်တွေ့ သင်ပြီးခိုင်းပါ အစ်ကိုရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဒါဆိုလည်း ဂျူးသဘောပဲ မနက်ဖြန်ည (၁၀) နာရီ လောက် ဒီကစထွက်မယ်"

မင်းအောင်နိုင်၏ဂတ်စ်အိုး၊ ဂက်စ်မီးဖိုများနှင့် အခြားပစ္စည်းများ တင်ဆောင်လာသော (၁၂ – ဘီး)၊ ကုန်တင်ကားကြီးသည် တစ်ဖက်နိုင်ငံလမ်းကြောင်းမှ မြန်မာနိုင်ငံနယ်စပ်၊ အဝါရောင်လမ်းကြောင်းပေါ်သို့ တောအထပ်ထပ်၊ တောင်ကြောအသွယ်သွယ်မှ ဖြတ်သန်းလာခဲ့လေသည်။ မင်းအောင်နိုင်တို့ စီးလုံးငှားလာသော ဒဗလယ်ကတ်ကားသည် မီးနီပြသောလမ်းဘေး နေရာတွင် အစစ်ဆေးခံရသည်။ ပြီးတော့ မိမိ၏ကုန်တင်ကားကြီးနောက်သို့ လိုက်သွားရသည်။ အဝါရောင်လမ်းမပေါ်သို့ ပို့ပေးပြီး ငှားလာသည့် ဒဗလယ်ကတ်အငှားကား ပြန်သွားလေသည်။

အဝါရောင်လမ်းတွင် ကုန်တင် (၁၂–ဘီး) ကားကြီး၏ နောက်တွဲကို ချိန်းလိုက်ကြသည်။ ရှေ့တွဲ၊ ခေါင်းတွဲယာဉ်မှာ တစ်ဖက်နိုင်ငံသို့ ပြန်မောင်းသွားလေသည်။

(ဒေါင်းယောင်ဆောင်သော ကျီးမလေး) ဂျူးဂျူးသည် အဆင့် (၁)၊ အဆင့် (၂) ကုန်ပစ္စည်းတရားမဝင်နည်းလမ်းဖြင့် ရောင်းဝယ်ဖောက်ကားမှုလမ်းကြောင်း၊ သတင်းအချက်များ ရရှိခဲ့လေပြီ။ အဆင့် (၃) သတင်းအချက်အလက်များ မရသေးသောကြောင့် ခရမ်းရောင်နယ်မြေတွင် လှုပ်ရှားနေရလျက် ရှိသေးသည်။

မင်းအောင်နိုင်နှင့် ဂျူးမလေးတို့သည် လုပ်ငန်းခွင်တစ်ခု



ပြီးဆုံးသောကြောင့် တိမ်တမာန်ဟိုတယ်ကြီးတွင် အနားယူ အပန်းဖြေ၊ အကြံထုတ်နေကြသည်။ ဖိမ်ယစ်နေကြသည်။

"အစ်ကို၊ အစ်ကို့အလုပ်က သိန်း (၁၀၀၀) ကျော်ရတာတော့ မဆိုးပါဘူး၊ ဒါပေမဲ့ ဒီထက်ခွင်ကျင်းတဲ့ပစ္စည်းကိုင်ရင် ပိုပြီးလည်း အမြတ်ရမယ်။ တစ်ချီကောင်း နှစ်ချီကောင်းလုပ်ရင် တစ်သက်စာ ထိုင်စားလို့ရတာပေါ့"

"ဒီတစ်ခေါက် (ဆေးပြား) ကိုင်မယ်၊ ဝယ်လက်ဘက်ကိုလည်း အချိတ်အဆက်ရထားပြီးပြီ။ ဒီတစ်ချီ ဂျူးဂျူးကို တာဝန်ပေးမယ်။ ဒီဘက်လှမ်းကြောင်း၊ ဟိုဘက်လမ်းကြောင်း ချိတ်ထားပြီးပြီ။ ဂျူးဂျူးအတွက်လည်း သိန်း (၁၅၀၀) ပေးဖို့ စီစဉ်ထားတယ်"

"အိုကေ... စိန်လိုက်၊ ဂျူးဂျူးတို့ ဒီတစ်ချီ ချမ်းသာပြီ"

မင်းအောင်နိုင်နှင့် ဂျူးဂျူးတို့သည် တစ်ဖက်နိုင်ငံမှ စိတ်ကိုပြောင်းလဲရူးသွပ်စေနိုင်သည့် မူးယစ်ဆေးပြားများကို တစ်ဖက်နိုင်ငံလမ်းကြောင်းမှ မြန်မာနိုင်ငံ အဝါရောင်လမ်းမပေါ်သို့ အရောက်ပေးပို့ရောင်းချသော အလုပ်ကို ပြင်ဆင်လုပ်ကိုင်နေကြခြင်း ဖြစ်ပါသည်။

ဂျူးဂျူး၏ဦးဆောင်မှု၊ စွန့်စားမှု အောင်မြင်ပါသည်။ ဒီဘက်လမ်းကြောင်း၊ ဟိုဘက်လမ်းကြောင်းမှပုဂ္ဂိုလ်များလည်း ဂျူးဂျူးကို ဂုဏ်ပြုကြပါသည်။ တာဝန်ကျေသစ္စာရှိသူအဖြစ် အသိအမှတ်ပြုကြလေသည်။ "ဂျူးမလေးဂျင်" အတော်လည်းတဲ့ ဂျူးမလေးဟု ချီးမွမ်းကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၃)

ဂျူးမလေး ဂျူးဂျူး၏ လုပ်ရည်ကိုင်ရည်ကိုကြည့်ပြီး ချင်းမိုင်က ကုန်သည်ကြီးများ လုပ်ငန်းရှင်ကြီးများ ဂျူးမလေးအား မွေးချင်လာကြသည်။ ခိုင်းစားလိုကြသည်။ ဤအခြေအနေကို သိသော မင်းအောင်နိုင်မှာ ဂျူးဂျူးကို စိတ်မချနိုင်တော့ ဂျူးမလေး၏ ကာမပိုင်လင်ဖြစ်ချင်နေသည်။

"ဂျူး တို့မြဝတီတရားရုံးမှာ လက်ထပ်ကြစို့လားကွယ်"

"ဂျူးရဲ့ ခန္ဓာကိုယ်တစ်ခုလုံး၊ ဘဝတစ်ခုလုံးကို အစ်ကို ရထားပြီးပြီပဲ။ တရားရုံးမှာ လက်ထပ်ဖို့ လိုသေးသလား အစ်ကို ရယ်"

"အော် ဂျူးရယ်၊ မင်းဟာ ငါ့မယားဆိုတာ လူအများ သိသွားတော့ စိတ်အေးရတာပေါ့ အချစ်ရယ်"

"ဂျူးကတော့ လိုက်လျောဖို့ အသင့်ပါအစ်ကို၊ ဒါပေမဲ့ အစ်ကိုရဲ့သားကြီး၊ မယားကြီးတို့ကတော့ စိတ်ဆင်းရဲကြမှာပေါ့၊ နောင်အခါမှာ ပစ္စည်းရေးကိစ္စတွေအတွက်လည်း စိုးရိမ်ကြမှာပေါ့ အစ်ကို ဒါတွေလည်း ထည့်စဉ်းစားဦးပေါ့"

မင်းအောင်နိုင်နှင့် ဂျူးဂျူးတို့သည် ငါ ငါ ဆိုတဲ့ ခန္ဓာကိုယ်ကြီးကို ရယူပိုင်ဆိုင်ရန် အတွေးနယ်ချဲ့နေကြသည်။ တဏှာစိတ်မှသည် လောဘစိတ်၊ မောဟစိတ်တွေ လွှမ်းမိုးကြလေသည်။

"ဟာ... ဘောစိနဲ့တွေ့ချင်နေတာ အတော်ပဲ ကျွန်တော်တို့ ဘောစိက ခွင်ကြီးကြီးလုပ်ငန်းတစ်ခု လုပ်ဖို့ရှိလို့ ဘောစိ လာခဲ့ပါဦးတဲ့ ကျွန်တော် လာပြောတာ"



"ဟုတ်ကဲ့ ကျွန်တော် ဒီညနေလာတွေ့ပါမယ်လို့ ပြောပေးပါ"

ဟိုဘက်နိုင်ငံ၊ ဒီဘက်နိုင်ငံတို့တွင် ခွင်ကြီးကြီးလုပ်ငန်းများကို (ဘယ်သူသေသေ ငတေမာပြီးရော) လုပ်နေကြသူအချင်းချင်း ခွင်ရိုက်ကြရန် တိုင်ပင်ကြတော့မည် ဖြစ်သည်။

"ဟာ... လာ၊ ကိုမင်းအောင်နိုင် အေးအေးဆေးဆေးပေါ့"

"ဆရာကြီးမှာတယ်ဆိုလို့"

"ဟုတ်တယ် အေးအေးဆေးဆေးပေါ့ဗျာ၊ စားပါ သောက်ပါဦး"

"အလုပ်ကိစ္စ၊ တိုရှင်းလိုရင်း ပြောရမယ်ဆိုရင် အပြင်းစားယမ်း (ယမ်းဘီလူး) ဆိုကြပါစို့ဗျာ၊ အတိုအထွာအရံပစ္စည်းတွေလည်း ပါတယ်ပေါ့။ အဲဒီပစ္စည်းကို တစ်ဖက်နိုင်ငံဆက်ကြောင်းမှာယူပြီး တစ်ဖက်နိုင်ငံလမ်းကြောင်းကနေပြီးတော့ ကျွန်တော်တို့ နိုင်ငံဘက် အဝါရောင်လမ်းထိ သူတို့က ပို့ပေးမယ်။ ကျွန်တော်တို့က အဝါရောင်လမ်းကြောင်းမှာ လက်ခံရယူပြီး အဖြူရောင်လမ်းအထိ ပို့ပေးရမယ်။ U$ ဒေါ်လာ (၃) သိန်းရမယ်၊ အဲဒါ ခင်ဗျားနဲ့ ခင်ဗျားရဲ့ ဂျူးမလေးဂျင်တို့ လုပ်နိုင်ရင် လုပ်ပေးဖို့ တိုင်ပင်တာပါ"

"ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်တော် ဂျူးဂျူးနဲ့တိုင်ပင်ကြည့်ပါဦးမယ်၊"

"အဆင်ပြေအောင် လုပ်ပါ ဒီခွင်မျိုးက ရှားတယ်ဗျာ့"

"ဟုတ်ကဲ့ ဆရာကြီး ဒီကောင်မလေးက သိပ်ပြီးချမ်းသာချင်တာ သူ့ကိုငွေကိုသာ အရင်ပေးလိုက် အကုန်လုပ်ချင်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ပိုကောင်းတာပေါ့ဗျာ မနက်ဖြန် မနက် ကျွန်တော့်ဆီ သတင်းပို့ပါ၊ ဖြစ်အောင်လည်း လုပ်ပါ"

ဆရာကြီးဆိုသူမှာကား ဟိုဘက်နိုင်ငံ၊ ဒီဘက်နိုင်ငံ၏ နယ်စပ်ဒေသတွေမှာ လှုပ်ရှား လုပ်စားနေသူများ (ဆင်ကြီးများ) (ကျားကြီးများ) (ခြင်္သေ့ကြီးများ) ကို အစာကျွေးပြီး စီးပွားရှာစားနေသော ဝါရင့်သဘာရင့်ဆရာကြီးဖြစ်ပေသည်။

"(Good Morning) ကိုမင်းအောင်နိုင် မင်္ဂလာရှိသော နံနက်ခင်းမှာ မင်္ဂလာစကားကြားချင်တယ်ဗျာ"

"အဆင်ပြေပါတယ် ဆရာကြီး"

"အေး... ဒီလိုမှပေါ့ဗျာ"

"ဂျူးဂျူးက ပြောတယ် ဆရာကြီး၊ အဝါရောင်လမ်းက နေပြီး၊ အဖြူရောင် သတ်မှတ်နေရာအထိ ကားကို တက္ကစီကား မသုံးဘဲ ကိုယ်ပိုင်အနက်ရောင်ကားကို သုံးချင်တယ်တဲ့ ပစ္စည်းနဲ့အတူ သူတို့လူတစ်ယောက် ပါစေချင်တယ်တဲ့။ အဖြူရောင် သတ်မှတ်နေရာမှာ ပစ္စည်းလွှဲတဲ့အချိန်မှာ လွှဲမှာစိုးလို့တဲ့ ဆရာကြီး"

"ဒါမှန်တာပေါ့ ကျွန်တော်တို့ စီစဉ်ပေးရမှာပေါ့"

"နောက်ပြီး ဒီခရီးစဉ်မှာ ကျွန်တော့်ကို နေရစ်ပါတဲ့၊ ကျွန်တော်က လူသိများတဲ့သူဖြစ်လို့တဲ့"

"ဒါက ခင်ဗျားတို့အပိုင်းပဲ။ မလိုအပ်ရင် ကိုမင်းအောင်နိုင် မလိုက်နဲ့ပေါ့"

"ကဲ ဟုတ်ပြီ ဒါဆိုရင် ဒီည လုပ်ငန်းစမယ်၊ ရှေ့ ဟောဒီမှာ U$ ဒေါ်လာ (၃) သိန်း"



ကြက်သွေးရောင်သည်ဟိုက်အင်္ကျီ၊ ကြက်သွေးရောင်ပေါင်လယ်စကတ်၊ ဒိုင်ယာနာဆောင်းလေ့ရှိသော နေကြောက်ဦးထုပ်၊ နေကာမျက်မှန်ဇီးရောင်ဖြင့် ဂျူးမလေးဂျင်သည် လှချင်တိုင်း လှနေသည်။ ရွှေရောင်ဒေါက်ဖိနပ်က တဂွပ်ဂွပ်၊ အဝါရောင်လမ်းမှ အဖြူရောင်လမ်းအတိုင်း ပင်လယ်ရေမျက်နှာပြင်ထက် ပေ (၃၀၀၀) ရှိသော လမ်းတွင် ပန်းရနံ့များ၊ နှင်းရနံ့များ၊ လေပြည်လေညင်းလေးများ၏ ကောင်းချီးပေးမှုကို ခံစားရင်း တာဝန်ထမ်းရွက်နေလေသည်။

စစ်ကြောရေးဂိတ်များကို ဖြတ်သန်းရသည့်အချိန်တွင် ဂျူးမလေးဂျင်တစ်ယောက် ကားပေါ်မှ တက်လိုက်ဆင်းလိုက်လုပ်ရသည်မှာ မမောနိုင်၊ မပန်းနိုင်၊ မိန်းမမာယာသဲကိုးဖျာဖြင့် မူယာ၊ မာယာတွေ ပိုရသည်မှာလည်း အကယ်ဒမီမင်းသမီးလေး သရုပ်ဆောင်နေသလား ထင်ရမလောက်၊ ဖိုသတ္တဝါများ၏စိတ်အာရုံတို့မှာလည်း ဂျူးမလေး၏မို့မောက်သောရင်၊ တစ်ခွနေသောတင်၊ ဖြူဖွေးနေသော ပေါင်ဖြူဖြူလေးသို့ အာရုံစိုက်နေကြသည်။ သူမ၏အပြုံးမျက်လုံး၊ မျက်ခုံးကလေးများဖြင့် လက်ပြနှုတ်ဆက်လိုက်ချိန်တွင်ကား သူတို့ သူတို့၏ ရင်များ ဖိုသွားကြရလေသည်။

## (၄)

"ဟဲလို ကျွန်မ ဒေါ်ရိုစလင်းပါ ဂျူးဂျူးရဲ့အဒေါ်ပါ ကျွန်မ ကိုမင်းအောင်နိုင်နဲ့ တွေ့ချင်လို့ပါရှင်"

www.burmeseclassic.com

www.burmeseclassic.com



"အော်... ဟုတ်ကဲ့၊ ကျွန်တော် မင်းအောင်နိုင်ပါခင်ဗျား။ ဂျူးဂျူးကို ဘာပြောပေးရမလဲ"

"ဟုတ်ကဲ့ရှင့်၊ ဂျူးဂျူးရဲ့အမေ အသည်းအသန်နေမကောင်းလို့ ဆေးရုံတင်ထားရတယ် အမြန်မြန်လာပါလို့ ပြောပေးပါ"

"ဟုတ်ကဲ့ စိတ်ချပါ သူ ဒီနေ့ အပြင်သွားနေပါတယ်။ ဒီညနေ ပြန်လာပါမယ်။ မနက်ဖြန် ချမ်းမြေ့ကြွယ်ကားဂိတ်က ကားနဲ့ပြန်လာဖို့ ကျွန်တော် စီစဉ်ပေးလိုက်ပါမယ် ခင်ဗျား"

"ကျေးဇူးတင်ပါတယ်ရှင်"

ဂျူးဂျူး၏ကြေးတန်းစား တာဝန်ဝတ္တရားများကား ပြီးဆုံးပြီဖြစ်ပါသည်။ သို့ရာတွင် လုံခြုံရေးတပ်ဖွဲ့တို့ဖြင့် အဖြူရောင်လမ်းတွင် ဖမ်းဆီးခံရခြင်းသော်လည်းကောင်း၊ တိုက်ပွဲဖြစ်ပွားရလျှင်သော် လည်းကောင်း၊ ဂျူးမလေးဂျင်အပေါ် ဒေသခံသောင်းကျန်းသူများနှင့် အချိတ်အဆက်ရှိသူများ၊ တစ်ဖက်နိုင်ငံတွင် ခြေကုပ်ယူထားသော ပြည်ပသြဇာခံအဖျက်သမားအုပ်စုတို့က သံသဖြစ်နိုင်ပေသည်။ ထို့ကြောင့် နောက်တန်းမှ ပြန်ခေါ်ခြင်း ဖြစ်ပေသည်။

ညနေ (၅) နာရီခန့်တွင် ဖြစ်သည်။ ဖုန်များပေကျံနေသော ပရာဒိုကားတစ်စီး ဟိုတယ်ရှေ့သို့ ဆိုက်ရောက်လာသည်။

"မင်္ဂလာ ဂျူးဂျူး"

"မင်္ဂလာပါအစ်ကို"

"အားလုံး အဆင်ပြေပါတယ် အစ်ကို"

"နားလိုက်ပါဦး ဂျူး"



အဖြူရောင်လမ်းမ၊ အဝါရောင်လမ်းကြောင်းတို့မှ ပစ္စည်းပို့ပေးပြီး ပြန်ရောက်လာသော ဂျူးမလေးဂျင်ကိုမင်းအောင်နိုင်က ကြည်ဖြူစွာ ကြိုဆိုလိုက်လေသည်။

"ဂျူးဂျူး ရန်ကုန်က ဖုန်းလာတယ် ဂျူးရဲ့အဒေါ် ဒေါ်ရီစလင်းတဲ့။ ဂျူးရဲ့အမေ အသည်းအသန်နေမကောင်းဖြစ်လို့ ဆေးရုံတင်ထားရတယ်တဲ့၊ အစ်ကို မနက်ဖြန်ထွက်မယ့် ချမ်းမြေ့ကြွယ်ကားဂိတ်မှ ပြန်လာဖို့ စီစဉ်ပေးလိုက်ပါမယ်လို့ ပြောလိုက်တယ်၊ ကားလက်မှတ်လည်း ဖြတ်ထားပြီးပြီဂျူး"

"ကျေးဇူးပါပဲ အစ်ကို၊ အမေက ဖြစ်လိုက်ရင် အသည်းအသန် ဖြစ်လေ့ဖြစ်ထရှိတယ် အစ်ကို၊ ဒါ့ကြောင့် အစ်ကို့ကို အားကိုးနေရတာ"

"ကိုယ့်အပေါ် အချစ်ကိုလည်း ပုံအပ်ထားတယ်၊ စီးပွားရေးကိုလည်း အကျိုးတူလုပ်ပေးတယ်၊ ဒီလောက် လိမ္မာတဲ့ အချစ်လေးကို ဂရုမစိုက်လို့ ဘယ်ဖြစ်မလဲ အချစ်လေးရယ်"

(ဒေါင်းယောင်ဆောင်နေသော ကျီးမလေး) ဂျူးမလေးဂျင်သည် နံနက်မိုးသောက်အလင်းရောက်သည်နှင့် မြဝတီ၊ နယ်စပ်မြို့တော်ကြီးမှ ရန်ကုန်သို့ ပြန်လာခဲ့သည်။ ဝါ၊ ယာ၊ ကားလမ်းတစ်ဖက်တစ်ချက်မှ သစ်ပင်၊ ပန်းမာန်များ၊ ဆောင်းနှင်းပန်းများက သူတို့၏သဘာဝအမွှေးနံ့သာများဖြင့် ဂျူးမလေးကို နှုတ်ဆက်နေကြသည်ဟု ခံစားရသည်။ လမ်းကွေ့လမ်းကောက်များကလည်း ကားကြီးကို ပုခက်အသွင်ဖော့ကာ ရမ်းကာဖြင့် ဂျူးဂျူးကို အိပ်ငိုက်စေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်ငြိမ်သက်စွာ မောင်းနှင်လာသော လေအိတ်ကားကြီးသည် ခရီးသည်များ၊ အစားအသောက် သုံးဆောင်ရန်၊ ကျန်းမာရေး၊ သန့်စင်ရန်၊ ယာဉ်ရပ်နားဂိတ်ကြီးသို့ ဆိုက်ရောက်ချိန်တွင်မူကား တိတ်ဆိတ်မှုများ လွင့်ပါးသွားချေပြီ။ ကားဂိတ်မှ ခရီးသည်တို့ကို စားသုံးရန် ဖိတ်ခေါ်သံများက လွှမ်းမိုးသွားသည်။

လန်းဆန်းအောင်သန့်စင်ကြပြီး ခရီးသည်များ အစာရေစာ ဖြည့်တင်းကြသည်။ အချိုကြိုက်သူအချို၊ အခါးကြိုက်သူအခါး လိုလေသေးမရှိ ပြည့်စုံလှပါသည်။ ဒေသထွက်အစားအစာများ၊ အသုံးအဆောင်များ လက်ဆောင်ပေးရန် ဝယ်သူကဝယ်ဖြင့် ခရီးဆက်ရန် ပြင်ဆင်နေကြသည်။

ချမ်းမြေ့ကြွယ်လေအိတ်ကားကြီး၏ လေအေးစက် အအေးဓာတ်နှင့်အတူ ခရီးသည်များ၊ ဗွီဒီယိုဓာတ်လမ်းတေးဂီတများ ကြည့်ကြရသည်။ အိပ်ငိုက်ပြီး ကွေ့ကာ၊ ဆန့်ကာဖြင့် စီနင်းလာခဲ့ကြရာ ရန်ကုန်–အောင်မင်္ဂလာအဝေးပြေးကားဂိတ်ကြီး ရောက်ရှိပြီး ဆူဆူညံညံခရီးသည် အဝင်/ အထွက် အတက်/ အဆင်းအသံများကို နားစွင့်၍ မျက်စိဖွင့်ကြည့်လိုက်ချိန်ကား ဂိတ်ဆုံးသို့ ရောက်ချေပြီ။

ဂျူးမလေးဂျင်တဖြစ်လဲ ဒုရဲအုပ်ဇာဇာထွန်းသည် အိပ်ရေးပျက် ခရီးပန်းသောကြောင့် အိမ်တွင် အနားယူအိပ်စက်လိုက်သည်။ နေ့လယ် (၁) နာရီတွင်မူကား အိပ်ရာမှ နိုးထသည်။ ယူနီဖောင်းလဲသည်။ မင်းကြီးထံ သတင်းပို့ရန် သွားသည်။

“ဒုရဲအုပ်ဇာဇာထွန်း ရောက်ရှိသတင်းပို့”

“ဆရာမြဝင်း လွှတ်လိုက်ပါ”



“ထိုင်ပါ သမီး လွတ်လွတ်လပ်လပ် ထိုင်ပါ”

“သမီး တာဝန်ကျေပါတယ် ဂွင်းဆက်တွေ အားလုံးမိတယ်၊ လူကြီးတွေလည်း တော်တော်စိတ်တိုင်းကျ ကျေနပ်ကြပါတယ်၊ သမီးကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှောက်ပါလိမ့်မယ်”

“ဂုဏ်ယူပါတယ် မင်းကြီး”

“ကဲ.... သမီး တစ်လလောက် အနားယူ၊ ခရီးတွေ ဘာတွေတော့ မသွားနဲ့ တပ်ဖွဲ့ကိုလည်း သတင်းပို့”

မင်းကြီးအား အလေးပြုပြီး ပြန်လည်ထွက်ခွာခဲ့သည်။ ဒုရဲအုပ် ဇာဇာထွန်း၏ စွန့်လွှတ်၊ စွန့်စားစွာ ထမ်းဆောင်ရသည့် ရဲလုပ်ငန်းတာဝန်တစ်ခုကား ပြီးဆုံးခဲ့လေပြီ။ (ရဲဘော်မသေ၊ သေသော်ငရဲမလား။)

❒

www.burmeseclassic.com

www.burmeseclassic.com




၁၇၅

## ယုံမှတ်လို့ ပုံအပ်ပါသည်

"ကလင် ကလင် ကလင်"

ခြံဂိတ်မှ လူခေါ်ခေါင်းလောင်း (ဘဲလ်) တီးသံကြားသောကြောင့် ဒေါ်စိန်ဆင့်သည် ခြံဝသို့ လှမ်းကြည့်လိုက်သည်။ မိမိအိမ်သို့လာဘူးသည့် ဧည့်သည်ဖြစ်သောကြောင့် တံခါးဖွင့်ပေးရန် ဆင်းလာခဲ့သည်။

"ဟယ် သဇင်ပါလား"

"ဘယ်က လှည့်လာသလဲ"

"ခရီးသွားဈေးသည်ဆိုတော့ ခရီးသွားရင်း ဈေးရောင်း၊ ဈေးရောင်းရင်း ခရီးသွားဆိုသလိုပေါ့ အစ်မရယ်"

သဇင်စိုးသည် တောင်ကြီးမြို့နေ လူကုန်ကုံထံဒေါ်စိန်ဆင့်၏ နေအိမ်သို့ ဒေါ်စိန်ဆင့်၏ ညီမဝမ်းကွဲ တော်သူ မြမြထွေးနှင့် ပတ်သက်ပြီး ဧည့်သည်အဖြစ်လာဖူးသူ ရောက်ဖူးသူဖြစ်သည်။ မန္တလေးမှ ကူးလာသူဖြစ်သောကြောင့် မန္တလေးထိုးမုန့်၊ လမုန့် အရီးတောင်း လက်ဖက်တို့ကို လက်ဆောင်အဖြစ် ထုတ်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်မ ရောင်းဖို့ပါလာတဲ့ ပစ္စည်းလေးတွေကို မင်းကတော်၊ စိုးကတော်၊ သူဌေးကတော်တို့ကို ပြပေးပါ။ ကြိုက်ရင်လည်း ဝယ်ပေါ့ မကြိုက်တော့လည်း မိတ်ဖြစ်ဆွေဖြစ်ပေါ့"

"အေးအေးဆေးဆေး နားလိုက်ပါဦး သဇင်။ မနက်ဖန်မှ ပြတာပေါ့"

သဇင်စိုးသည် သူ့တွင် ရောင်းဖို့ပါလာသည့် ကျောက်စိမ်းဝမ်းဆက်၊ ပတ္တမြားဝမ်းဆက်၊ နီလာဝမ်းဆက်၊ ပုလဲဝမ်းဆက်၊ စိန်အလွတ်ရတနာပစ္စည်းများရောင်းချရန် ဈေးကွက်ရှာလိုက်လေသည်။

ဒေါ်စိန်ဆင့်၏ နေအိမ်သို့ ရောက်ဖူးသူဖြစ်သောကြောင့် အိမ်၏အခြေအနေကို ကျွမ်းကျင်နေပြီးသူဖြစ်သည်။ အိမ်သူအိမ်သားအလား မီးဖိုခန်းဝင်ပြီး ချက်ပြုတ်လုပ်ကိုင်ပေးသည်။ လျှော်ဖွပ်စရာများကိုလည်း လျှော်ဖွပ်ပေးလေသည်။

တောင်ကြီးမြို့ (၅) ရက်ဈေးနေ့ဈေးသို့သွားပြီး မိမိကြိုက်သော ဒေသခံ အစားအစာများ၊ ဒေါ်စိန်ဆင့် ကြိုက်တတ်သော အစားအစာများကို ဝယ်ယူပြီး ချက်ပြုတ်ကြွေးလော့်ပေးလေသည်။ ထိုသို့အလိုက်သိတတ်သော ဧည့်သည်ဖြစ်သောကြောင့်လည်း အိမ်ရှင်ဒေါ်စိန်ဆင့်သည် ဧည့်သည်မိန်းမချောလေး သဇင်ကို မညည်းမညူကြည်ကြည်ဖြူဖြူ။

"အညီရှိတော့ ယင်အုံ" ဆိုသကဲ့သို့ ဒေါ်စိန်ဆင့်၏ နေအိမ်ရှေ့၊ ဟိုဘက်၊ ဒီဘက်အိမ်နီးချင်းများမှ ဖိုသတ္တဝါတို့က ပျိုကညာမိန်းမချောလေး သဇင်စိုးကို ပိုးကြေးပန်းကြေးဖြင့် မုန့်ပဲသွား



ရေစာများ မကြာခဏ လာပို့ကြ၊ မိတ်ဆက်ကြသည်မှာလည်း တောင်ပေါ်သားတို့၏ ဓလေ့စရိုက်။

သဇင်စိုးမှာလည်း ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံတို့ဖြင့် ပုရိသကြီးငယ်မဟူတို့အား ဖမ်းစားနိုင်သော ရုပ်ချောမိန်းကလေး ဖြစ်သည်။

(၂)

နောက်နေ့တွင် ဖြစ်သည်။ ဒေါ်စိန်ဆင့်၏နေအိမ်သို့ တောင်ကြီးမြို့မှ မြို့မျက်နှာဖုံး မင်းကတော်၊ စိုးကတော်၊ သူဌေးကတော်များ အံ့ရှိရှိရောက်ရှိကြသည်။ သဇင်စိုးရောင်းချမည့် ရတနာပစ္စည်းဝမ်းဆက်များကို ကြည့်ရှုကြသည်။ ဈေးဆိုသူကဆို၊ ဈေးဆစ်သူကဆစ် အရောင်းအဝယ်စကားကမ်းလှမ်းနေကြသည်။

အဆင်သင့်ဝတ်ဆင်နိုင်ပြီး လက်ရာကောင်းသော ကျောက်စိမ်းဝမ်းဆက်၊ ပတ္တမြားဝမ်းဆက်၊ ပုလဲဝမ်းဆက် အရောင်းအဝယ်ဖြစ်သည်။ သဇင်စိုးသည် ရောင်းထွက်သွားသော ပစ္စည်းများထံသို့ သတ်မှတ်ရောင်းဖိုးငွေများကို တောင်ကြီးမြို့ရှိ ကမ္ဘောဇဘဏ်မှ ရန်ကုန်သို့ ချက်ချင်းလွှဲပို့သည်။ မိမိအတွက် အသားတင် အမြတ်ငွေကိုလည်း ရန်ကုန်မြို့နေ မိခင်ကြီးထံသို့ လွှဲပို့ပေးသည်။

"အစ်မ မနက်ဖြန်သဘက်ခါ ညီမ ပြန်တော့မယ်။ ဟောဒီစိန်ထည်ထဲက အစ်မအတွက် နားကပ်တစ်စုံစာ လက်ဆောင်ပေးမယ်။ အစ်မကြိုက်တာ ရွေးယူပါ"

www.burmeseclassic.com

www.burmeseclassic.com



"အားလည်း နာတယ်၊ ခင်လည်း ခင်တယ်၊ ကျေးဇူးလည်း တင်တယ်၊ အစ်မမှာ ပြည့်စုံပါတယ်ကွယ်။ မယူတော့ပါဘူး"

"ဟာ... အစ်မရယ် ဒီလိုမလုပ်ပါနဲ့၊ နောက်မလာရဲအောင် မလုပ်ပါနဲ့။ အရင်တစ်ခေါက်တုန်းကလည်း ရောင်းကောင်းတယ်။ ဒီတစ်ခေါက်လည်း ရောင်းရတယ်၊ အစ်မကျေးဇူးကြီးပါတယ်။ ဒါလေးကိုတော့ လက်ခံပါ"

"ကဲ... ကဲ ဒီလောက်ဖြစ်နေရင်လည်း သဇင်ကြိုက်တဲ့ ပစ္စည်းရွေးပေး သဇင်ပေးတာကို အစ်မ လက်ခံပါမယ်"

ဒေါ်စိန်ဆင့်သည် စိန်ဒည့်သည်မလေး သဇင်စိုးလက်ဆောင်ပေးသော စိန်နားကပ်တစ်ဆင်စာ စိန်ထည်လေးများကို လက်ခံရယူလိုက်လေသည်။

ဒေါ်စိန်ဆင့်သည် သီပေါစော်ဘွားကြီး၏သားစဉ်မြေးဆက်မှ ပေါက်ဖွားလာသော ရုပ်ချောဥစ္စာပေါ အန္ဓယ်အဆက်ဖြစ်သည်။ ခေတ်ကာလ အလှည့်အပြောင်း၊ နိုင်ငံရေးအလှည့်အပြောင်းတို့ကြောင့် တောင်ကြီးမြို့သို့ ခြေရာလည်း ပျောက် ရေလည်း နောက်ဆိုသကဲ့သို့ ခြေရာပျောက်ပြီး အခြေချနေထိုင်လာသော မိသားစုဖြစ်သည်။

"ကလင် ကလင် ကလင်"

"ဟဲလို ကျွန်မဒေါ်စိန်ဆင့်ပါ"

"အော်... ရန်ကြားပန်လား ပြော ဘာကိစ္စ"

"အော် ဒါဆို သဇင်နဲ့ ပြောပေါ့"

"သဇင်ရေ ရန်ကြားပန်က စကားပြောချင်လို့တဲ့"

"ဟုတ်ကဲ့ အစ်မ"



"ပြောပါရှင် ကျွန်မ သဇင်ပါ"

"ဟုတ်ကဲ့ ကိုရန်ကြီး သဇင် လာခဲ့ပါ့မယ်၊ လူနဲ့ပစ္စည်းအတွက် စိတ်ချရပါတယ်နော်"

"ဟဲ ဟဲ ဟဲ လာခဲ့မယ်နော် လာခဲ့ပါ့မယ်"

သဇင်စိုးသည် သိက္ခမ်းခင်မင်သော တောင်ကြီးမြို့လူကုံထံ ကိုရန်ကြားပန် (ခ) ကိုရန်ကြီးက ပါလာသော ပစ္စည်း များ ရောင်းချနိုင်ရန်အတွက် တောင်ကြီးဟိုတယ်သို့ လာရောက်ပြသရန် မှာကြားသည်ကို လာရောက်ပြသရန် ပြောလိုက်လေသည်။

"အစ်မရေ ကိုရန်ကြီးက တောင်ကြီးဟိုတယ်မှာ ဝယ်လက်ချိန်းထားလို့ ပစ္စည်းလာရောက်ပြပေးဖို့ ပြောတာပါ ညီမ သွားပြလိုက်ဦးမယ်နော်"

"အေး... အေး သူဌေးရဲ့သားကို ယူရင် သူဌေးရဲ့ ချွေးမတဲ့။ သူဌေးကို ယူမှ သူဌေးကတော်ဖြစ်တယ်တဲ့။

ရန်ကြားပန်ကို အပီအပြင် ပြောပြီးမှ အရောင်းအဝယ်လုပ်ပေါ့"

ဒေါ်စိန်ဆင့်သည် ရွှေဧည့်သည်မလေး သဇင်စိုးအား ရောင်းများ၊ ဝယ်များမဖြစ်စေရန် မှာကြားလေသည်။ ရတနာချေးသည်မလေး သဇင်စိုးသည် မင်္ဂလာဆောင်သွားမည့်သူအလား၊ အချောဆုံး၊ အလှဆုံး၊ ခပ်ဟော့ဟော့ဝတ်စားဆင်ယင်မှုလေးဖြင့် ချေးရောင်းသွားလေတော့သည်။

"ကလင် ကလင် ကလင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို ကျွန်မ ဒေါ်စိန်ဆင့်ပါ"

"အော်... အစ်မ သဇင်ပါ။ အားလုံး အဆင်ပြေတဲ့ အကြောင်း သတင်းပို့တာပါ။ ကိုရန်ကြီးက ဒီည ညစာစားပွဲ လုပ်မယ်၊ အစ်မလာမလားလို့ မေးတာပါ။ အစ်မလာမယ်ဆိုရင် ကိုရန်ကြီးက သူကား လွှတ်လိုက်မယ်တဲ့"

"မလာတော့ပါဘူး သဇင်၊ အစ်မ အစားမှားလို့ မရဘူး။ အစားမှားရင်သွေးတိုးတယ်၊ အိမ်ဖော် မိနန်းလည်း ပြန်မလာ သေးဘူး၊ ဒါ့ကြောင့် မလာတော့ပါဘူး"

ရန်ကြားပန်နှင့် သဇင်စိုးတို့သည် တောင်ကြီးဟိုတယ်တွင် ရတနာပစ္စည်းဈေးရောင်းပွဲတော် ပြုလုပ်ပြီး ညစာ စားပွဲကြီး ပျော်ရွှင်စွာ ကျင်းပခဲ့ကြလေသည်။

နံနက်မိုးသောက်အလင်းရောက်သော်... ရွှေစည့်သည် မလေး သဇင်စိုးသည် ဒေါ်စိန်ဆင့်၏ နေအိမ်သို့ ပြန်လည်ရောက် ရှိခဲ့လေသည်။ ငွေထုပ်ဟု ထင်ရသော အထုတ်တစ်ထုပ်လည်း ပါလာလေသည်။ မနေ့က ဝတ်ဆင်သွားသော အဝတ်အစား များလည်း နေထိပန်းအလား နွမ်းလျနေလေသည်။

"သဇင်ရေ အစ်မ ကမ္ဘောဇဘဏ်ကို သွားလိုက်ဦးမယ်၊ အိမ်ကို လူစိမ်းလာရင် တံခါးဖွင့်မပေးနဲ့နော်"

"ဟုတ်ကဲ့အစ်မ"

"အော်... အစ်မ ညီမရဲ့ပိုက်ဆံ အမေ့ဆီ လွှဲပို့ပေးပါ လား အစ်မ"

"ရပါတယ် ညီမ ဘယ်လောက်လဲ"



"သိန်း (၅၀) ပါ အစ်မ ဟောဒီမှာ"

"အေး... အေး"

သဇင်စိုးသည် ရန်ကြားပန်ဝယ်လိုက်သော ပစ္စည်းဖိုးငွေ အနက်မှ သိန်း (၅၀) ကို ဘဏ်သို့သွားသော ဒေါ်စိန်ဆင့်မှ မိခင်ကြီးထံပို့ပေးပါရန် အပ်နှံလိုက်လေသည်။

ဒေါ်စိန်ဆင့် ကမ္ဘောဇဘဏ်သို့ ရောက်ရှိလောက်မည့် အချိန်တွင် သဇင်စိုးသည် ဒေါ်စိန်ဆင့်နေအိမ်အတွင်းခန်းရှိ ထုထည်ကြီးမားလှသော ကျွန်းဘီရိုကြီး၏အပြင်မှ ခတ်ထားသော သော့ကြီးကို တူကြီးဖြင့် ရိုက်ချိုးဖျက်ဆီးဖွင့်ဖောက်သည်။ ဘီဒို ကြီးအတွင်းမှ စော်ဘွားများနန်းစဉ်နန်းဆက် ထိန်းသိမ်းလာခဲ့ သော နန်းစဉ်ပတ္တမြားလက်စွပ်ကြီးနဲ့တကွ ရတနာပစ္စည်းမျိုးစုံ နှင့် တစ်တုံးလျှင် ၂၀ ကျပ်သားရှိသော ကျားခေါင်းတံဆိပ် ရွှေချောင်းကြီး (၃) တုံးတို့ကို ရယူသည်။ အစ်မကြီးတံခါး၊ ခြံတံခါးတို့ကို ပိတ်ဆို့ပြီး ထွက်ပြေးသွားလေသည်။

ကမ္ဘောဇဘဏ်မှ ပြန်လာသော ဒေါ်စိန်ဆင့်သည် ခြံတံခါး သော့ပိတ်ထားသည်ကို တွေ့ရသောကြောင့် ရင်ထဲတွင် စနိုး စနောင့် ဖြစ်သွားသည်။ အိမ်၏ဝင်ပေါက်တံခါးမကြီးကိုလည်း သော့ခတ်ထားသည်ကို တွေ့ရပြန်သောကြောင့် ရင်ထဲတွင် စိုးရိမ် စိတ်များ တုန်ခါလာသည်။ သဇင်စိုး၏ ကျောပိုးအိတ်ထားသည့် နေရာကို ကြည့်လိုက်သောအခါ မတွေ့ရတော့၊ စိတ်ချောက်ခြား မှုများ ပိုလာသည်။ မိမိအိမ်ခန်းတွင်းရှိ ကျွန်းဘီရိုကြီးကို ကြည့် လိုက်သည်။ တူဖြင့် ရိုက်ချိုးဖျက်ဆီးထားသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



နန်းစဉ်ပတ္တမြား လက်စွပ်ကြီးနှင့်တကွ ရတနာစိန်ရွှေပစ္စည်းများထားသည့် အံဆွဲတွင် ကြည့်လိုက်သောအခါ ဘာမျှမရှိတော့။ နှလုံးများ တုန်လာသည်။ ရင်ခုန်မှုများ တိုးလာပြီး ရင်ထဲတွင် တလှပ်လှပ် ခံစားနေရသည်။ မူးမေ့မသွားရန် သတိကြီးစွာထားနေရသည်။ နှလုံးတုန်ရင်ခုန်မှုသက်သာသွားချိန်တွင် ရဲစခန်းသို့ သွားရောက်ပြီး အမှုဖွင့်တိုင်ကြားရန် သတိရလာသဖြင့် တိုင်ကြားခဲ့သည်။

စခန်းမှူး၏ တာဝန်ပေးချက်အရ–

အမှုစစ်ရဲအရာရှိ၊ ဒုရဲအုပ်ကျော်စိန်လင်းနှင့် တပ်ဖွဲ့ဝင်တို့သည် အခင်းဖြစ်နေရာသို့ ကြည့်ရှုစစ်ဆေးသည်။ ဓာတ်ပုံများ ရိုက်ကူးသည်။ ထုရိုက် ဖွင့်ဖောက်ထားသော တူ၊ သော့အပျက်တို့ကို သက်သေခံအဖြစ် သိမ်းဆည်းသည်။ သဇင်စိုး ကျန်ရစ်ခဲ့သော ဖိနပ်တစ်ရံကိုလည်း သိမ်းဆည်းသည်။ တရားခံလှုပ်ရှားမှု မြေပုံကြမ်းရေးဆွဲသည်။ တရားခံသဇင်စိုး၏ ပုံပန်းသဏ္ဌာန်၊ ရုပ်လက္ခဏာတို့ကို မှတ်ချက်ယူသည်။ သဇင်စိုး၊ ဒေါ်စိန်ဆင့်နှင့် ဆက်သွယ်ပုံ၊ သဇင်စိုးတောင်ကြီးမြို့တွင် အခြားသော ရင်းနှီးသူ၊ ပတ်သက်သူတို့၏ အဆက်အစပ်များကို ဂွင်းဆက်များ ရယူသည်။ တောင်ကြီးမြို့တခွင် ပြိုပြိုစင်အောင် ရှာဖွေရေး လုပ်သော်လည်း သဇင်စိုးအား အစအနပင် မတွေ့ရ။

တောင်ကြီးမြို့မှ တခြားမြို့ရွာများသို့ ထွက်ပေါက်လမ်းကြောင်းများကို ရဲအုပ်ကျော်စိန်လင်း၊ ဆားပုလင်းလုပ်သည်။ တောင်ကြီး၊ မန္တလေးကားဂိတ်ရှေ့ရှိ ဘီယာဆိုင်ထဲသို့ဝင်ပြီး



အနားယူလိုက်သည်။ ဒေါ်စိန်ဆင့်အိမ်ရှေ့တွင် နေထိုင်သော စိုင်းခမ်းလင်းသည် အရက်မူးပြီး အသည်းကွဲ သီချင်းဆိုနေသည်။

စိုင်းခမ်းလင်းသီဆိုနေသည့် အသဲကွဲသီချင်းလေးကား–

* နေကာမျက်မှန်လေးနဲ့ လေးနမရယ် ယဉ်ပါတယ်၊
* တစ်ပြေတစ်ရွာဆက်ဆံရေးကြောင့် ဝေးကြရမယ် ထင်ပါတယ်
* နေကာမျက်မှန်လေးနဲ့ လေးနမရယ် တစ်ပြေတစ်ရွာဆိုဆက်ဆံရေးကြောင့် ဝေးကြရမယ် ထင်ပါတယ်။
* အသည်းညှာနဲ့ ခင်ကညာရယ်၊ မခွဲခွာခဲ့ချင်ပါတယ်၊ သည်းညှာနဲ့ ခင်ကညာရယ် အမြဲသာလာခဲ့ချင်တယ်
* ငှက်ခါးလေးတွေ အခါခါနားလို့ သက်ထားလေးဆီ စာလွှာပါးရင် တစ်ဖက်သားအရေး သာယာစေကြောင်း တောင်းဆုပြုပါတယ်။

ရဲအုပ်ကျော်စိန်လင်းသည် စိုင်းခမ်းလင်း၏ အသည်းကွဲသီချင်းလေးကို စိတ်ဝင်စားနေသည်။ သူ၏ သားကောင်း (သဇင်စိုး) သည် နေကာမျက်မှန်တပ်ဆင်လျက် ကားဂိတ်သို့ လာရောက်သော မိန်းကလေး ဖြစ်နေမလား။ စိတ်တွင် သံသယ ဖြစ်လာသည်။

"ညီလေး ဆိုနေတဲ့သီချင်းက အသည်းကွဲသီချင်း၊ ရင်ထဲမှာ ခံစားနေရတဲ့သီချင်းနဲ့ တူတယ်"

"ဟာ... မှန်လိုက်လေအစ်ကိုရယ်၊ ကျွန်တော့်နှလုံးသား ဒီမနက်မှာပဲ ဟက်တက်ကွဲသွားရပါတယ် အစ်ကိုရယ် အချစ်ကြောင့်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ညီလေးအချစ်က တောင်ပေါ်ကလား မြေပြန့်ကလား ညီလေး"

"တောင်ပေါ်ကဆို လွယ်ပါတယ် အစ်ကိုရယ်၊ အခုက ရန်ကုန်သူ ရန်ကုန်သူအစ်ကိုရေ"

ရဲအုပ်ကျော်စိန်လင်းသည် တောင်ကြီး၊ မန္တလေးကားဂိတ်မှ ကားဖြင့် နေကာမျက်မှန်တပ်ဆင်ထားသော မိန်းကလေးတစ်ယောက် တောင်ကြီးမှထွက်ခွာသွားလေပြီဟု မှတ်ချက်ချနိုင်လေပြီ။

(၄)

အမှုဖွင့် အကူအညီ တောင်းခံသူ နစ်နာဆုံးရှုံးခံနေရသူ တရားလို တရားခံဖမ်းဆီးရမိပြီး၊ မိမိ၏ပစ္စည်းများ ပြန်လည်ရရှိရေးအတွက် စိတ်ဆန္ဒတွေ စောနေကြသည်မှာ ဓမ္မတာဖြစ်ပါသည်။ အမှုကိုင်ရဲအရာရှိ ရဲအုပ်ကျော်စိန်လင်းမှာလည်း ရဲအရေးပိုင်သော ရာဇဝတ်ပြစ်မှုပေါင်း (၁၀) မှု၊ (၁၅) မှုလောက် ကိုင်တွယ်နေရသောကြောင့် အလုပ်၊ တာဝန်အလွန်များပြားလှပါသည်။ အားမလို အားမရဖြစ်နေကြသည့် တရားလိုနစ်နာသူတို့အား နှစ်သိမ့်ရသည်မှာလည်း မမောနိုင် မပန်းနိုင်။

ရဲအုပ်ကျော်စိန်လင်းသည် တရားခံ၏ပြေးလမ်းကြောင်း သဲလွန်စရထားသည့် မန္တလေးတိုင်း ဒေသကြီး၊ မန္တလေးမြို့ ကျွဲဆည်ကန် အဝေးပြေးကားဂိတ် အပိုင်ရဲစခန်း၊ မန္တလေးမြို့ ဟိုတယ်ဇုန်များရှိရာ ရဲစခန်းများသို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ထားသည်။



တောင်ကြီးမြို့ သင်္ကေတ ဒဗလယ်ကတ်ကားတစ်စီးနှင့် ရှမ်းတရုတ်အမျိုးသမီးတစ်ဦး + နေကာမျက်မှန်အမြဲလိုတပ်ဆင်သည့် ရုပ်ရည်ခပ်ချောချော အမျိုးသမီးတစ်ဦးတို့ (အိုး ဟိုက်ဝိုး ဟိုတယ်ကြီး) တွင် လာရောက်တည်းခိုလျက်ရှိကြောင်း၊ ဆက်စပ်သတင်းကို ရဲအုပ်ကျော်စိန်လင်း ရရှိသည်။ လူပုံသဏ္ဌာန်များလည်း တူညီနေသည်။ သို့ကြောင့် မန္တလေးသို့ ချက်ချင်းလိုက်လာပြီး ထောက်လှမ်းစုံစမ်းသည်။

အလာကောင်းသော်လည်း အခါနှောင်းခဲ့လေသည်။ (အို... ဟိုက်ဝိုး ဟိုတယ်) ကြီးတွင် နေကာမျက်နှာလေးတို့ စုံတွဲကို မတွေ့ရတော့။ သို့ရာတွင် တောင်ကြီးသင်္ကေတ ဒဗလယ်ကတ်ကားမှာ တောင်ကြီးမြို့မှ ဦးစိုင်းဖုန်းထူး အမည်ပေါက်ကားဖြစ်ကြောင်း သတင်းအခိုင်အမာရရှိသည်။

ဦးစိုင်းဖုန်းထူးထံသို့ စုံစမ်းသည်။ ၎င်း၏သားဖြစ်သူ (ရန်ကြားပန်) လွန်ခဲ့သော တစ်ပတ်က မန္တလေးသွားကြောင်း၊ ကားကို ယူသွားကြောင်း သတင်းဂွင်းဆက်ရရှိလေသည်။

ရဲအုပ်ကျော်စိန်လင်းသည် ရန်ကြားပန်ကို စုံစမ်းမေးမြန်းသည်။ သဇင်စိုးထံမှ ပတ္တမြားတစ်ဆင်စာ၊ နီလာတစ်ဆင်စာ၊ စိန်ပွင့်ချော (၁၀) လုံး ဝယ်ယူခဲ့ကြောင်း၊ ဈေးသည်နှင့် ဈေးဝယ်အဆင့်သာ ဆက်သွယ်မှုရှိခဲ့ကြောင်း အစစ်ဆေးခံထွက်ဆိုလေသည်။

ရဲအုပ်ကျော်စိန်လင်းသည် မျက်ရည်နှင့် မျက်ခွက်ဖြစ်ခဲ့ရသော ဒေါ်စိန်ဆင့်၏ လိုလေသေးမရှိ ဆောင်ရွက်ပံ့ပိုးပေးမှု

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ရန်ကုန်မြို့နေ သဇင်စိုး၏မိခင်ကြီး ဒေါ်လုံးကျင်ထံသို့ စုံစမ်းထောက်လှမ်းသည်။ ဒေါ်လုံးကျင်သည် ၎င်း၏မွေးရပ်၊ ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ်၊ သပြေကုန်းရွာသို့ ပြန်သွားပြီဖြစ်ကြောင်း သိရပြီး၊ သူ့သမီးသဇင်စိုး ဘယ်မှာနေကြောင်း မသိဟု သိရသည်။ သဇင်စိုး၏ဓာတ်ပုံကို သူ့မိခင်ထံမှ ရရှိခဲ့လေပြီ။

ပေါက်ခေါင်းမြို့ရဲစခန်းအဖြင့် ပေါင်းစပ်ပြီး သဇင်စိုး၊ သူ့မိခင်ထံ ရောက်ရှိလာပါက ထိန်းချုပ်ထားပေးရန် ညှိနှိုင်းပေါင်းစပ်ခဲ့သည်။ သဇင်စိုးနှင့် နောက်ဆုံး ဆက်စပ်ပတ်သက်ခဲ့သော (ရန်ကြားပန်) ၏ လှုပ်ရှားမှုကို အဓိကသော့ချက်အဖြစ် စောင့်ကြည့်သည်။

ဟဲဟိုးလေဆိပ်၊ တောင်ကြီးမြို့မှ နယ်လေးရပ်သို့ ကုန်းတွင်းပိုင်း ထွက်ပေါက်လမ်း၊ ကားဂိတ်၊ ရွှေညောင်ရထားလမ်းကြောင်းတို့တွင် ရန်ကြားပန်ခရီးထွက်ခွာရန် (လက်မှတ်) ရယူချိန်တွင် ရဲစခန်းသို့ ချက်ချင်းဆက်သွယ်ရန် ညှိနှိုင်းပေါင်းစပ်ထားသည်။

ရန်ကြားပန် ဟဲဟိုးမှ မန္တလေးသို့ လေယာဉ်လက်မှတ်ဝယ်ယူထားကြောင်း သတင်းရသည်။ ရဲအုပ်ကျော်စိန်လင်းသည် ထိုလေယာဉ်ဖြင့် တပ်ကြပ်ကြီးထွန်းထွန်းကို တစ်ပါတည်း ထည့်လိုက်သည်။ နေကာမျက်မှန်တပ် သဇင်စိုးနှင့် ရန်ကြားပန်တို့ ထိတွေ့နိုင်သောကြောင့် ထိတွေ့ပါက ချက်ချင်းဖမ်းဆီးနိုင်စေရန် ဖမ်းဝရမ်းပါစီစဉ်ပေးထားသည်။ သဇင်စိုး၏ဓာတ်ပုံကိုပါ ပေးလိုက်သည်။ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် အပိုင်ရဲစခန်းသို့လည်း ချိတ်ဆက်ထားလေသည်။



(၅)

မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးသို့ ဟဲဟိုးမှ ထွက်ခွာလာသော လေယာဉ်ဆိုက်ရောက်လာလေပြီ၊ လာရောက်ကြိုဆိုသူများ၊ သူ့လူ၊ ကိုယ့်လူ ကြည့်ရှုရှာဖွေနေကြလေသည်။ တပ်ကြပ်ကြီး ထွန်းထွန်းကိုမူ မည်သူမျှကြိုဆိုသူမရှိ၊ တပ်ကြပ်ကြီးထွန်းထွန်းသည်ကား လေဆိပ်ရောက်သည်နှင့် နေကာမျက်မှန်တပ်လေမလား၊ မျက်မှန်မတပ်ဘဲ လာရောက်ကြိုဆိုမည်လား အတွေးများစွာဖြင့် သဇင်စိုးကို ရှာဖွေကြည့်ရှုရသည်မှာ မျက်လုံးများ ကျွတ်ထွက်မတတ်။

လာရကျိုး ရှာရကျိုးနပ်ပါသည်။ သဇင်စိုးသည် နေကာမျက်မှန်တပ်ပြီး ရန်ကြားပန်ကို ကြိုဆိုလျက်ရှိသည်။ အဆင်သင့်ငှားလာသော ဆန်နီဆူပါဆလွန်းတက္ကစီကားဖြင့် လေဆိပ်မှ ထွက်ခွာကြသည်။ တပ်ကြပ်ကြီးထွန်းထွန်းသည် လေဆိပ်အပိုင်ရဲစခန်း၏အကူအညီဖြင့် သားကောင် (သဇင်စိုး) နှင့် ရန်ကြားပန်တို့ သွားလာလှုပ်ရှားမှုနောက်သို့ ထပ်ကြပ်မကွာ လိုက်သည်။

ရန်ကြားပန်နှင့် သဇင်စိုးတို့ တောင်ထိပ်ပန်းဟိုတယ်ကြီးတွင် တည်းခိုကြသည်။ တပ်ကြပ်ကြီးထွန်းထွန်းသည် သူတို့တည်းခိုသောအထပ်တွင် တည်းခိုလိုက်သည်။

"ရေပြာမှ မြတ်လေး ရေပြာမှမြတ်လေး၊ ပစ်မှတ်ကို ထိန်းချုပ်နိုင်ပြီ၊ ရထားဖြစ်လား၊ ရထားဖြစ်လား"

တပ်ကြပ်ကြီးထွန်းထွန်းသည် အမှုကိုင်အရာရှိ ဒုရဲအုပ်ကျော်စိန်လင်းထံ ဆက်သွယ်သည်။ မြို့နယ်ရဲတပ်ဖွဲ့စခန်း၏

www.burmeseclassic.com

www.burmeseclassic.com



အကူအညီဖြင့် သားကောင်တရားခံ (သဇင်စိုး) ကို ဖမ်းဆီးလိုက်သည်။ အားပေးကူညီသူ ရန်ကြားပန်ကိုလည်း အားပေးကူညီမှုဖြင့် ထိန်းချုပ်လိုက်သည်။

တရားခံသဇင်စိုးနှင့် ကူညီအားပေးသူ ရန်ကြားပန်တို့အား တောင်ကြီးမြို့ရဲစခန်းသို့ ခေါ်ဆောင်ခဲ့လေသည်။ ရဲလုပ်ငန်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ကြလေသည်။ အမိကစစ်ကြောရေးလုပ်ငန်းကို လုပ်လို့ရပေပြီ။

(၆)

"ကဲ မသဇင် ညည်းငါတို့ရဲတပ်ဖွဲ့ဝင်တွေကို တော်တော်အလုပ်ပေးခဲ့တာပဲ။ ခရိုင်ကဆူ တိုင်းကဆူနဲ့ ငါတို့ခေါင်းတွေလည်း တော်တော်ပူခဲ့ရတယ်၊ ရာဇဝတ်ဘေးပြေးမလွတ်တဲ့ ကြားဖူးလား"

ရဲအုပ်ကျော်စိန်လင်းသည် သဇင်စိုးကို စစ်ကြောရေးမလုပ်မီ ရဲတပ်ဖွဲ့ဝင်တို့၏ တွေ့ကြုံခံစားရချက်ကလေးများဖြင့် နိဒါန်းပျိုးလိုက်လေသည်။

"အဲဒီတော့ မင်းအမှန်အတိုင်းပြောမလား၊ ဆက်ပြီး လိမ်ဦးမလား ရှောင်ဦးမလား"

"ဆရာ ကျွန်မ အမှန်အတိုင်း ပြောပါ့မယ်ဆရာ"

"အေး ရန်ကြားပန်က အမှန်အတိုင်းပြောပြီး အမှန်အတိုင်းထွက်ဆိုအစစ်ခံပြီးပါပြီ၊ မင်းပြောဖို့တောင် မကြံတော့ဘူးလားမသိ"



ရဲအုပ်ကျော်စိန်လင်းသည် ထောက်လှမ်းစုံစမ်းရေးပရိယာယ်ဖြင့် သဇင်စိုးအား စစ်ကြောရေးလုပ်နေခြင်းဖြစ်သည်။ တကယ်ဆိုတော့ ရန်ကြားပန်ကို မစစ်ရသေးပါ။ ရဲပရိယာယ်ကြောင့် သဇင်စိုးမှာ အတော်တုန်လှုပ်ချောက်ချားသွားသည်။ ငါလိမ်နေရင်လည်း စိတ်ပိုင်းဆိုင်ရာနာကျင်မှု၊ ရုပ်ပိုင်းဆိုင်ရာနာကျင်မှုသာ အဖတ်တင်မည်ဟု စိုးရိမ်စိတ်များဖြစ်သွားလေသည်။

"အေးလေ သူ့အပိုင်းက သူ့အပိုင်း၊ မင်းအပိုင်းက မင်းအပိုင်း အမှန်အတိုင်းပြောတာ ကောင်းပါတယ်"

"သူ့ပုံချ ကိုယ့်ပုံချ လုပ်နေတာတော့ မကောင်းပါဘူး၊ ပြုလုပ်မှုက အတူတူပါပဲ"

"ရန်ကြားပန်က ပစ္စည်းတွေ သဇင့်ဆီမှာလို့ပြောပြီး သူကိုယ်လွတ်ရုန်းနေတယ်"

"ဘယ်က ဟုတ်ရမှာလဲဆရာ သူ့အဖေအိမ်အောက်ထပ်၊ ရန်ကြားပန်အခန်းထဲက မီးခံသေတ္တာထဲမှာ သိမ်းထားတာပါဆရာ"

"အေးလေကွာ ပစ္စည်းသိမ်းတဲ့အခါကျတော့ သိမှာပေါ့၊ သူ့ဆီမှာလား မင်းဆီမှာလား ပေါ်လာမှာပေါ့"

"ဆရာ သူနဲ့ကျွန်မ အဲဒီမီးခံသေတ္တာထဲမှာ အတူတူ ထည့်ထားတာပါဆရာ"

"အေးလေ အမှန်အတိုင်း ဖြစ်မှာပေါ့ကွာ သဇင်နားလိုက်ပါဦး၊ စားချင်တာ ပြောပါ ဆရာ ကူညီမှာပါ"

"အမေလာရင် တွေ့ချင်တယ်ဆရာ"

"တွေ့ရမှာပေါ့ အမေနဲ့သမီးပဲဟာ"

www.burmeseclassic.com

www.burmeseclassic.com



ရဲအုပ်ကျော်စိန်လင်းသည် စစ်ကြောရေးလုပ်ငန်းကို ရပ်ဆိုင်းလိုက်သည်။ စခန်းမှ မာဇဒါ ဂျစ်ဖြင့် စစ်ဆင်ရေးပုံစံဖြင့် ရန်ကြားပန်တို့အိမ်၏ အောက်ထပ်၊ ရန်ကြားပန်၏ အခန်းကို စီးနင်းသည်။ ပြီးမှ ရန်ကြားပန်ကို စခန်းမှခေါ်ယူပြီး သော့တောင်းကာ မီးခံသေတ္တာသော့ကို တောင်းသည်။

"ဆရာ သဇင်စိုးရဲ့ကိစ္စနဲ့ ကျနော့အိပ်ခန်းက မီးခံသေတ္တာနဲ့ မပတ်သက်ဘူး ဆရာ၊ သော့လည်း မရှိဘူးဆရာ"

"ဒီမှာ ရန်ကြားပန်၊ ရဲ စိတ်ညစ်အောင် မလုပ်ပါနဲ့။ မင်း ဘယ်လောက်ဖုံးဖုံး သဇင်းစိုး အကုန်ဖော်ကောင်လုပ်ပြီးပြီ မင်းစိတ်လျှော့လိုက်ပါ အေးအေးဆေးသော့ပေးပါ"

ချွေးသီးချွေးပေါက်များကျနေသည့် ရန်ကြားပန်သည် ၎င်းအခန်းမှ ဘီဒိုတွင် ဝှက်ထားသော မီးခံသေတ္တာသော့ကို အပ်ပေးသည်။ တပ်ဖွဲ့ဝင်တို့က သော့ဖွင့်သည်။ မီးခံသေတ္တာအတွင်းမှ ဖွင့်ဖောက်ခိုးယူခဲ့သော ခိုးရာပါပစ္စည်းများကို တွေ့ရှိသည်။ သက်သေခံပစ္စည်းများကို သက်သေရပ်မိရပ်ဖလူကြီးများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းယူသည်။

တရားခံသဇင်စိုး၊ ရန်ကြားပန်တို့က အမှန်အတိုင်းဝန်ခံထွက်ဆိုကြသည်။ တရားခံများ၏ ဖြောင့်ဆိုချက်ကိုလည်း တရားရုံး၊ တရားသူကြီးထံသို့ **"ဖြောင့်ချက်"** ကို လွှတ်လပ်စွာ ပေးစေပြီး ရယူသည်။

တောင်ကြီးခရိုင်ဥပဒေရုံး၏ ဥပဒေအကြံပြုချက်အရ တောင်ကြီးခရိုင်တရားရုံးတော်သို့ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ –



၃၈၀/ ၅၁၁၊ ပြစ်မှုကြီးမှုအမှတ် / ၂၀၁၀ ဖြင့် စစ်ဆေးကြားနာခဲ့သည်။

တရားလိုနှင့် သက်သေများ၏ ထွက်ဆိုချက်၊ တရားခံနှင့် ခံပြသက်သေများ၏ ထွက်ဆိုချက်များ ကြားနာခဲ့ပြီးနောက် တရားခံ သဇင်စိုး (ဘ) ဦးခင်မောင်စိုး၏ သမီးအား အလုပ်နှင့် ပြစ်ဒဏ် (၇) နှစ်၊ တရားခံ ရန်ကြားပန် (ဘ) ဦးစိုင်းဖုန်းထူး၏ သားအား ပြစ်ဒဏ် (၇) နှစ် ချမှတ်လိုက်လေသည်။

**"ရာဇဝတ်ဘေးပြေးမလွတ်"**

❒

www.burmeseclassic.com

www.burmeseclassic.com




## မရှုပ်တေး

သန်လျင်မြို့အထွက် ဂေါက်ကွင်းနှင့် မနီးမဝေးမှာတည်ရှိသော ဥယျာဉ်ခြံကြီးအတွင်းသို့ ထင်လင်းအောင်နှင့် သူငယ်ချင်း ဇင်မင်းမောင်တို့ ဖရာဒိုကားကြီး ဝင်ရောက်လာသည်။

"သတင်းပို့ရန်"

"အန်ကယ် ဒေါ်ချယ်ရီနှင့် မအိအိဖွေးတို့ တည်းခိုတဲ့ အဆောင်ကို သွားချင်လို့ပါခင်ဗျာ"

"အော်... ကိုထင်လင်းအောင်ဆိုတာလား"

"ဟုတ်ပါတယ်ခင်ဗျား"

"ဟို ရှေ့ကတိုက်ပါ ဝင်သွားလို[illegible]"

ထင်လင်းအောင်နှင့် ဇင်မင်း[illegible]တိမ်တမာန်အင်း" အတွင်းရှိ အမေရိကန်နို[illegible]တည်းခိုနေကြသည့် ဒေါ်ချယ်ရီနှင့်သမီး အိအိ[illegible]အဆောင်သို့ ဝင်ရောက်သွားကြသည်။

"ဟယ် ကိုအောင်တို့ပါလား လာမှလာဖြါမလားလို့"

"ဖိတ်တဲ့သူက ဖိတ်ထားတာ မလာဘဲ ဘယ်နေမလဲ မအိဖွေးရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင်က ရုပ်ရှင်ဗွီဒီယိုဇာတ်ကားတွေထဲကထက် ပိုပြီး ချောတာပဲနော်"

"သိပ်မြှောက်မနေနဲ့ မအိဖွေး မိုးပေါ်ရောက်သွားမယ်"

အိအိဖွေးသည် မိသားစုလိုက် အမေရိကန်နိုင်ငံသို့ လွန်ခဲ့သော (၁၅) နှစ်ခန့်က မြန်မာနိုင်ငံမှ အပြီးအပိုင် ထွက်သွားခဲ့သူလေးဖြစ်သည်။ ကလေးဘဝမှ အရွယ်ရောက်သည်အထိ အမေရိကန်နိုင်ငံမှာ ကြီးပြင်းလာရသူဖြစ်သည်။ ထို့ကြောင့်လည်း ဝတ်စားဆင်ယင်မှု၊ အနေအထိုင်၊ အပြုအမူတို့မှာ အနောက်တိုင်းစရိုက်အတိုင်းဖြစ်နေသည်။ တရုတ်ကပြားမလေးဖြစ်သောကြောင့် အသားဖြူဖွေးဝင်းလက်နေသည်။ အရပ်အမောင်းမှာလည်း ၅ ပေ ၃ လက်မ အချိုးအဆစ်အလွန်ကျသော မိန်းမချောလေးတစ်ဦးဖြစ်သည်။ အင်တာနက်တွင် ရုပ်ရှင်၊ ဗွီဒီယိုမင်းသား၊ ထင်လင်းအောင်ကိုမြင်တွေ့ပြီး တပ်မက်မှုကြောင့် တယ်လီဖုန်းဖြင့် ဆက်သွယ်လာခဲ့သော အင်တာနက်သမီးရည်းစား၊ တယ်လီဖုန်း သမီးရည်းစားဖြစ်ကြသည်။

ထင်လင်းအောင်သည် အလာပသလာပစကားပြောနေရင်းဖြင့် အိအိဖွေး၏ဘောင်းဘီတို၊ ဘရာဇီယာဝတ်မထားသော လည်ဟိုက်နှင့် အင်္ကျီမှ စနေနှစ်ခိုင်၏လှပမှု၊ တုန်ခါမှုမြင်ကွင်းများကို ရှုမငြီးနိုင်အောင် ခံစားနေရလေသည်။

ထင်လင်းအောင်သည် အိအိဖွေးအား တယ်လီဖုန်းမှ "သူမ၏ အသံ" ဖြင့် ခင်မင်ခဲ့ရသော မိတ်ဆွေအဖြစ်မှ လူကိုယ်တိုင် "ရူပါရုံ" ရုပ်အဆင်းကို မြင်တွေ့ရချိန်တွင်မူကား ရူပါရုံ၊ သဒ္ဒါ



ရုံ၊ ရုပ်မြင်သံကြားဆက်ဆံရသောကြောင့် စွဲလန်းတပ်မက်မှု သံယောဇဉ်များ ဖြစ်ပွားနေရလေသည်။

"အိအိဖွေးတို့သားအမိကို ကျွန်တော်လာမည့် ဆန်းဒေးမှာ ရွှေဘဲစားသောက်ဆိုင်မှာ ညှိခံကျွေးမွေးလိုပါတယ် လက်ခံမှာလား"

"အစားအသောက်မီးလိုတောက် ဆိုသလိုပဲ အိဖွေးက အစားကောင်းကောင်း စားတတ်ပါတယ်၊ ဆယ်ခါဖိတ်ရင်လည်း ဆယ်ခါစားမှာပဲ၊ အစားကြီးတဲ့မိန်းကလေးဆိုပြီး ကိုအောင် စိတ်ပျက်မသွားနဲ့နော်"

ဖိတ်ကြားထားသည့် ဆန်းဒေးနေ့မှာဖြစ်သည်။ ထင်လင်းအောင်သည် အိဖွေးတို့သားအမိကို ကားဖြင့် လာကြိုသည်။ စားသောက်ပြီး ကားဖြင့်ပြန်လည်ပို့ပေးရလေသည်။

အိအိဖွေး၏ဘောင်းဘီတို၊ လည်ဟိုက်၊ မပေါ်တပေါ်အင်္ကျီတို့ဖြင့် ဝတ်စားဆင်ယင်မှုနှင့် မိခင်၏ရှေ့တွင် ဆက်ဆံရေးတို့မှာ အနောက်တိုင်းစရိုက်ဖြစ်၍ အနောက်တိုင်းမှာ အာရုံမစိုက်ကြသော်လည်း၊ အရှေ့တိုင်းဖြစ်သော မြန်မာနိုင်ငံတွင်မူကား နှလုံးတုန်၊ ရင်ခုန်စရာမြင်ကွင်းများ ဖြစ်နေသည်။ အိအိဖွေး၏ အပြုအမူတို့သည် ငွေကြေးပြည့်စုံသော သရုပ်ဆောင်ထင်လင်းအောင်ကို အမိအရ အပိုင်ဖမ်းနေသလား ထင်စရာ။

အိဖွေး၏မိခင် ဒေါ်ချယ်ရီမှာလည်း ထို့အတူပင် ပေါင်လယ်စကတ်၊ လယ်ဟိုက်အင်္ကျီပါးလေးဖြင့် ရူပါရုံ၊ ရုပ်အဆင်းကို အကွင်းသားမြင်တွေ့ရသောကြောင့် ဇင်မင်းမောင်မှာ အသွင်ညီ

www.burmeseclassic.com

www.burmeseclassic.com



အောင် ကူဖော်လောင်ဖက် ဆက်ဆံရလေသည်။ ဒေါ်ချယ်ရီမှာ အသက် (၄၅) နှစ်သာ ရှိသေးသည်။ ရုပ်အမြင်အားဖြင့် အသက် (၃၀) လောက်သာရှိမည်ဟု ပုရိသ၊ ဣတ္ထိယတို့ အားကျရလောက်အောင် ချောမောပြေပြစ်သူဖြစ်သည်။ ဒေါ်ချယ်ရီမှာလည်း ခေသူမဟုတ်၊ လုပ်ငန်းရှင် (ဘောစေ့ကြီးတစ်ဦး) နှင့် ငြိတွယ်နေသူဖြစ်သည်။ သူတို့ငှားနေသည့်အင်းမှာ တစ်လ (၅) သိန်းပေးရပြီး ထိုဘောစေ့ကြီးမှ ငှားပေးထားခြင်းဖြစ်သည်။

(၂)

အိအိဖွေးတို့သားအမိသည် နိုင်ငံတော်အဆိုတော်များ၏ အထူးပွဲများကို လက်မလွှတ်တမ်း သွားရောက်ကြည့်ရှုခံစားကြသည်။ နာမည်ကြီးအဆိုတော်များအား စင်ပေါ်တက်ပြီး ကြိုက်မရှက် ငိုက်မရှက် ဖက်လဲတကင်း။ ပုထုဇဉ်နာမည်ကြီးအဆိုတော်များ၊ မိတ်ဆွေမဖြစ်ချင်ဘဲ အဘယ်မှာ ရှိပါမည်နည်း။ အမေရိကန်နိုင်ငံသူများ ဖြစ်ကြသောကြောင့် အမေရိကန်သို့ သွားလိုကြသော ဗီဇာရယူလိုကြသော အနုပညာရှင်များကလည်း အိအိဖွေးတို့သားအမိကို အားကိုးအားထားပြုကြလျက်။

ဤသည့် မိတ်ဆက်၊ မိတ်ဖွဲ့သောမြင်ကွင်းကို မြင်ရတွေ့ရသော အနုပညာရှင်များ၏ အချစ်တော် ဣတ္ထိယတို့ကမူ မနာလို၊ မရှုစိမ့်ကြ၊ လင်လုဘက်အလား၊ မေးငေါ့ကြသည်။ ပွဲတိုင်းကျော်သည့် (မရုပ်တေး) (ရုပ်တေးမ) ဟုပင် ခေါ်ကြ၊ အော်ကြ၊ သရော်ကြသည်။

"ဟယ်လို အမိန့်ရှိပါခင်ဗျား"



"အိဖွေးပါ ကိုအောင်၊ ကိုအောင် ကျွေးတာကိုပဲ အိဖွေးတို့ စားနေရတော့ အားလည်း နာတယ်၊ ခင်လည်း ခင်တယ်ဆိုတာလိုပေါ့ကိုအောင်ရယ်၊ အိဖွေးတို့က ပြန်ပြီးကိုအောင်တို့ကို အင်းမှာ ဧည့်ခံမယ်၊ လာမဲ့ဆန်းဒေး (၁၁) နာရီလောက် ဆက်ဆက်လာပါလို့ ဖိတ်ခေါ်ပါတယ် ကိုအောင်။ ပြီးတော့ ကိုအောင် ကြိုက်တဲ့ ဘလက်လေဘယ်လည်း စီစဉ်ထားပါတယ်"

"ဝမ်းသာလိုက်တာ အိဖွေးရယ်၊ ရေငတ်နေတုန်း ရေတွင်းထဲကျ ဆိုသလိုပေါ့၊ ကိုအောင်က အိဖွေးနဲ့ တွေ့ရ မြင်ရ ခင်မင်ရတာကို စိတ်ကူးယဉ်နေရတာ အခုတော့ လက်တွေ့ဖြစ်သွားတာပေါ့၊ အိဖွေးတို့အတွက် ဘာဝယ်လာရမလဲပြော"

"အိဖွေးတို့က ဧည့်သည်ဆိုတော့ ပစ္စည်းတွေ မလိုပါဘူး လိုတာကတော့ ငွေပဲ၊ ငွေရှိရင် ကိုယ်လိုချင်တာ ဝယ်လို့ရတယ် မဟုတ်လား ကိုအောင်။ မုန့်ဖိုးတောင်းတာ မဟုတ်ဘူးနော် သဘောကို ပြောတာပါ"

ဖိတ်ခေါ်ထားသည့် ဆန်းဒေးနေ့ဖြစ်သည်။ ထင်လင်းအောင်နှင့် ဇင်မင်းမောင်တို့သည် အမေရိကန်လက်ရာအစားအစာများနှင့် ဘလက်လေဘယ်တို့ကို စားရ၊ သောက်ကြရသည်မှာ ဇူဇာကာပုဏ္ဏားအလားဟု ဆိုရမလောက်။ ညပိုင်းတွင် အချိန်တန် အိမ်ပြန်ရန်ဖြစ်သော်လည်း ကားမမောင်းနိုင်တော့အောင် မူးနေကြသောကြောင့် တစ်ညတာအိပ်စက်အနားယူခဲ့ကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၃)

## ဣတ္ထိဝက်

* မိန်းမတို့၏သဘာဝသည် ကာမဂုဏ်အာရုံငါးပါးတို့၌ ယောက်ျားတို့ထက် (၈) ဆသာသည်ဖြစ်သောကြောင့် ဆိတ်ကွယ်ရာ ရောက်ရှိပါက ကာမဂုဏ်အာရုံငါးပါးနှင့် ပတ်သက်ပြီး ဖောက်ပြန်လွယ်သော သဘောရှိသည် ဆိုသော အချက်။
* မည်မျှအသက်ကြီးစေကာမူ
* မည်မျှပင်သမာဓိတည်ကြည်စေကာမူ
* ကာမဂုဏ်တို့ဖြင့် ဖြားယောင်းသွေးဆောင်ခံရသော် ဖောက်ပြန်လွယ်သည်ဆိုသောအချက်။
* ထိုကာမဂုဏ် အာရုံငါးပါးကိုအကြောင်းပြုပြီး ယောက်ျားသားတို့ကို အလွယ်တကူ ဖျက်ဆီးတတ်သည်ဆိုသော အချက်တို့ကို ထင်လင်းအောင်နှင့် ဇင်မင်းမောင်တို့ မေ့လျော့နေကြလေပြီ။

"ကိုအောင် ရှေ့လ လဆန်း (၇) ရက်နေ့ကျလျှင် အိဖွေးတို့ အမေရိကန်ကို ပြန်ကြတော့မယ်နော်"

"အိဖွေး၊ ကိုအောင် အမေရိကန်ကို လာလည်ဖို့အတွက် စီစဉ်ပေးမယ်ဆို"

"ဪ... ဟုတ်သားပဲ၊ ဒါက ဒီလိုကိုအောင်ရယ်၊ အိဖွေးနဲ့ ကိုအောင်တို့ ထိမ်းမြားလက်ထပ်တဲ့ စာချုပ် လုပ်ရမယ်၊ အဲဒီစာချုပ်ကို အမေရိကန်ကိုတင်ပြပြီး မြန်မာနိုင်ငံမှာ ရှိနေတဲ့



ကျွန်မ ခင်ပွန်းကိုအောင်ကို ခေါ်ယူလိုပါတယ်။ ပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးပါရန် လျှောက်လွှာတင်ပေးမယ်၊ ကိုအောင် ခွင့်ပြုချက်ရတော့ မြန်မာနိုင်ငံရှိ အမေရိကန်သံရုံးကို ပို့မယ်၊ သံရုံးက ကိုအောင်ကို ခေါ်တွေ့ပြီး စစ်ဆေးမယ်၊ ပြီးတော့ ဗီဇာထုတ်ပေးမယ်ပေါ့ ကိုအောင်ရယ်"

"ကိုအောင် ကြားဖူးတာတစ်ခုပြောမယ် အိဖွေး၊ နိုင်ငံခြားသားနဲ့ မြန်မာမိန်းကလေး၊ နိုင်ငံခြားသူနဲ့ မြန်မာနိုင်ငံသားယောက်ျားလေးတို့ကို ဘယ်တရားရုံး၊ ဘယ်ရှေ့နေ၊ ဘယ်အစိုးရရုံးဌာနကမှ လက်ထပ်ပေးလို့ မရဘူးလို့ ကြားဖူးတယ် အိဖွေး"

"ဒါတော့ ဟုတ်ပါတယ် ဒါပေမဲ့ အကြံအဖန်လုပ်ပြီး အမှန်အကန်ဖြစ်အောင် ကြိုးစားရတာပေါ့ ကိုအောင်ရယ် ဒီအလုပ်က အိဖွေးတို့အလုပ်ပါ"

"အဲဒီအတွက် ငွေဘယ်လောက် သုံးရမလဲ အိဖွေး"

"ဗမာငွေနဲ့ဆိုရင်တော့ သိန်းငါးဆယ်လောက်သုံးရတတ်တယ် ကိုအောင်၊ အိဖွေးစိုက်ပြီး လုပ်ပေးမှာပါ"

"ဒါပေမဲ့ ကိုအောင် ငါးသိန်းလောက်တော့ ပေးလိုက်မယ်၊ မနက်ဖြန် လာပေးမယ်၊ စာချုပ်လည်း အဆင်သင့် လုပ်ထားပေါ့"

"တာ့ တာ ဘိုင့်ဘိုင့်"

နောက်နေ့တွင်ဖြစ်သည် ထင်လင်းအောင်နှင့် ဇင်မင်းအောင်တို့သည် အိအိဖွေးထံသို့ ငွေ သိန်း (၅၀) လာပေးသည်။ ထိမ်းမြားလက်ထပ်စာချုပ်အလွတ်ပေါ်တွင် လက်မှတ်ရေးထိုး

www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်သည်။ မှတ်ပုံတင်နံပါတ်၊ မိခင်၊ ဖခင်တို့အမည်၊ လိပ်စာတို့ ပေးခဲ့သည်။ သက်သေအဖြစ် ဖြည့်သွင်းရန် ဇင်မင်းအောင်၏ မှတ်ပုံတင်နံပါတ်၊ လိပ်စာတို့ကိုလည်း ပေးခဲ့သည်။

တိုက်တိုက်ဆိုင်ဆိုင် (ဘောမှူးကြီး) ဆိုသော ဦးအောင်ကျော်ဇောလည်း ငွေထုပ်ကြီးဆွဲလျက် ရောက်ရှိလာသည်။ ဒေါ်ချယ်ရီက ဖက်လဲတကင်းကြိုဆိုလိုက်သည်။ သီးသန့်အခန်းထဲသို့ ခေါ်သွားလေသည်။

"ကိုအောင် အဲဒါ ကိုအောင်ရဲ့ ယောက္ခမလေ"

"အိုဘယ်က ဟုတ်ရမှာလဲ ကိုအောင်က လူပျိုစစ်စစ်"

"ဒီလို ကိုအောင်ရဲ့ ဦးအောင်ကျော်ဇောကလည်း အမေရိကန်လာဖို့ ပြည်ဝင်ခွင့်ဗီဇာရရှိဖို့အတွက် မာမီနဲ့ထိမ်းမြားလက်ထပ်စာချုပ်မယ်၊ ပြီးတော့ သူ့ယောကျ်ားခေါ်ယူခွင့်ပြုရန် လျှောက်ထားမယ်ပေါ့။ ကိုအောင်အတွက် အိမ်ဖွေးလုပ်ပေးသလိုပေါ့။ ဒါ့ကြောင့် ကိုအောင်ရဲ့ ယောက္ခမဖြစ်တယ်လို့ ပြောတာပါ ကိုအောင်ရယ် ဟဲ ဟဲ ဟဲ"

လဆန်း (၇) ရက်နေ့ဖြစ်သည်။ မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးသို့ ဦးအောင်ကျော်ဇော၊ ထင်လင်းအောင်၊ ဇင်မင်းအောင်တို့ တာ့တာ့ ဘိုင်ဘိုင်လုပ်ရန် ရောက်ရှိနေကြသည်။ ရန်ကုန်-ထိုင်ဝမ်၊ ထိုင်ဝမ်-အမေရိကန် ခရီးစဉ်လေယာဉ်ကြီးသည် ဒေါ်ချယ်ရီနှင့် အိအိဖွေးတို့အား အမေရိကန်နိုင်ငံသို့ သယ်ဆောင်သွားလေတော့သည်။

(မတ်-မေ၊ နွေ) (နို၊ ဖေ-ဆောင်း) (ဇွန်၊ အောက်-မိုး) ရာသီတွေပြောင်းလာခဲ့ပြီး (၈ - လ) ခန့်အကြာတွင် ဒေါ်ချယ်ရီ



နှင့် မအိအိဖွေးတို့ ရန်ကုန်သို့ ဒုတိယအခေါက်ရောက်ရှိလာကြပြန်သည်။ ဦးအောင်ကျော်ဇော၊ ထင်လင်းအောင်တို့ထံသို့ လာရောက်ကြိုဆိုရန်လည်း အကြောင်းမကြား၊ အသိမပေးခဲ့ပေ။

သူတို့ရောက်ပြီး (၁၀) ရက်ခန့်အကြာတွင် ဒေါ်ချယ်ရီ ရှေ့နေ ဦးနက်ပြောင်မှ ဦးအောင်ကျော်ဇောထံသို့ လည်းကောင်း၊ မအိအိဖွေး၏ရှေ့နေကြီး ဦးနက်ကျော် (ဆကာကြီး) က ထင်လင်းအောင်တို့ထံသို့လည်းကောင်း နို့တစ်စာပေးလေသည်။

နို့တစ်စာတွင် ဦးအောင်ကျော်ဇောသည် မချယ်ရီအား ထိမ်းမြားလက်ထပ်စာချုပ်ဖြင့် ထိမ်းမြားလက်ထပ်ခဲ့ပြီးနောက် ဟိုတယ်၊ အင်းတို့တွင် သားမယားအဖြစ် အကြိမ်ကြိမ်ပေါင်းသင်းခဲ့ပြီး၊ ထိမ်းမြားလက်ထပ်ရယူခြင်း မပြုသောကြောင့်လည်းကောင်း၊ ကိုထင်လင်းအောင်သည် မအိအိဖွေးအား ထိမ်းမြားလက်ထပ်စာချုပ်ပြုလုပ်ခဲ့ပြီးနောက် သားမယားအဖြစ် ဟိုတယ် အင်းတို့တွင် အကြိမ်ကြိမ်ပေါင်းသင်းခဲ့ပြီးနောက် ထိမ်းမြားလက်ထပ်ရယူခြင်းမပြုဘဲ ရှောင်နေသောကြောင့်လည်းကောင်း လာရောက်ညှိနှိုင်းဖြေရှင်းရန် တောင်းဆိုခဲ့ပါသည်။

ဦးအောင်ကျော်ဇောမှ ရှေ့နေငှားပြီးလည်းကောင်း၊ ကိုထင်လင်းအောင် ရှေ့နေငှားပြီးလည်းကောင်း၊ မဟုတ်မမှန်ကြောင်း အမေရိကန်သို့ လာရောက်လည်ပတ်ရန်အတွက် ပြည်ဝင်ခွင့်ဗီဇာရရှိရေးအတွက် လက်ထပ်စာချုပ်အလွတ်ပေါ်တွင် လက်မှတ်ရေးထိုးပေးခဲ့ရခြင်းသာဖြစ်ကြောင်း နို့တစ်စာပြန်ကြားခဲ့လေသည်။

မကျေနပ်သေးသောကြောင့် မချယ်ရီက သန်လျင်မြို့ရဲစခန်းသို့လည်းကောင်း၊ မအိအိဖွေးက ဗဟန်းမြို့နယ်ရဲစခန်းသို့

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ – ၄၂၀၊ ၄၉၃ ဖြင့် အမှုဖွင့်အရေးယူပေးရန် တိုင်ကြားခဲ့ကြသည်။

(၅)

ညောင်မြစ်တူးရာမှ ပုတ်သင်ဉတွေ ပေါ်ဆိုသကဲ့သို့ လက်ထပ်စာချုပ်ပေါ်ရှိ တရားရုံးတံဆိပ်၊ တရားသူကြီးတံဆိပ် လက်မှတ်များမှာ (အတု) ဖြစ်နေကြောင်း စစ်ဆေးပေါ်ပေါက်လာသောကြောင့် မချယ်ရီ၊ မအိအိဖွေးအပေါ် ဥပဒေအရ ပြစ်မှုပုဒ်မ–၄၆၈ အဖြစ် အရေးယူဆောင်ရွက်ရန် ပေါ်ပေါက်လာသည်။

မချယ်ရီ၊ မအိအိဖွေးတို့ကို ဖော်ထုတ်ချက်အရ (အတု) ပြုလုပ်ပေးသူ (လှမောင်ကြီး) (ဝင်းနိုင် (ခ) ဝင်းနိုင်ဦး) တို့အား ဖွင်းဆက်ဖော်ထုတ်ခဲ့ကြရသည်။ သက်သေခံတရားရုံးတံဆိပ်၊ တရားသူကြီးတံဆိပ်တို့ကို ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ရလေသည်။

ရဲစခန်းမှ အမှုဖော်ထုတ်တည်ဆောက်နေချိန်မှာပင် မချယ်ရီ၊ မအိအိဖွေးတို့သည် ထိုင်းနိုင်ငံမှတစ်ဆင့် အမေရိကန်နိုင်ငံသို့ တိတ်တဆိတ်ထွက်ခွာသွားခဲ့ကြလေသည်။

ရဲစခန်းမှ မချယ်ရီ မအိအိဖွေးတို့အား တရားခံပြေးမှု၊ အမှုဖွင့်အရေးယူခဲ့ပြီး လှမောင်ကြီး၊ ဝင်းနိုင်ဦးတို့အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀၊ ၄၆၈ ဖြင့် တရားစွဲဆိုတင်ပို့ခဲ့သည်။ တရားခံများ၏ဝန်ခံချက်အရ ပြစ်ဒဏ် (၂) နှစ်စီ ချမှတ်ခြင်းခံရလေသည်။



အပျိုတော်မရုပ်တေး ဆင်းတဲ့လို့ပြေး၊
မရှက်ဖူးလား၊ မကြောက်ဖူးလား၊
မကြောက်ဖူးလား၊ မရှက်ဖူးလား၊
သောက်တော်ကြူးတဲ့မင်းညီနောင်၊
သန်းခေါင်ကို နေ့မှတ်ပါလို့၊
အရပ်ကလေးကိုတဲ့ အားမနာ–အားမနာ
အရပ်ကလေးကိုတဲ့ အားမနာ။

**လူပြည်မှာ အမှုမပွေကြပါနဲ့။**

□

www.burmeseclassic.com

www.burmeseclassic.com




## သဟဇာတ အချစ်

"ကလင် ကလင် ကလင်"

"ဘဝတု သဗ္ဗမင်္ဂလံ မင်္ဂလာပါ ကိုဇော်"

"ထားရေ ရွှေကုံတိုင်ဆိုက်အတွက် ဘိလပ်မြေအိတ် (၂၀၀)၊ လမ်းမတော်ဆိုက်အတွက် အိတ် (၂၀၀) ပန်းဆိုးတန်းဆိုက် အတွက် သံချောင်း (၂) တန်ပို့ပေးပါ"

"ပို့ပေးလိုက်မယ်ကိုဇော်"

"ကိုဇော် ထိုင်းဘိလပ်မြေတွေ ဝင်လာနေတယ်၊ ထား ငွေလိုနေတယ် ကိုဇော်"

"အင်္ဂါနေ့ သိန်း (၁၀၀၀) ပို့လိုက်မယ် ထား၊ အဆင်ပြေ မလား"

"ပြေပါတယ် ကိုဇော်"

ဝါရှင်တန်ဆောက်လုပ်ရေး ကုမ္ပဏီပိုင်ရှင်၊ ဦးဇော်ဝင်းနှင့် တိုကျိုဖလားဆောက်လုပ်ရေးပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ပိုင်ရှင် ဒေါ်ယိပ်ကင်ထားတို့သည် စီးပွားရေးမဟာမိတ်လုပ်ငန်း ရှင်များ ဖြစ်ကြသည်။ ကန်ထရိုက်တာဦးဇော်ဝင်းက မိမိ၏ ဆောက်လုပ်ရေးလုပ်ငန်းခွင်၊ ဆိုက်များအတွက် လိုအပ်သော

www.burmeseclassic.com

www.burmeseclassic.com



သံချောင်းများ၊ ဘိလပ်မြေအိတ်များကို ဒေါ်ထိပ်တင်ထားထံမှ ကြိုပြိုင်မှ ဝယ်ယူခြင်း၊ တိုက်ခန်းများ၊ လုံးချင်းတိုက်များ ဆောက်လုပ်ပြီးစီးချိန်တွင် ဆောက်လုပ်ရေးပစ္စည်းဖိုးငွေများ ရှင်းလင်းပေးစေခြင်းဖြင့် အကျိုးတူ၊ စီးပွားရေးလုပ်ကိုင်လာကြသော မိတ်ဆွေရင်းခြာများဖြစ်ကြလေသည်။ အောင်မြင်တိုးတက်နေကြသော လုပ်ငန်းရှင်များဖြစ်ကြသည့် ဦးဇော်ဝင်းဆိုလျှင်မူကား နိုင်ငံတော်တွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအဆင့် (၂၁) ကန်ထရိုက်တာကြီးဖြစ်သည်။ ဒေါ်ထိပ်တင်ထားမှာလည်း အမျိုးသမီးစွမ်းဆောင်ရှင်များအသင်း အမှုဆောင်အဖွဲ့ဝင် လုပ်ငန်းရှင်ဖြစ်သည်။

ငှက်များသည် ပျံရင်းသေဆုံးကြသည်။ လူတွေမှာလည်း ကြီးပွားဖို့၊ ချမ်းသာဖို့ကြံရင်း သေဆုံးကြသည်ဟု အဆိုရှိလေသည်။ "လှော်ကောင်းတုန်းတက်ကျိုး" ဆိုသည့်စကားပုံကလည်း ရှိသေးသည်။ လောကတွင် ဒီအဖြစ်မျိုးတွေ ရှိနေသောကြောင့် ဒီစကားပုံများရှိနေခြင်း ဖြစ်ပေမည်။ ဦးဇော်ဝင်း၏ဇနီး ဒေါ်သိမ့်သိမ့်သူမှာ (၄၂) နှစ်တွင် ကွယ်လွန်သွားရှာသည်။ ဦးဇော်ဝင်းမှာ သားနှင့်သမီးတို့ကို ဆံထုံးအုပ်၍ လူလားမမြောက်နိုင်သောကြောင့် ယောင်အုပ်၍ကြီးလာရသည့်သား၊ သမီးတို့အား အမေလည်း သူ – အဖေလည်းသူ ဖဲမွေ့ရာရွှေကော်ဇောတွင် ကြီးပြင်းလာစေခဲ့သည်။ လာခြင်းကောင်းသော သားနှင့်သမီးတို့ဘဝ ဖြစ်ကြပေသည်။

ဒေါ်ထိပ်တင်ထား၏ခင်ပွန်း ကျားကြီး (ခ) ကျော်ကြီး၊ ဦးကျော်မှာလည်း အသက် (၅၀) တွင် ကွယ်လွန်သွားရရှာသော



ကြောင့် ဒေါ်ထိပ်တင်ထားမှာ သားနှင့်သမီးတို့အား အမိတာဝန်၊ အဖတာဝန်တို့ကို ယူပြီး တင့်တင့်တယ်တယ်လူလားမြောက်စေခဲ့ရလေသည်။ သားကောင်းအမိဖြစ်ချေသည်။

သို့ကြောင့် ဦးဇော်ဝင်းနှင့် ဒေါ်ထိပ်တင်ထားတို့သည် ဘဝချင်းတူသော မုဆိုးဖိုနှင့် မုဆိုးမ ဖြစ်ခဲ့ကြရလေသည်။ မုဆိုးဖို (သို့မဟုတ်) မုဆိုးမဖြစ်ကြရသောကိစ္စမှာ ကံ၊ ကံ၏အကျိုးတရားတို့ကြောင့် ဖြစ်ရခြင်းဖြစ်ပေသည်။ ကံကြမ္မာဖန်တီးမှုကို မလွန်ဆန်နိုင်ကြသောကြောင့် ခံစားကြရခြင်းဖြစ်ပေသည်။ မိမိမလိုချင်ဘဲ မဖြစ်ချင်ဘဲ ဖြစ်ကြရသော မုဆိုးဖို၊ မုဆိုးမများအနေဖြင့် သောကပင်လယ်ဝေကြရသည်မှာ ဓမ္မတာဖြစ်သည်။ ဘုရားဟော တရားသဘောအရ "စိန္တိတာတိဘဝတိ၊ အစိန္တိတာတိဝိနာသတိ" လူသားတွေဟာ ကိုယ်ဖြစ်ချင်သလို ဖြစ်နေရကြရတာ မဟုတ်ဘူး၊ သူဖြစ်ချင်သလို ဖြစ်နေခြင်းသာ ဖြစ်ပေသည်။ ထို့ကြောင့် သားရေး၊ သမီးရေး၊ စီးပွားရေး၊ ဘဝ၏မရှုရေးအတွက် ဘဝတစ်ခုကို အလှူပြုကြရလေသည်။

(၂)

မုဆိုးဖိုဟူသောဝေါဟာရနှင့် မုဆိုးမဆိုသော ဝေါဟာရတို့သည် လင်ရယ်၊ မယားရယ်ရှိနေသမျှကာလပတ်လုံးတွင် ရင်ဆိုင်တွေ့ကြုံကြရမှာဖြစ်သော လောကသဘာဝတစ်ခုဖြစ်ပါသည်။ အဘယ်ကြောင့်ဟူမူ **"ငါသည် မုချသေရမည်"** ဟူသော မိုးကုတ်ဆရာတော်ကြီး၏တရားအတိုင်းပင် ဖြစ်သည်။ လင်က အ[illegible] သေရင် မယားကမုဆိုးမ၊ မယားကအရင်သေလျှင် [illegible]င်က

www.burmeseclassic.com

www.burmeseclassic.com



မုဆိုးဖို၊ ဖြစ်မြဲမဲ့တာမဟုတ်ပါပေလား။ ကွာခြားချက် ကံတရား မတူညီကြတာက အသက်ငယ်ငယ်မှာ သေကြရတာနှင့် အသက်ကြီးမှ သေကြရတာတို့သာ ကွာခြားကြလေသည်။

သေခြင်းတရား၏ကံ၊ ကံ၏အကျိုးတရားအကြောင်းတို့မှာလည်း သံသရာအဆက်ဆက်၊ ဘဝအဆက်ဆက်တို့မှာ မိမိတို့ပြုလုပ်ခဲ့ကြသော ကုသိုလ်–အကုသိုလ်များအပေါ်တွင် မူတည်ပြီး တွေ့ရ၊ ကြုံရ ရင်ဆိုင်ရသော ကံတရားကြောင့်သာဖြစ်ချေသည်။ ငါသည် မုချ မုဆိုးဖို၊ မုဆိုးမဖြစ်ရပေလိမ့်ဦးမည်။

လူယောကျ်ား၊ လူမိန်းမတို့သည် နီးနွယ်ရာ ပတ်သက်မှုအကြောင်းပြုပြီး ဆက်ဆံပေါင်းသင်းလာကြရသည်။ တစ်ဦးနှင့် တစ်ဦးစိတ်သဘောထားချင်း တိုက်ဆိုင်မှု၊ သဟဇာတဖြစ်မှုအပေါ် မူတည်ပြီး ပေါင်းသင်းဆက်ဆံနေကြသည်။ ခင်မင်မှု၊ ယုံကြည်မှုတို့ဖြင့် တစ်ဦးအကျိုးတစ်ဦးကြည့်ပြီး အကူအညီပေးကြ၊ အကူအညီယူကြဖြင့် သဟဇာတဖြစ်ကြရသည်။ ခင်ရာဆွေမျိုး၊ မြိန်ရာဟင်းကောင်း ဆက်ဆံလာကြရသည်။ ချစ်လျှင်အကျိုး၊ မြတ်နိုးလျှင် သဒ္ဒါဖြစ်ကြပေသည်။

လူတစ်ဦးက လူတစ်ဦးအပေါ် အခွင့်အရေးပိုယူပြီး ဆက်ဆံလာပါက တစ်ဦးနှင့်တစ်ဦး သဟဇာတ မဖြစ်ကြတော့ပါ။ ဤတွင် သဟဇာတမဖြစ်ကြသောကြောင့် မိတ်ဆွေအဖြစ်၊ အပေါင်းအသင်းရောင်းရင်းများအဖြစ်မှ လမ်းခွဲကြလေသည်။ ချင်းစိမ်းနှင့်မိတ်သလင် သူကြင်မှ ကိုယ်ကြင် ဖြစ်ကြရလေသည်။

မုဆိုးဖို ဦးဇော်ဝင်း၊ မုဆိုးမ ဒေါ်ထိပ်တင်ထားတို့သည် သားသမီးများအပေါ် တာဝန်ကျေပါပေသည်။ မိဘတို့ ဝတ္တရား



ပြည့်ဝခဲ့ကြပါသည်။ ဒေါ်ထိပ်တင်ထား၏ သားကြီးမှာ စစ်ဗိုလ် စစ်မှုထမ်း၊ သမီးက ရွှေဆိုင်ပိုင်ရှင်သားနှင့် အိမ်ထောင်ကျသောကြောင့် ရွှေဆိုင်ပိုင်ရှင်၊ ဘဝပေးကောင်းသော သားနှင့်သမီးဖြစ်ပေသည်။ ဦးဇော်ဝင်းမှာလည်း သူ့သားက စင်ကာပူသွားပြီး ကျွမ်းကျင်ပညာရှင် အလုပ်သွားရောက်လုပ်ကိုင်ရာမှ ထိုကုမ္ပဏီ၏ အစုရှယ်ယာဝင် ကုမ္ပဏီပိုင်ရှင်ဖြစ်ခဲ့သည်။ သမီးမှာ U.S.A သို့ (၃) နှစ် ကျောင်းသွားနေခဲ့ရာမှ U.S.A ရောက် ထီးရိပ်နန်းသွေးဒေါ်ထိပ်တင်လှ၏သားနှင့် လက်ဆက်ခဲ့သောကြောင့် ချမ်းသာပြည့်စုံနေသော ဘဝကို ရရှိနေသည့် ဘဝပေးကောင်းသူများပင် ဖြစ်ချေသည်။

ဘဝတူ၊ အကျိုးပေးတူ၊ လုပ်ငန်းချင်းဆက်စပ် ပတ်သက်တူညီသော ဆောက်လုပ်ရေးပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင် ထိပ်တင်ထားနှင့် ဆောက်လုပ်ရေးကန်ထရိုက်တာ ဦးဇော်ဝင်းတို့သည် ဘဝချင်းဆုံတွေ့ပါရစေ ဆုတောင်းခဲ့ကြသလား ထင်ရမလောက် ဘဝချင်းတူသူများ ဖြစ်ကြသည်။

"စက္ခု ရူပေန သံဝါသာ ရာဂပုတ္တံ ဝိဇာယတိ"

စက္ခု = မျက်စိသည်၊ ရူပေန = ရူပါရုံနှင့်၊ သံဝါသာ = ပေါင်းဖော်မိသည်ရှိသော်၊ ရာဂပုတ္တံ = ရာဂတည်းဟူသော သားကို၊ ဝိဇာယတိ = ဖွားမြင်လေ၏။

"သဟဇာတ" ဖြစ်လာခဲ့ကြပြီး စိတ်ဆန္ဒသဘောထားချင်း တူညီစွာ ဆက်ဆံလာကြသည့် ဦးဇော်ဝင်းနှင့် ထိပ်တင်ထားတို့သည် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ကိုရိုးသော ခြောက်မျိုးတို့ဖြင့် ပေါင်းစပ်ဆက်စပ်လာခဲ့ကြရာ စိတ်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ်ခံစားလာရသော ရာဂ = တဏှာကို မလွန်ဆန်နိုင်ကြပါ။ တဏှာနွံအတွင်း နစ်မွန်းလာခဲ့ကြသည်။

အသက်အားဖြင့် (၄၀) ကျော် (၅၀) အတွင်းသာ ရှိကြသေးသောကြောင့် သူတို့၏ တဏှာရှုံသော ဗဟုကိစ္စော မလွန်ဆန်နိုင်ကြသည်ကို အပြစ်ပြောရန်လည်း မသင့်ပေ။ ပုထုဇနော ဥမ္မတကော – မဟုတ်ပါလော။

ထိပ်တင်ထားသည် အသက် (၄၀) ကျော်ဟုသာ ဆိုရသည်။ သူမ၏ရုပါရုံ အဆင်းအလှသည်ကား (၃၀) ခန့်ဟုသာ ထင်ရသည်။ ကိုယ်ကာယအလှဆရာမ တင်မိုးဝင်း၏အဆိုအရ တင် (၃၆)၊ ခါး (၂၂)၊ ရင် (၃၄)၊ အရပ် (၅) ပေ (၇) လက်မ အချိုးအဆစ်အလွန်ကျသော ဥမ္မာဒန္တီ၏ ရုပါရုံမျိုးဖြစ်သည် ဆို၏။ ထို့ကြောင့်လည်း မမထား၊ မမထားဟု တဖွဖွ ပြောဆိုဆက်ဆံပေါင်းသင်းနေရသော ပုရိသများနှင့် ဆက်ဆံရေးကို မြင်တွေ့နေရသော ဦးဇော်ဝင်းမှာ စိတ်မချနိုင် ဖြစ်နေရသည်။

သားကြီး၊ သမီးကြီးရှိကြသော မုဆိုးဖို ဦးဇော်ဝင်းနှင့် မုဆိုးမ ထိပ်တင်ထားတို့သည် သားသမီးများ၏ မျက်နှာထောက်ထားပြီး လင်ပိုင်၊ မယားပိုင်အဖြစ် ပေါင်းသင်းကြရန်ကား မစွန့်စားလိုကြ။

သဟဇာတဖြစ်ကြသော ဦးဇော်ဝင်းနှင့် ထိပ်တင်ထားတို့သည် လူသားဘဝ၊ လူသားတို့၏ရာဂစိတ်၊ ဆန္ဒနှင့် သာယာမှုတို့အတွက် သုဝဏ္ဏမြို့ လှူကုံထံတန်ရပ်ကွက်တွင် ကာလတန်ဖိုး ငွေကျပ်သိန်း (၅၀၀၀) ကျော်တန်ခြံကြီးနှင့် နှစ်ထပ်တိုက်ကြီး



ကို ဝယ်ယူပြီး ဘဝစည်းစိမ်၊ ကာမစည်းစိမ်တို့ကို သာယာစွာပေါင်းသင်းနေထိုင်လာကြသည်မှာလည်း ကံ၊ ကံ၏အကျိုးပေးကောင်းမှုပင်ဖြစ်ပေမည်။

“တဏှာလမ်းသွား၊ ခရီးမှားလျှင်၊ ရိယှားပန်းပင်၊ ကန္တာပြင်ဝယ်၊ မမြင်ရှေ့နောက်၊ အာခေါင်ခြောက်၍၊ သောက်လေသောက်လေ၊ ငတ်မပြေသည့်၊ ကာမေငါးတန်၊ ဆားရေငန်သို့”

**(သုခမှတ်စု။)**

“သဗ္ဗေသင်္ခါရ အနိစ္စာ” အလုံးစုံ အရာခပ်သိမ်းတို့သည် မမြဲ၊ ဖြစ်ပြန်ပျက်ပြန်လောကဓံ၊ ဦးဇော်ဝင်းနှင့် ထိပ်တင်ထားတို့၏ ဘဝတကွေ့ ပြောင်းလဲမှုဖြစ်ရလေပြီ။ လုံးဝမထင်မှတ်သော ဘဝတစ်ခု၏ ပြောင်းလဲမှုဖြစ်သည်။ ဦးဇော်ဝင်းသည် အသောက်အစားရှိသည်။ အပျော်အပါးရှိသည်။ သူနှင့် သဟဇာတ မဖြစ်တော့သော လူယောကျ်ား၊ လူမိန်းမတို့၏ ပယောဂကြောင့်ဖြစ်မည် ထင်သည်။ ည (၁) နာရီခန့်တွင် သူ၏ ပရာဒိုကားဖြင့် ဝေဇယန္တာလမ်းမကြီးအတိုင်း ကားမောင်းပြီး၊ အိမ်သို့ပြန်လာစဉ် ဓာတ်တိုင်ကို ပြင်းထန်စွာဝင်တိုက်ပြီး ဦးခေါင်းတွင် ဒဏ်ရာပြင်းထန်စွာ ရရှိသောကြောင့် ထိုနေရာမှာပင် ကွယ်လွန်သွားရရှာလေသည်။ ကွေးသောလက်မဆန့်မီ၊ ဆန့်သောလက်မကွေးမီ ဖြစ်ရသောဖြစ်ရပ်ပင်ဖြစ်ပေသည်။

(၄)

မုဆိုးဖို၊ မုဆိုးမတို့၏ “သဟဇာတအချစ်” ဓာတ်လမ်းကြီး မဆုံးသေး ဦးဇော်ဝင်း ကွယ်လွန်ပြီးနောက် သုံးလအကြာတွင်

www.burmeseclassic.com

www.burmeseclassic.com



သူ၏ သားနှင့်သမီးတို့က သုဝဏ္ဏမြို့၊ (၂၄) ရပ်ကွက်ရှိ ခြံကြီးနှင့် နှစ်ထပ်တိုက်အိမ်ကြီး၊ ဒေါ်ထိပ်တင်ထားလက်ဝယ်ရှိ အမည်မပြောင်းရသေးသော ပရာဒိုကားသစ်ကြီးတို့မှာ ၎င်းတို့၏ ဖခင်ကြီး ဦးဇော်ဝင်းနှင့် ဒေါ်ထိပ်တင်ထားတို့ ပူးတွဲပိုင်ဆိုင်လာခဲ့ကြသော ပစ္စည်းများဖြစ်သောကြောင့် ခြံနှင့် တိုက် (တစ်ဝက်တိတိ) ပိုင်ဆိုင်ခံစားခွင့် တန်ဖိုးငွေကျပ်သိန်း (၃၀၀၀) နှင့် ကားပိုင်ဆိုင်ခွင့်တန်ဖိုးငွေ (တစ်ဝက်တိတိ) ပိုင်ဆိုင်ခွင့်သိန်း (၂၀၀၀)၊ စုစုပေါင်းငွေကျပ်သိန်း (၅၀၀၀) ခွဲဝေပေးအပ်စေလိုမှု တရားမမှုစွဲဆိုခဲ့ကြရာ သဟောဒရတမဖြစ်သောသူတို့ အမှုကို ရင်ဆိုင်ဖြေရှင်းနေကြရလေသည်။

မှတ်ပုံတင်စာချုပ်မချုပ်ဆိုရသေးသော အိမ်ခြံမြေဝယ်ယူသော စာချုပ်အရနှင့် အမည်မပြောင်းရသေးသော ကားဝယ်သည့် စာချုပ်တို့တွင် ဦးဇော်ဝင်းနှင့် ထိပ်တင်ထားတို့နှစ်ဦးနာမည်ဖြင့် ဝယ်ယူခဲ့ခြင်း ဖြစ်သည်။ အိမ်ခြံမြေဝယ်သော စာချုပ်မှာ ဦးဇော်ဝင်း၏အလုပ်စားပွဲတွင်ရှိခဲ့ပြီး၊ ကားဝယ်စာချုပ်မှာ ဒေါ်ထိပ်တင်ထားလက်ဝယ်တွင် ရှိကြသည်။

ဤအချက်များကို အခြေခံပြီး တရားလို၏ရှေ့နေကြီး ဦးနက်ပြောင် (စိန်ဘရားသား ဥပဒေအကျိုးဆောင်) နှင့် ရှေ့နေကြီး ဦးနက်ကျော် (ဆကာကြီး) တို့က **"လူ့ပြည်မှာ အမှုမပွေကြရန်"** နှစ်ဘက်ဖြောင်းဖျညှိနှိုင်းပေးကြသည်။ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်တို့ကို ထိန်းကြရန် ဘုရားဟောတရားသဘောဖြင့် ဟောပြ ပြောပြရသည့် စိတ်ထိန်းတရားက –



နတံ မာတာပိတာ ကယိရာ၊
အညေဝါပိစ ဉာတကာ။
သမ္မာ ပဏိဟိတံ စိတ္တံ
သေယျသောနံ တတောကရေ။

**တံကရဏံ** = ထို ချမ်းသာပြည့်စုံအောင် ပြုခြင်းကို၊ **မာတာ** = မွေးသည့် မိခင်ကျေးဇူးရှင်သည်၊ **နကယိရာ** = မပြုနိုင်ရာ၊ **အညေ** = မိခင် ဖခင် ကျေးဇူးရှင်မှတစ်ပါးကုန်သော၊ **ဉာတကာဝါပိစ** – ဆွေးမျိုးသားချင်းတို့သည်လည်း၊ **နကရေယျုံ** = မပြုနိုင်ကုန်ရာ၊ **သမ္မာပဏိဟိတံ** = ဆယ်ပါးသော ကုသိုလ်ကမ္မပထ၌ ကောင်းစွာ ဆောက်တည်အပ်သော၊ **စိတ္တံ** = စိတ်ကောင်းသည်၊ **တတော** = ထိုမိဘဆွေမျိုးတို့ ချမ်းသာပြည့်စုံအောင် ပြုနိုင်ခြင်းထက်၊ **နံ** = ထိုပုဂ္ဂိုလ်ကို၊ **သေယျသော** = အဆင့်ဆင့်မြင့်မြတ်အောင်၊ **ကရေ ကရောတိ** = ပြုနိုင်၏။

## စိတ္တဝဂ် ဂါထာ ၄၃

နှစ်ဖက်အကျိုးဆောင်ကြီးများ၏ ညှိနှိုင်းပေးချက်အရ တရားလိုဘက်နှင့် တရားပြိုင်ဘက်တို့ အိမ်ခြံမြေတန်ဖိုး၊ ကားတန်ဖိုးတို့ကို (တစ်ဝက်တိတိ) စီ ခွဲဝေရယူကြရန် သဘောတူကြပါသောကြောင့် ရုံးတော်သို့ Concerning Degree နှစ်ဘက်သဘောတူဒီဂရီ ချမှတ်ပေးပါရန် လျှောက်ထားခဲ့ရာ ရုံးတော်မှ အမိန့်ချမှတ်ပေးလိုက်လေသည်။

**"လူ့ပြည်မှာ အမှုမပွေကြပါနဲ့"**

❐

www.burmeseclassic.com

www.burmeseclassic.com




## တစ်လိမ်၊ နှစ်လိမ်၊ ပွေလိမ်ရှုပ်တဲ့ လူ

"ကဲ ဆိုကြပါဗျာ၊ ကျွန်တော် ဘာကူညီရမလဲ"

"ဟုတ်ကဲ့ အုပ်ချုပ်ရေးမှူး ကျွန်တော်က အုပ်ချုပ်ရေးမှူး အပိုင်းမှာနေတဲ့ မချောကလျာရဲ့ တရားဝင်ခင်ပွန်း လှမောင်ပါ။ သူက အုပ်ချုပ်ရေးမှူးအပိုင်းမှာနေတဲ့ ကိုစောထွန်းနဲ့ ပေါင်းသင်းနေကြတာ၊ ကလေးတစ်ယောက် ရရှိကြပြီ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နစ်နာဆုံးရှုံးသူ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော် မယားခိုးမှု မစွဲလိုပါဘူး၊ နစ်နာဆုံးရှုံးသူဖြစ်လို့ သူတို့က ကျွန်တော်ကို ငွေ (၁၀) သိန်း ပေးပါမယ်တဲ့။ အုပ်ချုပ်ရေးမှူးတို့က အသိအမှတ်ပြုပေးစေချင်ပါတယ် ခင်ဗျာ။"

"ခင်ဗျားရဲ့နာမည်က

(ကိုလှမောင်) ပါ ခင်ဗျာ"

"ကျွန်တော်တို့ အုပ်ချုပ်ရေးမှူးရုံးအနေနဲ့ လင်မယား ကွာရှင်းတာတို့၊ လက်ထပ်တာတို့၊ ရာဇဝတ်ကြီးမှုတို့ကို ဆောင်ရွက်ပေးပိုင်ခွင့်၊ လုပ်ပိုင်ခွင့် မရှိပါဘူး။ ဒါပေမဲ့ ကာယကံ

www.burmeseclassic.com

www.burmeseclassic.com



ရှင်တွေရဲ့ ဆန္ဒသဘောထားအရ ပြုလုပ်မှုကိုတော့၊ အခြေခံအုပ်ချုပ်ရေးရုံးအနေနဲ့ သိရှိကြောင်းကိုတော့ မှတ်တမ်းတင်ထားပိုင်ခွင့် ရှိပါတယ်။ ဒါကြောင့် သိရှိကြောင်းကိုသာ မှတ်တမ်းတင်ပေးနိုင်ပါတယ်"

"ရပါတယ် အုပ်ချုပ်ရေးမှူး မှတ်တမ်းတင် အသိအမှတ်ပြုပေးပါခင်ဗျာ"

ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်စွာဦးသည် မိမိတာဝန်ယူရသော၊ ရပ်ကွက်အတွင်း ပေါ်ပေါက်လာသော၊ လူမှုကိစ္စ၊ မှုခင်းကိစ္စများကို မှတ်တမ်းပြုထားရန် တာဝန်ရှိသည့်အတိုင်းရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးစာရေးတို့နှင့် အတူတူဆောင်ရွက်ပေးခဲ့ရလေသည်။

(၂)

## "ကူညီပါရစေ – ကူညီပါရစေခင်ဗျာ"

ကိုလှမောင်သည် – ရဲတပ်ဖွဲ့စခန်းသို့ အမှုဖွင့်အရေးယူပေးပါရန် ရေးသားထားသော တိုင်စာကို ကိုင်လျက် ရဲစခန်းသို့ဝင်သွားသည်။ တာဝန်မှူးထံသို့ တိုင်စာကို ပေးအပ်သည်။

"ကိုလှမောင်က အမှုဖွင့်ချင်တာလား"

"ဟုတ်ကဲ့ဆရာ ကျွန်တော့်မိန်းမခိုးယူပေါင်းသင်းနေတဲ့ကိုစောထွန်းကို အရေးယူပေးဖို့ အမှုဖွင့်ပေးပါဆရာ။"

"ဟုတ်ပြီ ဒါဆိုရင် ခင်ဗျားထံမှ စစ်ချက်ယူအမှုဖွင့်ပေးဖို့စခန်းမှူးထံ တင်ပြမယ်၊ စခန်းမှူးက အမှုစစ်တစ်ဦးကို တာဝန်ပေးလိမ့်မယ်"

မယားခိုးမှုအမှုလာဖွင့်သော ကိုလှမောင်သည် အမှုစစ်ရဲ



အရာရှိတစ်ဦးမှ ၎င်း၏အမှုကို ကိုင်တွယ်စစ်ဆေးမည့် ရဲအရာရှိကို စောင့်နေသည်။

"ကိုလှမောင်"

"ဟုတ်ကဲ့ ကျွန်တော်ပါခင်ဗျာ"

"ဒီအမှုစခန်းကို ကြွပါခင်ဗျာ"

"ကျွန်တော် ဒုရဲအုပ်ကျော်စိန်လင်းပါ။ ကိုလှမောင်ရဲ့ အမှုကို ကိုင်တွယ်စစ်ဆေးဖို့ တာဝန်ပေးခံရသူ ဖြစ်ပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ခင်ဗျားမိန်းမ မချောကလျာနဲ့ ဘယ်မှာ အိမ်ထောင်ပြုခဲ့ပြီး၊ ဘယ်မှာ နေထိုင်ခဲ့သလဲ၊ ကလေး ဘယ်နှစ်ယောက်ရခဲ့သလဲ၊ ဘာတွေ လုပ်ကိုင်စားခဲ့ကြသလဲ၊ ဘာကြောင့် လင်မယားကွဲကွာနေကြတာလဲ။ ဘာဖြစ်လို့ အခုမှ အမှုဖွင့်တာလဲ။ ဘာရည်ရွယ်ချက်နဲ့ အမှုဖွင့်တိုင်ကြားတာလဲ။ ခင်ဗျားအနေနဲ့ ဘာလိုလားချက် ရှိပါသလဲ"

ဒုရဲအုပ်ကျော်စိန်လင်းသည် ရိက္ခာတော်ရ၊ ရဲမင်းကြီးဦးခင်မောင်၏ ရဲလမ်းညွှန်လက်ကံဖြစ်သော (ဘာမှု၊ ဘယ်သူ၊ ပြုမှုဘယ်မှာ၊ ဘာနှင့်ဘယ်ခါ၊ ဘယ်လိုဘာကြောင့်၊ ဘယ်သူနှင့်လဲ သိဖို့ပဲ။) လမ်းညွှန်ရဲအမှုစစ်လုပ်ငန်းစဉ်များဖြင့် ကိုလှမောင်အား စစ်ဆေးသည်။ စစ်ဆေးတွေ့ရှိချက်အရ ပြစ်မှုအမှတ် (ပ) ၀၀၇/ ၂၀၁၃။ ပြစ်မှုပုဒ်မ (၄၉၇) မယားခိုးမှု အမှုဖွင့်လှစ်သည်။

တရားခံဖြစ်သော ကိုစောထွန်းအား အမှုစစ်ဒုရဲအုပ်ကျော်စိန်လင်းမှ ဆက်လက်စစ်ဆေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ကိုစောထွန်း ခင်ဗျားနဲ့ မချောကလျာတို့ ဘယ်လို ညားခဲ့သလဲ၊ ပြောပါဦး"

"ဟုတ်ကဲ့ဆရာ။ ကျွန်တော်က လူပျိုပါ။ မချောက သူ့အဒေါ်နဲ့၊ ဒေါ်သိန်းသိန်းအိမ်မှာ၊ ယောကျ်ားနဲ့ ကွဲပြီး လာနေပါတယ်။ ၆ လခန့်အကြာမှာ ကျွန်တော်နဲ့သမီးရည်းစားဖြစ်ကြပါတယ်။ သူ့ယောကျ်ား ကိုလှမောင်ဟာ မသန်းသန်းအေး ဆိုတဲ့ အမျိုးသမီးနဲ့ ပေါင်းသင်းနေကြောင်း ပြောပါတယ်။ ဒါကြောင့် ကျွန်တော် သူ့ကို ယူမယ်လို့ ပြောခဲ့ပါတယ်"

"သူက သူ့အဒေါ်ထံမှာ တောင်းယူလက်ထပ်ဖို့ ပြောလို့ တောင်းခဲ့ပါတယ်၊ သဘောတူတဲ့အတွက် တရားရုံးမှာ ထိမ်းမြား လက်ထပ်ပြီး ကျွန်တော့်အိမ်မှာ ပေါင်းသင်းလာခဲ့ပါတယ်၊ သားကလေးတစ်ယောက် မွေးထားပါတယ် ဆရာ"

"ခင်ဗျားနဲ့မချောကလျာတို့ ပေါင်းသင်းလာခဲ့တာ ဘယ်လောက် ကြာပြီလဲ"

"သုံးနှစ် ရှိပါပြီ ဆရာ"

"ကိုလှမောင်အကြောင်း တခြား ဘာသိတာရှိလဲ၊ ရှိရင် ပြောပြပါ"

"သူ ဒုတိယဇနီး မသန်းသန်းအေးနဲ့ ကွဲပြီး ဘုန်းကြီး ဝတ်သွားကြောင်း သိရပါတယ်ဆရာ"

"ခင်ဗျားဆီ သူ ဘယ်တုန်းက ရောက်လာသလဲ"

"လွန်ခဲ့တဲ့ တစ်ပတ်ကျော်လောက်က၊ ကျွန်တော့်မိန်းမ ချောကလျာကို သူတွေ့ပြီး၊ သူ့ကို ငွေ (၁၀) သိန်း ပေးရင် ပေး၊ မပေးရင် မယားခိုးမှုနဲ့ အမှုဖွင့်တိုင်ကြားတရားစွဲမယ်လို့



ပြောပါတယ်။ ဆရာ ကျွန်တော့်အနေနဲ့ အရှက်မကွဲချင်တာရယ်၊ သားကလေးမျက်နှာ၊ ဇနီးချောမျက်နှာကို ထောက်ထားပြီး ငွေ (၁၀) သိန်းပေးဖို့ သဘောတူခဲ့ပါတယ် ဆရာ"

"ကျွန်တော်က ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးက လူကြီးတွေ သက်သေထားပြီး၊ ရပ်ကွက်ရုံးမှာ ငွေပေးမယ်လို့ ပြောပါတယ် ဆရာ"

"ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးက၊ ဒီလိုအပေးအယူလုပ်ပြီး၊ ညှိနှိုင်းတာကို သိရှိကြောင်းသာ မှတ်တမ်းတင်ပေးမှာဖြစ်ကြောင်း ပြောသလို့ လူကြီးတွေရှေ့မှာ ကျွန်တော် ပေးခဲ့ပါတယ် ဆရာ။"

ဒုရဲအုပ်ကျော်စိန်လင်းသည် အမှု၏အဖြစ်အပျက်၊ အချက်အလက်များကို၊ စခန်းမှူး၊ မြို့နယ်မှူးတို့ထံသို့ တင်ပြ၍ လမ်းညွှန်မှု ရယူသည်။ လမ်းညွှန်ချက်အရ မြို့နယ်ဥပဒေရုံးသို့ ဥပဒေအကြံပြုချက် ရယူခဲ့သည်။

(၄)

မြို့နယ်ဥပဒေရုံး၏အကြံပြုချက်မှာ တရားဝင်မကွာရှင်းသေးတဲ့ လင်ရှိမယားကို ပေါင်းသင်းခဲ့သော ပြစ်မှုကတစ်မျိုး၊ မယားခိုးမှုစွဲဆိုခြင်း မပြုပါဆိုပြီး ငွေ (၁၀) သိန်းရယူမှုက တစ်ဖုံ။ တစ်ကဏ္ဍစီဖြစ်နေသောကြောင့်၊ တရားရုံးမှဖြေရှင်းစေသင့်ကြောင်း အကြံပြုချက်ရရှိသည်။

ထို့ကြောင့် မြို့နယ်တရားရုံးသို့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၄၉၇) မယားခိုးမှုဖြင့် တရားစွဲတင်ပို့သည်။ မြို့နယ်တရားရုံးမှ

www.burmeseclassic.com

www.burmeseclassic.com



ပြစ်မှုကြီးမှုအမှတ် (၀၀၈/ ၂၀၁၃) ဖြင့် စစ်ဆေးကြားနာလာခဲ့သည်။ အမှုသွား အမှုလာ၊ အမှုဖြစ်စဉ်နှင့် ရဲအစီရင်ခံချက်တို့အရ အမှုစစ်တရားသူကြီးမှ တရားခံကိုစောထွန်းကို အချုပ်လွတ် ထုချေခွင့်ပေးထားသည်။

အမှုစစ်ဆေးနေစဉ် ကာလအတွင်းမှာပင် ကိုးလလွယ်၊ ဆယ်လဖွားဆိုသည့်အတိုင်း မချောကလျာမှ ဒုတိယမြောက် သားလေးကို ဖွားမြင်ခဲ့လေသည်။ နာမည်က မောင်ခိုင်မြဲ တဲ့။ ဘယ်သူခွဲခွဲ တို့မကွဲ ဆိုသည့်အတိုင်းပင် ကိုစောထွန်း + မချောကလျာတို့၏ နှလုံးသည်းအိမ်မှ ပေါက်ဖွားလာသော ချစ်ခြင်းမေတ္တာတရား၊ သစ္စာတရားတို့သည် ကြာလေလေခိုင်မြဲလေလေ ရှိနေကြပါသည်။ ချောကလျာမှာလည်း တစ်သားမွေး တစ်သွေးလှမှ နှစ်သားမွေး နှစ်သွေးလှ ဆိုသကဲ့သို့ တစ်သွေး တစ်မွေး၊ အလှပေါ်အယဉ်ဆင့် အသွင်တင့်နေလျက် ရှိပေသည်။ (ဣတ္ထိယရုပ်ခန့်ညစ္စံ) ဣတ္ထိယ–မိန်းမတို့၏ရုပ်၊ ရုပ်ဆင်းလှပခြင်းသည်၊ ခန့်ညစ္စံ–စီးပွားဥစ္စာမည်ကုန်၏။

"အစ်ကို ငွေ (၁၀) သိန်းလည်း ယူခဲ့တယ်၊ ထပ်ပြီး တရားလည်းစွဲတယ်၊ ဂုဏ်သိက္ခာကျအောင်၊ ထောင်ကျအောင် အစ်ကို့အပေါ် လုပ်နေတဲ့ လူယုတ်မာ လှမောင်ကို တရားပြန်စွဲလို့ မရဘူးလား အစ်ကို"

"အချစ်ရယ် ရန်ကိုရန်ချင်း မတုံ့နှင်းနဲ့တဲ့၊ တရားကို နတ်စောင့်ပါတယ် ချောရယ် သည်းခံပါ"

"မရဘူးအစ်ကို၊ ကလျာ သည်းမခံနိုင်ဘူး (စိန်ဘရားသား



ဥပဒေ အကျိုးဆောင်အဖွဲ့) ကို သွားပြီး ကလျာတရား ပြန်စွဲဖို့ စီစဉ်မယ်"

"မချောသဘော၊ မချောသဘော၊ မချောသဘော"

မချောကလျာသည် ခင်ပွန်းသည်ကိုစောထွန်း၏ ပျော့ညံ့မှုကို သည်းမခံနိုင်တော့ပေ။ မိမိရင်သွေးသားကလေး (၂) ဦး၏ ဘဝရှေ့ရေးကလည်း ရှိပေသေးရာ စီးပွားရှာကောင်းသော ကိုစောထွန်းဘဝ အေးချမ်းအောင် တရားပြန်စွဲရန် ဆုံးဖြတ်လိုက်ပြီး ဥပဒေအကျိုးဆောင်ကြီးများ၏ရုံးသို့ သွားခဲ့ပါသည်။

"ဆရာ သမီးအမှုကိစ္စတစ်ခု တိုင်ပင်ချင်လို့ပါ ဆရာ"

"ရပါတယ် တစ်ခု မဟုတ်ဘူး။ နှစ်ခု၊ သုံးခု၊ တိုင်ပင် ဆွေးနွေးနိုင်ပါတယ်ဗျာ"

"ဒီလိုပါဆရာ ကျွန်မခင်ပွန်းအပေါ် ကျွန်မရဲ့ခင်ပွန်းဟောင်းက ကျွန်မနဲ့သူနဲ့ တရားဝင်ကွာရှင်းပြတ်စဲ စာချုပ်မရှိဘဲ ကျွန်မကို လက်ထပ်ရယူပေါင်းသင်းတယ်ဆိုပြီး တရားမစွဲဆိုစေချင်လျှင် ငွေ (၁၀) သိန်း ပေးရမယ်ဆိုလို့ ရပ်ကွက်ရုံးမှာ ပေးခဲ့ပါတယ်။ ငွေယူပြီး တရားလည်း စွဲဆိုလို့ အခုအမှုရင်ဆိုင်နေရပါတယ် ဆရာ"

"ခင်ပွန်းဟောင်း ကိုလှမောင် ဟာ ကျွန်မကို ထားခဲ့ပြီး ဦးဖိုးထောင်ရဲ့ ဇနီး မသန်းသန်းအေးကို ခိုးသွားပြီး၊ တရားရုံးမှာ ထိမ်းမြားခဲ့ပါတယ်"

ကျွန်မ စည်းရုံးပြီး ကိုလှမောင်အပေါ် မယားခိုးမှုစွဲဆို ပေးဖို့ပြောတော့ သူက ငွေ မတတ်နိုင်လို့ ငြိမ်ခံနေရတယ်လို့ ပြောလို့ ကျွန်မ လိုတဲ့ ငွေ ပေးမယ်၊ စရိတ်ပါ ပေးမယ်၊

www.burmeseclassic.com

www.burmeseclassic.com



တရားစွဲဖို့ သဘောတူပါတယ် ဆရာ၊ ဒါ့ကြောင့် အမှုအပ်ချင်လို့ပါ ဆရာ"

"ဒါ မှန်တာပေါ့ သမီးရယ်၊ ပါးကိုက်ရင် နားကိုက်။ နဂါးမှန်းသိအောင် အမောက်ထောင်ပြဆိုတဲ့ စကားပုံတွေရှိတယ် မဟုတ်လား။ ဦးဖိုးထောင်ကိုသာ ခေါ်လာခဲ့ပါ။ သူက တရားလိုဆိုတော့ သူ့ကို အသေးစိတ်ရှင်းပြရမယ်"

"ကျေးဇူးပါပဲ ဆရာ၊ သမီး အကျိုးဆောင်ခ (၁၀) သိန်း ပေးပါမယ်၊ နည်းတယ် များတယ် မအောက်မေ့ပါနဲ့"၊

"ရပါတယ်။ ရပါတယ်"

တရားလိုက ဦးဖိုးထောင်မှ တရားခံ ကိုလှမောင်အပေါ် ပြစ်မှုပုဒ်မ (၄၉၇) (မယားခိုးမှု) ပြစ်မှုကြီးမှု အမှတ် (၀၀၉/၂၀၁၃) ဖြင့် ဦးတိုက်လျှောက်ထား တရားစွဲဆိုသည်။ ဆင့်ခေါ်စာ၊ သမ္မာန်စာကို လက်မှတ်ရေးထိုးရယူခဲ့သောကြောင့် အတည်ဖြစ်သည်။ သို့ရာတွင် တရားခံလှမောင်သည် ရုံးချိန်းပေါင်း (၁၀) ချိန်းတိုင်တိုင် ရုံးတော်သို့ မလာရောက်ခဲ့ပါ။

တရားလို ဦးဖိုးထောင်၏ လျှောက်ထားချက်အရ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေနှင့်အညီ ပြစ်မှုသေးမှု ဖွင့်လှစ်ပြီး တရားခံ ကိုလှမောင်အပေါ် ဖမ်းဝရမ်း ထုတ်ဆင့်ထားသည်။

## (၅)

တရားခံပြေး၊ ဝရမ်းပြေးဖြစ်နေသော ကိုလှမောင်သည် သူတရားလိုပြုလုပ်ပြီး စွဲဆိုထားသော ကိုစောထွန်းနှင့် သူ၏



အမှုရုံးချိန်းပေါင်း (၁၀) ကြိမ်တိုင်တိုင် ရုံးရှေ့သို့ တရားလိုလာရောက်ရန် ပျက်ကွက်နေပြီ ဖြစ်သည်။

တရားခံကိုစောထွန်း၏ရှေ့နေကြီးမှ တရားလို ထွက်ဆိုချက်၊ တရားလိုပြသက်သေထွက်ဆိုချက်၊ သက်သေခံ အထောက်ထားအရ - ပြစ်မှုပုဒ်မ (၄၉၇) မယားခိုးမှုမြောက်အောင် ထွက်ဆိုနိုင်ခြင်း မရှိသောကြောင့် တစ်ကြောင်း၊ တရားခံထံမှ မယားခိုးမှု မစွဲရန် ငွေ (၁၀) သိန်းရယူခဲ့ပြီးမှ မယားခိုးမှု စွဲဆိုခြင်းဖြစ်ကြောင်း မြင်သာထင်ရှားသောကြောင့်တစ်ကြောင်း၊ တရားလိုသည် အခြားတရားရုံးတွင် သူကိုယ်တိုင် ပြစ်မှုပုဒ်မ (၄၉၇) မယားခိုးမှုစွဲဆိုခံနေရသော တရားခံဖြစ်ပြီး တရားခံပြေးမှု ဖွင့်လှစ်ပြီး ဖမ်းဝရမ်းထုတ်ဆင့်ထားသော တရားခံပြေးဖြစ်သောကြောင့် တစ်ကြောင်း၊ ဤရုံးတော်ရှေ့လာရောက်ရန် ရုံးချိန်းပေါင်း (၁၀) ကြိမ် ပျက်ကွက်ခဲ့ပြီးသူဖြစ်ပါ၍တစ်ကြောင်း၊ ထို့ကြောင့် ရုံးတော်မှ သင့်လျော်သော အမိန့်ချမှတ်ပေးပြီး အမှုပိတ်သိမ်းပေးရန် ရုံးတော်သို့ လျှောက်ထားသည်။ ရုံးတော်မှ အမိန့်ချမှတ်ရန် ချိန်းဆိုလိုက်သည်။

**အမှုခေါ်သည်။**

| | |
|---|---|
| တရားလို | - မလာ |
| တရားလိုရှေ့နေ | - မလာ |
| အစိုးရရှေ့နေ | - ရှိ။ |
| တရားခံ | - ရှိ။ |
| တရားခံရှေ့နေ | - ရှိ။ |

www.burmeseclassic.com

www.burmeseclassic.com



**အမိန့်**

တရားလို ဦးလှမောင်မှ တရားခံကိုစောထွန်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၄၉၇) အရ စွဲဆိုသော အမှုအား စွဲချက်မတင်ဘဲ အမှုမှ အပြီးအပြတ် လွှတ်လိုက်သည်။

**"ကျွန်တော်တို့ လောကကြီးမှာ ဒီလိုလည်း ရှိတယ်"**

❐




www.burmeseclassic.com

www.burmeseclassic.com

၅

## မွေးရပ်မြေ

"ဆရာမြဝင်း... မင်းကြီးခေါ်တယ်ဆိုလို့"

"ဟုတ်ကဲ့ဆရာ... ကျွန်တော် သတင်းပို့ပေးပါ့မယ်"

မင်းကြီး၏ ရုံးခန်းလုံခြုံရေးတာဝန်မှူး ဆရာမြဝင်းသည် ရဲအုပ်ကျော်စိန်လင်း ရောက်ရှိကြောင်း မင်းကြီးထံ သတင်းပို့သည်။ မင်းကြီးက လွှတ်လိုက်ရန် ပြောသည်။ ကျော်စိန်လင်း မင်းကြီး၏ရုံးခန်းသို့ ဝင်သွားသည်။ အလေးပြုလိုက်သည်။

"ထိုင် ဆရာကျော် လေးစားပါတယ်"

"ခင်ဗျား နေပြည်တော်သွားရမယ်၊ စစ်ဆင်ရေးမှူးရုံးကို သွားရမယ် အသင့်ဖြစ်ရင် ဒီနေ့ညနေကားနဲ့ သွားလိုက်ပေါ့"

"ဟုတ်ကဲ့မင်းကြီး အသင့်ဖြစ်ပါတယ်"

"ဆက်လုပ်ဗျာ"

"တာဝန်ကျေရပါစေမယ် မင်းကြီး"

ရဲအုပ်ကျော်စိန်လင်းသည် မင်းကြီး၏ရုံးခန်းမှထွက်လာပြီး နားနေဆောင်သို့ ရောက်ရှိခဲ့လေသည်။

"CONGRATULATION ကွန်ဂရက်ကျူလေးရှင်း ဆရာကျော်"



"မင်းကြီးက ခေါ်တယ်ဆိုတော့ အပွင့်တက်တော့မယ် ထင်တယ် ဆရာ"

"အပွင့်ဘဲတက်မလား အခက်ပဲ တက်မလားတော့ မပြောတတ်ဖူးဗျာ။ ဒီညနေ နေပြည်တော်ကို သွားရမယ်။ စစ်ဆင်ရေး ဌာနကို သွားရမယ်"

"ဆရာကျော်က လူပျိုလူလွတ်ဆိုတော့ တော်သေးတာပေါ့ ဗျာ။ ကျွန်တော်တို့ဆို မိန်းမချောချော လှလှလေး ရထားတော့ မယားစိတ်မချရတဲ့သောက၊ သားစိတ်မချရတဲ့ သောကတွေနဲ့ ဆိုတော့ စစ်ဆင်ရေးနဲ့ကြုံရမှာကို လွဲလွှတ်စေဆိုပြီး ရွတ်လိုက်ရတဲ့ သမ္ဗုဒ္ဓေဂါထာတော်ကြီး"

ရဲအုပ်ကျော်စိန်လင်းသည် နေပြည်တော်သို့ သွားရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရလေသည်။

ရန်ကုန်–နေပြည်တော် အဆင့်မြင့်လေအိတ်ကားကြီးသည် ညနေဆည်းဆာ၏သာယာလှပမှုများ အစီအရီရှိနေသော ရန်ကုန် – မန္တလေးအမြန်လမ်းမကြီးအတိုင်း နေပြည်တော်ခရီးသည်များကို သယ်ပို့ပေးနေလေသည်။

နေလုံးကြီးကွယ်ပျောက်သွားချိန်တွင်မူကား ရန်ကုန်–မန္တလေးအမြန်လမ်းမကြီးကို ဆင်မြန်းထားသော မာကျူရီမီးလုံးကြီးများက ဆီးနှင်းမြူမှုန်များကို ဖောက်ထွင်းပြီး လင်းလက်နေသော မြင်ကွင်းကို ဖန်တီးပေးထားသည်။ ဆောင်းပန်းရန့်ကလည်း ခရီးသည်များကို အိပ်ချင်အောင်ချော့သိပ်နေသည် လား ထင်ရမလောက်။

www.burmeseclassic.com

www.burmeseclassic.com



နံနက်မိုးသောက်အာရုဏ်ဦးအချိန်တွင် နေပြည်တော် ရွှေမြို့တော်ကြီးသို့ မပင်ပန်းသော ခရီးလမ်းဖြင့် ရောက်ရှိခဲ့လေပြီ။

(၂)

ရုံးဖွင့်ချိန်တွင် ဖြစ်သည်။ ရဲအုပ်ကျော်စိန်လင်း ရဲတပ်ဖွဲ့ဌာနချုပ်၊ အထူးစစ်ဆင်ရေးဌာနမှူးရုံးသို့ ရောက်ရှိနေသည်။ ဌာနမှူးရုံးခန်း လုံခြုံရေးမှူး ဆရာမောင်ကြီးထံ သတင်းပို့သည်။ မင်းကြီးရုံးခန်းသို့ ဝင်သွားသည်။

“Good Morning ဆရာကျော်စိန်လင်း” ထိုင်ပါ ထိုင်ပါ ခင်ဗျား မြဝတီမြို့နဲ့ (၂၀) မိုင်လောက်ဝေးတဲ့ ပလော့သော့ ရွာမှာ မွေးခဲ့တယ် ဆိုတာ ဟုတ်လား”

“ဟုတ်ပါတယ် မင်းကြီး”

“ကရင်လို ကောင်းကောင်းတတ်တယ်ဆိုတာကော”

“တတ်ပါတယ် မင်းကြီး”

“ခင်ဗျားတို့ ရွာရဲ့ပတ်ဝန်းကျင်ရွာတွေကိုကော မှတ်မိသေးလား”

“မှတ်မိပါတယ် မင်းကြီး”

“ခင်ဗျားတို့ရွာနဲ့ ပတ်ဝန်းကျင်ရွာ (၇) ရွာလောက်ဟာ ကျွန်တော်တို့ နိုင်ငံနယ်နိမိတ်စည်းမျဉ်းရဲ့ ဒီဘက်မှာ ဖရဲသီးခြမ်းလို တည်ရှိနေတယ်။ ခုအခါမှာတော့ တစ်ဖက်နိုင်ငံဘက်မှာလည်း ဖရဲသီးစိတ်ခြမ်းလို ရွာငယ်ရွာသိမ်လေးတွေ ရှိနေတယ်။ အဲဒီရွာလေးတွေမှာ သောင်းကျန်းသူတွေ ခြေကုပ်ယူထားတယ်။ သူတို့က ဒီဘက်က ကုန်ပစ္စည်း ဟိုဘက်က ကုန်



ပစ္စည်း မှောင်ခိုသွင်းယူ/ သယ်ပို့လုပ်စားသူတွေကို အကာအကွယ် ပေးတယ်။ ဆက်ကြေးယူပြီး ရပ်တည်နေကြတယ်ဗျာ”

“ဒီဘက်ရွာတွေက ယောကျ်ားလေးတွေဆိုရင် အသက် (၁၂) နှစ် (၁၃) နှစ်ရှိလာရင် သူတို့သောင်းကျန်းသူထဲကို အတင်းအဓမ္မခေါ်ယူပြီး လက်နက်တပ်ဆင်ပေးတော့တာပဲ မိန်းကလေးတွေဆိုရင်လည်း (၉) နှစ် (၁၀) နှစ်အရွယ်ကစပြီး သူတို့ရန်ကို ကြောက်လို့ မိဘမဲ့ကျောင်းတွေကို မိဘတွေက ပို့ထားကြရတယ်။ မိဘတွေရှိနေရက်နဲ့ မိဘမဲ့တွေဖြစ်ပြီး ဘုန်းကြီးကျောင်း ပရဟိတကျောင်းတွေမှာ ရောက်နေကြရတယ်”

“ဟုတ်ကဲ့မင်းကြီး၊ ကျွန်တော်လည်း မြဝတီမြို့နယ်၊ ပလော့သော့ကျေးရွာကနေပြီး မွန်ပြည်နယ်၊ ဘီးလင်းမြို့ (သော်ကမြောင်ဘုန်းကြီးကျောင်း မျိုးဆက်သစ်ပရဟိတဂေဟာ) မှာ သူငယ်တန်းမှ (၁၀) တန်းအထိ နေခဲ့ရပါတယ် မင်းကြီး”

“ဟုတ်တာပေါ့ ဒေသခံတိုင်းရင်းသားတွေဟာ ကိုယ့်မွေးရပ်မြေမှာ မနေရဲဘူး ဖြစ်နေကြတယ်၊ ဒါ့ကြောင့် ကျွန်တော်တို့ စစ်ဆင်ရေးလုပ်ဖို့ ဆရာကျော်စိန်လင်းကို ထောက်လှမ်းဖို့ တာဝန်ပေးမှာ ဖြစ်ပါတယ်”

“တာဝန်ယူရန် အသင့်ပါ မင်းကြီး”

စစ်ဆင်ရေးမှူးကြီးနှင့် ရဲအုပ်ကျော်စိန်လင်းတို့သည် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးပြုလုပ်မှာဖြစ်သောကြောင့် ကြိုတင်ထောက်လှမ်းမှုများပြုလုပ်ရန် ကြိုတင်ညှိနှိုင်းမှုများ ပြုလုပ်ကြသည်။ ထောက်လှမ်းရမည့် လျှို့ဝှက်ဆက်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းများ၊ လျှို့ဝှက်များ၊ စကားဝှက်များပြုလုပ်ကြပြီး ရဲအုပ်ကျော်စိန်လင်းအား မြဝတီမြို့နယ်ကျေးရွာဒေသများသို့ စေလွှတ်သည်။

(၃)

ရဲအုပ်ကျော်စိန်လင်းသည် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အသွင်အပြင်လက္ခဏာများကို ပြောင်းလဲလိုက်သည်။ မိမိ၏ **"မွေးရပ်မြေ"** သို့ သွားရောက်ခဲ့သည်။ ရန်ကုန်မြို့တွင် ကြီးပွားချမ်းသာနေသူတစ်ယောက်အသွင်ဖြင့် ငယ်ကျွမ်းဆွေတို့နှင့် တွေ့ဆုံသည်။ မိမိ၏ဆွေမျိုးတော်စပ်သူများ၊ ရွာမှသက်ကြီးရွယ်အိုများကို ထမင်းကျွေးသည်။ ငွေကြေးအဝတ်အထည်များဖြင့် ကန်တော့သည်။ ဤအလှူဒါနကို ကူညီဆောင်ရွက်ပေးသူကား (နော်ဂျမိုင်း) ဖြစ်သည်။ အိမ်နီးချင်းနေခဲ့ကြရသူများလည်း ဖြစ်ကြသည်။

နော်ဂျမိုင်းသည် ထိုဒေသ၊ ထိုနယ်မြေသို့ ဝင်/ထွက်သွားလာနေသော (သောင်းကျန်းသူ) ခေါင်းဆောင်ဆိုသူတို့၏ အနိုင်အထက် ပေါင်းသင်းကြရာမှ တတိယမြောက် (တစ်ခုလတ်မ) လေးဖြစ်သည်။ နယ်မြေဒေသအကြောင်း အပ်ကျချရာကအစ သိသူဖြစ်သည်။ ကိုယ်ခန္ဓာအချိုးအဆစ်လှပြီး လှချင်တိုင်း လှနေသူလေး ဖြစ်သည်။

တစ်နေ့တွင်ဖြစ်သည်။ နော်ဂျမိုင်းက တစ်ဖက်နိုင်ငံဘက်မှ ရွာကလေးများတွင်ရှိသော ငယ်ကျွမ်းဆွေ တစ်ရွာတည်းသား



သောင်းကျန်းသူ တပ်ဖွဲ့ဝင်ဆိုသူတို့နှင့် ဆက်သွယ်ပေးသည်။ ၎င်းတို့၏ဆရာကြီးများမှာ တစ်ဖက်နိုင်ငံရှိ မြို့မှာနေပြီး သူတို့မှာ ဆင်းဆင်းရဲရဲ လျှို့ဝှက်စွာ နေထိုင်စားသောက်ရကြောင်း ပြောသည်။ ကျော်စိန်လင်းက သူငယ်ချင်းများအား ငွေကြေးထောက်ပံ့မှုများ၊ ထမင်းမိတ်ဆုံစားပွဲပြုလုပ်ပေးသည်။ ငယ်ကကျွမ်းသည့် ငယ်ကျွမ်းဆွေတို့၏ နှလုံးပီတိအပြည့်။

ကျော်စိန်လင်းနှင့် နော်ဂျမိုင်းတို့သည် ပင်လယ်ရေမျက်နှာပြင်ထက် ပေ (၂၀၀၀) ကျော်တွင် တည်ရှိသော မြဝတီမြို့နယ်နှင့် တစ်ဖက်နိုင်ငံရှိ တောင်တန်းတောင်ဆွယ်များ၏ သဘာဝအလှများကို လိုက်လံကြည့်ရှုခံစားရင်း သာယာကြည်နူးမှုကို ခံစားနေကြသည်။

"အစ်ကို ဒီနေ့ ရန်ကုန်ပြန်တော့မှာလား"

"ဒီနေ့ မပြန်သေးဘူး မြဝတီမှာ နေဦးမယ်၊ မိနော် လိုက်ခဲ့ပါလား"

"အစ်ကို ခေါ်ရင် လိုက်မှာပေါ့"

ကျော်စိန်လင်းနှင့် နော်ဂျမိုင်းတို့သည် မြဝတီမြို့ရှိ အင်ပါယာဟိုတယ်ကြီးတွင် တည်းခိုကြသည်။ ကောင်းချင်းလက္ခဏာများဖြင့် ဘဝစည်းစိမ်၊ ကာမစည်းစိမ်တို့ကို ခံစားစံစားနေကြသည်။

"အစ်ကို၊ မိနော်ကို မြဝတီမြို့ပေါ်မှာနေနိုင်အောင် အရင်းအနှီး ထုတ်ပေးပါလား အစ်ကို့အတွက်လည်း ဒီက ပစ္စည်းတွေကို ရန်ကုန်ပို့ပေးမယ်၊ ဟိုဘက်ကမ်းမှာ ဈေးကွက်ဝင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းတွေကိုလည်း ပို့ပေးမယ်နော် အစ်ကို။ ဒီထက် ချမ်းသာအောင် လုပ်ပေးမှာပေါ့"

"တစ်လ နှစ်လလောက် စောင့်ပါမိနော်၊ အစ်ကို စီစဉ်ပေးမယ် မိနော်က သူများတွေကိုတောင် ကူညီလုပ်ပေးနေတာ အစ်ကိုနဲ့။ စီးပွားဘက် အလုပ်ကို လုပ်ပေးနိုင်တယ် ဆိုတာ ယုံပါတယ် မိနော်"

ကျော်စိန်လင်းနှင့် မိနော်တို့၏ နှလုံးသားပေါက်ဖွားမှု၊ ရှေ့ဆက်လိုသည့် စီမံကိန်းများ ဆွေးနွေးတိုင်ပင်ညှိနှိုင်းကြရင်းဖြင့် အိပ်စက်အနားယူကြသည်။

နံနက်မိုးသောက်အလင်းရောက်သော်ကား ကျော်စိန်လင်းသည် ချမ်းမြေ့ကြွယ်အဆင့်မြင့် လေအိတ်ကားကြီးဖြင့် ရန်ကုန်သို့ ပြန်လာခဲ့လေသည်။

နောက်နေ့တွင် နေပြည်တော်ရဲတပ်ဖွဲ့ဌာနချုပ်ရှိ အထူးစစ်ဆင်ရေး ဌာနမှူးရုံး၊ မင်းကြီးထံသို့ စုံစမ်းထောက်လှမ်းရရှိသော (သော့ချက်) (ပွိုင့်) (ပစ်မှတ်) (ဝင်/ ထွက်လမ်းကြောင်းမြေပုံ) တို့နှင့်တကွ လျှို့ဝှက်ဆောင်ရွက်ချက်များကို တင်သွင်းလေသည်။

"အုံး အုံး အုံး"

"ဒုံး ဒုံး ဒုံး"

"ဒက် ဒက် ဒက် ဖောက် ဖောက် ဖောက် ဒိုင်း ဒိုင်း ဒိုင်း"

မြန်မာနိုင်ငံနှင့် တစ်ဖက်နိုင်ငံ၏ နယ်စပ်ကိုဖြတ်ကျော်ပြီး သောင်းကျန်းသူများက မြဝတီမြို့ လူစည်ကားသော နေရာ



(၃) နေရာသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းဖြစ်သည်။

ကျောက်ကျားစနစ်ဖြင့် ဖြန့်ကြက်ထားသော လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်စပ်မှတ်တိုင်လမ်းကြောင်း အတွင်းဘက်မှ မိမိနိုင်ငံဘက်သို့ ပြေးလမ်းကြောင်း ထွက်ပေါက်ထားပြီး တရစပ်ပစ်ခတ်တိုက်ခိုက်ချေမှုန်းကြသည်။ တစ်ဖက်နိုင်ငံဘက်သို့ ထွက်မပြေးနိုင်စေရန် ပြေးလမ်းပိတ်ပြီး တိုက်ခိုက်သောကြောင့် သောင်းကျန်းသူများ အတုံးအရုံး ကျဆုံးကြသည်။ လက်နက်များစွန့်ခွာပြီး ကိုယ်လွတ်ရုန်းပြေးသွားကြလေသည်။

ယမ်းငွေ့ လွှမ်းငွေ့များ ပျောက်ဆုံးသွားချိန်တွင် မြဝတီမြို့နယ်၊ နယ်စပ်ရွာ (၇) ရွာမှ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ ရောင်းဝယ်ဖောက်ကား လုပ်ကိုင်ကြပြီးဖြစ်သည်။ နယ်မြေအေးချမ်းသာယာလာပြီ ဖြစ်ပါသည်။

ရဲအုပ်ကျော်စိန်လင်းသည် မိမိ၏အသည်းနှလုံးကို စွဲမက်စေသည့် မေတ္တာ၊ သစ္စာ၊ ကရုဏာ၊ စေတနာအပြည့်ဖြင့် ကူညီခဲ့သော နော်ဂျမိုင်းအား စုံစမ်းသည်။ အခိုင်အမာ သိရှိချိန်တွင်ကား နော်ဂျမိုင်းတစ်ယောက် တိုက်ပွဲတွင် သေနတ်ကျည်ထိပြီး ကွယ်လွန်သွားရှာပြီတဲ့။

ငယ်ကျွမ်းဆွေ နော်ဂျမိုင်း ကောင်းရာသုဂတိ ရောက်ပါစေ။

❒

www.burmeseclassic.com

www.burmeseclassic.com




## တဏှာရွာက သိုက်တူးသမား

"ဘဝသံသရာ... ရှည်လျားထွေပြား မနေမနား တစ်သွားတည်း သွားကြတာ။ ခရီးပန်းတိုင် မရောက်မချင်း တစ်ယောက်ဆင်း တစ်ယောက်တက် ဆက်လက်ထွက်ခွာလာ"

လောဘရယ်၊ ဒေါသရယ်၊ မောဟရယ်၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာတဲ့။ ငိုလိုက် ရယ်လိုက် ပျော်ကာ ရွှင်ကာ ဘယ်ဟာ မတည်မြဲ ဖောက်လွဲဖောက်ပြန်အကြောင်းခံ ကမ္ဘာသကာ"

ခမ်းနားထည်ဝါသော ဟိုတယ်ကြီးတွင် အနားယူနေသော ဒေါ်စိန်လှကြည်သည် မိမိ၏ဘဝနှင့် တိုက်ဆိုင်မှု၊ အပ်စပ်မှုတွေ ပြည့်နှက်နေသည့် ဆရာကြီးဦးသုခ၏ဘဝသံသရာ သီချင်းကို သီဆိုညည်းတွားနေသည်။ ခံစားနေသည်။ သံဝေဂတရားများ ယူနေလေသည်။

"မကြည်ရယ်၊ ဘဝ သံသရာဆိုတာ ဒီလိုပါပဲ။ ဖြစ်ချင်တာတွေလည်း မဖြစ်ရ၊ မဖြစ်ချင်တာတွေလည်း ဖြစ်ရ၊ ဒါတွေဟာ လူသားတိုင်း ကြုံဆုံနေကြရတဲ့ ဒုက္ခိတ၊ သုခိတ တရားတွေပါ။ အရေးကြီးဆုံးကတော့ ဘဝသာယာရေးဟာ အဓိက[illegible] မကြည်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တော့ ဟုတ်ပါတယ် ကိုတင်မောင်ရယ်။ ဒါပေမဲ့ ကျွန်မဘဝက ပိုပြီး ခံစားရတာ တင်းကြပ်လွန်းနေပါတယ်။ ကိုတင်မောင် စဉ်းစားကြည့်လေ။ ကျွန်မ အသက် (၅၀) ကျော်မှ ကိုတင်မောင်ကို အရူးအမူးချစ်နေရတယ်။ ပြီးတော့ ကိုတင်မောင်မှာက မယားကြီးနဲ့ သားသမီးတွေလည်း ရှိနေတယ်။ ဒါ့ကြောင့် မကြည်ဟာ (ကာမေသုမိစ္ဆာစာရကံ) ကို ကျူးလွန်နေသူ ဖြစ်နေရတယ် ကိုမောင်"

"မကြည်ရယ် ဒါတွေကို တွေးမနေပါနဲ့။ ဘဝကို သာယာအောင် အေးချမ်းအောင်သာ နေစမ်းပါ မကြည်။ ဟိုသီချင်းတစ်ပုဒ် ရှိတယ် မဟုတ်လား၊ ဘာတဲ့"

"ဘဝဆိုတာရယ် စိတ်တိုင်းကျတည်ဆောက်မှသာ သာယာလိမ့်မယ်၊ ယုံကြည်တယ်တဲ့"

ကိုတင်မောင်သည် (လင်မယားတစ်ဝမ်းကွဲ တော်စပ်နေရသည့်) ဒေါ်စိန်လှကြည်အား အပျော့ဆွဲလေးဆွဲကာ သာယာမှုလေးများ၊ အကြင်နာတရားလေးများ ပေးအပ်နေလေသည်။

ဇာတ်မင်းသမီးလေး (စိန်လှကြည်) ၏ ငယ်စဉ်ဘဝသည်ကား ငယ်ငယ်ရွယ်ရွယ်နဲ့ လျှမ်းလျှမ်းတောက်အောင်မြင်ခဲ့သူလေး ဖြစ်သည်။ ရုပ်ချောသည်။ အသံကောင်းသည်။ အကကောင်းသည်။ အပြောကောင်းသည်။ ထို့ကြောင့်လည်း ပျို့တိုင်းကြိုက်တဲ့ နှင်းဆီခိုင်၊ အစ်ကိုကြီးများကြိုက်တဲ့ နှင်းဆီခိုင်လေး ဖြစ်ခဲ့သည်။

(မေဃဝတီဆေးလိပ်ရုံပိုင်ရှင်) ၏ သား (ဟုတ်စိန်) သည် ဇာတ်မင်းသမီးလေးစိန်လှကြည်ကို အရူးအမူး ကြိုက်ခဲ့သည်။



ဇာတ်ပိုင်ရှင်ကို အပီပေါင်းသည်။ ရင်းနှီးမှု၊ ခင်မင်မှုများ အရယူခဲ့သည်။ တွေ့ပါမြင်ပါများတော့ အကြင်နာတရားတွေ ပိုလာခဲ့ရသည်။ (ချစ်ခြင်းအစ ရင်းနှီးမှုက) ဆိုသည့်အတိုင်းပင်၊ အကြင်နာတရားတွေ တင်းပြည့်ပုတ်ပြည်းပေးနေသော ဟုတ်စိန်နှင့် စိန်လှကြည်တို့မှာ ချစ်သူတို့ဘဝ ဖြစ်လာကြသည်။

အနုပညာမျိုးဆက်သစ်ကလေးဖြစ်သော စိန်လှကြည်အား ဟုတ်စိန်သည် ဗီဒီယိုမင်းသမီးလေးအဖြစ် တွန်းတင်ပေးလိုက်သည်။ ဇာတ်မင်းသမီးလေးဘဝမှ ဗီဒီယို၊ ရုပ်ရှင်မင်းသမီးလေး ဖြစ်လာသည်။ ဘက်စုံအလှအပတွေ ဝေဆာလာသည့် စိန်လှကြည်အား ဟုတ်စိန် စိတ်မချနိုင်တော့ပေ။ သို့ကြောင့် (အပိုင်တော်ကြဲလိုက်ချင် တိုင်ပေါ်အလံစိုက်တင်) ဆိုသကဲ့သို့ တရားဝင်ထိမ်းမြားလက်ထပ်ယူခဲ့သည်။ အနုပညာနယ်မြေမှ အနားယူခဲ့ပြီး သူဌေးကတော်ဘဝဖြင့် ပျော်မွေ့လာခဲ့ရသူ ဖြစ်လေသည်။

(၂)

(ဘုရားကောင်းတော့စင်ခံ လင်ကောင်းတော့စံ) ဆိုသကဲ့သို့ ဟုတ်စိန်၏မိဘများ ကွယ်လွန်ခဲ့ပြီးနောက် မိသားစု၏စီးပွားရေးလုပ်ငန်းကြီးဖြစ်သော (မေဃဝတီဆေးလိပ်ရုံလုပ်ငန်းကြီး) ကို ဟုတ်စိန်နှင့် စိန်လှကြည်တို့ အမွေဆက်ခံပိုင်ဆိုင်သော လူသိများထင်ရှားသည့် ဆေးလိပ်ရုံပိုင်ရှင်ကြီးများ ဖြစ်လာကြသည်။

ဟုတ်စိန်နှင့် စိန်လှကြည်တို့သည် (သာသနဒါရှ...) သာသနာ့အမွေခံရမည့် သားကလေး (စိုးမိုးထွန်း) ကို မွေးဖွားခဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ လာခြင်းကောင်းသော သားကလေးဖြစ်သည်။ (ကျောက်ကောင်းလျှင် တစ်စေ့၊ သားကောင်းလျှင်တစ်ယောက်) ဆိုရိုးစကားအတိုင်းပင် ဘွဲ့ရမျိုးဆက်သစ် သားရတနာလေး ဖြစ်သည်။ ဘွဲ့ရပြီးနောက် ဘိုးဘွားမိဘတို့၏ စီးပွားဖြစ်လုပ်ငန်းကြီးဖြစ်သော (မေဃဝတီဆေးလိပ်ရုံ) လုပ်ငန်းကြီးကို ဖခင်ကြီးနှင့် လက်တွဲပြီး ဖုပ်ကိုင်ခဲ့သည်။ လျှမ်းလျှမ်းတောက် အောင်မြင်ချမ်းသာသော သားအဖဖြစ်လာခဲ့သည်။

"ဖေဖေ ဖေဖေ့မှာ သွေးတိုးလည်းရှိ၊ နလုံးလည်း ရှိနေတယ်ဆိုတော့ အနားယူပါ။ သားဒီလုပ်ငန်းကြီးကို ကိုင်တွယ်၊ ကြီးကြပ် လုပ်ကိုင်နိုင်ပြီ၊ ဦးစီးနိုင်ပြီဆိုတာ ဖေဖေ သိပြီးသားပဲ။ ဒါ့ကြောင့် အိမ်မှာပဲ နားနားနေနေ အနားယူပါ ဖေဖေ"

"အဖေ့သားကို အဖေ ယုံကြည်ပါတယ်။ သားဦးစီးလုပ်ကိုင်လာလို့ ပိုပြီး တိုးတက်လာတာကိုလည်း ဖေဖေ သိပါတယ် သားရယ်။ သား ပင်ပန်းမှာစိုးလို့ ဖေဖေ လာကူနေတာပါ သားရယ်"

(မိဘမေတ္တာကြီးလှစွာ) စီးပွားရေးသမားပီပီ ဦးဟုတ်စိန်သည် ရောဂါဝေဒနာတွေ ခံစားနေရပြီး ဆေးဝါးကုခံနေရသည့်ကြားမှ (မေဃဝတီဆေးလိပ်ရုံလုပ်ငန်းခွင်) သို့ လာရောက်ပြီး သားဖြစ်သူအား ကူဖော်လောင်ဖက် လုပ်ကိုင်လျက်။

"ဇယံခမ္မောမိ ဇယံအနတိတောတိ အတိအန္တံ ပစ္စဝက္ခတဗ္ဗာနိ။ ဇရာ အိုချင်းသဘောတရားကို ငါ မလွန်ဆန်နိုင်"

(ထွက်လာသော စကြာနေမင်းကြီးသည် ဝင်ခြင်းလျှင် အဆုံးရှိသကဲ့သို့) ဖြစ်လျှင်မှ မုချ ချုပ်ပျက်ရသော သင်္ခါရ



သဘောတရားအတိုင်း အာယုသက်ဆစ် (၆၀) နှစ်တွင် ဦးဟုတ်စိန်သည် ချစ်ဇနီးစိန်လှကြည်နှင့် ချစ်သားစိုးမိုးထွန်းတို့ကို ထားရစ်ခဲ့ပြီး ကွန်လွန်အနိစ္စရောက်ခဲ့ရလေသည်။

သူဌေးကတော်ဘဝဖြင့် အိမ်မှာသာနေလာသည့် ဒေါ်စိန်လှကြည်သည် သားဖြစ်သူသည် စိုးမိုးထွန်း ဦးစီးချုပ်ကိုင်လုပ်ကိုင်နေသည့် (မေဃဝတီဆေးလိပ်ရုံလုပ်ငန်းကြီး) ကို တစ်ဖက်တစ်လမ်းမှ ကူညီလုပ်ကိုင်ပေးရလေသည်။

"အန်တီ ကုန်ကြမ်းပစ္စည်းလာပို့တဲ့သူ ရောက်နေတယ်။ အန်တီ"

"အေး ခေါ်ခဲ့ပါသမီး"

"ကျွန်တော် ဦးဟုတ်စိန် လက်ထက်ကစပြီး ကိုစိုးမိုးထွန်း လက်ထက်အထိ ဆေးရွက်ကြီး၊ ဆေးရိုးကုန်ကြမ်း အမြဲသွင်းနေတဲ့ ကိုတင်မောင်ပါ"

"အော်... ဟုတ်ကဲ့ ထိုင်ပါ"

"သားရေ ကုန်ကြမ်းသွင်းတဲ့ ကိုတင်မောင် ရောက်နေတယ်။ အမေ ဘာလုပ်ပေးရမလဲ"

"ဟုတ်ကဲ့မေမေ၊ ဒေါင်းမလေးကို စိစစ်ပြီး ပစ္စည်းလက်ခံခိုင်းပါ။ ဦးတင်မောင်ကို ကုန်ဖိုးငွေပေးချေလိုက်ပါ။ ၁၀ သိန်းဖိုးလောက် ရှိမယ် မေမေ"

"အေး ဟုတ်ပြီသား"

ကိုတင်မောင်သည် မေဃဝတီဆေးလိပ်ရုံကြီးအတွက် ကုန်းကြမ်း၊ ဆေးရိုး၊ ဆေးရွက်ကြီးများကို (တစ်ခြင်းပေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခြမ်းငွေချေစနစ်) ဖြင့် အမြဲကုန်ကြမ်းပေးသွင်းပေးသူ ဖြစ်သည်။ ဂိုဒေါင်၊ ဆေးလိပ်ရုံသို့ ဝင်/ ထွက်သွားလာနေသူ ဖြစ်သည်။ ဒေါ်စိန်လှကြည်ကိုမူကား ယခုမှ တွေ့ဆုံရခြင်း ဖြစ်သည်။

(သေသောသူကြာလျှင်မေ့ ပျောက်သောသူရှာလျှင်တွေ့) ဆိုရိုးစကားအတိုင်း ကွယ်လွန်သူ ဦးဟုတ်စိန်ကို မေမေ့ပျောက် ပျောက်နေလို့ရနေသော မုဆိုးမပူပူနွေးနွေး ဒေါ်စိန်လှကြည်သည် လှလှပပ နေလို့ရနေပြီဖြစ်သည်။ ဇာတ်မင်းသမီး၊ ပြဇာတ်မင်းသမီး၊ ဗီဒီယိုမင်းသမီးဘဝကို ဖြတ်သန်းလာခဲ့ရသော ဒေါ်စိန်လှကြည်သည် တစ်သွေးတစ်မွေးလှနေသည်။ (တောင်းမှာအကွပ်၊ လူမှာအဝတ်) ဆိုစကားအတိုင်း လှအောင်ဝတ်တတ်သော ဝတ်လေ့ရှိသော ဒေါ်စိန်လှကြည်သည် အသက် (၅၀) ရှိပြီဆိုသော်လည်း အသက် (၃၅) (၄၀) ခန့်ဟု ထင်ရလောက်အောင် အရွယ်တင်လှသည်။

မင်္ဂလာအခမ်းအနားနှင့် ဧည့်ခံပွဲ၊ ကြည့်ချင်ပွဲများသို့ သားဖြစ်သူ စိုးမိုးထွန်းနှင့်အတူ သွားခဲ့ရာတွင် အတွဲညီသော စုံတွဲဟု ထင်ယောင်ထင်မှား ဖြစ်ကြရသည်ထိ စကတ်၊ လည်ဟိုက်၊ ရှေ့ကွဲ၊ နောက်ကွဲ၊ ဘေးကွဲ၊ ခေတ်ပေါ်အဝတ်အစားများကို ဝတ်လေ့ရှိသည်။ လူတကာ ငေးလောက်သည့် ရုပ်မှုဆိုးမလေး ဖြစ်လေသည်။

"အန်တီ ဧည့်သည်လာတယ် ဦးတင်မောင်တဲ့"

"လွှတ်လိုက်ပါ မဒေါင်း"



"ဪ လာထိုင် ကိုတင်မောင်၊ ဘာကိစ္စရှိ"

"အုပ်ကျင်းထဲမှာ မြေ (၆၀ ပေ x ၅၀ ပေ) တစ်ထပ် ခေတ်မီ တိုက်တစ်လုံးရှိတယ်။ (ဝယ်အောင်းထား၊ ရောင်းမြတ်) အတန်းအစားပဲ၊ ဒေါ်စိန်လှကြည်တို့ သားအမိ ယူထားမလားလို့ လာမေးတာပါ"

"အောင်းထားပြီး၊ ပြန်ရောင်းရင် မြတ်မှာဆိုတော့ စိတ်ဝင်စားပါတယ်"

"ဒါဆို ဒေါ်စိန်လှကြည် လိုက်ကြည့်လိုက်ပါလား၊ ကျွန်တော့် ကားပါလာပါတယ်"

"ကောင်းသားပဲ"

"ဒေါင်းမလေး၊ အန်တီအပြင်သွားမယ်၊ အကြောင်းရှိရင် ဖုန်းဆက်"

"ဟုတ်ကဲ့ပါ အန်တီ"

ဒေါ်စိန်လှကြည်သည် (ဝယ်–အောင်းထား–ရောင်းမြတ်) မြေနှင့်တိုက်ကို ကိုတင်မောင်နှင့် အတူသွားရောက်ကြည့်သည်။ ခေတ်မီတိုက်ကလေးဖြစ်၍ အတော်သဘောကျနေသည်။

"ဘယ်လောက်နဲ့ ရောင်းပေးမလဲ အန်ကယ်"

"ကျွန်တော် သိန်း (၈၀၀) ခေါ်ထားပါတယ်"

"ကျွန်မ တို့ရှင်းလိုရင်း ဈေးဆစ်မယ် အန်ကယ်၊ စိတ်တော့ မရှိပါနဲ့"

"ရပါတယ်ဗျာ ရောင်းသူက တစ်ဆယ်၊ ဝယ်သူက ငါးကျပ်ဆိုတာ ရှိနေတာပဲဟာ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သိန်း (၆၅၀) ပေးမယ်။ သဘောတူရင် မနက်ဖန် ရောင်းဖိုးငွေ (၃၅၀) သိန်း ပေးချေမယ်။ မှတ်ပုံတင် စာချုပ်တဲ့နေ့မှာ ကျန်ငွေသိန်း (၃၀၀) ပေးချေ အိမ်အပ်ပေါ့"

"အန်ကယ် သဘောကျပါတယ်။ ရောင်းပါ့မယ်။ မနက်ဖန် (၁၁) နာရီငွေလာပေး စာချုပ်ချုပ်ကြမယ်"

"မနက်ဖန် လာခဲ့ပါမယ် အန်ကယ်"

ရောင်းသူ ဦးကျော်စွာငြိမ်း၊ ဝယ်သူ ဒေါ်စိန်လှကြည်တို့သည် စရံငွေပေးချေခြင်း၊ ငွေကြေးပေးချေပြီး မှတ်ပုံတင်စာချုပ်ချုပ်ဆိုခြင်းဖြင့် အရောင်းအဝယ်ပြီးမြောက်အောင်မြင်ခဲ့လေသည်။

"ဒီနေ့ အောင်ပွဲတစ်ခုအနေနဲ့ ဒေါ်စိန်လှကြည် ကျွန်တော့်ကို စိတ်ကြိုက်ကျွေးရမယ်၊ ပြုစုရမယ်နော်"

"ရပါတယ် အဆင်ပြေရမှာပေါ့"

မျက်လုံးချင်းဆုံ၊ ရင်ခုန်လာခဲ့ကြသော ဒေါ်စိန်လှကြည်နှင့် ဦးတင်မောင်တို့သည် (နှစ်ပါးကြည်ဟိုတယ်တွင် အနားယူ၊ အပန်းဖြေ၊ ကျွေးမွေးဧည့်ခံလေသည်။ ဘလက်လေဘယ်၏ တွန်းပို့မှုကြောင့် ကိုတင်မောင်သည် စိန်လှကြည်အပေါ် အကြင်နာ ပိုလွန်းသူကြီးဖြစ်နေလေသည်။ ဒီအချိန်ကစပြီး အရှုံးအမူး ချစ်ခဲ့ကြပြီး (စောရချစ်ပွဲ) ဆင်နွှဲလာခဲ့ကြလေသည်။

"မကြည် ဒို့အခုလို ဟိုဟိုတယ်၊ ဒီဟိုတယ်မှာ တွေ့နေကြရတာ တစ်နေ့ ဗူးပေါ်သလို ပေါ်သွားရင် သူ့ဘက်၊ ကိုယ့်ဘက် အဆင်မပြေမှုတွေ ဖြစ်လာနိုင်တယ်။ ဒါ့ကြောင့် ဝင်ဒါမီယာထဲက တစ်ထပ်တိုက်တစ်လုံးကို ဝယ်ပြီး သိုသိုသိပ်သိပ်



နေရတာ ပိုမကောင်းဘူးလား"

"ကိုမောင် ပြောတဲ့အစီအစဉ် ကောင်းပါတယ်။ ဘယ်လောက် ဈေးနဲ့ ရောင်းမှာတဲ့လဲ"

"သိန်း (၇၀၀၀) တဲ့ မကြည်"

"ဒါဆိုရင် ဒီလိုလုပ်၊ လောလောဆယ်သိန်း ၃၀၀ ရှိတယ်၊ စရံပေးလိုက်၊ နောက်ပြီး မာလာမြိုင်ထဲက တိုက်ကို ရောင်းရင် သိန်း (၅၀၀၀) လောက်ရမယ်။ ရောင်းပြီး ငွေချေလိုက်"

"ကိုမောင့်ရဲ့ နာမည်နဲ့ ဝယ်လိုက်မယ်နော်"

"ရပါတယ် ကိုမောင်ရယ်၊ လူတစ်ယောက်လုံးတောင် ပုံအပ်ထားပြီးသားဟာပဲ"

(အချစ်စောရမင်းသား) ကိုတင်မောင်သည် ဝင်ဒါမီယာမှာ ခြံနှင့် ဝင်းနှင့် ပိုင်ဆိုင်သော ပိုင်ရှင်ကြီး ဖြစ်လာခဲ့သည်။ (ဟိုအပင် ဒီအပင်ကူးပါလို့ မျောက်ကြီးဖင်ခေါင်းကျယ်) ဆိုသကဲ့သို့ မယားကြီးနှင့် သားသမီးများထံသွားပြီး ခံစားလိုက်၊ ဝင်ဒါမီယာ ခြံမှာ စံစားလိုက်ဖြင့် တဏှာရှူးသား အလုပ်များနေလေသည်။

"ကိုမောင် သားက မိန်းမ ယူတော့မယ်တဲ့"

"ကောင်မလေးက ဘယ်ကလဲ မကြည်"

"ကိုမောင်ရယ် သားက သူ့အဖြေအတိုင်းပဲ သူယူမှာက ဇာတ်မင်းသား၊ ဇာတ်မင်းသမီး အမျိုးအနွယ်ထဲကပါ"

"မကြည် သဘောတူလား"

"မတူရင်လည်း သားက ယူမှာဆိုတော့ တူလိုက်ရတာပေါ့ ကိုမောင်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် မကြည်ရယ် (သားသမီးကညာ အရွယ်ရောက်လာချိန်ခါမလင့် ထိမ်းမြားသင့်) ဆိုတဲ့အတိုင်း ခမ်းခမ်းနားနားဖြစ်အောင် လုပ်ပေးလိုက်ပါ။ ကိုမောင် ဘာလုပ်ပေးရမလဲ ကြိုက်တဲ့ တာဝန်ပေးပါ"

ဓာတ်မင်းသား၊ ဓာတ်မင်းသမီးမျိုးရိုးမှ ဆင်းသက်လာသော (မေသီရိသန္တာ) ဆိုသည့် မျိုးဆက်သစ် မင်းသမီးချောလေးနှင့် စီဒိုးနားဟိုတယ်ကြီးတွင် ထိမ်းမြားလက်ထပ်ပေးခဲ့ကြလေသည်။ အုတ်ကျင်းထဲတွင် ဝယ်ယူထားသော ခေတ်မီတိုက်တွင် နေထိုင်ကြရန် စီစဉ်ပေးလိုက်လေသည်။

ကံကြမ္မာ အလှည့်အပြောင်းတို့ ပေါ်ပေါက်လာပုံက။ ကိုတင်မောင်အပေါ် ပုဂ္ဂိုလ်ရေးမုန်းသူတို့က ငပလီကမ်းခြေတွင် ကိုတင်မောင်နှင့် စိန်လှကြည်တို့ ဗိမ်ခံအနားယူပြီး ပင်လယ်ကမ်းခြေတွင် အရှုံးအမူးကဲကြသော ဗီဒီယိုခွေနှင့် ဓာတ်ပုံများကို စိုးမိုးထွန်းကိုပေးသည်။ စိုးမိုးထွန်းက မိခင်ကြီးအား ပြသည်။ မသင့်တော်ကြောင်း ပြောဆိုရာမှ မိခင်နှင့် သားဖြစ်သူတို့ စကားများခဲ့ကြသည်။

"ဒီမှာသား မေမေ မငြင်းပါဘူး၊ မေမေဟာ ပုထုဇဉ်ပါ။ ကေသီပယ်တဲ့ ထေရီမယ်လည်း မဟုတ်ဘူး။ ဘိက္ခုနီမလည်း မဟုတ်ဘူး။ ဒါလေးကို နားလည်ပေးပါ သားရယ်"

"သား နားလည်ပါတယ် မေမေ ဒါပေမဲ့ အမေဟာ သူတစ်ပါး လင်ယောက်ျားကို မယားကြီးရှိမှန်းသိလျက် ကျူးလွန်တဲ့အတွက် (ကာမေသုမိစ္ဆာစာရကံ) ထိုက်တယ်၊ ငရဲကြီးတယ် မေမေ။

ဒါတွင် မကသေးဘူး နောင်အခါမှာ အမေနဲ့သားတို့ရဲ့ ပစ္စည်းရေးတွေကို ရှုတ်ထွေးလာနိုင်တယ် မေမေ ဒါ့ကြောင့် အမေ ဆင်ခြင်သင့်ပါတယ် မေမေ"

စိုးမိုးထွန်းသည် ဓာတ်မင်းသားလေး တင်မောင်ဆန်းဝင်း အလား ပြောလိုက်၊ ငိုလိုက်ဖြင့် ယူကျုံးမရ အပူလုံးကြွနေသည်မှာ သနားစရာ ကောင်းလှပေသည်။

"မေမေ သားအခုလို ပြောမိ ဆိုမိတာနဲ့ ပတ်သက်ပြီး သားကို ခွင့်လွှတ်ပါ မေမေ၊ သားအပေါ် အပြစ်မယူပါနဲ့ မေမေ"

"ခွင့်လွှတ်ပါတယ်။ အပြစ်မယူပါဘူး သားလေးရယ်။ အပြစ်ရှိသူက မေမေပါ သားလေးရယ်"

စိုးမိုးထွန်းသည် ပြောပြောဆိုဆိုဖြင့် မိခင်ကြီးအား ဦးသုံးကြိမ်ချ၍ ပြန်သွားလေသည်။

တစ်လခန့်အကြာတွင် ဖြစ်သည်။

"သား သားတို့နေတဲ့ တိုက်ကို မေမေက ငှားထားတာလား၊ ရောင်းထားတာလား၊ အထောက်အထား တင်ပြရမယ်လို့ ရုံးက တောင်းတယ်။ ဒါ့ကြောင့် မိခင်က သားကို မေတ္တာဖြင့် အခမဲ့နေခွင့်ပြုထားကြောင်း ဒီစာချုပ်ပေါ်မှာ လက်မှတ်ရေးထိုးခဲ့"

"ဟုတ်ကဲ့ အမေ၊ သားလက်မှတ်ရေးထိုးထားခဲ့ပါတယ် မေမေ"

အပြေးအလွှား ရေတွက်ကြည့်မှ ဒီသားနှင့် ဒီအမေ နှစ်ယောက်တည်း ရှိသည် မဟုတ်ပါလား။ မိခင် စိတ်ချမ်းသာရင် ပြီးရော၊ ဘာမဆို လုပ်ပေးလာတဲ့ သားလိမ္မာလေး ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်လခန့်ကြာသောအချိန်တွင် ဖြစ်သည်။

"ကိုစိုးမိုးထွန်း၊ မမေသီရိသန္တာတို့ ရှိကြပါသလား ခင်ဗျား"

"ဟုတ်ကဲ့ရှင့် ကျွန်မ မေသီရိသန္တာပါ၊ အစ်ကိုတော့ မရှိဘူး။ ဘာကိစ္စရှိလို့ပါလဲရှင်"

"ကျွန်တော် ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးက သမ္မာစာပေးတဲ့ စာရေးပါ။ ဒီစာကို လက်မှတ် ရေးထိုးပေးပြီး လက်ခံပေးပါ ခင်ဗျား"

"ဟုတ်ကဲ့ အစ်ကို့အတွက်ပါ လက်မှတ်ထိုးပေးရမှာလား"

"ဟုတ်ပါတယ် ခင်ဗျာ"

မေသီရိသန္တာသည် ခင်ပွန်းဖြစ်သူ စိုးမိုးထွန်း အိမ်သို့ ပြန်လာချိန်တွင် ပေးလိုက်သည်။ မိခင်ကြီး ဒေါ်စိန်လှကြည်၏ ကိုယ်စားလှယ် (ဦးတင်မောင်) မှ စိုးမိုးထွန်းနှင့် မေသီရိသန္တာတို့အား ၎င်းတို့ နေထိုင်သည့် အုတ်ကျင်းတိုက်မှ **"နှင်ပြချက်ဖြင့် အခမဲ့နေသူတို့အား နှင်ထုတ်ဖယ်ရှားပေးစေလိုမှု"** တရားစွဲဆိုခြင်းဖြစ်ကြောင်း သိရှိရလေသည်။ သို့ကြောင့် ဖခင်ကြီး ဦးဟုတ်စိန်၏ မိတ်ဆွေဖြစ်သော (စိန်ဘရားသား ဥပဒေအကျိုးဆောင်အဖွဲ့) ထံသို့ သွားရောက်တင်ပြသည်။ ထုချေဖြေရှင်းပေးရန် အမှုအပ်လိုက်ရလေသည်။

ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတော်မှ တရားမကြီးမှုအမှတ် (၀၀၇/ ၀၁၂) ဖြင့် စစ်ကြောကြားနာခဲ့သည်။ နှစ်ဖက်သက်သေများ၊ အထောက်အထားများ စစ်ဆေးကြားနာခဲ့ပြီးနောက် (၁၅-၄-၂၀၁၂) နေ့တွင် အမှုစစ်တရားရုံးတော်မှ မိခင်၏



တိုက်အိမ်တွင် မိခင်၏မေတ္တာဖြင့် အခမဲ့နေကြောင်း စာချုပ်အရ နှင်ပြချက်ဖြင့် ထားကြောင်း ထင်ရှားသဖြင့် သားစိုးမိုးထွန်းနှင့် ချွေးမ မေသီရိသန္တာတို့အား နှင်ထုတ်ဖယ်ရှားစေ အမိန့်ဒီကရီ ချမှတ်ခဲ့သည်။

ခရိုင်တရားရုံး၏ အမိန့်ကို မကျေနပ်သောကြောင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ ဥပဒေနှင့် ညီညွတ်ခြင်း မရှိသော ခရိုင်တရားရုံး၏ စီရင်ချက်အမိန့်ဒီကရီကို ပယ်ဖျက်ပေးပါရန် ဥပဒေအချက်အလက်များ၊ တရားစီရင်ထုံးများဖြင့် တရားမပထမအယူခံမှုကို တင်သွင်းခဲ့သည်။ ရုံးတော်မှ လက်ခံပြီး အောက်ရုံးအမှုတွဲများကို တောင်းခေါ်ထားပြီးဖြစ်လေသည်။ (လမ်းမဆုံးသေးပါ၊ ရွာမရောက်သေးပါ)။ ရန်ကုန်တိုင်း ဒေသကြီး တရားလွှတ်တော်မှ ဆုံးဖြတ်ချက်ကို မကျေနပ်သေးပါက ပြည်ထောင်စုတရားလွှတ်တော်၊ နေပြည်တော်ထံသို့ တရားမ ဒုတိယ အယူခံမှု၊ အမှုခေါ်စာချွန်တော်မှုများ တက်ရောက် တင်သွင်းခွင့် ကျန်ရှိပါသေးသည်။

**"အတွင်းထရံကို အပြင်ကာပြီး၊ အပြင်ထရံကို အတွင်းကာသော ပြုလုပ်မှုများဖြင့် လူပြည်မှာ အမှုမပွေကြပါနဲ့"**

❐

www.burmeseclassic.com

www.burmeseclassic.com






# ၅၅ % ချစ်ပါတယ်ဆိုတဲ့ ဒါလင်

(၁)

* အဝေရာဟောန္တု (ရန်မရှိကြပါစေနဲ့)
* အဗျာပဇ္ဈာဟောန္တု (စိုးရိမ်ကြောင့်ကြဗျာပါဒ မရှိကြပါစေနှင့်)
* အနီဃာဟောန္တု (စိတ်ဆင်းရဲမှုရှိကြပါစေနှင့်)
* သုခီအတ္တာနံ ပရိဟရန္တု (မိမိကိုယ်ကို ချမ်းသာစွာ ထိန်းသိမ်း ဆောင်ရွက်နိုင်ကြပါစေ)

**"ဒူဝေဝေ၊ ဒူဝေဝေ၊ ဒူဝေဝေ"**

ကိုဇော်လင်းအောင်၊ ဇနီး မနှင်းနှင်းဖွေးတို့ ဇနီးမောင်နှံသည် ညအိပ်ရာဝင်ဘုရားရှိခိုးပြီး တစ်ကြိမ်၊ နံနက်ဘုရားရှိခိုးပြီး တစ်ကြိမ်၊ (သဗ္ဗေသတ္တာ ဝေနေယျ) တို့အား အမြဲထာဝရ မေတ္တာပွားလာခဲ့ကြသည်။ ဤမေတ္တာပွားနည်း ဘုရားဟောဒေသနာကို သူကြီးဆာဦးသွင့်၊ ချပ်သင်းသူဌေး၊ ဂရိတ်ဦးဖိုးစိန်၊ အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်တို့ နေ့စဉ်အမြဲပို့သကြောင်း လေ့လာမှတ်သားခဲ့ကြသည်။ သူတို့လို ပွားများလျှင် သူတို့လို

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာမည်ဟု ယုံကြည်လာခဲ့ကြသော အကြင်လင်မယားဖြစ်ကြသည်။

ကိုဇော်လင်းအောင်က ရန်ကုန်သား၊ မနှင်းနှင်းဖွေးက မန္တလေးသူ ဖြစ်ကြသည်။ မူဆယ်၊ နမ့်ခမ်းနယ်စပ်မြို့များက တရုတ်ပစ္စည်းများကို မန္တလေး၊ ရန်ကုန်သို့ ကူးသန်းရောင်းဝယ်ရေးလုပ်ကိုင်ကြရင်းဖြင့် ခင်မင်ကြသည်။ ရင်းနှီးကြသည်။ ယုံကြည်ကြသည်။ ကုန်သွယ်ဘက်၊ စီးပွားဘက်များ ဖြစ်လာကြသည်။ (ချစ်ခြင်းမေတ္တာတရားသည် နီးစပ်ရာမှ ပေါက်ဖွားသည်) ဟု သျှတ္တရ –ဒသနတို့၏အဆိုအတိုင်း ချစ်၍ ကြိုက်၍ ညားလာခဲ့ကြသော ဇနီးမောင်နှံဖြစ်ကြသည်။

မေတ္တာတရား၊ သစ္စာတရားတို့ဖြင့် စီးပွားရှာသူများဖြစ်ကြရာ မန္တလေးလက္ကားဆိုင်၊ ရန်ကုန်လက္ကားဆိုင်ကြီးများဖြင့် အထည်အလိပ်မျိုးစုံ လက္ကားဝယ်/ ရောင်းကုန်သည်ကြီးများ ဖြစ်လာကြသည်။

ရန်ကုန်မြို့၊ လှိုင်သာယာစက်မှုဇုန်ကြီးတွင် စက်ရုံတည်ဆောက်သည်။ တရုတ်ပြည်မှ နည်းပညာများဖြင့် ဆေးဆိုးပန်းရိုက်အထည်များ ထုတ်လုပ်ခြင်း၊ အထည်ချုပ်စက်များဖြင့် အထည်များ ချုပ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပ ဖြန့်ချိရေးလုပ်ငန်းများ လုပ်ကိုင်ကြသည်။

မင်္ဂလာဒုံစက်မှုဇုန်၊ မင်္ဂလာဒုံအဆင့်မြင့်အိမ်ရာ၊ နဝဒေးအိမ်ရာ၊ ဝင်ဒါမီယာအိမ်ရာတို့တွင် အိမ်ခြံမြေများ ဝယ်ယူလိုင်ဆိုင်ကြသည်။ ခေတ်နှင့်အညီ ပြည်ပမှ မော်တော်ကားများ တင်သွင်း



ရောင်းချခြင်းလုပ်ငန်းလည်း လုပ်ကိုင်ကြသည်။ ကုမ္ပဏီမှတ်ပုံတင်လုပ်ငန်းများ၊ ဒိုးတူဘောင်ဖက် လုပ်ကိုင်ကြသည်။ အလှူရေစက် လက်နှင့်မကွာဆိုသကဲ့သို့ အလှူအတန်းများလည်း ပြုလုပ်ကြလေသည်။

ကချင်မလေး မနှင်းနှင်းဖွေးမှာ တစ်သားမွေး တစ်သွေးလှ ဆိုသကဲ့သို့ သမီးတစ်ယောက်၊ သားတစ်ယောက် မွေးထားသော်လည်း ပင်ကိုဘဝ၊ အလှအတိုင်း လှချင်တိုင်း လှနေပေသည်။

(၂)

"နှင်း ကိုယ့်အဖေက မိန်းမသုံးယောက် ယူခဲ့တယ်။ ကိုယ်ဟာ တတိယမယားရဲ့ တတိယသားဖြစ်တယ်။ ဒါကြောင့် ကိုယ်လည်း မိန်းမတစ်ယောက် ယူမယ်ဆိုရင် နှင်း ခွင့်လွှတ်မလား"

"ဒါလင်ရယ် ဒီခေတ်ကြီးက ပုဏ်နဲ့ခြင်းနဲ့ လှောင်ထားစရာ မလိုပါဘူး။ လိုချင်တယ်ဆိုရင် အပျော်မယား၊ အမြှောင်မယားတွေ ပေါလို့ပါ။

အပိုင်နော် ကြဲလိုက်ချင်၊ တိုင်ပေါ် အလံစိုက်တင်" လုပ်မယ် ဆိုရင်တော့ အိမ်ထောင်ရေး၊ စီးပွားရေးတွေ ရှုပ်ထွေးလာနိုင်တာပေါ့၊ ဒါပေမဲ့ ဒါလင့်သဘောပါ"

"အဲဒါကြောင့် နှင်းကို ချစ်နေရတာ၊ ကိုးကွယ်နေရတာပါ အချစ်ရယ် အာဘွား"

အိမ်ထောင်မှုတစ်ခုတွင် စီးပွားဥစ္စာပြည့်စုံချမ်းသာလှသော

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်စု၏ အိမ်ဦးနတ်ကြီးတို့သည် အသောက်အစား အပျော်အပါးများ ရှိလာကြသည်။ ဇိမ်ခံမှုတွေ များလာကြသည်။ ဆင်ခြင်တုံတရား၊ အသိတရား၊ အတိုင်းအတာရှိသူတို့အဖို့ စီးပွားရေး၊ လူမှုရေး၊ ထိခိုက်မှုမရှိသော်လည်း (တဏှာကျွံပြီး သဒ္ဒါလွန်သူများအဖို့) စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေး ရှုပ်ထွေးပျက်စီးကြသူများလည်း ရှိကြပေသည်။

ကိုဇော်လင်းအောင်သည် မော်ဒယ်ရှိုး၊ ဖက်ရှင်ရှိုး၊ ရှိုးပွဲများကို တိုးရှိုးရင်းဖြင့် ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ဖောဋ္ဌဗ္ဗာရုံများကို ခံစားတတ်သူဖြစ်လာသည်။ မော်ဒယ်ဂဲလ်လေးတွေ၊ ဖက်ရှင်မယ်လေးတွေနဲ့ ရင်းနှီးမှုကို ရယူခဲ့သည်။ တဏှာနားနီး တဏှာဖြစ်လာသည်။

"မမေရယ် သူလေးက ဟိုတယ်မယ်"

"မမေရယ် သူလေးက မော်ဒယ်မယ်"

"မမေရယ် သူလေးက လိမ္မာတယ်"

"မမေရယ် သူလေးက အဆင်ပြေတယ်"

ကိုဇော်လင်းအောင်သည် အပေါင်းအသင်းရောင်းရင်းများဖြင့် သောက်စားမူးယစ်ပြီး အိမ်သို့ ပြန်လာသည်။ အရက်မူးတော့ ကျွဲခိုးပေါ်ဆိုသကဲ့သို့ ရင်တွင်းဖြစ် သီချင်းလေးဖြင့် ရွှင်မြူးနေသည်။

"ဒါလင် ဟိုတယ်မယ်လေးတွေ၊ မော်ဒယ်ဂဲလ်လေးတွေနဲ့ အဆင်ပြေလာတယ် ထင်တယ်၊ မြူးနေပါလား"

"အချစ်ပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ အချစ်ရယ်၊ အချိန်



တန်ရင် ချည်တိုင်ရောက်လာတာပဲ မဟုတ်လား အချစ်ရယ်"

မင်းဘယ်လောက်ဆိုးဆိုး၊ မင်း ဘယ်လောက်မိုက်မိုက် ဆိုသကဲ့သို့ နှင်းနှင်းဖွေးသည် လင်တော်မောင်အပေါ် အပြစ်မမြင်၊ အချစ်ဝင်နေလျက် ရှိပေသည်။ (ခန္တီပရမံ တပေါတိတိက္ခါ) ခွင့်လွှတ်သည်းခံခြင်းတရားဖြင့် ခွင့်လွှတ်သည်းခံလာရပေသည်။

(၃)

"တစ်နေ့ကို မမြင်ရရင် တစ်လလောက်ပဲ စိတ်က ထင်တယ်၊ တစ်လကို မမြင်ရရင်၊ တစ်နှစ်လောက်ပဲ စိတ်က ထင်တယ်၊ အသည်းထဲမယ် စွဲမြဲအောင် ချစ်တဲ့သူမယ်"

"အစ်ကိုမောင် ရောက်နေပါလား။ အစ်ကိုမောင်၊ ကြာပြီလား အာဘွား"

ရန်ကုန်–အင်းစိန်လမ်းမကြီး အမှတ် (၆၉) ရှိ ကွန်ဒိုတိုက်ခန်းမှာ ကိုဇော်လင်းအောင် ဝယ်ယူထားပြီး၊ မော်ဒယ်ဂဲလ်လေး (အိန္ဒြေမြတ်နိုးဇင်) နှင့် အနားယူအပန်းဖြေသော ချစ်ဗိမာန် ဖြစ်သည်။ အစ်ကိုမောင်အတွက် ဝယ်ယူလာသော စားဖွယ်သောက်ဖွယ်များဖြင့် ကျွေးမွေးရန် ပြင်ဆင်နေသည်။

"များလှချည်လား ဇင်ဇင့်ရယ် ဒါတွေက ဘာတွေလဲ"

"ဒါက အစ်ကိုမောင်ကြိုက်တဲ့ အမဲသားပြုတ်ကြော်၊ ဒါက ဖိုက်တင်ဘောဟင်း၊ ဒါက ရွှေပဲသီး၊ ရုံးပတီသီးကြော်"

အိန္ဒြေမြတ်နိုးဇင်သည် မောင့်အကြိုက်သသော လိုက်လျော သိနားလည်သူလေးဖြစ်သည်နှင့်အညီ ရေခဲသေတ္တာမှ ရေခဲလေဘယ်၊ ရေခဲ၊ ရေသန့်တို့ဖြင့် အလိုက်သိစွာ ပြုစုလာသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြင်နာပိုသူလေး၏ ပြုစုယုယမှုဖြင့် ဇော်လင်းအောင်တစ်ယောက် ဇိမ်ယစ်နေလေသည်။

"အစ်ကိုမောင် (၁၀) နာရီရှိပြီ၊ အိမ်ပြန်တော့လေ၊ မူးနေရင် ဇင်ကားမောင်းပို့ပေးမယ်လေ"

"ဇင်ဇင်က အစ်ကိုမောင်ကို ပြန်စေချင်လို့လား အချစ်လေး"

"မဟုတ်ရပါဘူး အစ်ကိုမောင်ရယ်၊ အစ်ကိုမောင်ရဲ့ဇနီး၊ သားသမီးတွေ စိတ်ပူမှာ စိတ်ဆင်းရဲမှာ စိုးရိမ်လို့ပါ"

"အစ်ကို ဇင်နဲ့ အခုလိုနေရတာ သိပ်ပျော်လို့ပါ။ ဒီည ဇင်နဲ့ပဲ အိပ်တော့မယ်နော်"

"အစ်ကိုမောင်ရဲ့အိမ်ကိုတော့ အသိပေးပါ၊ ဖုန်းဆက်လိုက်ပါ အစ်ကို"

"ဟဲလို ပြော ဒါလင်၊ အချစ်ရေ ဒီည ချက်စီးနဲ့ မန်ယူတို့ ပွဲကာစားမယ်၊ ဒါလင် ဟိုတယ်မှာပဲ အိပ်မယ်နော်၊ အချစ် စိုးရိမ်နေမှာ စိုးလို့ပါ"

"ဘိုင် ဘိုင်"

အနိုင်ဂိုးသွင်းမည့် ဇော်လင်းအောင်သည် မိန်းမမာယာ သဲကိုးဖျာမှာ မကျည်းကိုးပင်နောက်ပြီး၊ မယားကြီးနှင်းနှင်းဖွေးကို လိမ်လိုက်လေသည်... ညာလိုက်လေသည်။ မုသာဝါဒကံ ကျူးလွန်လိုက်လေသည်။

သားအပေါင်းတို့၏ အသွေးအသားကို ဖောက်ထုတ်စားသုံးတတ်သော ခြသေ့်၌ ခြေလက်လေးဘက် နှုတ်သီးဟူသော လက်နက်ငါးပါးရှိဘိသကဲ့သို့။ ထိုအတူ မိန်းမတို့တွင် အဆင်း၊



အသံ၊ အနံ့၊ အရသာ၊ အတွေ့ဟူသော လက်နက်ငါးပါးရှိ၏။ ခြသေ့်ကြီး၏ အားမာန်အလား သဏ္ဍာန်တူသော ဇော်လင်းအောင်နှင့် အိန္ဒြေမြတ်နိုးဇင်တို့သည် (သီဟဗာဟု) သန္ဓေယူကြမည့်အလား၊ တဏှာမီးများ တောက်လောင်နေကြရင်းဖြင့် နံနက်မိုးသောက်အလင်းရောက်ခဲ့လေပြီ။

"အစ်ကိုမောင် စက်ရုံသွားတော့မလား"

"စက်ရုံမသွားသေးဘူး ဇင်ဇင်။ ကိုယ်တို့ တရားရုံးသွားပြီး လက်ထပ်ကြမယ်"

"ဆိုင်းမဆင့် ဗုံမဆင့်ပါလား အစ်ကိုမောင်"

"အစ်ကို ဇင်ဇင်ကို လုံးဝ စိတ်မချဘူး။ ဒါ့ကြောင့် တရားဝင် သားမယားအဖြစ် လက်ထပ်ကြမှာ ဖြစ်တယ်။ နောက်ပြီး ဇင်ဇင်အတွက် ပိုင်ရေးပိုင်ခွင့်၊ ဆိုင်ရေးဆိုင်ခွင့်တွေလည်း ရှိစေချင်တယ် ဇင်"

"အစ်ကိုမောင် သဘောပါ အစ်ကိုမောင်"

ဇော်လင်းအောင်နှင့် အိန္ဒြေမြတ်နိုးဇင်တို့သည် တရားရုံးတွင် တရားဝင်ထိမ်းမြားလက်ထပ်လိုက်ကြလေသည်။ ယနေ့မှစပြီး ရာသက်ပန် ရိုးမြေကျပေါင်းကြမည်ဟု ဆုံးဖြတ်လိုက်ကြပြီ ဖြစ်လေသည်။

(၄)

ပန်းသတင်းလေညင်းဆောင်၊ လူသတင်း လူချင်းဆောင် ဆိုသကဲ့သို့ ရန်ကုန်–အင်းစိန်လမ်းမကြီး၊ ကွန်ဒိုတိုက်အမှတ်

www.burmeseclassic.com

www.burmeseclassic.com



(၆၉) တွင် ဇော်လင်းအောင်နှင့် အိန္ဒြေမြတ်နိုးဇင်တို့ တရားဝင် ပေါင်းသင်းနေထိုင်ကြကြောင်း လူအများသိကြသည်။ မယားကြီး နှင်းနှင်းဖွေးတို့ တစ်ဆွေလုံး၊ တစ်မျိုးလုံး သိကုန်ကြလေပြီ။

"သမီး ဖို + မ တဏှာရှုပ်ထွေးတာက အကြောင်း မဟုတ်ဘူး။ သားရေး၊ သမီးရေး၊ ပစ္စည်းရေးတွေ ရှုပ်ထွေးလာရင် (တစ်ဘဝစာ) နစ်နာဆုံးရှုံးမှုတွေ ဖြစ်လာနိုင်တယ်။ ဒါ့ကြောင့် ရှေ့နေရှေ့ရပ်ကြီးများနဲ့ တိုင်ပင်ပြီး၊ တစ်ခုခုတော့ လုပ်ထား သင့်တယ် သမီး"

"ဟုတ်ကဲ့ မေမေ၊ သမီး စိန်ဘရားသားဥပဒေအကျိုးဆောင် အဖွဲ့နဲ့တိုင်ပင်ပြီး လုပ်သင့်တာလုပ်ထားပါမယ် မေမေ"

လင်းခန်းမယားခန်း၊ ပစ္စည်းခန်းတွေ ရှုပ်ထွေးလာနိုင်သော ကြောင့်၊ ခုရှုပ်မှနောင်ရှင်း ဆိုသလို ပြုလုပ်ထားရန်မိခင်ကြီး (ဒေါ်အယ်လ်ကိုင်ခန်း) အကြံပြုချက်အတိုင်း မနှင်းနှင်းဖွေး ဆောင်ရွက်ရန် စီစဉ်သည်။

"အဲလို သူဌေးမကြီး နှင်းနှင်းဖွေးပါလား၊ မလာသဖူး အလာထူးပါလား"

"ကဲ ဆိုပါဗျား၊ မြေဝယ်မှာလား၊ တိုက်ဝယ်မှာလား၊ ဘာ တွေဝယ်ဦးမလဲ"

စိန်ဘရားသား ဥပဒေအကျိုးဆောင်အဖွဲ့မှ ဦးစိန်လင်း (နတ်မောက်) မှ မင်္ဂလာရှိသောစကားဖြင့် ခရီးဦးကြိုဆိုလိုက် သည်။ မင်္ဂလာရှိသော စကားများဖြင့် ဂုဏ်ပြုပြောဆိုလိုက်လေ သည်။



"ဆရာ အထင်နဲ့အမြင် မှားသွားပြီဆရာ၊ ဆရာ့မိတ်ဆွေ၊ ကိုဇော်လင်းအောင်က မယားငယ် ယူထားတယ်၊ ဒါ့ကြောင့် သားသမီးနောင်ရေး၊ ပစ္စည်းရေးတွေအတွက် ခွဲဝေပေးဖို့ ဝေချမ်း ပေးဖို့ ညှိနှိုင်းဆောင်ရွက်ပေးဖို့အတွက် ဆရာ့ဆီအကူအညီလာ ပြီး တောင်းတာပါ ဆရာ"

"အလုပ်သဘော ဥပဒေသဘောအရ လင်မယားလက်ထက် ပွားပစ္စည်းတွေကို သားအတွက်တစ်ပုံ၊ သမီးအတွက်တစ်ပုံ၊ ကိုဇော်လင်းအောင်အတွက်တစ်ပုံ၊ မနှင်းနှင်းဖွေးအတွက် တစ်ပုံ၊ (၄) ပုံ ခွဲဝေပေးပါလို့ မယဉ်မရိုင်း (နို့တစ်စာ) ပေးပြီး တောင်း ကြည့်မယ် မနှင်းနှင်းဖွေး၊ သူ ဘာပြန်ကြားလာမလဲ စောင့်ကြည့် ကြတာပေါ့"

"ကောင်းပါတယ်ဆရာ နို့တစ်စာပေးလိုက်ပါ"

ကိုဇော်လင်းအောင်သည် စိုပြီးသား လက်မခြောက်စေနဲ့ ဆိုသကဲ့သို့ မယားကြီးနဲ့ သားသမီးတို့လည်း မနစ်နာစေရန် မိမိတို့အတွက်လည်း မထိခိုက်စေရန် ဥပဒေနှင့်လည်း ညီညွတ် စေရန်အတွက် ဆောင်ရွက်ပေးဖို့ နို့တစ်စာပြန်ကြားပေးဖို့ သူ၏ မိတ်ဆွေ တရားလွှတ်တော်ရှေ့နေကြီး ဦးသန်းလှိုင်နှင့် တိုင်ပင် ဆွေးနွေးသည်။

ဆွေးနွေးညှိနှိုင်းပြီး အိမ်ခြံမြေတိုက်တာ (၄) လုံး၊ မန္တလေး လက္ကားဆိုင်၊ ရန်ကုန်လက္ကားဆိုင်၊ ရောင်းချရန်ဝယ်ထားသော ကားသစ်အစီး (၂၀)၊ ကိုယ်စီးနေတဲ့ကားကိုယ်ယူ၊ ဆေးဆိုး ပန်းရိုက်နှင့် အထည်ချုပ်စက်ရုံ၊ အားလုံးတို့ကို ကိုဇော်လင်း

www.burmeseclassic.com

www.burmeseclassic.com



အောင်မှ (၄၅%) ရယူ ခံစားရန်။ မနှင်းနှင်းဖွေးသမီး (နှင်းအိဖွေးဇင်)၊ သား (ဇင်မင်းအောင်) တို့က (၅၅%) ရယူခံစားရန် ခွဲဝေပေးမည်ဖြစ်ကြောင်း နို့တစ်စာ ပြန်ကြားခဲ့လေသည်။

"ကလင် ကလင် ကလင်"

"ဟဲလို ပြောပါ ဒါလင်"

"အချစ်တို့ နို့တစ်စာရပြီလား"

"ရပါပြီ ဒါလင်"

"အချစ်သဘောတူ ကျေနပ်ရဲ့လား၊ ဒါလင်ရယ်၊ အချစ်က ဒါလင် စိတ်ဆင်းရဲအောင် ဘယ်တုန်းက လုပ်ဖူးလို့လဲ အချစ် ကျေနပ်ပါတယ်။ အချစ်ရဲ့ ရှေ့နေနဲ့လည်း တိုင်ပင်ပြီးပါပြီ။ (၁၂-၁၂-၂၀၁၂) နေ့မှာ စိန်ဘရားသား ဥပဒေအကျိုးဆောင်အဖွဲ့ရုံးမှာ နှစ်ဖက်ရှေ့နေကြီးများနဲ့ ဒါလင်ရယ်၊ အချစ်ရယ်၊ သားနဲ့ သမီးတို့ရှေ့ စာချုပ်လက်မှတ်ရေးထိုးကြပါမယ်"

အိုကေ ကောင်းပါတယ် အချစ်ရယ်။ လာခဲ့ပါမယ်နော် အချစ်၊ ဒါလင်ကို မုန်းသွားပြီလား"

"ဒါလင်ရယ် အချစ်က ဒါလင်ကို ဘယ်တော့မှ မမုန်းဘူး၊ တစ်သက်မမုန်း၊ မက်မဆုံးပါ ဒါလင်ရယ်"

မတူညီသော ဆန္ဒများကို တူညီအောင် ဆောင်ရွက်ကြသောကြောင့် ငြိမ်းချမ်းမှုပြေလည်သွားကြပါပြီ။ ကျေနပ်သွားခဲ့ကြပါပြီ။ လင်မယားလက်ထက်ပွားပစ္စည်းများကို (၅၅%) အချိုး၊ (၄၅%) အချိုးအစားဖြင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ ခွဲဝေရယူကြသည့် ကတိပဋိညာဉ် စာချုပ်ကြီးကို လက်မှတ်ရေးထိုးချုပ်ဆိုကြသည်။ စာချုပ်စာတမ်းများပေါ်တွင် တံဆိပ်ခေါင်းခတ်နှိပ် လက်မှတ်ရေးထိုးပေးပိုင်ခွင့်ရှိသော နိုတြီပဗ္ဗလစ် ဆရာ ဦးလှပင်းရုံးတွင် မှတ်ပုံတင်၍ အသိအမှတ် ပြုခဲ့ကြလေသည်။



(၅)

မပြောမပြီး မတီးမမြည်ဆိုသကဲ့သို့ တရားဝင်ယူထားသော ဒုတိယဇနီးဖြစ်သူ အိန္ဒြေမြတ်နိုးဇင်အား မယားကြီးသားသမီးတို့နှင့် ပစ္စည်းခွဲဝေခြင်း စာချုပ် ချုပ်ဆိုခဲ့သည့်အကြောင်းကို ကိုဇော်လင်းအောင် ပြောပြလေသည်။

"အစ်ကိုမောင် ဇင်ဇင်ဟာ အစ်ကိုမောင်ရဲ့ တရားဝင်ဇနီးပါ။ ဇင်တို့လို ဒုတိယဇနီးကို (မယားငယ်) လို့တောင် မသုံးတော့ဘူး။ (မယားပြိုင်) လို့ သုံးနေပါပြီ။ ဇင်ဇင်မှာ ကိုယ်လေးလက်ဝန်လည်း ရှိနေပြီ မဟုတ်လား။ ဇင်တို့အတွက် ထည့်ပြီး မစဉ်းစားတာတော့ ကွက်လပ်ကလေးတစ်ခု ဖြစ်သွားတယ် ထင်တယ် အစ်ကိုမောင်"

"ဇင်ပြောတာ မှန်သင့်သလောက် မှန်ပါတယ်။ ဒီအတွက် အစ်ကိုမောင် ကြည့်လုပ်ပေးပါမယ် အချစ်လေးရယ်"

ဇော်လင်းအောင်သည် မယားနှစ်ယောက်အကြား ဗျာများနေရလေပြီ၊ အိန္ဒြေမြတ်နိုးဇင်မှလည်း သားသားလေးလား၊ မီးမီးလေးလား မွေးဖွားတော့ဦးမည်ဖြစ်သည်။ အမွေခန်းတိုးလာမည် ဖြစ်ပေသည်။

ဇော်လင်းအောင်သည် မယားကြီးနှင်းနှင်းဖွေးပေါ်အကြင်

www.burmeseclassic.com

www.burmeseclassic.com



နာတွေ စုပုံပေးနေသည်။ အကယ်ဒမီရှော့ချစ်ခန်းကြိုက်ခန်း သရုပ်ဆောင်ပြီး စုပုံချစ်လုပ်နေသည်။

"အိမ်ကိုလာရင် ရန်တွေ့မယ်လို့ စိတ်ကူးတယ်၊ ချော့ပြန်ရင်လည်း လျော့ရတဲ့သူပါပဲကွယ်၊ ကိုဟိုဒီဒီ စကားများလွှဲကာ ပြောတတ်တယ်၊ သဘောရိုး မဟုတ်ပါတယ်၊ စိတ်မချနိုင်ပါဘူး၊ စိတ်မချနိုင်ပါဘူးကွယ်"

မယားကြီး နှင်းနှင်းဖွေးအိမ်သို့ ဇော်လင်းအောင် ခတ်ကျနေခြင်းကို နှင်းနှင်းဖွေးနားမလည်နိုင် ဖြစ်နေသည်။ တစ်ကျော့ပြန် ချစ်နေတာလားဆိုပြီး အချစ်စမြုံ့ပြန်နေလေသည်။

"သမီး (အိဖွေး) မေမေ့ဘီဒိုကြီးထဲတွင် အံဆွဲတွေ ဖွင့်သေးလား သမီး"

"မေမေ ဘီဒိုကြီးကို သမီးအနားတောင်မကပ်ပါဘူး မေမေ"

"ဘာဖြစ်လို့လဲ မေမေ"

"သမီးတို့အဖေနဲ့ မေမေတို့၊ သမီးတို့ ချုပ်ထားတဲ့ စာချုပ်လည်း မရှိတော့ဘူးသမီး"

"မေမေ့ ဘီဒိုကြီးကို ဖေဖေပဲ ဖွင့်တာ၊ ဖေဖေ ယူသွားတာနေမှာပေါ့ မေမေရယ်"

နှင်းနှင်းဖွေးသည် ဝင်ဒါမီခြံဘက်သို့ သွားခဲ့သည်။ ရောင်းချရန် ဝယ်ယူထားသော ကားသစ်အစီး (၂၀) ၏တန်ဖိုးမှာ ငွေကျပ်သိန်း (၃၀၀၀) ဖိုး ရှိသည်။

"ဒါလင်၊ ဒါလင်နဲ့ အချစ်တို့ ချုပ်ထားတဲ့ စာချုပ်ကို ဒါလင် ယူသွားသလား"၊



"မယူပါဘူး အချစ်ရယ်၊ ဒါလင်မှာလည်း ရှိနေတာပဲ၊ အချစ်စာချုပ် ဘာလုပ်ဖို့ ယူရမှာလဲ"

နှင်းနှင်းဖွေးသည် စိန်ဘုရားသားဥပဒေအကျိုးဆောင် အဖွဲ့မှ ရှေ့နေကြီးများနှင့်တိုင်ပင်သည်။ ဘာလုပ်ရင်ကောင်းမလဲ အကြံဉာဏ်များ တောင်းသည်။

"စာချုပ်ပျောက်သွားတဲ့ ကိစ္စ၊ ကားအစီး (၂၀) ရောင်းလိုက်တဲ့ ကိစ္စ၊ ဆေးဆိုးပန်းရိုက်ပိတ်လိပ်တွေ ရောင်းလိုက်တဲ့ ကိစ္စတွေဟာ ဆက်နွှယ်နေတယ် မနှင်းနှင်း။ တန်ဖိုးအားဖြင့်လည်း သိန်းပေါင်း (၄၀၀၀) ကျော်ရှိနေတယ်"

"ဆရာတို့ အဆင်ပြေအောင် ကြည့်လုပ်ပေးပါ"

"တိုရှင်းလိုရှင်း ပြောရမယ်ဆိုရင်တော့..."

(၁) နိုတြီပဗ္ဗလစ်ကြီးရဲ့ရုံးမှာ စာချုပ်မိတ္တူမှန်ထုတ်ပေးပါရန် တောင်းယူရမယ်။

(၂) ကိုဇော်လင်းအောင်အပေါ် စာချုပ်ခိုးယူမှုတစ်မှု၊ ရာဇဝတ်မှု။

(၃) ကတိပဋိညာဉ်စာချုပ်ပါအတိုင်း (၅၅%) ပစ္စည်းများ ခွဲဝေပေးစေလိုမှု၊ တရားမမှု၊ တရားစွဲမယ်။ အမြန်ဆုံး စွဲမယ်၊ ကြာရင် ပစ္စည်းတွေ ကုန်သွားလိမ့်မယ်"

စိန်ဘုရားသားဥပဒေအကျိုးဆောင်အဖွဲ့မှ တရားလွှတ်တော်ရှေ့နေကြီးများသည် မြို့နယ်ရဲတပ်ဖွဲ့စခန်းတွင် ကိုဇော်လင်းအောင်အပေါ် စာချုပ်ခိုးယူမှု၊ ပြစ်မှုပုဒ်မ (၃၈၀) ဖြင့် အမှုဖွင့်စေသည်။ တိုင်းဒေသကြီးတရားလွှတ်တော်တွင် ကတိပဋိညာဉ်

www.burmeseclassic.com

www.burmeseclassic.com



စာချုပ်ပါအတိုင်း (၅၅%) စီ ခွဲဝေပြီး ပစ္စည်းများလက်ရောက်ရလိုမှု တရားစွဲလေသည်။

မြို့နယ်ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခြင်းနှင့် ပတ်သက်ပြီး မြို့နယ်မှူး၊ စခန်းမှူးတို့မှ ဝါရင့်အမှုစစ်၊ ဒုရဲအုပ်ကျော်စိန်လင်းကို တာဝန်ပေးသည်။ ဒုရဲအုပ်ကျော်စိန်လင်းသည် အမှုဖွင့်တိုင်ကြားခြင်းနှင့် ပတ်သက်ပြီး တရားလိုအမှုဖွင့်တိုင်ကြားသူ၊ မနှင်းနှင်းဖွေးနှင့် သူပြသောသက်သေများကို စစ်ဆေးသည်။ မြို့နယ်ဥပဒေအရာရှိထံမှလည်း ဥပဒေအကြံပြုချက် ရယူခဲ့သည်။

"ဩော် မနှင်းနှင်းဖွေးလာပါ ထိုင်ပါခင်ဗျာ"

"ဆရာ၊ အမှုအခြေအနေ သိချင်လို့ပါ ဆရာ"

"ဟုတ်ကဲ့ ကျွန်တော် ရှင်းပြပါမယ်၊ ကျွန်တော်တို့ ရဲတပ်ဖွဲ့အနေနဲ့ ပြည်သူတွေက နစ်နာပါတယ်။ ဆုံးရှုံးပါတယ် ဆိုပြီး လာရောက် အမှုဖွင့်ရင် လက်ခံရပါတယ်။ ဒါပေမဲ့ သက်သေခံအထောက်အထား မခိုင်လုံရင် ရဲအရေးပိုင်မှုအနေနဲ့ ဆောင်ရွက်လို့ မရပါဘူး။ အဲဒီအချိန်မှာ တရားရုံးသို့ နောက်ဆက်တွဲ (က) (ခ) အနေနဲ့ တရားရုံးသို့ လွှဲပို့ရပါတယ်။ မနှင်းနှင်းဖွေးတိုင်ချက်အရ သက်သေခံ အထောက်အထားကလည်း မရှိ။ သက်သေတွေကလည်း ခိုးယူကြောင်း မထွက်ဆိုနိုင်တဲ့အတွက် တရား တရားရုံးကို လွှဲပို့ပေးဖို့ လုပ်ထားပါတယ်"

"အဆင်ပြေသလို ဆောင်ရွက်ပေးပါဆရာ"

"ဟောဒီမှာ နောက်ဆက်တွဲ (က)(ခ) စာရွက်စာတမ်းတွေ ယူသွားပါ။ အကျိုးဆောင်ကြီးများနဲ့ ဆက်လုပ်ပါ"



မြို့နယ်တရားရုံးတော်မှ ပြစ်မှုကြီးမှု အမှတ် (၀၀၁/ ၂၀၁၃) ပြစ်မှုပုဒ်မ (၃၈၀) ဖြင့် ဦးတိုက်လျှောက်ထားမှုကို စစ်ဆေးကြားနာခဲ့သည်။ စာချုပ်ခိုးယူကြောင်း၊ သက်သေခံအထောက်အထားနှင့် သက်သေထွက်ဆိုချက်များ မခိုင်လုံသောကြောင့်လည်းကောင်း၊ တရားခံကိုယ်တိုင်က (၅၅%) (၄၅%) အချိုးစာချုပ်ကို ပြုလုပ်ချုပ်ဆိုခဲ့သည်မှာ မှန်ကန်ကြောင်း ဝန်ခံထွက်ဆိုထားသည်။ ထို့ကြောင့် စာချုပ်ပျောက်ဆုံးမှုအတွက် နစ်နာမှုမရှိသောကြောင့် စွဲဆိုမှုကို ပလပ်လိုက်သည်။

တိုင်းဒေသကြီးတရားလွှတ်တော်မှ တရားမကြီးမှုအမှတ် (၀၀၂/ ၂၀၁၃) ဖြင့် လက်ခံပြီး ကြားနာစစ်ဆေးခဲ့သည်။ တရားပြိုင် ကိုဇော်လင်းအောင်မှ တရားလို မနှင်းနှင်းဖွေးနှင့်သား၊ သမီးတို့အတွက် လက်ထက်ပွား ပစ္စည်းအားလုံး၏ (၅၅%) ခွဲဝေပေးရန် ပစ္စည်းစာရင်းဇယားနှင့်တကွ ခွဲဝေပေးပြီးဖြစ်၍ ထိုကတိပဋိညာဉ်စာချုပ်ပါအတိုင်း ခွဲဝေပေးရန် စီရင်ချက် အမိန့် ဒီကရီ ချမှတ်ခဲ့လေသည်။

**"(၅၅ %) တကယ် ချစ်ပါတယ် နှင်း"**

ႎ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com